www.burmeseclassic.com

# မောင်ညိုမှိုင်း(သန့်လျှင်)

စီစဉ်သော

# အောက်လမ်းရှာကာအမြွန်

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန့်လျှင်)၊ မကျေးညိုစိမ့်၊ ထောင်မှူးကြီးသိန်းဝင်း၊ မင်းဘုန်းသိမ်ခွေး
ဂလွန်ကျော်ဦး၊ ဝင်းနိုင် (ရွှေပြည်သာ)၊ ညိုစီသ၊ လေးမောင်၊ မြဘုန်းထက်
နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)၊ မမကြီး

www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၅၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
မြိုးဝေလျှံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ • ၈၃

ညီညိုမှိုင်း၊မောင်(သန်လျင်)
အောက်လမ်းရွာကအပြန်အပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/ ကလောင်စုံ။
–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၈၉–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) အောက်လမ်းရွာကအပြန်အပါအဝင်ဂမ္ဘီရဝတ္ထုတိုများ


## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အောက်လမ်းရွာကအပြန်<br>*မောင်ညီမှိုင်း(သန်လျင်)* | ၁ |
| ၂။ | သချိုင်းကုန်းက အဘိုးအမွေ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၉ |
| ၃။ | ဘုန်းကြီးတစ္ဆေ<br>*မကွေးညီစိမ့်* | ၈၄ |
| ၄။ | အဘထိတ်တုံးရွှေနှင့် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲ<br>*ဝင်းနိုင်(ရွှေပြည်သာ)* | ၁၁၁ |
| ၅။ | စုန်းမီးတောက်တဲ့ည<br>*မကြီး* | ၁၄၃ |
| ၆။ | ဝိညာဉ်ပူးတဲ့ဆူး<br>*ဩဓိသ* | ၁၆၃ |
| ၇။ | နမ်းယင်းခအောင်ပွဲ<br>*နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)* | ၁၈၄ |
| ၈။ | လေထဲကရှိုက်သံ<br>*မင်းဘုန်းသိခ်သူ* | ၁၉၅ |
| ၉။ | မြိုင်မြို့ဟောင်းတစ်နေရာ<br>*မြဘုန်းထက်* | ၂၁၃ |
| ၁၀။ | လွမ်းတေးမဖွဲ့လိုပြီမို့<br>*လေးမောင်* | ၂[illegible] |
| ၁၁။ | ကကြိုးပျက်မန်းချီ<br>*ဇလွန်ကျော်ဦး* | ၂၆၆ |


www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးသစ်စာပေ



www.burmeseclassic.com

|၁|

❑

''ဟဲ့ ... ငါဆရာ အမိန့်ပေးလိုက်မယ် ဒီကလေးမကို နှောင့်ယှက်ထားတဲ့ ခေါင်းစွဲပညာသည် အခုချက်ချင်း ရောက်စေ''

''ဟင်း ... ဟင်း ... ဟင်း ... ဟင်း''

''ဝင်ခဲ့စမ်း ... ခုချက်ချင်းဝင်ခဲ့၊ ကိုယ်စားဝင်လာတာ မလိုချင်ဘူးဟေ့။ ကာကယ်ရှင်ကိုယ်တိုင် လာခဲ့။ ဒါ အမိန့်''

ဆရာကြီး ဦးရာဇဝင်က မသိန်းမြစ်ဆိုသူ မိန်းမရဲ့ဦးခေါင်းကို သူ့ညာလက်ဝါးတင်ပြီး အမိန့်ပေးနေတာ။

ဖြစ်ပုံက ဒီလိုဗျ။

မသိန်းမြစ် ဝမ်းဗိုက်အောင့်တဲ့ ဝေဒနာခံစားနေရတာ ကြာပြီ။ ထမင်းစားချိန်ရောက်လို့ မိသားစုထမင်းဝိုင်းမှာ ထိုင်ကြတာနဲ့ မသိန်းမြစ်ဗိုက်ထဲက ထိုးအောင့်ပြီး လူးလိမ့်နေပါရောဗျာ။

ထမင်းမစားဘဲနေရင် သက်သာတယ်ဗျ။

ညနေ ထမင်းစားမယ်ကြရင် ထမင်းလုပ်ကိုင်လိုက်တာနဲ့ ...





''အမလေး ... အောင့်လှချည်ရဲ့ အား ... အား ...''

''သိန်းမြစ် ... ဘယ်လိုဖြစ်နေတာတုန်းဟ''

''မသိဘူးတော့် ... အမလေး အူတွေပြတ်ပြီနဲ့ တူပါရဲ့ အား အား ..''

မခံမရပ်နိုင်အောင် အော်ပြီး ဝမ်းဗိုက်ကိုနှိပ် လူးလိမ့်နေရတာဗျ။ မိသားစုတွေလည်း စိုးရိမ်ကြတာပေါ့ဗျာ။

ဖြစ်နေတာ နှစ်ရက်ရှိပြီ။

ထမင်းစားမယ်ကြရင် ဗိုက်အောင့်ပြီး လူးလိမ့်အော်ဟစ်၊ အစာကြေဆေးလေးစား၊ မြန်မာဆေးလေးစား၊ ဝမ်းဗိုက်ကို ပရုတ်ဆီနဲ့လူး။

တစ်နာရီခန့် မျက်ရည်ပေါက်ပေါက်ကျအောင် လူးလိမ့်အော်ဟစ်ပြီးမှ အိပ်ပျော်သလို ရှိသွားရောဗျ။

အိပ်ရာကနိုးလို့ ဆန်ပြုတ်လေးတိုက်ရင် သောက်တယ်။ သောက်ပြီးရင် ဗိုက်အောင့်ပြီး ထိုးအန်ပါရောဗျာ။

နောက်ဆုံး ဆေးခန်းသွားပြရတယ်။

အစာအိမ်ဆေး သောက်ရတယ်။ သက်သာရင် ခဏပဲ။ ဆေးသောက်၊ ဆေးပြန်အန်။

ဒီလိုနဲ့ မသိန်းမြစ် ပိန်ချုံးလာလိုက်တာ အရိုးပေါ်အရေတင် ဖြစ်လာပါရောဗျို့။ ဓာတ်မှန်ရိုက်လည်း ရောဂါကရှာမရ၊ သွေးဝမ်းဆီးစစ်လည်း ရောဂါမတွေ့။

နောက်ဆုံး ပယောဂကုရာမှာ နာမည်ကြီးဆရာကြီး ဦးရာဇဝင်နဲ့ ခုလို ခေါ်ကုရတာပဲခင်ဗျ။

လူမမာ မသိန်းမြစ် အားယူလို့ ထိုင်နေသော်လည်း ခန္ဓာကိုယ်က ယိမ်းထိုးနေတယ်။ ပါးစပ်ကလည်း တဟူးဟူး အသံတွေထွက်လို့။

''နင်က ငါခေါ်တာကို မလာဘဲ အာခံနေတာကိုး။ ကိုင်း ... ဒို့အကြောင်း သိရမှာပေါ့''

သည့်နောက် အင်းတစ်ချပ်ကို ရေဖန်ခွက်ထဲထည့်ပြီး အင်းဆိမ်ရေနှင့် မသိန်းမြင့်ကို တောက်ထည့်လိုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... သေပါပြီတော့"

"အာ ... အား .... ပူတယ် ... ပူတယ် ... အမလေး"

"ရောက်ပြီလားဟေ့"

"အင်း အင်း အင်း ... ဟင်း ဟင်း ဟင်း"

"ရောက်ရင်ပြော နင်ဘယ်သူလဲ"

"မ ... မ ... ပြော ... ပြော ... ပါရ စေနဲ့ ... နဲ့"

"ဒါဆို မသိန်းမြစ်ကို နင်လုပ်တာ ဝန်ခံမလား"

"ဟူး .... ဟူး ... ဟူး ..."

"ပြောလေ"

"ဗုန်း ... ဗုန်း .. ဗုန်း ...."

ပယောဂဝင်ပူးနေတဲ့ မသိန်းမြစ်က သူ့ရင်ဘတ်ကို သူ လက်ဝါးနှစ်ဖက်နဲ့ ထုပုတ်ပြီး မျက်လုံးပြူးလို့ ယိမ်းထိုးနေတယ်။

"မပြောဘူးလား ... ကိုင်းဟာ"

"အမလေး ... သေပါပြီတော့် ... အား အား"

ရင်ထုပြီး မျက်လုံးပြူးကြည့်နေတဲ့ မသိန်းမြစ်ကို ဆရာကြီးက အင်းစိမ်ရေနှင့် ထပ်ပက်လိုက်ရာ ပယောဂဝင်နေတဲ့ မသိန်းမြစ် ကြမ်းပြင်မှာ လူးလိမ့်နေပါရောဗျာ။

"ဟဲ့ ... နင် ဝန်မခံရင် နင်ဘယ်သူလဲ ငါပြောလိုက်ရမလား ဟေ့ ... ထစမ်း"

"ဟုတ် ... ဟုတ် ..."

"နင်ပြုစားလိုက်တာ မဟုတ်လား"

"ဟုတ် ... ဟုတ်"

"နင် ဘယ်လိုပြုစားလိုက်တာလဲ ... ပြော"

"ငှက် ... ငှက်ပျောသီးကျွေး .. ကျွေး"

"အပင်းသွင်းလိုက်တာပေါ့"

"ဟုတ် ... ဟုတ်"





"နင်လုပ်ထားတာ နင် အခုချက်ချင်း ပြန်ထုတ်။ မထုတ်ရင် နင့်ပညာတွေ အကုန်သိမ်းပြီး အိပ်ရာက မထနိုင်အောင် ဒဏ်ခတ်မယ်ဟေ့။ ထုတ်စမ်း"

"ဟုတ် ဟုတ် အော့ ... ဝေါ့ ... ဝေါ့ ... ဝေါ့ ..."

ပယောဂဝင်နေတဲ့ မသိန်းမြစ်က ဆရာကြီးရဲ့ အမိန့်ပေးသံအဆုံးမှာ သူ့ပါးစပ်ထဲ သူ လက်ညှိုးထိုးပြီး အန်ချလိုက်တာ ပုပ်အဲ့အဲ့အစာတွေ အလျှင် ပါးစပ်ထဲက ထွက်လာတယ်။ နံလွန်းလို့ အနီးရှိလူတွေပါ အော့အန်ကုန်ရော။

"ဝေါ့ ..."

"ထုတ် ... ထုတ် ... ကျန်သေးတယ် ... ထုတ်"

"ကုန် ... ကုန် ... ပါပြီ"

"အမ်မာ ... နင်ကများ ငါ့ကို ညာတယ်ပေါ့ ... ကိုင်း"

"အမလေး ... မလုပ် ... ပါနဲ့။ ထုတ် ... ထုတ်ပါ့မယ် ... ဝေါ့ ... ဝေါ့ ... ဝေါ့"

ပါးစပ်ကနေ မစင်တွေ ထွက်ကျလာတာကို အားလုံးမြင်ရတယ်။

"နင့်ဇာတိကို ပြပြီးရင် နင်သွင်းထားတဲ့အပင်း ခုထုတ်။ နင် ဘာသွင်းထားတာလဲ ငါသိတယ် ... ထုတ်စမ်း"

"အော့ ... ဝေါ့"

"ဟင်"

သူ့ပါးစပ်ထဲက ငှက်ပျောသီး အလုံးလိုက် ထွက်လာတယ်ဗျာ။ အလို ... ငှက်ပျောသီးမှာ ဆံပင်တစ်ပင်က တန်းလန်းကြီးဗျာ။

"ဆွဲထုတ်လိုက်"

ပယောဂဝင်နေသူ မသိန်းမြစ်က ငှက်ပျောသီးမှာ တန်းလန်းဖြစ်နေတဲ့ ဆံပင်ချည်ကို လက်နှစ်ဖက်နဲ့ ဆွဲဆွဲထုတ်နေတာခင်ဗျ။

ဘုရားရေ ...

ဆံပင်ချည်တစ်ချောင်းက ဆွဲထုတ်လို့ မကုန်နိုင်ဘူး ဖြစ်နေတယ်ဗျာ။ ကြမ်းပြင်ပေါ်မှာ ထွက်လာတဲ့ ဆံပင်ချည်တစ်ချောင်းက အပုံတစ်ပုံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို အံ့ဖွယ်မြင်နေရပါရောဗျို့။ မရှိဘူးဆိုရင်တောင် ဆန့်လိုက်ရင် အရှည်လေးတောင် (၆)ပေခန့် ရှည်မယ်ထင်တယ်ဗျ။

ဟော ... ဆံပင် ဆုံးသွားပြီ။

အောက်မှာ ဆံချည်တွေးပုံ ဖြစ်နေပြီ။

''ကျန်သေးတယ် မဟုတ်လား''

''မ ... မ ... ကျန်တော့ ... ပါ ... ဘူး ရှင့်''

''သေချာလား''

''ဟုတ် ... ဟုတ်''

'ကျန်သေးရင် ဘာလုပ်ရမလဲ''

''ကြိုက် ... ကြိုက်သလို ... လုပ် ... လုပ်ပါ''

''နောင်ကို နင် မသိန်းမြစ်အပါအဝင် အခြားသူတွေကို ပြုစားဦးမှာလား''

''ဟူး ... ဟူး ... ဟူး ... ဟင်း ... ဟင်း ...''

''ပြော ... ငါ့ကို ကတိပေး''

''မ ... မ ... ပြုစားတော့ပါဘူး ရှင် ... ရှင်''

''ကတိနော်''

''ဟုတ် ... ဟုတ်''

''နင့်ကတိ နင်တည်၊ မတည်လို့ နောက်တစ်ကြိမ် ဒီလိုပြုစားခဲ့ရင် နင့်ပညာတုံးပြီး အိပ်ရာထဲက မထနိုင်အောင် ငါ ဒဏ်ခတ်လိုက်မယ် နားလည်လား''

''ဟုတ် ... ဟုတ်''

''ငါ ရွာတော်ရှင်ကို အပ်ခဲ့မယ်။ နင်တစ်ယောက်ယောက်ကို ပြုစားတာနဲ့ ရွာတော်ရှင် ငါ့ကို အကြောင်းကြားလိမ့်မယ်။ အိပ်ရာထဲက မထနိုင်၊ မစာမစားနိုင်တဲ့ဘဝ နင်သိတယ်မဟုတ်လား''

''သိ ... သိ ... ပါ ... တယ် ရှင်''

''နင်လိုဟာမျိုးကို မပြောနဲ့ နင်တို့ဆရာ (၁၂) ကြိုးတွေပါ ငါ မျိုးကန်းသွားအောင် လုပ်နိုင်တယ် ... နားလည်လား''





''ဟုတ် ... ဟုတ်ကဲ့''

''ကိုင်း ... နင့်နေရာ နင်ပြန်။ နင့်နောက်ပါတွေပါ မကျန်ခဲ့စေနဲ့။ အကုန်ခေါ်သွား ... သွားတော့''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း''

''ဟူး ... ဟူး ... ဟူး ... ဟင်း ... ဟင်း ... ဟင်း''

မသိန်းမြစ်ကို ဝင်ရောက်နှောင့်ယှက် (ပူးဝင်)နေတဲ့ ပယောဂဟာ နဖူးကို လက်အုပ်ချီ လက်ဖနောင့်နဲ့ တဖြောင်းဖြောင်းရိုက်ပြီးနောက် ရှေ့တိုးနောက်ငင် တရကြမ်းယိမ်းထိုးပြီး ဗုန်းခနဲ လဲကျသွားတော့တယ်ဗျ။

ပြုစားတဲ့ပယောဂ မသိန်းမြစ်ခန္ဓာကိုယ်က ထွက်သွားပေမင့် တကယ် လဲကျနေတာက လူနာရှင်မသိန်းမြစ်ပဲ။

အားလုံး စိုးရိမ်သွားကြတာပေါ့ဗျာ။

မသိန်းမြစ် လုံးဝကို မလှုပ်တော့ဘူး။

အသက်ရှူနေတဲ့ သဏ္ဌာန်လည်း မမြင်ရတော့ဘူး။

''အမလေး ... အမေရဲ့''

''သိန်းမြစ် ... သိန်းမြစ် ...''

''မသိန်းမြစ် ... ညီမလေး''

လင်လုပ်သူနှင့် သားသမီးများ ဆွေမျိုးများက မလှုပ်ရှားတော့တဲ့ မသိန်းမြစ်ကိုကြည့်ပြီး အော်ဟစ်ငိုကြ။

အပြင်မှာ ခွေးအူသံတွေကလည်း ကြက်သီးထရအောင် အူနေကြသလို ကုက္ကိုပင်ပေါ်က ကျီးအုပ်ကြီးရဲ့ ဝေါခနဲထပျံသံ၊ ကျီးပြိုသံတွေလည်း ကြားနေရတယ်ဗျာ။

ဆရာကြီး ဦးရာဇဝင်ကတော့ ခေါင်းရင်းခန်းမှာထိုင်ပြီး ကွမ်းဝါး ဆေးလိပ်ဖွာလို့။

လင်လုပ်သူနှင့် အမျိုးတွေက လှုပ်နှိုးလည်း လုံးဝမနိုး။ အားလုံးက ပညာသည်လက်ချက်ကြောင့် မသိန်းမြစ် သေသွားပြီဆိုပြီး ရင်ထု ငိုကြ



www.burmeseclassic.com

www.burmeseclassic.com



''ဆရာကြီး ... ဆရာကြီး ... ကျွန်တော့်မိန်းမ ခေါ်လို့မရတော့ဘူး ဆရာကြီးရဲ့ ... ကယ်ပါဦးဗျာ ... ကယ်ပါဦးဗျ''

''မင်းနာမည် ဘယ်သူ''

''စိုးထွေးလို့ခေါ် ...''

''မောင်စိုးထွေး ... လှုပ်နှိုးပါဦးကွယ့်''

ကိုစိုးထွေးက လုံးဝမလှုပ်တော့တဲ့ သူ့မိန်းမ မသိန်းမြစ်ကို ရင်ခေါင်းသံကြီးနဲ့ ခေါ်ပြီး လှုပ်နှိုးနေတယ်။

''သိန်းမြစ် .... မိန်းမ ... သိန်း ... မြစ် ... ဟဲ့ ... ခေါ်လို့မရတော့ဘူးဗျ ... ဟီး''

ကိုစိုးထွေးက သူ့မိန်းမ မသိန်းမြစ်ကို ဖက်ပြီးငို။

ဆွေမျိုးတွေကလည်း ငိုကြ၊ ဟစ်ကြ၊ တက်သူတက်၊ ဖြစ်ကြ။

ခြံအပြင်က ဆွဲဆွဲငင်ငင်အူနေကြတဲ့ ခွေးအူသံတွေလည်း တိတ်သွားပြီ။ ကျီးပြိုသံတွေလည်း ငြိမ်သွားပြီ။

အိမ်ထဲက ငိုသံတွေက မတိတ်သေးဘူး။

''ဟေ့ ... ငိုတာ ရပ်ကြ''

ဆရာကြီး ဦးရာဇဝင်က ကြမ်းပြင်ကို လက်ဝါးနှင့်ပုတ်ပြီး အော်လိုက်တော့မှ ငိုနေတာရပ်သွားပြီး ရှိုက်သံသဲ့သဲ့ပဲ ကြားရတော့တယ်။

''နှိုးလို့ရလား''

''မ ... ရ ... တော့ ... ဘူး ... ဗျ ... ဟီး''

''သေချာလား''

''လုံးဝ မလှုပ်တော့ပါဘူး ... ဆရာကြီးရယ်''

''အားလုံး ဖယ်ကြ''

ဆရာကြီးအမိန့်ကြောင့် မသိန်းမြစ်နံဘေးမှာ ဝိုင်းငိုနေသူတွေ ဘေးဖယ်လိုက်ကြတယ်။ ဒီမှာ ဆရာကြီးက ရေဖန်ခွက်ထဲက အင်းစိမ်ရေနဲ့ မသိန်းမြစ်မျက်နှာကို လောင်းချပေးလိုက်ပြီး ...

''သမီး ... ထတော့''





''ဟင်''

''ဟာ''

''ဟယ် ... သိန်းမြစ် မသေဘူးတော်''

''သိန်းမြစ်''

''ကိုစိုး''

''အမေ ... အမေ''

''သမီး ... သမီး ... မိငယ်''

ဆရာကြီးက ထတော့လို့ ပါးပုတ်နှိုးလိုက်ရော အားလုံးက သေပြီလို့ ယူဆထားတဲ့ လူမမာ အရိုးပိန်မသိန်းမြစ် ငေါက်ခနဲထထိုင်တာ မြင်လိုက်ကြရော။

အိုး တစ်အိမ်သားလုံး ...

တစ်ဆွေမျိုးလုံး ဝမ်းသာလွန်းလို့ ခေါ်ကြ၊ ပွေ့ကြ၊ အံ့လည်းအံ့ဩကြ။

''သမီး မသိန်းမြစ်''

''ရှင် ... ဆရာကြီး''

မသိန်းမြစ်ရော သူ့လင်သူ့သားသမီးအပါအဝင် ဆွေမျိုးတွေအားလုံး ဆရာကြီး ဦးရာဇဝင်ကို လက်အုပ်ချီ အရိုအသေပြုကြရဲ့ဗျ။

''အိပ်ရေးဝပြီလားဟေ့''

''ဟုတ် ... ဟုတ်ကဲ့ရှင့်''

''ညည်း အိပ်မောကျနေတာကို သေပြီဆိုပြီး ငိုကြတာ။ မျက်ရည်နာဝင်အိုးတစ်လုံး အပြည့်ရသဟေ့''

''ဟင် ...''

''ဟား ... ဟား ... ဟား ... ဟား ... သမီးအပေါ် သနားဘရုဏာဖြစ်လို့ ငိုကြတာပေါ့။ သမီးကို မေးစရာရှိတယ်။ သမီး လွန်ခဲ့တဲ့ ရက်များက သူများကျွေးတဲ့ ငှက်ပျောသီး စားခဲ့ဖူးလား''

''ဟုတ်ကဲ့ ... စားခဲ့ဖူးပါတယ် ဆရာကြီးရှင့်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ စားခဲ့ဖူးတုံး"

"အဲ ... အဲ ... အလှူအိမ်မှာ ... ဟိုလေ ... မိန်းမ၀၀ကြီး တစ်ယောက်က ငှက်ပျောသီးတစ်လုံးလာပေးလို့ စားမိပါတယ် ... အဖေကြီး"

"သမီးနဲ့ ရင်းနှီးသိကျွမ်းလို့ စားတာလား"

"မသိပါဘူး ... အဖေကြီး။ စေတနာနဲ့ ကျွေးတာဆိုပြီး စားမိပါတယ်ရှင့်"

"အိမ်း ... နောင်ကို မှတ်ထားကြ။ ကိုယ်နဲ့ သိကျွမ်းတဲ့သူမဟုတ်ဘဲ အကြောင်းသိမဟုတ်ဘဲ တစ်ခုခုလာကျွေးရင် အလွယ်မစားကြနဲ့။ ကျွေးတဲ့လူ ကျေနပ်အောင် ကိုင်ထား။ မဖြစ်မနေ စားရမှာမျိုး ကြုံခဲ့ရင်တော့ စားစရာပစ္စည်းကို လက်နှစ်ဖက်နှင့်ကိုင်ပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ရွတ်ဆိုပြီး ဘုရားဓာတ်စာ၊ တရားဓာတ်စာ၊ သံဃာ့ဓာတ်စာ ဖြစ်ပါစေသတည်းလို့ ရွတ်ဆိုပြီးမှ စားကွယ့်။ အသံထွက်ရမှာ အားနာရင် စိတ်ထဲကနေ ဘုရားရှင်ကို ရည်မှန်းပြီး ရွတ်ဆိုပြီးမှ စားကြ။ အချို့သော စုန်း၊ ကဝေ၊ ရှာသူ ပညာသည်တွေက သူတို့ပညာ ဘယ်လောက်စွမ်းတယ်ဆိုတာ သိချင်လို့ စမ်းတာမျိုးရှိတယ်။ သတိထားကြပေါ့။ လူရင်းဓာတ်သိကျွေးတာကတော့ ကိစ္စမရှိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အစားအစာကို စားခွင့်ကြုံတိုင်း သရဏဂုံရွတ်ပြီးစားရင် အန္တရာယ်ကင်းတာပဲ။ ကုသိုလ်လည်း ရတာပဲ။ မလိုသူ၊ ပညာစမ်းချင်သူ၊ လုပ်လို့ မရဘူးပေါ့။ အားလုံးနားလည်ကြရဲ့လား"

"နားလည်ပါတယ် ... အဖေကြီး"

"ဟုတ်ကဲ့ပါ ခင်ဗျ"

သည့်နောက် ဆရာကြီးဦးရာဇဝင်က တစ်အိမ်တစ်ခြံလုံးကို သဲမန်းဆန်မန်းပေါက်ပြီး ရေစင်ရေမန်းများကို တိုက်တယ်။ ကိစ္စတွေ ရှင်းပြီးမှ ပြန်သွားခဲ့တယ်။

✿ ✿ ✿

[၂]

❑

ကျွန်တော် ဆရာကြီးဦးရာဇဝင်ကို အရမ်းလေးစားသွားတယ်။ ပြီး ... အဲဒီ ဂမ္ဘီရပညာ၊ ပယောဂပညာတွေကိုလည်း အထူး စိတ်ဝင်စားသွားခဲ့တယ်။

ဒါကြောင့် ဆရာကြီးအိမ်ကို အရောက်သွားပြီး သိချင်တာတွေကို မေးမြန်းလေ့လာခဲ့လိုက်တယ်။

"မောင်ခဲတံ ... လာ .... ဘာအလုပ်များ လုပ်ကိုင်သတုံးကွယ်"

"ကျွန်တော်က စာရေးဆရာပါ ... ဆရာကြီး"

"သြော် ... စာရေးဆရာလား။ စာရေးဆရာဆိုတော့ စာရေးချင်လို့လား၊ ဒါမှမဟုတ် ပညာအကြောင်း သိချင်လို့လား"

"တစ်နေ့ ဒီလို ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ ရေးခွင့်ရရင်လည်း စာတစ်အုပ်ရေးချင်တာလည်း ရှိတော့ သိချင်တာလေးတွေ မေးချင်လို့ပါ ... ဆရာကြီး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ... စာရေးဆရာဆိုတာ သိချင်တာပဲလေ။ ကိုင်း ... မေးပါ စာရေးဆရာ"

"အောက်လမ်းပညာဆိုတာ တကယ်ရှိပါသလား ဆရာကြီး"

"ရှိပါတယ် စာရေးဆရာ"

"ဘယ်အချိန်က စပေါ်ထွန်းခဲ့ပါလဲ ... ဆရာကြီး"

"မြတ်စွာဘုရားရှင် မပွင့်ထွန်းခင်ကတည်းက ပေါ်ခဲ့တာပါ။ တန္တရဝါဒ၊ မန္တရဝါဒဆိုတာ အိန္ဒိယမြောက်ပိုင်းကနေ စတင်ဖြစ်ထွန်းတာပဲ။ မဟာယနလို့ ခေါ်တယ်။ ပုဂံခေတ်ရောက်တော့ အရည်းကြီးတွေက ဆင့်ပွားဖြန့်ဖြူး စီရင်လုပ်ကိုင်ခဲ့ကြတယ်။

အင်း၊ အိုင်၊ ခါးလှဲ့၊ လက်ဖွဲ့ အစီအရင်တွေ ကျယ်ပြန့်လာတယ်။ အဓိကက ယုံကြည်မှုပဲ။

အောက်လမ်းပညာဆိုတာ အလွန်အဆင့်နိမ့်ပြီး ယုတ်ညံ့တဲ့ပညာတွေပေါ့။ အဲဒီကနေ ရွှာသူ၊ စုန်း၊ ကဝေ၊ ပညာသည်ဆိုပြီး အဆင့်အဆင့်တွေ ဖြစ်ထွန်းလာခဲ့ကြတယ်။

ဒီပညာတွေက လူသတ္တဝါတွေရဲ့ အသက်ကို ကယ်တင်ဖို့ ဖြစ်ပေါ်လာတဲ့ ပညာတွေမဟုတ်ဘူး။ လူတွေကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်၊ ဒုက္ခအမျိုးမျိုးရောက်အောင် အယူမှားပြီး မိစ္ဆာဒိဋ္ဌိဖြစ်အောင်လုပ်တဲ့ ပညာညံ့တွေပဲ။

သို့သော် ...

ပုဂံခေတ်ရဲ့ အဦးအစောပိုင်းကာလမှာ တရားစစ်တရားမှန် မပေါ်သေးဘူး။ ရတနာသုံးပါး မပေါ်သေးဘူး။ ဒီတော့ အရည်းကြီးတို့ရဲ့ အယူဝါဒကိုပဲ ကိုးကွယ်အားထားရာအဖြစ် ယုံကြည်ဆည်းကပ် လိုက်နာနေရတာမှာ ရှင်ဘုရင်ကအစ ပါတယ်။

သိုက်တိုင်မင်း လက်ထက်ကနေပြီး သိန်းဃိုမင်း၊ စုက္ကတေးမင်းကနေ အနော်ရထာမင်း လက်ထက်တော်တိုင်အောင် အရည်းကြီးတို့ရဲ့ အင်းအတတ်၊ ဆေးအတတ်၊ မှော်ပညာအတတ်တွေ ထွန်းကားနေတုန်း၊ ကိုးကွယ်ယုံကြည်နေတုန်းပဲ။





ပုဂံကို ရှင်အရဟံကြွရောက်လာပြီး ဗုဒ္ဓသာသနာ ရောက်ရှိလာတော့မှ သရဏဂုံတည်ပြီး ဗုဒ္ဓအယူဝါဒ (ထေရဝါဒ)ဖြစ်တည်လာတာ။ ဒီတော့မှ အရည်းကြီးတို့ရဲ့ အိန္ဒိယမြောက်ပိုင်း မဟာယာနဝါဒ ဆိတ်သုဉ်းသွားခဲ့တာ။ ဒါတောင် လျှို့လျှို့ဝှက်ဝှက် ဖြန့်ခဲ့သေးတယ်။ ဆိုလိုတာက မှော်ပညာအတတ်၊ အင်းပညာအတတ်၊ ပြုစားနှောင့်ယှက်တတ်သော စုန်းကဝေအတတ်တွေသည် ပုဂံခေတ်ကနေရှိခဲ့တာ ယနေ့တိုင် အချို့သော နေရာတွေမှာ စုန်းကဝေအတတ်၊ အောက်လမ်းပညာ အတတ်၊ တတ်သူတွေ အနည်းငယ် ရှိနေတုန်းပဲ။

ပညာလက်ဆင့်ကမ်းခဲ့လို့ ရှိတာပဲ။

အောက်လမ်းပညာ အတတ်ရှိခဲ့လို့ သူတို့ကို နှိမ်နင်းကာကွယ်နိုင်တဲ့ အထက်လမ်းပညာအတတ်ဆိုတာ ပေါ်ပေါက်လာသလို အလယ်အလတ် (ခုလတ်) ပညာဆိုတာလည်း ပေါ်လာတာပဲ"

"ရှင်းပြပါဦး ... ဆရာကြီး"

"အထက်လမ်းပညာဆိုတာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာမြတ်သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး သမထကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်၊ အဓိဋ္ဌာန်ကျင့်စဉ်တွေနဲ့ သီလ၊ သမာဓိအားကောင်းအောင်ကျင့်တဲ့ လမ်းစဉ်ပဲ။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြဲစောင့်ထိန်းပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားပြီး ကံကောင်းအောင် ပြုမူကျင့်ကြံတဲ့လမ်းစဉ်ပဲ။ အဆင့်မြင့်တယ်။ သီလနဲ့ သမာဓိအားကောင်းရင် အတိုက်အခိုက် အနှောင့်အယှက်၊ ဥပမာ စုန်းတိုက်၊ နတ်တိုက်၊ အင်းတိုက်၊ ကဝေတိုက်၊ ရွှာသူတိုက်၊ ရုပ်တား၊ နာမ်တား အတိုက်အခိုက်ပြုတဲ့ အောက်လမ်းပယောဂ ဒုစရိုက်သမားတွေကို ဆုံးမဖယ်ရှားလို့ ရတယ်၊ ဒဏ်ခတ်လို့ ရတယ်။ အပြုစားခံရသူ၊ အတိုက်ခံရသူတွေရဲ့ ဒုက္ခဆင်းရဲတွေကို ကယ်တင်လို့ရတယ်"

"ခုလတ်ဆိုတာကရော ... ဆရာကြီး"

ခုလတ်ဆိုတာက ...



www.burmeseclassic.com

www.burmeseclassic.com



ပယောဂလည်း ကုလို့ရတယ်။ ပယောဂလည်း သွင်းလို့ရတယ်။ သူက အောက်လမ်းလည်း မဟုတ်ဘူး။ အထက်လမ်းလည်း မဟုတ်ဘူး။ လမ်းခုလတ်မှာ ရှိနေတာ။ သူက အထက်လမ်းကို သွားမယ်ဆိုလည်း ကူးလို့ရတယ်။ တတ်ထားတဲ့ အောက်လမ်း ပြုစားတတ်သော ပညာတွေကို စွန့်ရမယ်။ အောက်လမ်းပညာသည်ကျတော့ အထက်လမ်း ဘုရားကုလမ်းစဥ်ကို လုံးဝဆန့်ကျင်ကြတယ်။ သဘောပေါက်ရဲ့လား စာရေးဆရာ''

''ဒါဆို ဆရာကြီးရယ်၊ အထက်လမ်းဆရာကြီးတွေဟာ အောက်လမ်းပညာသည်တို့ရဲ့ လုပ်ရပ်၊ ခုလတ်တွေရဲ့ လုပ်ရပ်တွေကို ပိုင်ပိုင်နိုင်နိုင် သိထားဖို့တော့ လိုတာပေါ့နော် ... ဆရာကြီး''

''သိထားရတာပေါ့။ အချို့ဆို အထက်ပညာလမ်းစဥ်နှင့် မတွေ့မိဘဲ အောက်လမ်း ပယောဂတတ်သူတွေနဲ့ သွားတွေ့ပြီး အဲဒီပညာကို အမှန်တကယ်အသုံးဝင်တဲ့ ပညာအဖြစ် မှတ်ပြီး သင်ယူမိသူရှိသလို အောက်လမ်းပညာသည် မိစ္ဆာဒိဋ္ဌိလုပ်ရပ်မှန်း သိပါသော်လည်း အဲဒါကိုမှ လိုချင်လို့ သင်ယူတဲ့လူလည်း ရှိတာပဲ။ အချို့က အောက်လမ်းပညာမှန်း သိသော်လည်း ထူးဆန်းအံ့ဖွယ် အစီအရင်တွေနဲ့ လုပ်ပြနိုင်တော့ အသုံးဝင်မှာပဲလို့ ယူဆပြီး ကနဦး သင်ယူလေ့လာမိတာပဲကွယ်။ သို့သော် လက်တွေ့မှာ အလွန်ရက်စက်ပြီး ကြောက်စရာကောင်းမှန်းလည်းသိရော အဲဒီပညာတွေကို စွန့်လွှတ်ပြီး ရတနာမြတ်သုံးပါးကို အလေးအနက်ထားတဲ့ လောကီအထက်လမ်း လမ်းစဥ်ကို လိုက်စား၊ ကာကွယ်ကူညီသွားတဲ့သူ ဖြစ်သွားတာလည်း ရှိတာပဲ စာရေးဆရာရဲ့''

''ဆရာကြီး ... အောက်လမ်းပညာဆိုတာ တကယ်သင်ယူရင် ရလားဟင်''

''စာရေးဆရာက သင်ယူချင်လို့လား''

''နည်းစနစ်ရော ရှိသလားခင်ဗျ။ အဲဒီနည်းစနစ် ဖော်မြူလာအတိုင်း သင်ယူမယ်ဆိုရင်ရော အလွယ်တကူ တတ်မြောက်နိုင်သလားဆိုတာ သိချင်လို့ပါ ခင်ဗျ''





''ဒီပညာဆိုးတွေမှာ သင်ရိုးညွှန်းတမ်းရယ်လို့ သီးသီးသန့်သန့်တော့ မရှိဘူး စာရေးဆရာ။ ဆရာရဲ့ ကျွမ်းကျင်တဲ့ ပညာ၊ သူ့နည်းသူ့ဟန်၊ သူ့ဓလေ့အစဥ်အလာနဲ့ အောက်လမ်းပညာကို သင်ကြားရယူရတာ ရှိသလို အချို့ စုန်းအတတ်၊ ကဝေအတတ်၊ စသည်တို့ကလည်း အမွေစားအမွေခံ ဖြစ်သူထံ လက်ဆင့်ကမ်းပေးတာလည်း ရှိတယ်။

အချို့ကျတော့လည်း အကြောင်းအားလျော်စွာ ဆရာမရှိပါဘဲ မွေးကတည်းက အံ့ဖွယ်ပညာတွေ တတ်လာသူတွေလည်း ရှိတာပဲ။ အချို့စုန်းအတတ်ကို အလိုလို မွေးရာပါ တတ်နေတာရှိတယ်။ အချို့ စောရအတတ်ကို မွေးရာပါအဖြစ် အလိုလိုတတ်နေတယ်။ အချို့ ဘာဆေးမှမထိုးဘဲ ဘာလက်ဖွဲ့မှ မဆောင်ဘဲ တုတ်မားပီးနေသူတွေ ရှိတယ်။ ဆန်းကြယ်နက်နဲလွန်းလို့ လောကီဂမ္ဘီရလို့လည်း ခေါ်ရတာရှိတယ်။ ဖြစ်နိုင်ရင် စာရေးဆရာ အဲဒီ အောက်လမ်းပညာ စုန်းကဝေအတတ်ပညာ၊ မှော်အတတ်ပညာတွေကို မသင်ယူချင်ပါနဲ့ကွယ်''

''ဘာဖြစ်လို့လဲ ... ဆရာကြီး''

''အတော်များများက အလွန်ယုတ်ညံ့စွာ သင်ယူရတာရှိတယ်။ သေရင်လည်း ဘဝကူးလုံးဝမကောင်းဘူး''

''ဘယ်လို ယုတ်ညံ့လို့တုံး ... ဆရာကြီး။ ဗဟုသုတအဖြစ် သိပါရစေလားခင်ဗျ''

''အေး သိချင်ရင်တော့ ပြောပြရတာပေါ့။ ပြောလို့ပြီးရင် စာရေးဆရာရဲ့ သဘောအတိုင်းပါပဲ။ လေ့လာချင်လေ့လာ၊ သင်ယူချင် သင်ယူ၊ ဆောင်ရင့်သဘောပဲ။ ကျုပ် စောစောက ပြောခဲ့သလိုပေါ့။ ဒီအောက်လမ်းပညာ ပြုစားနှိပ်စက်တတ်သော စုန်းကဝေအတတ်ပညာတို့ကို တတ်ကျွမ်းသူ ဆရာ (ပညာသည်) တို့က တပည့်လုပ်သူကို သင်ပေးရာမှာ တစ်ရွာတစ်ပုဒ်ဆန်းပဲကွယ့်။ သူ့နည်းသူ့ဟန်နဲ့ သင်ပေးကြတာပဲ၊ တစ်နေ့ မောင်ရွှေမြဆိုတဲ့ လူရွယ်တစ်ဦးဟာ အဲဒီအောက်လမ်းပညာကို လိုချင်လွန်းလို့ ဆရာ ထိုက်ရှာတာကွ ...။

✿ ✿ ✿

www.burmeseclassic.com

[၃]

❑

မြို့ထဲရှိတဲ့ ပယောဂဆရာတွေထဲမှာလည်း စုံစမ်းမေးလာတာပဲ။ အချို့ဆရာတွေက ရောဂါဝေဒနာပဲ ကုသပေးတယ်။ နည်းပညာ သင်မပေးဘူး။

ဓားပီးဆေး၊ တုတ်ပီးဆေး၊ ကျည်ကွယ်ဆေး၊ စီရင်ပေးနိုင်တယ်။ အဲဒီဆေးနည်း မပြဘူး။

အာဋ္ဌာဝကဆေး၊ ပေါရိသာဒဆေး၊ ကိုးသင်္ချိုင်းမှော်ဆေး စီရင်ပေးနိုင်တယ်။ ဒါပေမင့် နောက်ဆုံး လျှို့ဝှက်ချက်ကို မပြောဘူး။ မပြဘူး။

အတော်လေးကို ယုံကြည်စိတ်ချရတဲ့ သားချင်းတို့၊ တပည့်တို့ကျမှသာလျှင် လျှို့ဝှက်တဲ့ပညာကို သင်ကြား လက်ဆင့်ကမ်းပေးလေ့ရှိတယ်။

လူတိုင်းကိုသင်ပေးရင် ပြဿနာတွေ ရှင်းလို့နိုင်မှာ မဟုတ်ဘူးလေ။ ဆရာပေါက်စတွေ ပညာလက်တဲ့စမ်းလို့ ဆုံးမှာမဟုတ်ဘူး။ ဆရာ၊





ဆရာချင်း ပညာသည်၊ ပညာသည်ချင်းလည်း ပညာပြိုင် အမုန်းပွားရန်လို ဖြစ်ကုန်ကြမှာလေ။

တစ်ခုတော့ ရှိတယ်နော် စာရေးဆရာ။

အချို့သော သူတို့က လူတစ်ယောက်ကို ရူးသွပ်သွားအောင်၊ သေဆုံးသွားအောင်၊ စီးပွားပျက်သွားအောင်လုပ်တဲ့ ပညာတွေတတ်ပါသော်လည်း ပညာကို ထုတ်မသုံးတဲ့ ပညာသည်လည်း ရှိတယ်နော်။

ဆင်ဆင်ခြင်ခြင်နေတဲ့ ပညာသည်ကြီးတွေလည်း ရှိတယ်။

အချို့ ပညာသည်ကြီးတွေက ဒီပညာတွေရဲ့ အတိမ်အနက်ကို သိလို့ လိုချင်သူတိုင်းကို သင်မပေးဘူး။

အချို့ ငွေပေးပေး၊ ရွှေပေးပေး လုံးဝ သင်မပေးဘူး။

သင်ပေးလိုက်လို့များ ...

တပည့်မလိမ်မာခဲ့ရင် အသုံးမချတတ်ခဲ့ရင် နောက်ဆုံး ဆရာကို လာထိရော။ သင်ဆရာကိုယ်တိုင် မပါချင်ဘဲ ဝင်ပါရရော။ ဒါကြောင့် လူငယ် ချွန်လွယ်သူတွေကို များသောအားဖြင့် သင်မပေးကြဘူး။

သားချင်းထဲက ယုံကြည်စိတ်ချရသူကိုမှ သင်ပေးတာ။

ဒီမှာ မောင်ရွှေမြက ဒီ အောက်လမ်းပညာကို အလွန် သင်ချင်နေတာကိုး။

မောင်ရွှေမြတွေ့ဖူးတဲ့ လူကြီးတစ်ဦးဆို ပညာစွမ်းတယ်ကွ။

လူကြီးနာမည်က ဦးကံစိန်းတဲ့။ ကံစိန်မဟုတ်ဘူး။

ဒီလူကြီး အောက်လမ်းပညာတတ်မှန်း နှစ်ပေါင်းများစွာ ရပ်ကွက်ထဲမှာ အတူနေကြပေမယ့် ဘယ်သူမှ မသိကြဘူး။

သိသွားချင်တော့ ကိစ္စကြုံပါရောဟော့။

ဦးကံစိန်းက အရက်သိပ်ကြိုက်တယ်ကွ။ လူကလည်း ပိုက်ဆံရှိသကိုး။ သူ ဝါသနာပါတဲ့အလုပ်က ကြက်တွေမွေးတဲ့အလုပ်ပဲ။ သူ့အိမ်မှာ တိုက်ကြက်မျိုးစုံရှိတယ်။ အနီချိတ်၊ ဥဝန်း ကြက်တညင်၊ မဖိုမဂဲ၊ အစ် အကောင်းကြက်၊ အရောင်သွေးစုံတွေ မွေးထားတာကွ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြက်မျိုးတွေ မွေးပေမင့် လုံးဝ ကြက်မတိုက်ဘူး။ ပြီး သူ မွေးထားတဲ့ကြက် သူ လုံးဝချက်မစားဘူး။ ရောင်းမစားဘူး။ ကြက်နာကျ ချိန် သေမှသာ ကြက်မျိုးပြုတ်တယ်။

သူ့ရဲ့ ကြက်ရောင်စုံမျိုးစုံ။

ကြက်တညင်မျိုးစုံ၊ အစာစားနေတာကြည့်ပြီး ကျေနပ်သဘော ကျနေတဲ့လူကြီးကွ။

ဒီလိုနဲ့ တစ်နေ့ သူ့တိုက်ကြက်မျိုးထဲက တစ်ကောင်ပျောက်သွား တယ်။ နောက်နေ့ ကြက်မကြီးပျောက်သွားတယ်။

နောက်နေ့ နှစ်ရက်ခြား ကြက်တစ်ကောင်ပြီးတစ်ကောင် ပျောက် တော့ သည်းမခံနိုင်တော့ဘူး။ ဒါနဲ့ ငှက်ကြီးတောင်ဓားကိုင်ပြီး အိမ်ရှေ့က နေ ဒေါသနဲ့ ကြိမ်းဝါးဆဲရေးပါရောဟ့ေ။

''ကြက်သားမစားဖူးတဲ့ အမျိုးယုတ်အငတ်တွေ မင်းတို့ ငါ့ကြက် ငါးကောင်ကို ခိုးစားတယ်။ ဒါ နောက်ဆုံးဖြစ်ပစေဟေ့။ နောက်တစ်ကြိမ် ခိုးစားရင် ငါ့အကြောင်း မင်းတို့သိရမယ်။ ကံစိန်းတဲ့ကွ ...... မသားတွေ ရ''

ဦးကံစိန်း ဓားကြိမ်းကြိမ်းလည်း ကြိမ်းကြိမ်းပဲ။ ဆဲလည်း ဆဲဆဲပဲ။ နောက်နေ့ ကြက်မကြီးနှစ်ကောင် ပျောက်သွားပြန်ရော။

ဦးကံစိန်း နောက်ဖေးလမ်းကြား လိုက်ရှာတော့ စည်းရိုးနားမှာ ကြက်မွေးအချို့ တွေ့ရတယ်။ ဟိုနေ့တွေ ကြက်ပျောက်တုန်းကလည်း သူ မသက်ာတဲ့အိမ်ရဲ့ နောက်ဖေးလမ်းကြားမှာ ခိုးစားခံရတဲ့ သူ့တိုက်ကြက်ဖ တွေရဲ့ အမွေးတွေ တွေ့တာပဲ။

ဆင်းရဲလို့ ဝယ်မစားနိုင်တာနဲ့ တစ်ခါတလေ စားချင်လွန်းလို့ ကြက်ခိုးဖမ်းစားကြတာ စားပါစေဆိုပြီး ခွင့်လွှတ်ခဲ့တယ်။

လူငယ်လူရွယ်တွေ အပျော် ကြက်ခိုးဖမ်းချက်စားကြတာပဲ။ ကိုယ် လည်း ငယ်စဉ်တုန်းက ဒီလိုပဲ အပျော်ကြက်ခိုးချက်စား၊ ထန်းရည်နဲ့ မြည်း ဖူးတာပဲဥစ္စာ ...





တစ်ကြိမ်တစ်ခါဆိုပြီး ခွင့်လွှတ်ခဲ့တယ်။

ခုဟာက အကြိမ်ကြိမ် ခိုးစားနေတာ။

ကြိမ်းဝါးဆဲရေး တိုင်းထွာထားတဲ့ ကြားကနေကို ဂရုမစိုက်ဘူးဆို ပြီး ထပ်ခိုးစားခဲ့တာ ...

ဦးကံစိန်း မသက်ာတဲ့ အိမ်ရဲ့နောက်ဖေးလမ်းကြားကနေ ကြက်မွေး အချို့ ကောက်ခဲ့လိုက်တယ်။

သိကြရောပေါ့ကွာ။

ကံစိန်းဘာလဲ မင်းတို့ သိကြရမှာပေါ့။

စာရေးဆရာရေ ... အဲဒီနေ့ညမှာပဲ ဦးကံစိန်းတို့ အိမ်ရဲ့ နောက် ဖေးလမ်း ငတောကြီးအိမ်က မိသားစုတွေရယ် ညဥ့်သန်းခေါင်မှာ ဖအေ ကစပြီး အငယ်ဆုံးကလေးအဆုံး မိသားစု(၆)ဦး ကြက်လို တွန်ကြပါရော ဟေ့။

ဖအေလုပ်သူက ပါးစပ်ကနေ အောက်အီးအီးအွတ်လို့ ကြက်လို တွန်ရော မယားလုပ်သူကလည်း အောက်အီးအီးအွတ်လို့ တွန်ပါရောဟေ့။

ဒီမှာပဲ သားအကြီး၊ သမီးအကြီး၊ ကလေး လေးဦးကပါ အိပ်ရာ ကနိုးပြီး ကြက်လို တွန်ကြပါရောဗျား။

သူတို့အချင်းချင်း မျက်နှာချင်းဆိုင်ပြီး ကြက်လို တွန်နေကြတာ ကွ။ ဆူညံနေတာပဲ။ တစ်ခါတစ်ခါ ကြက်ခွပ်သလို ထ,ခွပ်၊ ထ,စောင် ဖြစ် ကြပါရော။

အိမ်နီးနားချင်းတွေလည်း ညဥ့်သန်းခေါင် မိသားစုတစ်စု ကြက်ဝ တွေလို တွန်နေတော့ အိပ်လို့မရတော့ဘူး။

အဲဒါ လာမေးကြ၊ ကြည့်ကြတော့ ...

ကိုငတောကြီးတို့ မိသားစု ခေါင်းချင်းဆိုင်ပြီး ကြက်လိုတွန်နေ ကြ၊ စောင်နေကြ၊ ခွပ်နေကြတာကိုမြင်ပြီး ပယောဂဝင်နေကြပြီး ရူးကုန် ကြပြီ ဖြစ်ကုန်ရောဟေ့။

အဲဒါ ဝိုင်းချုပ် ... မေးမြန်းကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေးတဲ့ကြားထဲက ကြက်ဖလိုတွန်ပြီး အော်နေကြတာ ညံနေတာပဲ။

ဒီမှာ ဦးစွာ အသိဝင်လာတာက ကိုငတောကြီးကွ။

ပြီး ... ကိုငတောကြီးမိန်းမ မခင်ကျီ အသိဝင်လာပြီး ရှက်လို့ငို။ သားသမီးလေးဦးလည်း ငိုလိုက်၊ ကြက်လိုတွန်လိုက် ဖြစ်နေတုန်းပဲ။

"ကိုငတောကြီး ... ခင်ဗျားတို့ ဖြစ်နေပုံက ပယောဂဝင်နေပုံပဲ။ ခင်ဗျားတို့ ဘာအမှားတွေ လုပ်ခဲ့တုံး"

ဆရာပေါက်စ တစ်ဦးက မသက်သာလို့မေးရော ...

ကျန် အိမ်နီးနားချင်းတွေကလည်း ဝိုင်းမေးကြပေါ့။

နောက်ဆုံး ကိုငတောကြီး ဝန်ခံရတော့တယ်။

"ကျုပ် ... ကျုပ် ... ညနေတုန်းက ဦးလေးကံစိန်းရဲ့ ကြက်ကြက်နှစ်ကောင်ကို ... ခိုး ... ခိုးဖမ်းပြီး ချက်စားမိတယ်ဗျာ"

"ဟာ ... ဟိုနေ့ကပဲ ဦးလေးကံစိန်း ဓားကြိမ်းကြိမ်းနေ မဟုတ်လား။ ငါ့အကြောင်းသိမယ်လို့ ကြိမ်းထားတာကွ။ မဟုတ်မှလွဲရော ..."

"ဘာဖြစ်တုံးဗျာ .... ဘာ ... ဘာ ... မဟုတ်မှလွဲရောတုံး ... အွတ် ... အွတ် ... ဟာ ... အောက် ... အောက် ... ဖူး ... ဖူး ... ကိုင်းဟာ ..."

ကိုငတောကြီး တွန်ချင်နေလို့ ပါးစပ်ကို ပိတ်ထားရင်း ကိုယ့်ပါးကိုယ် ပြန်ရိုက်လိုက်တယ်။

"ဦးကံစိန်းကြီး ... လုပ်လိုက်ပြီနဲ့ တူတယ်ဟေ့"

လူကြီးတစ်ဦးက ဝင်ပြောလိုက်တာကွ။

"ဦးကံစိန်းက ဘာလုပ်လိုက်လို့တုံး ... ဘဖိုးသီရ"

"ဟေ့ကောင် ... ငတောကြီး ... မင်းမိသားစုပါ ခေါ်သွားပြီး ဦးကံစိန်းကို မင်းတို့ ကြက်ခိုးချက်စားမိတာ သွားတောင်းပန်လိုက်ကြ။ ထကွာ ... ကြာတယ်။ ငါလိုက်ပို့မယ်"

"ဘကြီးဖိုးသီ ... ဦးကံစိန်းက ....."





"ခွေးမသား ... လျှာမရှည်နဲ့။ မင်းတို့ ဦးကံစိန်းကို တောင်းပန်ရမယ် လာကြ"

ဒီလိုနဲ့ ညဥ့်နက်သန်းခေါင်အကျော်မှာ ဦးကံစိန်းတို့အိမ်ရှေ့ရောက် အော်နိုးပြီး ဝင်ခဲ့ရတယ်။

ဦးကံစိန်းတို့ အိမ်ပေါ်ရောက်လေ ငတောကြီးတို့ မိသားစု ကြက်ဖလိုတွန်၊ ကြက်မတွေလို အော်ကြလေ။

ဦးကံစိန်းက သူတို့အဖြစ်ကို ခေါင်းတညိတ်ညိတ်လုပ်လို့။

"ဦးဖိုးသီ ... အချိန်မတော် ဘယ်လိုဖြစ်လာပြီး ကျုပ်ကို နိုးပြီး ရောက်လာကြရတာတုံးဗျ"

"ကိုကံစိန်းရေ ... ဟောဒီ ငတောကြီးတို့ မိသားစုပေါ့ကွာ။ မင်းမွေးထားတဲ့ ကြက်တွေကို ခိုးချက်စားမိကြတယ်ကွာ။ အဲလိုစားပြီး နောက်ပိုင်း သူတို့ တစ်အိမ်သားလုံး ကြက်လိုတွန်နေလို့ မင်းကို လာတောင်းပန်ကြတာပါကွာ။ ခွင့်လွှတ်ပေးပါ ... ကိုကံစိန်းရာ"

"ပယောဂဆရာ သွားပြလေဗျာ။ ကျုပ်နဲ့ ဘာဆိုင်လို့တုံး ဦးဖိုးသီ"

"ကိုကံစိန်းရာ ... မလိမ်မာလို့ မိုက်မဲမိတာ၊ ကျူးလွန်မိတာ ခွင့်လွှတ်ပါ ... သူငယ်ချင်းရာ။ ငတောကြီးတို့ရော ငါတို့လူကြီးတွေပါ ... တောင်းပန်ပါတယ် ... ကိုကံစိန်းရာ"

ဒီမှာပဲ ဦးကံစိန်းက မေးတယ်ကွ။

"ငတောကြီး ..."

"ဗျာ ... ဗျာ ... အောက်အီးအီး"

"ဝုန်း"

"မတွန်နဲ့ ရပ်လိုက်"

ဦးကံစိန်းက ကြက်လိုတွန်မလို့လုပ်တဲ့ ငတောကြီးကို ကြည့်ပြီး ဘွမ်းပြင်ကို လက်ဝါးနဲ့ရိုက် ပြောလိုက်ရော ကိုငတောကြီးလည်း ကြောက်လန့်ပြီး မတွန်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငတောကြီးမယားနဲ့ သားသမီးတွေလည်း ကြက်ဖ၊ ကြက်မလို မတွန် မအော်ကြတော့ဘူးကွ။ အံ့စရာပဲဟေ့။

"ငတောကြီး ... ငါ့ကို အမှန်အတိုင်းပြော"

"ဟုတ် ... ဟုတ်ကဲ့"

"မင်း ငါ့ကြက် ဘယ်နှစ်ကောင် ခိုးစားတုံး ... ပြော"

"ခုနစ်ကောင် ခိုးပါတယ်ခင်ဗျ"

"အကုန်ချက်စားတာပဲလား'

"လေးကောင် ... ရောင်း ... ရောင်း စားမိပါတယ် ဦးလေး"

"သုံးကောင် ချက်စားတာပေါ့"

"ကျွန်တော် ... မှား ... မှား ... ပါတယ် ... ဦးလေးရယ်"

"မင်း သတိပေးထားရက်နဲ့ကွာ ခိုးစားတယ်လို့"

"တောင်း ... ပန်ပါတယ် ... ဦးလေးရယ် ကျွန်မတို့ တောင်းပန်ပါတယ်ရှင့် ... ဟီး"

"မငိုနဲ့ ... တိတ်။ ဒါ အသုဘအိမ် မဟုတ်ဘူး။ နောင်ကို မင်းတို့ ငါ အလှမွေးထားတဲ့ ကြက်တွေ ခိုးစားခိုးရောင်းဦးမှာလား ... ပြော"

"မ ... မ ... ခိုးတော့ပါဘူး ... ခင် ... ခင်ဗျာ"

"ကတိပေးလား"

"ပေး ... ပါတယ် ... ခင် ... ဗျ"

"မခိုးစားနဲ့ကွ ... ငါ အလှမွေးထားတဲ့ကြက်တွေ ငါတောင် ချက်မစားဘူး။ ရောင်းမစားဘူး။ ကိုင်း ... အားလုံး ငါ့ကို ထိုင်ကန်တော့ တောင်းပန်ကြ"

ဒါနဲ့ ကိုငတောကြီးတို့ မိသားစုအားလုံး တန်းစီလက်အုပ်ချီပြီး တောင်းပန်ကန်တော့ကြတယ်။ ဦးကံစိန်းကတော့ ကန်တော့တောင်းပန်တာကိုခံယူပြီး ပါးစပ်ကနေ ဘာတွေပြောနေမှန်း မသိဘူး။ အသံမထွက် တတွတ်တွတ် ရွတ်နေတယ်။

"ကိုင်း ... ပြန်ကြတော့"





ဒီမှာ ဘကြီးဖိုးသီက ...

"ကိုကံစိန်းရေ ... ကျေးဇူးပါပဲကွာ နော်"

"ဟုတ်ကဲ့ ... ဦးဖိုးသီ"

အိမ်ပြန်ရောက်တော့ သူတို့မိသားစု လုံးဝ ကြက်လိုမတွန်တော့ဘူး။ ဦးကံစိန်းကိုလည်း ကြောက်သွားကြတယ်။

ဦးကံစိန်း ဘာလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ သိတဲ့လူ တစ်ယောက်ပဲရှိတယ်။

အဲဒီလူက ဘကြီးဖိုးသီပဲ။

ဘကြီးဖိုးသီပြောလို့ ငါလည်း ဦးကံစိန်းဘာလဲ၊ သူ ဘာပညာတတ်တာလဲ သိခဲ့ရတာကွ။

ကျွန်တော်က မေးရတာပေါ့ဗျာ။

"ဦးကံစိန်းက ဘာပညာတတ်တာလဲ ... ဆရာကြီး"

"သူက အောက်လမ်းပညာအချို့ကို တတ်တယ်တဲ့"

"ဟုတ်လား ... အံ့သြစရာပဲနော်။ ခုရော ဦးကံစိန်းကြီး ရှိသေးလားဟင်"

"မရှိတော့ဘူး။ သူတော်တယ် စာရေးဆရာ"

"ဗျာ ... အောက်လမ်းပညာတော်တာကို ပြောတာလားဟင် ... ဆရာကြီး"

"မဟုတ်ဘူးကွယ့် ... အောက်လမ်းပညာသည်တို့ ငရဲကိုသွားရ မည့်လမ်းကို သိလို့ သူ အဲဒီပညာတွေကို အထက်လမ်းဆရာကြီးတစ်ဦးထံမှာ ကတိခံ စွန့်လွှတ်ခဲ့တယ်။ ပြီး ဝိဇ္ဇာမယပညာတော်မြတ်ကြီး လမ်းစဉ်ကို ခံယူပြီး ဝိဇ္ဇာအတတ်လမ်းကို ကြိုးစားဆည်းပူး ကျင့်ကြံခဲ့လိုက်တာ ပေါက်ရောက်အောင်မြင်တဲ့ အထက်ဂိုဏ်းဆရာကြီးအဖြစ်နဲ့ လူသတ္တဝါတွေရဲ့ ရောဂါဝေဒနာတွေကို ကူညီစောင့်ရှောက် ကယ်တင်ခဲ့တယ်။ ခုတော့ သူ ကွယ်လွန်သွားခဲ့ပါပြီ။ သူ မရှိတော့ပေမင့် သူ့ရဲ့ ကောင်းတဲ့ ဂုဏ်သတင်းတော့ ကျန်ရစ်ခဲ့တယ် စာရေးဆရာ"

"ဆရာကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



''ပြော . . . စာရေးဆရာ ပြော''

''ဟိုလေ . . . . ဟို အောက်လမ်းပညာကို သင်ယူတော့ ဘယ်လို သင်ယူရလဲဟင်''

''သင်မလို့လား''

''မဟုတ်ပါဘူးခင်ဗျ။ ဗဟုသုတအဖြစ် သိချင်လို့ပါ ခင်ဗျ''

''မကောင်းဘူး''

''အဲဒီ မကောင်းတာကို သိချင်လို့ပါခင်ဗျ''

ဆရာကြီး ဦးရာဇဝင်ဟာ ကျွန်တော့်ရဲ့ စူးစမ်းလေ့လာစိတ်ကို အကဲခတ်မိသွားသနဲ့ တူရဲ့ဗျာ။ စဉ်းစားသလိုရှိရင်းက ခုလို ပြောပြခဲ့ဘယ်ခင်ဗျ။

''ဒီပညာကို သင်ကြားပေးသူ ဆရာပေါ်မှာ မူတည်ပြီး ပညာပေးပုံ တစ်ဦးနဲ့တစ်ဦး မတူကြဘူးကွယ်။ ဒါကြောင့် မူကွဲအမျိုးမျိုး ရှိတယ်ဆိုတာတော့ ဦးစွာ သိထားပါ စာရေးဆရာ။ အောက်လမ်းပညာလည်း ထက်တာပဲ။ စုန်းကဝေပညာလည်း ထက်တာပဲ။ ပညာသည်အဆင့် ရောက်သွားပြီဆိုရင် ကြောက်စရာ အလွန်ကောင်းတယ်။ အသုံးချမှုမှားသွား၊ စောင်းသွားတာနဲ့အမျှ အလွန်အန္တရာယ်ကြီးတယ်။

တစ်နေ့ မောင်ဘုန်းစိုဆိုတဲ့ လူရွယ်လေး တစ်ဦးဟာ ရာပြည့်တို့၊ စာရေးဆရာတို့လိုပဲ အဲဒီအောက်လမ်းပညာ စုန်းကဝေပညာတို့ကို စိတ်ဝင်စားခဲ့တယ်။

လွန်ခဲ့တဲ့ အနှစ်(၆၀)ခန့်တုန်းကပေါ့။

သူ ပယောဂဆရာတွေ ပယောဂကုတာကို မြင်ပြီး စိတ်ဝင်စားခဲ့တယ်။

ဆရာ့ဆရာတွေ သချိုင်းမှာ ခေါ်စာကျွေးတာကိုမြင်ပြီး စိတ်ဝင်စားခဲ့တယ်။

ပေါ်ရိသာရဆေးထိုးတာ . . .

အာဋာဝကဆေးထိုးတာ . . .

ခွန်ချိုခွန်သာဆေးထိုးတာ . . .





စားခွက်နှိုက် ဆေးထိုးတာ။ အင်းလက်ဖွဲ့တွေ ဆောင်ကြတာ၊ တစ်ပွဲတိုးထုံးမန်း အသုံးပြုကြတာတွေကို သူမြင်ဖူး၊ ကြုံဖူးတယ်။

အောက်လမ်းပညာနဲ့ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိတို့ရဲ့ ကွာခြားမှုသိချင်တယ်။ သင်ပေးမည့်ဆရာ မတွေ့ဘူး။

အထူးသဖြင့် . . .

ဆရာတိုက်တယ်ဆိုတာ ကြားဖူးမြင်ဖူးတယ်။

ဘယ်လိုတိုက်တာလည်း သူ မသိဘူး။

သိချင်တယ်။

ကဝေတိုက်၊ စုန်းတိုက်၊ နတ်တိုက်ဆိုတာ ရှိတယ်လို့ ပြောနေကြသလို ကုသရှင်းလင်းနေတာလဲ ကြားမြင်ကြုံဖူးတယ်။ ဘယ်လိုတိုက်တာလဲ မသိဘူး။ နားမလည်ဘူး။

အဲဒါ သိချင်စိတ် ပြင်းပြနေသလို။

လူငယ်ပီပီ သူတတ်ရင် ကိုယ်လည်း သင်ယူပါက သူ့လိုပဲ တတ်မြောက်ရမယ်။

ဒီလို ယူဆခဲ့တယ်။

လူကြီးသူမများက ဒီအလုပ်တွေ မကောင်းဘူးလို့ ပြောဆိုသတိပေးတာကို လက်မခံဘူး။ သိချင်တယ်၊ တတ်ချင်တယ်။ ပြီး . . . ဘယ်လို အသုံးချရမှာလဲဆိုတာကိုလည်း စမ်းသပ်ကြည့်ချင်တယ်။

သူ့ဆန္ဒ တစ်ဖက်စွန်းလွဲမှား ယုံကြည်မှု အာသီသပြင်းထန်မှုကို သူ မှားတယ်၊ မှန်တယ် မခွဲခြားနိုင်သေးဘူးလေ။ အရွယ်ကလည်း ငယ်သေးတာကိုး။

သို့သော် သင်ပေးမည့် ဆရာမတွေ့ဘူး။

ပညာမဖွားချင်လို့ပဲလား။

ပညာ လျှို့ချင်လို့ပဲလား မသိ။ သင်မပေးကြဘူး။ သည်တုန်းက မောင်ဘုန်းစိုမှာ ငွေမရှိဘူး။ အမေနဲ့အဖေက ရွာမှာ လယ်လုပ်နေကြတာ။ အဆောင်းဆောင်းရှိပေမင့် မောင်ဘုန်းစိုကို ငွေတောင်းတိုင်း အများအပြားမပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက မသေခင် အလှူကြီးတစ်ခုပေးပြီး သားလုပ်သူ သူ့ကို ပဒွင်းတက်စေချင်တဲ့ ရည်ရွယ်ချက်ရှိတယ်။

မောင်ဘုန်းစိုက မြို့ အဒေါ်အိမ်မှာနေပြီး အလုပ်လုပ်၊ ညကျောင်းတက် ကြိုးစားနေတာ။

အမေတို့က ဘယ်သူ့ထံကမှ ငွေကြေး၊ ဆန်၊ ဆီ၊ ဆား၊ ဆေးချေးချေးငှားငှား မလုပ်ဘူး။ ရွာသူကြီးလည်း မဖားဘူး။ ပိုက်ဆံချမ်းသာသူလည်း အောက်မကျို့ဘူး။

မှန်မှန်နေ၊ မှန်မှန်စ ရည်မှန်းချက်ကိုပဲ အာရုံစိုက်တယ်။

ချေးချေးငှားငှား မရကြတော့ အချို့က အမေ့ကို မုန်းကြတယ်။ ဆွေမျိုးရော သူစိမ်းရော အမြင်စောင်းကြတယ်။

အလွန် ဒုက္ခရောက်နေသူဆိုရင်တော့ ...

ဆန်လေး၊ ငွေစလေး လှူလိုက်ပေးလိုက်တာပဲ။

ငွေလာချေးရင် မချေးဘူး။ ပစ္စည်းလာပေါင်ရင် အပေါင်မခံဘူး။ ဒီအတွက် ရွာထဲမှာ စကားစမြည်များရတာရှိပြီး ကိုယ့်ပစ္စည်းနဲ့ကိုယ် အမုန်းခံနေရတယ်တဲ့။

အမေက မှန်တန်းနေတော့ လူတွေက မကြိုက်ကြဘူး။ ကိုယ့်အမေထက် ဆိုးတဲ့ကြမ်းတဲ့လူတွေ ရွာထဲမှာ ရှိတာပဲ။

ထားတော့ ...

ဒါက ရွာက အမေတို့ရဲ့ သဘောသဘာဝအတိုင်း ...

အရေးကြီးတာက သူ ဆရာ့ဆရာတွေရဲ့ ပယောဂကုတာ၊ ခေါ်တာနှင်တာ မနိုင်လို့ ရှုံးတာ၊ နိုင်လို့ လက်မထောင်တာတွေ ကြည့်ပြီး အဲဒီလောကီဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တွေကို သိချင်တတ်ချင်စိတ် ဖြစ်လာတယ်။

လူကြီးအချို့ကတော့ မသင်ယူနဲ့တဲ့။

အ,ကုသိုလ် များတယ်တဲ့။ အခန့်မသင့်ရင် ဆရာသေရင်သေ၊ မသေရင် ပညာသည်သေရောတဲ့။

ဘယ်သူ့ဆီမှ တပည့်ခံလို့ မရခဲ့ဘူး။

တစ်နေ့ အဘွားကြီးတစ်ဦးနဲ့ သူ ကြုံရပါရော။





ဒီအဘွားကြီးနဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်အကြောင်း စကားစပ်မိရာကနေ နောင်တော့ ရင်းနှီးသွားပြီး မြေးအဘွားလို ခင်မင်သွားတယ်။ မောင်ဘုန်းစိုကလည်း အမေအိုကြီးအရွယ်မို့ စားစရာလေးပေး၊ ဆန်လေးဝယ်ပေးနဲ့ ကုသိုလ်ပြုတာပေါ့။

အဘွားကြီးက ရွာတစ်ရွာသချိုင်းနားမှာ အိမ်ကလေးဆောက်ပြီးနေတာ။ အဘွားကြီးအိမ်ကို မောင်ဘုန်းစို အလည်ရောက်သွားရင် မိန်းမကြီးသုံးလေးဦးနဲ့ အတူတွေ့ရတယ်။

တစ်ခါတစ်ရံမှာ အရွယ်ကောင်း မိန်းမရွယ်အချို့လည်း တွေ့ရတယ်။ မောင်ဘုန်းစိုရောက်သွားရင် သူတို့ ပြန်သွားကြရော။

ဒီလိုနဲ့ အတန်ကြာရင်းနှီးပြီး စားအိမ်သောက်အိမ်လို ဖြစ်သွားခဲ့တယ်။ အဘွားကြီးနာမည်က ဒေါ်မြပုံတဲ့။ အိမ်ပေါ်မှာ ဘုရားစင်မရှိဘူး။ နတ်ရုပ်မျိုးစုံတော့ ရှိတယ်။

အုန်းပွဲတွေ အစီအရီ တွေ့ရတယ်။

နတ်ကတော်လိုလို၊ ဘာလိုလို။

အချို့က အမေကြီးဒေါ်မြပုံထံ လာပြီး ရောဂါဝေဒနာတွေကို လာပြကြတယ်။ အမေကြီးဒေါ်မြပုံက ဘယ်နေ့ညဥ့် နေဝင်ရီတရော ဟောဟို ချိုင်းကုန်းက မြေပုံပေါ်မှာ ဂူပေါ်မှာ အမဲသားနဲ့ ထမင်းနဲ့ သွားစွန့်ကျွေးထိုက် နှင်တို့ဖြစ်နေတဲ့ရောဂါ ပျောက်သွားမယ်လို့ပြောရင် ...

ပြောတဲ့အတိုင်းလုပ်တာနဲ့ အော်နေတဲ့ရောဂါ၊ အန်နေတဲ့ရောဂါ၊ ကြောက်လန့်နေတဲ့ရောဂါ၊ မစားနိုင်မသောက်နိုင်တဲ့ရောဂါ ပျောက်သွားတာရှိတယ်။

လူနာတွေကလည်း အမေကြီး ဒေါ်မြပုံကို ငွေကြေးစားစရာ ဆန်ဆီ လာကန်တော့ကြတယ်။

နောင် သိရတာက အမေကြီး ဒေါ်မြပုံက အောက်လမ်းပညာစုံထားတဲ့ ပညာသည်ဆိုတာ သိရရော မောင်ဘုန်းစို အလွန်ဝမ်းသာသွားပြီနော့ဟေ့။

မောင်ဘုန်းစို မကြောက်ပါဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



သူက စုန်းပဲဖြစ်ဖြစ်၊ ကဝေပဲဖြစ်ဖြစ်၊ ရွာသူပဲဖြစ်ဖြစ် ရင်းနှီးချင်နေတာ။ သူတို့ ဘယ်လို ဒီပညာတွေ တတ်မြောက်ကြတာလဲ သိချင်နေတာ။ ဘယ်လိုသုံးလဲ သိချင်နေတာ။

တစ်နေ့ လူရှင်းတော့ မေးရော။

''အမေပုံ''

''ဘာတုံး ... လူကလေး''

''ကျွန်တော့်လည်း ပညာသင်ပေးပါ ... အမေပုံ''

''အလို ... မင်းက ဘာပညာသင်ချင်လို့တုံးဟဲ့''

''အမေတတ်တဲ့ ပညာမျိုးပေါ့''

''ဟေ ... လူကလေး မောင်ဘုန်းစိုက ငါ့အကြောင်း သိလို့လား''

''သိပါတယ် ... အမေပုံ''

''ဒါဖြင့် ငါက ဘာတုံး ... ပြော''

''ပညာသည်''

''အလို ... မင်းကို ဘယ်သူပြောတုံး ... မောင်စို''

''အများပြောနေကြတာပဲ ဥစ္စာ''

''အများပြောတိုင်း မင်းက ယုံလားကွယ်''

''အမေပုံရဲ့ အစွမ်းတွေကို အားလုံးက လေးစား ယုံကြည် ကြောက်ရွံ့ အားကိုးနေကြတာပါပဲ။ အမေပုံ ကျွန်တော့်ကို သင်ပေးပါနော်''

''ဟင် ... မင်းကို ငါ သားလိုခင်မင်ပါတယ် ... လူလေးရယ်၊ မင်း အာသီသရှိနေတာလည်း အမေပုံ သိပါတယ်။ ဒါပေမင့် မသင်ယူချင်ပါနဲ့ ... လူလေး''

''ဘာလို့လဲ ... အမေပုံ''

''မကောင်းဘူး''

''ဒါဆို ... မစောတို့ညီအစ်မနဲ့ ဒေါ်လက်သန်းတို့၊ မမြယာတို့ကျတော့ ဘာလို့ သင်ပေးရတာလဲ''





''သူတို့က ... အဲ ... အဲ ... မသင်ချင်ပါနဲ့ လူလေးရယ်။ အန္တရာယ်လည်း များတယ်ကွယ်။ မင်းသိလည်း ဘယ်သူမှမပြောနဲ့။ မင်းလည်း အန္တရာယ်ရှိတယ် ကြားလား''

''အမေပုံ''

''ပြောပါ ... လူလေး''

''ဘာမဟုတ်တဲ့ ဆရာပေါက်စတွေက ထောင်လွှားလွှားလုပ်ပြီး ဆရာကြီးကိုက် ဖမ်းနေကြတယ် အမေပုံ။ သူတို့ထဲမှာ တပည့်ခံတော့လည်း ကျွန်တော့်ကို ငယ်သေးတယ်၊ မတန်သေးဘူးနဲ့ မထေမဲ့မြင် လုပ်ကြတယ်။ ကျွန်တော် သူတို့ထက် တတ်ချင်တယ်။ သူတို့မတတ်တာတွေ ကျွန်တော် တတ်ချင်တယ်။ သင်ပေးပါ သင်ပေးတဲ့အတွက် ဘယ်သူ့ကိုမှလည်း မပြောဘူး။ အမေပုံအိမ်မှာ ကျွန်လုပ်ရမယ်ဆိုလည်း ကျွန်တော် ကျွန်ခံပါတယ် အမေပုံ''

''တယ်ခက်ပါလား ... မောင်ဘုန်းစို''

''သင်ပေးပါ ... အမေပုံ''

''ကိုင်း ... ဒါဆို ငါခိုင်းတဲ့အတိုင်း လုပ်နိုင်ရင် သင်ပေးမယ်။ မလုပ်နိုင်ရင် သင်မပေးဘူး။ မလုပ်နိုင်လို့ မင်း မသင်တော့တဲ့နောက်ပိုင်း ငါ့အကြောင်းတွေကို အပုပ်ချပြောဆိုခဲ့ရင် မင်းကို ငါ အဆုံးစီရင်ရမယ် သိရဲ့လား''

''အကယ်လို့များ ကျွန်တော်က ကြိုးစားပန်းစား သင်ယူနိုင်ခဲ့ရင်ရော ... အမေပုံ''

''မင်းကို ငါ နှစ်မျိုးသုံးမျိုးပဲ သင်ပေးမယ်။ ဒါက မင်းဘဝအတွက် အသုံးချဖို့ပဲ''

''အမေ ကြိုက်သလိုခိုင်း။ ကျွန်တော် လုပ်မယ်ဗျာ''

ဘုန်းစို အလွန်တက်ကြွနေတာကွ။

ဒေါ်မြေပုံကလည်း သူ့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်လို့ပေါ့။

''နက်ဖြန်နေမွန်းတည့်ချိန် စ,သင်ပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ... အမေပုံရယ်၊ ကျွန်တော် အမေပုံ့ကျေးဇူး ကို မမေ့ပါဘူး ... အမေပုံ"

"ကြည့်ကြသေးတာပေါ့ ... ဟင်း ဟင်း ဟင်း ဟင်း"

✿ ✿ ✿

[၄]

❑

အဲဒီနေ့က လကွယ်နေ့။ နေမွန်းတည့် အချိန်ပေါ့။ မွန်းမတည့်မီအချိန်မှာ အမေပုံရဲ့ တပည့် မိန်းမငါးယောက် သချိုင်းအစွန်က အမေပုံ့တဲအိမ်ရှိရာကို ရောက်လာကြတယ်။

စမ်းချောင်းအိုင်ထဲက ရေတွေ ပုံးနဲ့ခပ်ပြီး စဉ့်အိုးထဲ ထည့်ကြတယ်။ ပြီးတာနဲ့ မိန်းမတွေအားလုံး ထဘီရင်လျားနဲ့ ရေချိုးကြတယ်။

သူတို့ငါးဦးရဲ့ ရယ်မောပြောဆိုသံတွေက မကြားဝံ့စရာတွေချည်းပဲ။ အယုတ္တအနတ္တတွေကို အရှက်အကြောက်မရှိပြောပြီး ရယ်ကြသေးတယ်။

ရေချိုးလို့လည်း ဝရော ရေစိုထဘီတွေကို အိမ်ဘေးက အဝတ်လှမ်းတဲ့ ဝါးလုံးတန်းပေါ်မှာ ရေမညှစ်ဘဲ လှမ်းထားခဲ့တယ်။

ပြီး ရေစက်စက်ကျနေတဲ့ ထဘီတွေအောက်မှာ ရေအင်တုံတွေကို ခံထားကြတယ်။ ခံထားတဲ့ အင်တုံခွက်ထဲကို ထဘီရေစိုကရေတွေ တစ်စက်စက်ကျနေတာကို မြင်ရတယ်။





ငါးမိနစ်လောက်နေတော့ မိန်းမငါးယောက် အဝတ်အစားလဲပြီး အော်ပြောသံ ကြားရတယ်။

"မယ်တော်ကြီး ... သမီးတို့ ပြန်တော့မယ်တော့်"

"အေးဟေ့ ... အေးအေး ..."

"အမေပုံ ... ကျွန်မတို့ ပြန်ဦးမယ်နော်"

"ပြန်ဟေ့ ... ပြန်ကြ ... ပြန်ကြ"

"ဆေးရေ စိမ်ခဲ့ပြီးပြီ ... အမေပုံရေ"

"ကျေးဇူးပါတော် ... သွားကြ ... သွားကြ ... လိုမှ ငါခေါ်မယ်တော့"

"ကျွန်မတို့လည်း မိတ်ဆက်ပေးဦးနော် ... အမေပုံ"

ခပ်ငယ်ငယ်၊ တောင့်တောင့်၊ တုတ်တုတ်ခဲခဲ မိန်းမက အသံကျယ်ကျယ်နဲ့ အော်ပြောလိုက်သေးသတဲ့။

"သူကျေနပ်ရင် နင်နဲ့ပေးစားမယ် ... မိစုန်ရေ"

"အဲဒါကြောင့် အမေပုံကို ချစ်ရတာတော့။ ကျွန်မ အားမွေးထားမယ် ... အမေရေ ... ဟီဟီဟိ ... ခစ် ခစ် ... ငါအိုရတော့မယ်ဆော့ ... ခစ် ... ခစ်"

"ကောင်မ ... ရှမနေနဲ့။ မုန့်သီကြော်က ဝေးသေးတယ်။ တော်ကြာ လန့်ပြေးလို့ ကျန်ရစ်ဖြစ်နေဦးမယ် ... လာ"

သူတို့ (အမေပုံရဲ့ တပည့်တွေ) ပြန်သွားတော့ ...

နေမွန်းတည့်ချိန် ရောက်နေပြီ။

ဒေါ်မြေပုံက ထမီအနက်ကြီးကို ဖောက်ထိုးဝတ်လိုက်ပြီး ဆံပင်ကို ဖားလျားချလိုက်တယ်။ သည့်နောက် မောင်ဘုန်းစိုကိုခေါ်ပြီး ထဘီငါးထည် လှမ်းထားတဲ့ နေရာကို ခေါ်လာလိုက်တယ်။

"မောင်ဘုန်းစို ..."

"ခင်ဗျာ အမေပုံ ..."

"မင်းကို နောက်ဆုံးအကြိမ် ငါပြောမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြုစားနှောင့်ယှက်တတ်တဲ့ အောက်လမ်းပညာ၊ စုန်း၊ ကဝေ ပညာတွေကို မသင်ယူပါနဲ့။ ကိုယ့်အိမ်ပြန်လိုက်ပါ . . . မောင်ဘုန်းစို"

"ကျွန်တော် မပြန်ဘူး အမေပုံ။ ပညာတွေ သင်ယူတတ်မြောက် ပြီးမှ မွေးရပ်မြေ အိမ်ကိုပြန်ပါ့မယ်"

"ကြောက်စရာ၊ စက်ဆုပ်စရာကောင်းတဲ့ ပညာမို့ ပြောနေတာ မောင်ဘုန်းစို . . . အချိန်ရှိသေးတယ်။ စဉ်းစားပါ"

"စဉ်းစားဆုံးဖြတ်ပြီးမှ ကျွန်တော် လာခဲ့တာပါ . . . အမေပုံ။ ကြိုးစားသင်ယူပါ့မယ်။ ကျေးဇူးပြုပြီး သင်ပေးပါခင်ဗျား"

"ကောင်းပြီလေ . . . မင်းကို ငါ တားလို့မှမရတော့လည်း သင်ပေး ရမှာပေါ့။ မင်း ကတိပေးရမယ်"

"ပြောပါ . . . အမေပုံ"

"ငါ့ကို ဒီပညာနဲ့ အာမခံရဘူး"

"ကျွန်တော် အာမခံပါဘူး"

"ငါ့ကို အာခံခဲ့ရင် မင်း သွေးအန်သွေးခမ်း သေရလိမ့်မယ်။ မင်း မိသားစု ဇနီး၊ သားသမီးပါ သေရလိမ့်မယ်"

မောင်ဘုန်းစို လန့်သွားတယ်။

အမေပုံကိုအာခံရင် သူတင်မဟုတ်ဘူး ဇနီးနဲ့ သားသမီးတွေပါ သွေးအန်သွေးခမ်း သေရမယ်တဲ့။

"ဘယ့်နှဲ့လဲ မောင်ဘုန်းစို ကတိပေးမှာလား"

"အမေပုံ"

"ပြော . . ."

"အကယ်လို့ ကျွန်တော် ကြောက်ရွံ့ထိတ်လန့်ဖြစ်ပြီး ဒီပညာကို မသုံးဝံ့တော့ရင်ရော ဟင်"

"မသုံးနဲ့ပေါ့။ မင်း အနည်းနဲ့အများ တတ်နေမှာပဲ။ မတောက်တခေါက်နဲ့ ပညာလိုက်စမ်းသုံးနေရင်တော့ တကယ့် ပညာသည်မျိုး ခက်ထန်ကြမ်းတမ်းတဲ့ ထက်ဆရာမျိုးနဲ့တွေ့ရင် မင်းအကြီးအကျယ်ခံရမှာပဲ။ မင်းကို ငါ မေးမယ်။





မင်းက ပညာသည်ဖြစ်ချင်တာလား။ ပညာရဲ့ အတိမ်အနက်ကို သိချင်တာလား"

"သိလည်း သိချင်တယ်။ တတ်လည်း တတ်ချင်လို့ပါ"

"ကိုင်း . . . စသင်ကြစို့။ လာ . . . ဟောဟိုခွက်ထဲက ထဘီရေ ကို မင်း ခပ်ပြီးသောက်"

"ဗျာ . . ."

"ခွက်ငါးခွက်ထဲက ထမီရေကို မင်း နေမွန်းတည့်ချိန်မှာ ကိုးရက် သောက်ရမယ် . . . သောက်တော့"

ကြည့်စမ်းကွာ . . .

ရေစိုထဘီ ငါးထည်အောက်မှာ ခံထားတဲ့ အင်တုံခွက်တွေထဲမှာ ထဘီကကျတဲ့ ထဘီရေတွေ ပြည့်နေတယ်။

အဲဒီရေကို အသွားအပြန် ဆယ်ခွက်သောက်ရမယ်တဲ့။ အမလေး အေ့ . . . အေ့ . . .

"ခပ်လေ . . . သောက်လေ . . ."

"ဟို . . . ဟို . . ."

"မင်းက အောက်လမ်းပညာတို့၊ စုန်းကဝေပညာတို့ကို သင်ချင် တတ်ချင်တယ်ဆို။ သင်ချင်တတ်ချင်ရင် သောက်။ ဆယ်ခွက်သောက်ပြီးမှ ငါ မင်းကို ပညာသင်ပေးမယ်။ သောက်လေ မြန်မြန်သောက်စမ်း"

ဘုန်းစို ဝါးဆစ်ခွက်နဲ့ ပထမ ထဘီအောက် အင်တုံခွက်ထဲက ထဘီရေကို ခပ်ပြီး ပါးစပ်မှာတော့မလို့ လုပ်လိုက်ရော . . .

ကြက်သီးတွေ ဖြန်းခနဲ ထပြီး ခေါင်းနားပန်းတွေ ကြီးသွားပုံနှယ် ခေါင်းကြီး ပုတ်လောက်ဖြစ်သွားပြီလား ထင်လိုက်ရတယ်။

ဒါနှင့်အတူ ခွက်ကိုင်ထားတဲ့လက်ဟာ တုန်ခါနေပြီး ဝါးဆစ်ခွက် ထဲက ထဘီရေတွေ ဖိတ်စင်ကျကုန်ပါရော။

"သောက်စမ်းပါဟဲ့ . . . ရဲရဲသောက်စမ်းပါ"

တွင်းရေသန့်သန့်ကို ရေစစ်နဲ့စစ်ပြီး သောက်ခဲ့ဖူးသည်။ ဒီလိုမျိုး မိန်းမသားငါးယောက် (အမှန်က ပညာသည်များဖြစ်သည်) ငါး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ထဲ ညစ်ညစ်ပတ်ပတ် ထဘီရေကျကို သောက်ရမယ် ဆိုတော့ ...

ရင်ခေါင်းထဲက ပျို့လာတယ်။

နောက်ကျိုကျို ထမိရေရဲ့ အနံ့တွေက နှာခေါင်းကနေ လည်ချောင်း ထဲဝင်လာရော ...

''အော့ ... ဝေါ့ .... ဝေါ့ ... အော့ဝေါ့ ... အော့ဝေါ့''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဒါလားဟေ့ ပညာသင်ချင်တယ်ဆိုတဲ့ ... ကောင်လေး။ တစ်ခွက်တောင် ကုန်အောင် မသောက်နိုင်ဘဲနဲ့များ ငါတို့ဆီက ပညာလိုချင်တယ်လို့ကွယ်။ ဟေ့ ... မောင်ဘုန်းစိုး''

''ဗျာ ... ဗျာ ... အေ့''

''သောက်နိုင်မလား''

''မ ... မသောက်နိုင် ... နိုင် ... ဘူး ... အမေပုံ''

''မသောက်နိုင်ရင် ပြန်ထည့်လိုက်''

မောင်ဘုန်းစိုး ဝါးဆစ်ခွက်ထဲက ထဘီရေကို အင်တုံထဲ ပြန်သွန် ထည့်လိုက်တယ်။ သူ့တစ်ကိုယ်လုံး ချွေးစေးတွေနဲ့ စေးထန်းစို့ရွှဲနေပြီ။

''ဒီလောက်အဆင့်ကိုမှ မလုပ်နိုင်၊ မဖြတ်ကျော်နိုင်ရင် မင်းတတ် ချင်တဲ့ပညာ ဘယ်ရမှာလဲ မောင်ဘုန်းစိုး။ သချိုင်းကုန်းက အစိမ်းသေရဲ့ ဆံပင်ကို ပြာချသောက်နိုင်းရင် မင်း မလွယ်ဘူး။ ဘယ်ပညာဖြစ်ဖြစ် ရော့ အင့်လို့ အလွယ်ပေးလို့ မရဘူးလေ။ ကောင်းပါတယ်။ ငါ မင်းကို ဒီလို ယုတ် ညံ့သေးသိမ်တဲ့ ပညာ မပေးချင်ပါဘူး။ မင်းက လူကောင်းလေးပါ။ ငယ်စိတ် နဲ့ အထူးအဆန်းတွေကို စိတ်ဝင်စားပြီး သိချင်တဲ့စိတ်၊ စူးစမ်းချင်တဲ့ အသိသာ ပြင်းနေတာပါ။ ကိုင်း ... ထားခဲ့''

ဒီလိုနဲ့ မောင်ဘုန်းစိုးနှင့် ဒေါ်မြေပုံတို့ဟာ နတ်ရုပ်မျိုးစုံရှိနေတဲ့ အိမ်ပေါ်ကို ပြန်ရောက်ခဲ့ကြတယ်။

''မောင်ဘုန်းစိုး ...''





''ဗျာ ...''

''မင်း ဒီပညာတွေ သင်ယူဦးမယ်ဆိုတဲ့အတွေး နောင် ဘယ် တော့မှ စိတ်မကူးနဲ့ ... ဟုတ်လား''

''ဟုတ်ကဲ့ပါ ... အမေပုံ''

''ငါတို့လောကမှာ ပညာသင်ရင် လုပ်ရတဲ့ လုပ်နည်း အမျိုးမျိုး ရှိတယ်။ ဒါ အနုနည်းပဲ ရှိသေးတယ်။ လိမ်လိမ်မာမာနေပါ လူလေး။ အမေ တို့က ရင့်သွားပြီ။ အမေပုံတို့က နောက်ဆုတ်လို့ မရတော့ဘူး။ အမေပုံ ညည်း တစ်နေ့နေ့မှာ အစွမ်းထက်တဲ့ ဆရာတွေ၊ ပညာသည်ကြီးတွေနဲ့ တွေ့ရင် အရှုံးပေးရဦးမှာပဲ။ ဒဏ်ခတ်ခံရဦးမှာပဲ။ နောက်ဆုံးအဆင့် သွေး ခွက်ပွက်အန်ပြီး သေရဦးမှာပဲ။ ငါ့တပည့်တွေကို ပြောထားရတယ်။ ဒီပညာ နဲ့ သူများကို လက်တည့်မစမ်းနဲ့။ နင်တို့ပညာ နုသေးတယ်။ သွေးပွက် ပွက်အန်ပြီး သေသွားမယ်လို့''

''အမေပုံ ...''

''အေး ... ပြော''

''ကျွန်တော် အမေပုံတို့ရဲ့ ပညာအစွမ်းတစ်ခုကို လက်တွေ့ သိ မြင်ခွင့်ရစေလား ... အမေပုံ''

''မယုံလို့လား''

''ယုံပါတယ်။ မမြင်ဖူးလို့ပါ ... အမေပုံ''

''မင်းက ဘာမြင်ချင်လို့တုံး''

''တိုက်မြွေဆိုတာ ဘယ်လိုအရာလဲ မြင်ချင်ပါတယ် ... အမေ''

''မင်းက တကယ်မြင်တာမှ ကြည့်ချင်တာပဲကိုး။ အေးလေ ... မင်းကို ငါ သားအရင်းလိုချစ်ခင်လို့ ပြပါ့မယ်။ ဒီအကြောင်း ငါ အသက်ရှင် နေသေးတာလမှာ ဘယ်သူ့ကိုမှ မပြောရဘူးနော်''

''ဟုတ်ကဲ့ ... မပြောပါဘူး ခင်ဗျ''

မောင်ဘုန်းစိုး မမြင်ဖူးတာကို မြင်ရတော့မှာမို့ အရမ်းကိုဝမ်းသာ နေတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်မြွေဆိုတာ သဘာဝမြွေအစစ်မဟုတ်ဘူး။ စုန်း၊ ကဝေ၊ ပညာသည်တွေ၊ အောက်လမ်းဆရာကြီးတွေ၊ ပညာနဲ့ စီရင်တဲ့မြွေအတုပဲ။ သို့သော် ပညာနဲ့စီရင်တဲ့ မြွေဆိုးအတုက အသက်ဝင်လာပြီဆိုရင် သဘာဝမြွေအစစ်ထက် အဆများစွာ ကြောက်စရာကောင်းတယ်။ အဆိပ်ပြင်းတယ်။ သဘာဝမြွေကိုက်ရင် အစွယ်ရာ ချက်ကောင်းမထိပါက ဆေးကုရင် အသက်ပြန်ရှင်နိုင်တယ်။ ပြီး သဘာဝမြွေဆိုးက သူ့ကို နင်းမိ၊ ထိမိ ရန်ပြုမှ မလွှဲမရှောင်သာကိုက်တာကွယ့်။ တိုက်မြွေလို့ခေါ်တဲ့ ပညာသည်စီရင်လွှတ်တဲ့ မြွေဆိုးကတော့ သူကိုက်ရမည့်လူကို မတွေ့တွေ့အောင်ရှာတယ်။ သေသေအောင် ကိုက်တယ်။ ကိုက်သတ်ပေါက်သတ်ပြီးရင် သူ့တာဝန်ပြီးသွားပြီ။ ခက်တာက တိုက်မြွေခေါ် ပညာသည် စီရင်တိုက်တဲ့ မြွေဟာ ရန်သူကို မလိုသူကိုကိုက်ပြီးရင် ကိုက်တဲ့ပေါက်တဲ့နေရာမှာ သဲလွန်စကျန်ရစ်တာများတယ်။ အဲဒီအတွက် ဆရာကြီးတွေက သေသူရဲ့အနီးက ပစ္စည်းကို ကြည့်ပြီး ဒါ ပညာသည်အောက်လမ်းဆရာတွေ တိုက်တဲ့ တိုက်မြွေဆိုတာကို တန်းခနဲသိကြတယ်။ သိသွားလို့ ဆရာလုပ်သူက ပညာအရမ်းထက်နေပြီဆိုလို့ကတော့ တိုက်မြွေစီရင်သူ အလူးအလဲ ခံရပြီသာမှတ်"

"ဘာလို့လဲ ... အမေပုံ"

"ဆရာက တန်ပြန်ရင် ကိုယ့်တိုက်မြွေက ကိုယ့်ပြန်ကိုက်ပြီး သေရတဲ့ဖြစ်စဉ်တွေ ပညာသည်လောကမှာ ရှိခဲ့ဖူးတယ်။ ကိုင်း ... မင်းကို ဒါ သားအရင်းလိုချစ်ခင်လွန်းလို့ တိုက်မြွေတို့၊ သမန်းကျားတို့၊ ထဘီခြုံရင်လင်းတဖြစ်တာတို့ထဲက တိုက်မြွေဖြစ်ပုံကို ငါ လက်တွေ့ပြမယ်။ ငါလုပ်ပြတာကို ငါအသက်ရှင်နေတုန်း ဘယ်သူ့မှ မပြောရဘူးနော် ကောင်လေး"

"စိတ်ချပါ ... အမေပုံ။ ကျွန်တော် မပြောပါဘူးခင်ဗျ"

"ကိုင်း ... ကြည့်နေ"

ဒီမှာပဲ အမေကြီးဒေါ်မြေပုံက ဖာတောင်းတစ်ခုကို ဖွင့်ပြီး အဝတ်စတွေနဲ့ ကျစ်ထားတဲ့ တစ်လံနီးပါးခန့်ရှိတဲ့ ကြိုးကို ကြမ်းပြင်ပေါ်မှာ ချလိုက်တယ်။

ပြီး ကြိုးခွေပေါ်မှာ ဒန်ဖလားကြီးတစ်လုံး အုပ်လိုက်တယ်။





သည့်နောက် မှောက်အုပ်ထားတဲ့ ဒန်ဖလားပေါ်ကို အမေကြီးဒေါ်မြေပုံက လက်ဝါးနှင့်အုပ်ပြီး တတွတ်တွတ် ရွတ်ဖတ်နေတယ်။ မျက်စိမှိတ်ပြီး ရွတ်နေတာကွ။

အတန်ကြာရွတ်ပြီး ရွတ်တာ ရပ်လိုက်ရော ...

လက်ဝါးအုပ်ဖိထားတဲ့ ဒန်ဖလားခွက်အောက်ကနေ လှုပ်လှုပ်ရွရွအသံတွေ ကြားရပါရော့။

ဒေါ်မြေပုံက မျက်လုံးဖွင့်ပြီး စိုက်ကြည့်ရင်းက ...

"ငြိမ်ငြိမ်နေစမ်း"

"ဘာမာန်ဖီနေတာလဲ ... ဟင်း"

မောင်ဘုန်းစိုလည်း ရင်တဖိုဖိုနဲ့ မှောက်ထားတဲ့ဖလားကို စိုက်ကြည့်နေတာပေါ့။ အဘွားကြီးက လက်ကို ရုပ်လိုက်ပြီး ...

"မောင်ဘုန်းစို ..."

"ခင်ဗျာ ... အမေပုံ"

"အဲဒီ ဒန်ဖလားကို မင်းခြေနဲ့ ကန်ပစ်လိုက်"

"ကန်ရမယ်"

"ဟုတ်တယ် ... ငါ အမိန့်ပေးရင် ကန်၊ အသင့်ပြင် ... ကန်လိုက်"

"ဖောင်း ... ဂလုံး ... ဂလုံး"

"ဟာ ... မြွေကြီး ... အမယ်လေး"

အံ့သြစရာပဲဟေ့။ ဒန်ဖလားကို ခြေနဲ့ ကန်ပစ်လိုက်ရော ဖလားအောက်ကနေ မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းထထောင်တာကို မြင်လိုက်ရပြီး ဘုန်းစို လန့်ဖျတ်နောက်ဆုတ်လိုက်ချိန် ...

"ဖူး ... ဖူး ..."

"ဟာ ..."

"ဖူး ... ဖူး ..."

"အမလေး ... အမေပုံ လုပ်ပါဦးဗျ"

"ဟော့ကောင် ... ရပ်လိုက်စမ်း ဒါ ရန်သူမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပါးပျဉ်းထောင်နေတဲ့ တစ်လံခန့် မြွေဟောက်ကြီးဟာ လျှာကို ထုတ်၊ မျက်လုံးကိုပြူးပြီး မောင်ဘုန်းစိုရှိရာကို ဆတ်ခနဲလှမ်းအတိုး ဘုန်းစို ငယ်သံပါအောင် အော်လိုက်ပါရော။

တော်ပါသေးရဲ့ဟော့။

အမေကြီးဒေါ်မြွေပုံက လှမ်းဟောက်လိုက်ရော လူစကားနား လည်တဲ့အတိုင်းပဲ မြွေဟောက်ကြီးက ငြိမ်ပြီး ရပ်နေသကွ။

"လူလေး ... မောင်ဘုန်းစို"

"ဗျာ ... ဗျာ ..."

"ကြောက်နေပြီလား"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ"

"ကြိုးကနေ မြွေဟောက်ဖြစ်သွားတာ ယုံပြီလား"

"ယုံ ... ယုံပါပြီ ... အမေပုံ"

"အဲဒါ တိုက်မြွေပဲ ဘာကြိုးကိုဖြစ်ဖြစ် စီရင်လို့ရတယ်။ ဟဲ့ကောင် ပြန်ခွေနေလိုက်စမ်း ခွေလေ ..."

ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးဟာ အမေပုံရဲ့ စကားအဆုံး မှာ ပြန်ပြီး ခွေလိုက်ပါရော။ အမေပုံက ဒန်ဖလားကြီးကို ကောက်ယူပြီး မြွေပုံပေါ်မှာ အုပ်လိုက်တော့ မြွေက လွန့်လူးရင်း ဖလားခွက်ကြီးအောက် မှာ ငြိမ်သွားတော့တယ်။

အမေဒေါ်မြွေပုံက ပါးစပ်ကနေ တတွတ်တွတ်ရွတ်ဆိုပြီး ဖလား ရဲ့ ဖင်ကိုလက်ဝါးနှင့် တစ်ဖတ်ဖတ်ရိုက်နေတယ်။ ဆယ်ချက်ခန့် ရိုက်ပြီး လက်ကို ရုပ်လိုက်တယ်။

"မောင်ဘုန်းစို ..."

"ဗျာ ..."

"ဖွင့်ကြည့်လိုက်"

"အမလေး ... မဖွင့်ရဲဘူးဗျ"

"ရဲရဲဖွင့်ပါကွယ် ငါတစ်ယောက်လုံး ရှိညစွာ ... ဖွင့်"

ဒါနှင့် အနီးတိုးပြီး ကတုန်ကယင်လက်အစုံနှင့် ဖွင့်လိုက်ရော..





"ဟယ် ..."

"ဟင်း ဟင်း ဟင်း ဟင်း ဟင်း"

မြွေဟောက်ကြီး မဟုတ်တော့ဘူးဗျာ။ အဝတ်ကြိုးခွေ။ စောစော က ဖာတောင်းထဲက ထုတ်လိုက်တဲ့ကြိုးခွေ ပြန်ဖြစ်နေတာကို အံ့ဩွယ် မြင် လိုက်ရပါရော။

"ဒီကိစ္စ လျှောက်မပြောနဲ့နော်"

"ဟုတ် ... ဟုတ်ကဲ့"

"ပြောရင် ဘာဖြစ်သွားမလဲ"

"သွေး ... သွေးအန် သေရမယ်"

"ဟင်း ဟင်း ဟင်း ဟင်း ဟင်း ... မင်းက တကယ့် လူကောင်း လေးပါ ... ကလေးရယ်။ မင်း ငယ်သေးတယ်။ မင်းအရွယ်ရောက်လာလို့ စိတ်နိုင်ရင် ငါ့ဆီပြန်လာခဲ့ ... ကြားလား ... ဟင်း ဟင်း ဟင်း ဟင်း"

✿ ✿ ✿

[၅]

❑

မောင်ဘုန်းစို အောက်လမ်းဆရာကြီးတို့ ပညာသည်တို့ရဲ့ သဘော သဘာဝကို အစေ့အစုံမသိရပေမယ့် အသင့်အတင့် သိခဲ့ရတယ်။

ဒါနှင့်အတူ ...

သူ့အပေါ် အလွန်သဘောကောင်းခဲ့တဲ့ ပညာသည်ဆိုသူ အမေ ကြီးဒေါ်မြွေပုံရဲ့ လျှို့ဝှက်ဆန်းကြယ် ပညာအချို့ကိုလည်း သိခွင့်ရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပညာသင် မိန်းမအချို့နှင့်လည်း ရင်းနှီး၊ သူတို့ပြောပြတဲ့ ပညာစမ်းတယ်ဆိုတဲ့ အကြောင်းတွေကိုလည်း အတော်အတန် သိခဲ့ရပါတယ်။

သူတို့က မောင်ဘုန်းစိုကို 'ကလေးလေး' လို့ နောက်ပြောင်ခေါ်ကြတယ်လေ။

အစအနောက်ကလည်း သန်သလား မမေးနဲ့။

မောင်လေးတဲ့။

ငါ့သားသားလေးတဲ့။

ငါ့အချစ်ဆုံးလေးတဲ့။

ငါ မင်းကို လင်တော်ချင်လိုက်တာ ဘုန်းစိုရယ်။ ဒါပေမင့် မင်းက ကလေးလေးပဲ ရှိသေးတော့ အရပ်က ငါတို့မွေးစားလင်လို့ပဲ ပြောကြမှာတဲ့တဲ့။

မောင်ဘုန်းစို အသက် (၁၉)နှစ်ကျော်ပါပြီဗျာ။

လူကြီးလိုတွေးပြီး အရာရာကို ပြောတိုင်းမယုံလို့ ရှူးစမ်းလေ့လာနေတဲ့လူပါ။

ထားပါလေ။

ကိုယ်က အတွေ့အကြုံနဲ့ စိတ်ဝင်စားရသမျှ ပညာအဆိုးအကောင်းကို လေ့လာနေသူဆိုတော့ ဒီပညာသည်ပေါက်စ အစ်မကြီးတွေထံကလည်း သူတို့ရဲ့ အတွေ့အကြုံတွေကို ကြားရတာပဲ။

ဟော ... ကိုယ်က စပ်စုသမားဆိုတော့ မေးရော။

"အစ်မ နွယ်ရှင်"

"ဘာတုံး ... မောင်ဘုန်းစို"

"အစ်မတို့လည်း ... ဟိုလေ ... အဲ ... အဲ ... ပညာတွေ အတော်တတ်နေကြပြီပေါ့နော် ... အစ်မ"

"အမေပုံဆီက သင်ယူလေ့လာနေတုန်းပါကွယ်။ မောင်လေးကရော ဘာလို့ မသင်ယူတာတုံးကွယ့်"

"အမေပုံက ငယ်သေးတယ်၊ စိတ်မနိုင်သေးဘူး။ အရွယ်ရောက်လူကြီးဖြစ်မှ ပြန်လာခဲ့တဲ့ဗျ"





ဒီမှာ မဒွေးခွန်ဆိုတဲ့ မိန်းမက ...

"ဒါ့ကြောင့် ငါပြောတာပေါ့ မင်းက ကလေးပဲရှိပါသေးတယ်ဆိုခု ယုံပလား"

"ကျွန်တော် မငယ်တော့ဘူးဗျ ... မဒွေးရ"

"ကဲ ... မငယ်ဘူးဆို ပြ ... ခုပြ"

"ဟာဗျာ ... မဒွေးတို့ကလည်းဗျာ ဟာဗျာ"

"ဟဲ့ ... မောင်ဘုန်းရဲ့ နင်က ပဲမြစ်လောက်ပဲ ရှိသေးလို့ ကလေးပြောတာဟဲ့ ... ကောင်လေးရဲ့"

"ဟာဗျာ ... အစ်မတို့ကလည်း ပဲမြစ်တော့ မကပါဘူးဗျာ"

"အံမယ် ... သေနာလေးက ငါတို့ကိုများ လာကြွားလို့၊ ကဲဟေ့ ခိုးတို့ မိပန်တို့၊ မြယာတို့ သင်းကို ငါတို့ စစ်ဆေးရမယ်။ ဝိုင်းချုပ်ကြစို့"

"ဟုတ်တယ်ဟေ့ ... ငါတို့ကလည်း လက်တွေ့မှ"

"ဝိုင်းချုပ်"

"အား ... အား ... အစ်မဒွေးတို့ အစ်မရံတို့ မလုပ်ကြပါနဲ့ အား ... ကျွန်တော် ရှက်တယ်ဗျ။ မလုပ်ပါနဲ့ဗျ"

"နင် ကလေးလား၊ လူကြီးလား မှန်မှန်ပြော ... ပြော"

"ကျွန် ... ကျွန်တော် လူ ... လူပျိုဗျ"

"ဘာ ..."

ဒီမှာ ဝိုင်းချုပ်ထားတဲ့ မိန်းမအုပ်ကို ဒေါ်လက်သန်းတိုဆိုတဲ့ မိန်းမကြီးက လှမ်းပြောလိုက်တယ်ကွ။

"ဟဲ့ကောင်မတွေ ... လွှတ်လိုက်"

"ဘာလို့ လွှတ်ရမှာတုံး။ ကြည့်ရဦးမှာ ... ဒေါ်လက်သန်းရဲ့"

"ဟဲ့ ... လူပျိုလို့ သူ ဝန်ခံနေတယ် မဟုတ်လား"

"လူပျိုဆိုတော့ ဘာဖြစ်လဲ ကြည့်ရမှာပဲဥစ္စာ"

"မှတ်ထားဟဲ့ ... မိုင်းတာမတွေရဲ့။ လူပျိုပေါက်စ ခြောက်လက်မလူပျိုသိုက်ကြီး ခရမ်းသီး၊ ယောက်ျားမှဆိုးဖို့ ပိန်တွန့်တိုတဲ့။ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လူထွက် သေအောင်နက်တဲ့ လွှတ်လိုက်၊ ခြောက်လက်မ စားမြှောင်ဝင်ရင် အူထွက်ရော လွှတ်လိုက်''

''ဒေါ်လက်သန်းပြောမှပဲ ကျွန်မတို့ သိရတယ်။ လွှတ်လိုက်တော့ တော်ကြာ ငါတို့ အူထွက်နေမယ်ဟဲ့ ... ဟီး ဟီး ဟီး''

''ဟား ဟား ဟား ဟား''

''ခစ် ခစ် ခစ် ခစ်''

တော်သေးတာပေါ့ ဒေါ်လက်သန်းဆိုတဲ့ ရွာသူမကြီး ကယ်ပေလို့ ပြောရရင်တော့ကွာ မောင်ဘုန်းစိုးနဲ့ ဒေါ်မြေပုံရဲ့ တပည့် ရွာသူ အပျိုအအို တွေဟာပြောမနာ ဆိုမနာ ရင်းနှီးသွားကြတယ်။ မောင်နှမတွေအတိုင်းပဲ ပေါ့။

''အစ်မအေး ...''

''ဘာတုံး ... ခြောက်လက်မ''

''ဟာဗျာ ... အကောင်းမေးမလို့ဥစ္စာ။ ဒါဆိုလည်း ကျုပ်ပြန် တော့မယ်ဗျာ ... ဖယ်ကြ''

မောင်ဘုန်းစိုးက စိတ်ဆိုးဟန်လေးလုပ်ပြတော့ အားလုံး ဝိုင်းဆွဲ ကြတာကြတယ်ကွ။

''အမယ်လေး ... ယောက်ျားရဲ့ ကျွန်မကို ပစ်သွားတော့မှာပေါ့ လေ ... ဟီး ... ဒီသမီးလေးယောက်ကို ကျွန်မ ဘယ်လိုရှာကျွေးရမှာတုံး ယောက်ျားရဲ့ ... ဟီး''

''ဟိုဟာလုပ်ပြီးကျွေး ... မိရဲရေ''

အဲဒီလိုဝိုင်းစကြ၊ နောက်ကြ၊ ချော့ကြတော့လည်း ပျော်စရာ ကောင်းတာပါပဲတဲ့။ သူမတို့အားလုံး စုန်းပညာတတ်ကြတဲ့ (စုန်းမ)တွေဆို တာ မောင်ဘုန်းစို သိတယ်။

ဒါပေမင့် မကြောက်ဘူး။

မောင်နှမတွေလို ပြောမနာဆိုမနာ ခင်ကြတာဆိုတော့ သူတို့က လည်း မောင်ဘုန်းစိုးကို ပညာနဲ့ မပြုစားကြပါဘူးကွာ။ သိချင်လို့မေးရင် တော့ ဖြေပေးကြတယ်ကွ။





''ငါ့မောင် မေးမယ်ဆိုတာ ဘာတုံး ပြော''

''အစ်မတို့ရော ဘာလို့ ဒီပညာတွေ သင်ကြတာလဲဟင်''

''အပျော်ပေါ့ ... မောင်လေးရယ်''

''မစိုကရောဗျာ''

''ကိုယ်လုံ့သဘောပေါ့ကွယ်''

''ဘာကိုယ်လုံ့လဲ ... အစ်မစို''

''သူတစ်ပါးပြုစားမယ်ဆို ကိုယ်က ပြန်တန်ပြန်နိုင်အောင်၊ ကြို တားနိုင်အောင် သင်ထားတာပေါ့ကွယ်''

''အစ်မကြီး ... မရုံကရောဗျာ''

''ငါ မုန်းတဲ့သူနဲ့တွေ့ရင် လုပ်ပစ်လိုက်ဖို့ သင်ထားတာပေါ့ဟဲ့''

''ခုရော မုန်းတဲ့သူ တွေ့ပြီလားဗျ''

''မုန်းတဲ့သူ မတွေ့ဘူးဟဲ့။ ချစ်တဲ့သူ တွေ့နေပြီဟေ့''

''ဗျာ ... ချစ်တဲ့သူလည်း လုပ်လို့ရတယ်လားဟင်''

''ရတော့ရတယ်။ သိသွားရင် မကောင်းဘူးပေါ့ကွယ်''

''မင်းရော ဘာလို့ မသင်တာလဲ''

''တကယ်သင်ရမယ်ဆိုတော့ ကြောက်တယ်ဗျ''

''ဟုတ်တယ် ... တကယ်တော့ ကြောက်စရာကောင်းတယ်။ ငါ တို့ ဘုရားရှိမခိုးဘူး။ ဘုန်းကြီးရဟန်း ဦးမချဘူး။

''ဟင် ... အဲဒီလိုတောင် လုပ်ရတာ ... ဟုတ်လား''

''ဘုရားမဲ့ဝါဒပါ ... မောင်လေးရယ်''

''ဒါဖြင့် ဘုရားမဲ့အောင် ဘာလို့ လုပ်ရတာတုံးဗျာ''

''မကောင်းတဲ့ပညာကို တတ်ချင်လွန်းလို့ပေါ့။ ချေကြီးခံပြီး သင် ရတာပေါ့။ ဒါမှလည်း အလွန်ထက်တဲ့ ကြောက်စရာကောင်းတဲ့ ပညာတွေ ရတာပေါ့။ ဒီအကြောင်းတွေကို ပြောပြရတာ ငါ့မောင်လေးကို မောင်လေး အရင်းလို ချစ်လို့ခင်လို့ ပြောရတာ။ နောင် ဘယ်အရပ် ဘယ်ဒေသ ရောက် ရောက် မောင်လေး ပညာသည်တို့ ဘာတို့နဲ့ တွေ့ရင် သတိပြုမိအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရတာ။ နောင်ကို မောင်လေးမှာ အကြောင်းကြီးငယ် ကိစ္စပေါ်လာရင် အစ်မတို့ကို လာပြော။ ကူညီလို့ရတာ ကူညီပေးမယ် ... သိလား''

''ဟုတ် ... ဟုတ်ကဲ့''

''အစ်မတို့ ပညာတတ်တာတွေ လူတွေ့တိုင်း လျှောက်မပြောနဲ့နော် ... မောင်လေး''

''မပြောပါဘူး ... အစ်မတို့ရာ စိတ်ချပါဗျာ''

''ဒါကြောင့် ငါ့မောင်လေးကို ချစ်ရတာ ... ကဲ ... ကဲ ...''

''ရှုတ်''

''ဟာ ... အမတို့ကလည်းဗျာ''

''မကောင်းလို့လားဟဲ့''

''သေနာကျ ... ခြောက်လက်မလေး ... ဟွန်း ... လူလည်''

ဒီလိုနဲ့ သူတို့၊ အမေပုံတို့နှင့် အတန်ကြာ နေထိုင်ပြီးနောက် မောင်ဘုန်းစို ရွာကို ပြန်ခဲ့လိုက်တယ်။

သူတို့ရွာက မြစ်ကြီးနံဘေးမှာရှိတဲ့ ရွာ။

ရွာတွေရွာတွေ ဟိုစုစုဒီစုစု ရှိတဲ့ရွာတွေပဲ။

အမေ နေမကောင်းဘူး။ ပြန်လာပါဆိုလို့ ရွာကို ပြန်ခဲ့လိုက်တယ်။ ရွာရောက်တော့ အမေ အိပ်ရာထဲမှာ လဲနေတယ်။ ဗမာတိုင်းရင်းဆေးဆရာတစ်ဦးနဲ့ ကုနေရတယ်။ ရောဂါက သွေးဆုံးမီးယပ်တဲ့။

ဒီလိုနဲ့ အမေ့အပါးမှာနေပြီး ချက်ပြုတ်ဖွတ်လျှော်၊ ရေခပ်ထင်ခွဲ၊ ခူးခပ်၊ ကျွေးမွေး ဆေးတိုက်လုပ်ခဲ့တယ်။

''ဆရာကြီး ...''

''ဘာတုံး ... မညို''

''ကျွန်မရောဂါ ရှိးရဲ့လားဟင် ... ဆရာကြီး''

''ရှိးပါတယ်ဟဲ့ ... ငါ စစ်ဆေးပြီးပါပြီ။ ဘာ ပယောဂမှမရှိဘူး မီးယပ်သွေးဆုံးဆိုတာ ဒီလိုပါပဲလေ။ ရှုးချင်သလိုလိုတောင် ဖြစ်ချင်တာပဲ။ ဆေးသာ မှန်မှန်သောက်။ ညွှန်ထားတဲ့ အစားကိုစား။ ကောင်းသွားမှာပါ ... မညိုရယ်''





ဆရာကြီး ဦးအုပ်ဆောင်းပြောတာ မှန်ပါတယ်။

ဆရာကြီးရဲ့ မီးယပ်သွေးဆုံးဆေး၊ နှလုံးဆေးကို တစ်လလောက် သောက်လိုက်တာ အမေ အိပ်ရာက ထနိုင်ခဲ့တယ်။ မကြာဘူး ... အလျှင်အိုဲ သွားလာလုပ်ကိုင်နိုင်တဲ့ ကျန်းမာရေး ပြန်ရလာခဲ့တယ်ဗျာ။

မောင်ဘုန်းစိုလည်း ဆရာကြီး ဦးအုပ်ဆောင်းကို သိချင်တာလေး မေးခဲ့တယ်။ ဒီမှာ ဆရာကြီးက ...

ပယောဂရဲ့ လက္ခဏာမျိုးစုံကို ရှင်းပြတယ်။

နတ်ကိုင်တဲ့ လက္ခဏာ။

ကွင်းကိုင်တဲ့ လက္ခဏာ။

ရွာသူ စုန်းပယောဂကိုင်တဲ့ လက္ခဏာ။

ဆရာတိုက်တဲ့ လက္ခဏာ။

ဖုတ်၊ တစ္ဆေ၊ သရဲ ဖမ်းစားတဲ့ လက္ခဏာ စသည်တို့ကို ရှင်းပြတယ်။ ဒါနဲ့အတူ သွေးလေသလိပ်ကြောင့်ဖြစ်တဲ့ လက္ခဏာ၊ နှလုံး သည်းခြေကြောင့်ဖြစ်တဲ့ လက္ခဏာတို့ကို ရှင်းပြပြီး ...

တစ်ခါတစ်ရံ ဂုင်းသွေးသားရောဂါ လက္ခဏာတို့သည် ပယောဂဆိုက်၊ အပူး အကပ်၊ အနှောင့်အယှက် လက္ခဏာနှင့်လည်း တူသလို ရှိတဲ့အကြောင်း ...

ဒီအခြေအနေမျိုးရောက်ရင် ...

ဆရာလုပ်သူရဲ့ ပညာအတွေ့အကြုံနှင့် ဖော်ထုတ်ခွဲခြားကုသရမှာတွေကို ပြောပြတော့ ဆရာကြီး ဦးအုပ်ဆောင်းကို အတော်လေးစားသွားမိတယ်တဲ့ကွ။

''လူကလေးက စိတ်ဝင်စားတယ်နဲ့တူတယ်''

''ဟုတ်ကဲ့ ခင်ဗျ''

''အေး အေး ... ငယ်ရွယ်စဉ်ကတည်းက လေ့လာဆည်းပူးထားရင် နောင်အခါ ဆရာလိုင်း၊ သမားလိုင်း၊ ပယောဂလိုင်း၊ ဗိန္ဓောဆေးလိုင်း စသည်လို့ လိုက်စားရင် နားမျက်စိဝတာပေါ့။ လောကမှာ ပညာနှစ်မျိုးရှိတယ် လူကလေးရဲ့။ တစ်ခုက လူသတ္တဝါတို့ အကျိုးစီးပွား ဖြစ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးကို ဖန်တီးတဲ့ ပညာနဲ့ နောက်တစ်ခုက လူသတ္တဝါတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ အကျိုးစီးပွားကို ပျက်ဆီးဆုတ်ယုတ်အောင် လုပ်တဲ့ပညာ ရယ်လို့ နှစ်မျိုးပဲရှိတယ်။ အသေးစိတ်ဆန်ရင် ကျယ်ဝန်းတယ်။ တိုတိုပြော ရရင် ကုသိုလ်အလုပ်နဲ့ အကုသိုလ်အလုပ်လို့ခေါ်တယ်။ ကုသိုလ်အလုပ် က ကောင်းတာလုပ်တဲ့ အလုပ်၊ အကုသိုလ်အလုပ်က မကောင်းတာလုပ်တဲ့ အလုပ်။ ကုသိုလ်အလုပ်ကို သုစရိုက်လို့ခေါ်ပြီး အကုသိုလ်အလုပ်ကို ဒုစရိုက် လို့ခေါ်တယ်။ ကုသိုလ်လုပ်ရင် သေပြီးတဲ့အခါ လူ့ပြည်နတ်ရွာကို ရတယ်။ အကုသိုလ်ဒုစရိုက်လုပ်ရင် သေပြီးနောင်ဘဝမှာ အပါယ်လေးဘုံကို ရောက် ရမယ်။ နားလည်ရဲ့လား''

''ဟုတ်ကဲ့ ခင်ဗျ''

''နောင် လူလေး အရွယ်ရောက်လာလို့ အမှားနဲ့အမှန်၊ သုစရိုက်နဲ့ ဒုစရိုက် ခွဲခြားသိမြင်လာရင် ဟီရိ–ရှက်ခြင်းနဲ့ ဩတ္တပ္ပ–ကြောက်ခြင်းကို နားလည်လာလိမ့်မယ်။ ဆရာကြီး ဆေးကုတဲ့အလုပ်ကို ဝါသနာပါရင်ဖြင့် ဆရာကြီးထံလာခဲ့နော ...''

''ဟုတ်ကဲ့ပါ ... ဆရာကြီး။ ဆရာကြီးထံက တန်ဖိုးရှိတဲ့ စကား တွေ ကြားရလို့ ကျေးဇူးတင်ဝမ်းသာရပါတယ်။ ဆရာကြီးခင်ဗျား ... သွား ဂါရဝပြုပါတယ်ခင်ဗျာ''

မောင်ဘုန်းစိုးဟာ ကျေးဇူးတင်လွန်းလို့ ဆရာကြီးဦးအုပ်ခေါင်း ကို ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လိုက်တယ်။

အမေလုပ်သူလည်း နေကောင်းသွားပြီမို့ ဆရာကြီးလည်း သူ့ အသပြန်ဖို့ ပြင်ရတယ်။

လှည်းပေါ်မှာ ဆန်၊ ဆီ၊ ငါးခြောက်၊ ငါးခြမ်းများ၊ ကန်တော့လက် ဆောင်များနှင့်အတူ ဆရာကြီးကို ရေဆိပ်ရောက်အောင် မောင်ဘုန်းစိုးတို့ သားအမ လိုက်ပို့ခဲ့ကြတယ်။

✿ ✿ ✿

[၆]

❑

တစ်နေ့လည်းကျရော ရွာထဲမှာ အံ့ဩစရာကောင်းတဲ့ အဖြစ်ဆိုးကို မောင်ဘုန်းစိုး တွေ့လိုက်ရပါရောဟ့။

မောင်ဘုန်းစိုးတို့ရွာထဲမှာ နှုတ်သီးစွာတဲ့ မိန်းမကြီးတစ်ဦးရှိတယ်။ နာမည်က ဒေါ်စိန်ပုံတဲ့။

ရေဆိပ်မှာ မုန့်ဟင်းခါးဆိုင် ဖွင့်ရောင်းတယ်တဲ့ကွ။

မုန့်ဟင်းခါးဟင်းကတော့ နာမည်ကြီးပဲဟေ့။

ဆိုင်ချင်းပြိုင်ရောင်း သူ့ဆိုင် အစောကြီးကုန်တာပဲ။ သို့သော် ပြောကြမ်းတယ်။ ရိုင်းတယ်။

မုန့်ဟင်းခါးဟင်းရည်လေး နည်းနည်းပေးပါဦးပြောရင် ...

''ဟေ့ကောင်မ ... နောင်ကို ဟင်းရည်ပဲ ဝယ်သောက်၊ မုန့်ဖတ်

အဲဒီလိုပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စိန် ရှောက်သီးမှုန့် နည်းနည်းထည့်ပါဦး"

"ဒီမှာအေ့ နောင်ကို ရှောက်သီးမှုန့် များများစားချင်ရင် အိမ်ကနေ ရှောက်သီးမှုန့် ယူလာ။ ဘယ့်နှဲ့တော် ... ဟိုဒင်းမီးတောက်အောင်များ စားမလားမသိဘူး"

"ပိုက်ဆံမပါလို့ နက်ဖြန်မှ ယူပါပြောရင် ပိုက်ဆံမပါဘဲ စားရအောင် ငါက ခုနစ်ရက်သားသမီးကို အလှူပေးနေတာမဟုတ်ဘူး။ သွားမရောင်းနိုင်ဘူး။ အသုဘရက်လည်မှာ သွားစား"

ပြောတာ အားမနာတမ်း ပြောတာ။

လင်လုပ်သူက လူအေးကြီး။ ဝင်မပြောရဲဘူး။

သူ့ ဈေးရောင်းနေတုန်း အလှူခံလာရင် ပြောပြီ။ ဒီမှာ ဈေးရောင်းနေတာ မမြင်ဘူးလား။ ဈေးဦးမှ ပေါက်မယ်မကြိုသေးဘူးတော် ခွက်ထိုးခံနေကြတယ် ... သွား ... သွား။

ဒေါ်စိန်ပုံ ပါးစပ်ကြမ်းပေမင့် သူ့မုန့်ဟင်းခါး ဟင်းလက်ရာကောင်းတော့ သည်းခံပြီး လာစားကြတာပဲ။

အချို့က ဒေါ်စိန်ပုံကို မြှောက်ပေးကြတယ်။

ဒေါ်စိန်ပုံ ဆဲရေးတိုင်းထွာလို့ ရှင် ရောင်းကောင်းတာ ဆဲသာဆဲပေး။ ပြောသာပြောပေး။ ကြမ်းလေ ရောင်းရလေပဲရှင့်။

ခွဲ့ပြော၊ မြှောက်ပေးလည်း နှုတ်ကြမ်းတာပဲ။

မမြှောက်ပေးလည်း အာကြမ်းတာပဲ။

တစ်နေ့မနက်မှာ အသက်(၇၀)ခန့် အဘွားကြီးတစ်ဦး သူ့ဆိုင်မှာ မုန့်ဟင်းခါးစားတယ်။

"ဟင်းလက်ရာ ကောင်းလိုက်တာတော် အရည်လေး နည်းနည်းပေးပါရှင်'

ဒေါ်စိန်ပုံ မျက်စောင်းထိုးပြီး ဟင်းရည် ထည့်ပေးလိုက်တယ်။

ဝိန်ဝိန်မည်းမည်း။ ခါးကိုင်းကိုင်း။ သွားကျိုးတို့ကျဲတဲနဲ့ ဆံပင်စုချည်ထုံးထားတဲ့ အဘွားကြီးက နောက်ထပ် မုန့်ဟင်းခါး တစ်ပန်းကန် ထပ်စားတယ်။





ပြီး မုန့်ဟင်းရည် ကောင်းလွန်းလို့ဆိုပြီး အရည်နည်းနည်း ထပ်တောင်းတယ်။

"အဘွားကြီး ..."

"တော်"

"'မုန့်ဟင်းရည်က မုန့်ဖတ်နဲ့ တိုင်းချက်ထားတာ။ ထပ်ခါတလဲလဲ တောင်းမနေနဲ့"

"နည်းနည်းပါ ... တူမရယ်။ အရသာရှိလို့ပါ။ နည်းနည်းပဲပေးပါကွယ်"

ဒီမှာ ဒေါ်စိန်ပုံက အရွဲ့တိုက်ပြီး ဟင်းခပ်ယောက်ချို အပြည့်ခပ်ပြီး အဘွားကြီးရဲ့ ပန်းကန်ထဲ လောင်းချလိုက်တာ ...

"အား ... ပူလိုက်တာတော်"

မုန့်ဟင်းရည်ပူပူတွေ အဘွားကြီးလက်ပေါ် ကျပြီး ခများ အော်နေပါရော။ အဲဒါ ပန်းကန်တောင် မကိုင်နိုင်လို့ ပြန်ချထားလိုက်ရတယ်။

"သောက်လေ ... ကုန်အောင်သောက် ... ဟွန်း"

"မသောက်တော့ပါဘူးအေ ... လက်လည်း အပူလောင်သွားပါပြီ။ ရော့ ... ရော့ ... ဘယ်လောက်ကျတုံး တူမ"

"အကြော်နဲ့နှစ်ပွဲ တစ်ကျပ်ကျတယ်"

အဲဒီခေတ်တုန်းက မုန့်ဟင်းခါးအကြော်နဲ့ တစ်ပွဲ ငါးမူးပဲကျတယ်။ ဒင်္ဂါးပြားတစ်ခု မတ်ပြား။ ဘိနပ်မှန်းတစ်ချပ် ဆယ်ပြား။ ဘိန်းမုန့်တစ်ချပ်ငါးပြားခေတ်ကွ။

အဘွားအိုကြီးဟာ ချွေးခံအကျီ အိတ်ထဲကနေ လက်ကိုင်ပဝါအထုပ်ကို ထုတ်ဖြန့်ပြီး ကျပ်တန်တစ်ရွက် ပေးလိုက်တယ်။

"အဘွားကြီး"

"တော် ..."

"ရှင့်ပိုက်ဆံတွေက လက်နှီးစုတ်ထက် မည်းတူးညစ်ပေနေတယ်။ ကောင်းတဲ့ပိုက်ဆံ ပေး။ ဒါမျိုး ကျုပ်မယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အဘွားကြီးက နောက်တစ်ကျပ်တန်တစ်ရွက် လဲပေးတယ်။ လဲပေးတဲ့ ပိုက်ဆံကလည်း ညစ်ပေနွမ်းရိပဲ။

"ဘယ်အရပ်က သူတောင်းစားမကြီးများ တောင်းလို့ရတဲ့ ပိုက်ဆံ အစုတ်နဲ့ ငတ်ကြီးကျ လာစားလည်း မသိဘူး။ ဒီမှာ သူတောင်းစားမကြီးရဲ့ တောင်းရမ်းလို့ရတဲ့ ပိုက်ဆံကျပ်တန် အနူအရွဲ အစုတ်အံပြဲနဲ့ ကျုပ်ဆိုင်မှာ ဘယ်တော့မှ လာမစားနဲ့။ သွား ... ငါ့ဆိုင်ရှေ့က ထွက်သွား ... ရော့ ... နင့်ပိုက်ဆံ ... အနူအရွဲ အစုတ်၊ သွား ... သွားလေ"

စားနေတဲ့လူတွေလည်း ဝင်မပြောရဲကြဘူး။

ဒေါ်စိန်ပုံရဲ့ယောက်ျား စားပြီးပန်းကန်ဆေးနေတဲ့ ကိုမောင်ကြီး လည်း အဘွားကြီးကို သနားကြည့်နဲ့ လှမ်းကြည့် ...

"ထွက်သွားလို့ ပြောနေတာ နားပင်းနေလား။ တယ် ...ငါ ပန်းကန်နဲ့ ကောက်ပစ်လိုက်ရရင် သေတော့မှာပဲ။ ဆိုင်ရှေ့မှာ ကျက်သရေ ယုတ်တယ်။ မြန်မြန်ထွက်သွား ... ထွီ ..."

အသားမည်းမည်း၊ ခါးကိုင်းကိုင်း၊ သွားကျိုးတိုးကျဲတဲ ယောထဘီ အနက်နဲ့ အဘွားကြီးက ဒေါ်စိန်ပုံ လွှင့်ပစ်လိုက်တဲ့ ကျပ်တန်ညစ်နွမ်းလေး ကို ကောက်ယူပြီးနောက် ...

သူ့ဆံပင်ကို နောက်ကျောမှာ ဖားလျားချလိုက်တယ်။

ပြီး ...ဆဲရေးတိုင်းထွာ အော်ငေါက်နေတဲ့ မုန့်ဟင်းခါးသည် ဒေါ်စိန်ပုံမျက်နှာကို စိန်းစိန်းတစ်ချက် လှမ်းကြည့်ပြီး တိုးတိုးရေရွတ်လို့ ရေဆိပ်ကို တရွေ့ရွေ့ ထွက်သွားတော့သတဲ့။

အဲဒီည (၉) နာရီအချိန်ခန့်မှာ ဒေါ်စိန်ပုံတို့အိမ်ကနေ ရူးရူးဝါးဝါး အော်လိုက်တဲ့အသံကို အိမ်နီးနားချင်းတွေကြားပြီး အိပ်ရာက နိုးကုန်ကြ တယ်။

"အား ...အ ...အ ..."

"ဂီး ...ဂစ် ...ဂစ် ...ဂစ် ..."

"အူ ....ဝူ ...ဝူး ...အူ ...ဝူး ..."

"အိန် ...ဂိန် ...ဂိန် ..ဂိန် ...အူ ...ဝူး ..."





"လာကြပါဦး ...လာကြပါဦးဗျ"

မောင်ဘုန်းစိုတို့ အိမ်သားတွေလည်း ရူးရူးဝါးဝါးအော်သံ၊ ဖုတ်ဆိုး ထိုးသံ၊ ရွာခွေးတွေရဲ့ ဆွဲဆွဲငင်ငင်အူသံ၊ ကျီးကန်းအုပ်ကြီးရဲ့ လန့်ဖျံ့သံ တွေကြောင့် နိုးလာကြတယ်။

"ဘယ်အိမ်ကအော်သံတုန်း ...သား"

"ဒေါ်စိန်ပုံယောက်ျား ဦးမောင်ကြီးအော်သံ အဖေ"

"လာဟေ့ ...ဘာဖြစ်လို့လည်းမသိဘူး သွားမေးကြရအောင်"

ဘုန်းစိုတို့သားအဖ လက်နှိပ်မီး ကိုယ်စီနှင့် ရောက်သွားတော့ ဒေါ်စိန်ပိုတို့အိမ်ပေါ်မှာ အိမ်နီးနားချင်းတွေ ရောက်နေကြပြီ။ ဝိုင်းကြည့်မေး ကြလုပ်လို့။

"ကိုမောင်ကြီး ...ဘာဖြစ်လို့တုံးဗျ"

"အတူအိပ်နေတာပါ ...ကိုရင်ရယ်၊ ဒီမှာ မိစိန်ပုံရဲ့အော်သံ ကြားလို့ မီးထွန်းကြည့်လိုက်တော့ မိစိန်ပုံ လူးလွန့်အကြောဆွဲပြီး ငြိမ်တူ သွားတာပဲဗျာ။ ခေါ်လို့ကို မရတော့ဘူး။ သူ့ခြေချင်းဝတ်မှာ သွေးစိုနေလို့ ကြည့်လိုက်တော့ အပေါက်နှစ်ပေါက် တွေ့ရတာပဲဗျာ"

မောင်ဘုန်းစို ကပျာကယာ ရှေ့တိုးကြည့်လိုက်တော့ ...

ဟုတ်တယ် ....ဒေါ်စိန်ပုံရဲ့ ထဘီအောက်နားက ဒူးအထိလန် နေသလို ခြေချင်းဝတ်မှာ သွေးစီးကျနေတဲ့ အပေါက်နှစ်ပေါက်။

"ဟ ...ကိုမောင်ကြီးရေ၊ ဒါ ...မြွေကိုက်သွားတဲ့ အစွယ်ရာနဲ့ လက္ခဏာပါကွ။ မျက်လုံးပြူးပြီး ဖက်ကျိုးနေတယ်။ ဒါ မြွေဟောက်ကိုက် တဲ့ လက္ခဏာပဲ"

"ဒါဆို မြွေကို လိုက်ရှာကြစမ်းကွာ"

ယောက်ျားသားတွေ လက်နှိပ်မီးတွေ ဖယောင်းတိုင်မီးတွေနဲ့ အိမ် ပေါ် အနှံ့မြွေကို ရှာကြတယ်။ မတွေ့ဘူး။

ဒီမှာ မောင်ဘုန်းစိုက ပစ္စည်းတစ်ခုကို သွားတွေ့ပါရော။

ပစ္စည်းက လက်မလုံးခန့်တုတ်တဲ့ ကြိုးခွေလေးတစ်ခွေ။



www.burmeseclassic.com

www.burmeseclassic.com



အလို ...ကြိုးခွေက သေသူ ဒေါ်စိန်ပုံရဲ့ ဖျာခြေရင်းမှာပါက လား။ အနီးကပ် ကြည့်လိုက်တော့ ...

ဟယ် ...

မြွေတစ်ကောင် ခွေနေတဲ့ အတိုင်းပဲဟေ့။

ကြိုးခေါင်းက အခွေပေါ်မှာ တင်လို့။

ဟာ ...ကြိုးစမှာ သွေးစတွေလို နီနီရဲရွှန်းလို့ပါလား။

ဟုတ်ပါပြီ ...

သေချာပါပြီ ...အမေဒေါ်မြေပုံ လုပ်ပြတဲ့အတိုင်း၊ ပြောပြတဲ့ အတိုင်းဆိုရင် ဒါ တိုက်မြွေအတိုက်ပဲ။

တိုက်မြွေရဲ့ အဓိကအစီအရင်က ကြိုးခွေ။

ဒါမှမဟုတ် အရေခွံလဲထားတဲ့ မြွေရေခွံ။

တကယ့် ပညာသည်ကြီးတွေက အထူးစီရင်ထားတဲ့ ကြိုးခွေကိုမှ အသက်ရှိပြင်းတဲ့ တိုက်မြွေအဖြစ် ဖန်တီးပြီး သေစေလိုသူ မှန်းတီးနာကျည်းသူ ထံ အဓိန္နပေးစေနိုင်းတာလို့ ပညာသည်အမေကြီးဒေါ်မြေပုံ လက်တွေ့ ရှင်းပြခဲ့တာ။

နောက်ဆုံးမှာ မြွေရှာတဲ့လူတွေ မြွေမတွေ့ဘဲ သေသူ ဒေါ်စိန်ပုံ ရဲ့ ခြေဖဝါးအနီးက ပြန့်ကြည့်ရင် တစ်တောင်သာသာခန့်ရှိတဲ့ ကြိုးခွေလေး ကို တွေ့သွားကြပြီး အမျိုးမျိုး ဝေဖန်မေးမြန်းနေကြလေရဲ့။

"ဟေ့လူ ...ကိုမောင်ကြီး ဒီကြိုးခွေက ဘာလုပ်တဲ့ ကြိုးခွေ တုံးဟ"

"ဒါ အိမ်ကကြိုးခွေ မဟုတ်ဘူး ...ကိုတိုးစိန်။ ဘယ်ကရောက် လာတဲ့ ကြိုးခွေလည်း မသိပါဘူးဗျာ"

ဒါနဲ့ ကိုတိုးစိန်အပါအဝင် လူအတော်များများက ဝိုင်းဝန်းစဉ်းစား ကြတာပေါ့။

"ကိုမောင်ကြီး ..."

"ဗျာ ...ကိုတိုးစိန်"

"ငါ ဒီကြိုးခွေကို သိပ်မသင်္ကာဘူးကွ"





"ဘာဖြစ်လို့တုံး ...အစ်ကိုတိုးစိန်"

"မင်းမိန်းမ တစ်နေ့လုံး အကောင်းကွ"

"ဟုတ်ပါတယ်ဗျာ ...အိပ်ရာဝင်ခါနီးအထိ ကျုပ်ကို စကား တွေ ပြောဆိုပြစ်တင်ပြီးမှ အိပ်ရာဝင်တာဗျာ"

"မင်းမိန်းမ မနက်တုန်းက မုန့်ဟင်းခါးရောင်းရင်း အဘွားကြီး တစ်ဦးနဲ့ စကားများတယ်ဆို"

"ဟုတ်တယ် ...အဘွားကြီးကို စိန်ပုံက တော်တော်လေးအရှက် ရအောင်တော့ ပြောလိုက်တာပဲဗျာ။ ဘာဖြစ်လို့လဲဟင် ..အစ်ကိုတိုးစိန်"

"ကိုမောင်ကြီးတို့ အဲဒီအဘွားကြီးကို မြင်ဖူးလား"

"မမြင်ဖူးဘူး"

"ခင်ဗျားတို့ရော သိလား"

"မနက်တုန်းက မစိန်ပုံ ပြောဆိုဆဲရေးနေတုန်းပဲ မြင်ဖူးတယ် တော့။ ဘယ်အရပ်ကမှန်း မသိပေါင်တော်"

"ဟဲ့ ...မရှင်ငုံ ...ဟဲ့ ...ရှင်ငုံ"

"ရှင် ...အစ်ကိုတိုးစိန်"

"လာစမ်း ...ဒီကို"

ဒီမှာ အသက်(၄၀)ခန့်၊ အရပ်ပုပုမိန်းမတစ်ဦး လူကြားထဲက ထွက် လာပြီး ဦးတိုးစိန်ရှေ့မှာ ရပ်တယ်။

"နင် နေ့ခင်းတုန်းက ပြောတဲ့စကား ပြန်ပြောစမ်း ...ရှင်ငုံ"

"ဒီလိုပါ ...အစ်ကိုတိုးစိန်။ ဒေါ်စိန်ပုံက ဟင်းရည်တောင်းတဲ့ အဘွား ပိုက်ဆံနွမ်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဲဒီအဘွားကြီးကို ရစရာမရှိအောင် ဆဲရေးတိုင်းထွာပြောဆို နှင်လွှတ်တာ။ ပန်းကန်နဲ့တောင် ကောက်ပစ် မယ် လုပ်သေးတယ်။ ဒီမှာ အဆဲခံရတဲ့ အဘွားကြီးက မစိန်ပုံလွှင့်ပစ်လိုက် တဲ့ သူ့ပိုက်ဆံအနွမ်းလေးကို ကောက်ယူပြီး ဆံပင်ကို ဖားလျားချလို့ စိန်ပုံ ကို စိုက်ကြည့်နေတာတော့။ ပြီး ချာခနဲ လှည့်ထွက်ရင်းက မကြားတကြား ပြောသွားတယ်"

"အဘွားကြီးက ဘာပြောတာတုံး ...ရှင်ငုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ပြောလေ ... မိရှင်ငုံ"

"အဲ ... အ ... ဆံပင်ဖားလျားချ အဘွားကြီး ပြောသွားတာက နှင် နေ့မကူးစေရဘူးလို့ပြောပြီး ရေဆိပ်က ကုန်တင်လှေပေါ် တက်သွားတယ်ရှင့်"

"ဟင် ..."

"အို ..."

"ဘုရား ... ဘုရား အဲလိုပြောသွားတာ"

"ဟုတ် ... ဟုတ် ..."

"ဟင် ... ဟုတ်မှာပါ ... ဟုတ်မှာပါ။ မင်းမိန်းမ မယ်စိန်ပုံက အပြောအဆို မိုက်ရိုင်းတယ် မောင်ကြီးရယ်။ ကိုယ့်အရပ်သူ အရပ်သားက မြင်တွေ့နေကြမို့ စိန်ပုံရိုင်းတာကြမ်းတာ နှုတ်သီးသရမ်းတာကို သည်းခံနိုင်ကြပေမင့် ဘယ်အရပ်ကမှန်းမသိရတဲ့ လှစိမ်းသူစိမ်း အဘွားကြီးကို အရှက်တွဲအောင် ပြောဆိုလိုက်တော့ ... အင်း ... အင်း ... ဒီအဘွားကြီး ဘာလဲ မင်းတို့ငါတို့ မသိရဘူး။ ငါ့အတွေ့အကြုံအရ ပြောရရင် စိန်ပုံကိုကိုက်တဲ့ မြွေဆိုးဟာ အရပ်မြွေရွာမြွေ မဖြစ်နိုင်ဘူး"

"ဒါဖြင့် ဘာမြွေတုံး ... ကိုတိုးစိန် ဟင်"

"တိုက်မြွေ ..."

"ဗျာ ... တိုက် ... မြွေ ... ဟုတ်လား"

"ဟုတ်တယ် ... ငါလည်း ဆရာ ... ဆရာတွေနဲ့ ပေါင်းသင်းသွားလာတွေ့ကြုံမေးမြန်း သိထားတာတွေ ရှိပါတယ်ကွာ။ ဒီကြိုးက မင်းတို့အိမ်ကကြိုးလည်း မဟုတ်ဘူးလို့ ပြောတယ်။ ကြိုးရှိနေတာကလည်း မြွေကိုက်ခံရတဲ့ အစွယ်ရာခြေထောက်အနီးမှာ။ ဟောဒီမှာကြည့်စမ်း ... ကြိုးခွေရဲ့ထိပ်မှာ သွေးစတွေ။ ဒါ မဟုတ်မှလွဲရော ပယောဂနဲ့ စီရင်လိုက်တဲ့ တိုက်မြွေပဲ။ တိုက်မြွေဆိုတာ သူ ကိုက်မိန့်ပေါက်မိန့် ရထားတဲ့သူကို ပေါက်ပြီးရင် မူလအတိုင်း ကြိုးပြန်ဖြစ်သွားတာ။ တိုက်သူရဲ့ပညာပဲ ... မောင်ကြီးရေ ကြည့်ရတာ ဟိုအဘွားကြီး ရှက်ညှိုးနဲ့ လုပ်သွားပုံပဲ။ အေးပေါ့လေ ...





[illegible]ပ်တစ်ပေါက် ရိုင်းစိုင်းကြမ်းကြုတ်တော့ မခံနိုင်တဲ့ ပညာသည်လိုလူစားမျိုးနဲ့ တွေ့ရင် ခံရတာပဲ"

မောင်ဘုန်းစို တွေးမြင်သိထားတဲ့ အတွေးက ဦးကြီးဦးတိုးစိန်တွေးမြင်ယူဆတဲ့ အယူအဆနဲ့ ထပ်တူနီးပါးဖြစ်သလို ရှိနေတယ်။

ဖြစ်နိုင်ပါတယ်။

မောင်ဘုန်းစို ကြိုးခွေကနေ မြွေဟောက်ဖြစ်သွားတဲ့ တိုက်မြွေကို မြင်ခဲ့ရတာပဲဥစ္စာ။

အမေပုံ ပြောသားပဲ။

မလိုသူ၊ မုန်းသူ ရန်သူတို့ အဆုံးစီရင်ဖို့ဆိုရင် ပညာနဲ့ စီရင်တဲ့ တိုက်မြွေနဲ့ သေစေသတဲ့လေ။

ရိုးရိုး သဘာဝမြွေကိုက်ရင် ဆေးကုလို့ ရသေးတယ်။ တိုက်မြွေကိုက်ရင် ဆေးမမီဘူးတဲ့။

ဩော် ... နှုတ်ဝသီကြမ်းတမ်းသူမကြီး။

ခုတော့ သေပုံ မြန်လိုက်လေခြင်း။

ကြောက်စရာကောင်းလိုက်တာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၇]

❑

ဆရာကြီး ဦးရာဇဝင်က ဖာတ်လမ်းကို အဆုံးသတ်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်လိုက်တယ်။

ဒါနဲ့ သိချင်တာလေး ကျွန်တော်က မေးရတယ်။ အသေလုပ်လိုက်တဲ့ အဘွားကြီးကိုရော ဆုံးမည့်သူ မရှိဘူးလား ခင်ဗျ။

''အဲဒီအချိန်တုန်းက အစွမ်းထက်တဲ့ ပညာသည်ကို နိုင်တဲ့သူ မပေါ်သေးဘူးလေ။ ပေါ်နေရင်တော့ ဒီပွဲက ကြည့်ကောင်းမယ့်ပွဲပဲပေါ့''

''ဟုတ်တာပေါ့ ... တစ်ဦးက ပါးစပ်ဆိုးတဲ့သူ၊ တစ်ဦးက မေတ္တာမထားနိုင်တဲ့သူ။ ခန္တီစိတ်မရှိတဲ့သူဆိုတော့ ပွဲသိမ်းမြန်သွားတာပေါ့။ နောက်ဆုံး မေးခွန်းလေးတစ်ခုတော့ မေးပါရစေ ... ဆရာကြီးခင်ဗျာ''

''မေးပါ ... စာရေးဆရာ မေးပါ''

''ဟိုလေ .... ဒီလို လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာပိုင်း အစီအရင်တွေကို စိတ်ဝင်တစား လေ့လာပြီး တကယ့်ပညာသည် အဓိပတိကြီးတွေနဲ့ ခင်မင်ကျွမ်းဝင်ခဲ့တဲ့ မောင်ဘုန်းစိုးဆိုတဲ့ လူရွယ်လေးကရော အဲဒီပညာ





ရဲ့အစွမ်းကို မြင်ပြီး ပညာသည်ဒေါ်မြေပုံတို့ထံမှာ ပညာဆက်တက်လို့ ပညာသည်ဆယ့်နှစ်ကြိုးအဆင့်ကို ရောက်သွားရောလား ... ဆရာကြီး''

ဆရာကြီးက ပြန်မဖြေသေးဘဲ ကွမ်းတစ်ရာ ယာဝါးလိုက်တယ်။ ပြီး ကွမ်းသွေးကို ထွေးခံထဲ ထွေးလိုက်ပြီး ...

''မောင်ဘုန်းစို ... ဆရာ ဖြစ်သွားတယ်''

''ဟုတ်လား ... ယောကျ်ားကဝေပေါ့ ... ဟုတ်လား ... ဆရာကြီး''

''မဟုတ်ဘူး''

''ဗျာ ...''

''မောင်ဘုန်းစိုက အဲဒီ အောက်လမ်းပညာနဲ့ နွယ်ယှက်နေတဲ့ ပညာတွေရဲ့ ရက်စက်ပြင်းထန်တဲ့ အနေအထားကို သဘောပေါက်သွားပြီး ဒေါ်မြေပုံတို့ထံကို ပြန်မသွားတော့ဘဲ ဦးတိုးစိန်ရဲ့ လမ်းညွှန်ပြသမှုနဲ့ ဝိဇ္ဇာအထက်ဂိုဏ်းကို ရောက်သွားခဲ့တယ်။ အဲဒီမှာ အထက်ဆရာတော်ကြီးများ၊ ဝိဇ္ဇာထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများရဲ့ ဆုံးမသွန်သင်ဩဝါဒခံယူပြီး အထက်လမ်းပညာတွေကို ကြိုးစားသင်ယူခဲ့တယ်။ အသက် (၈၀)ကျော်၊ အရွယ်ရောက်တဲ့အထိ ပယောဂနဲ့နွယ်တဲ့လူတွေရဲ့ ဒုက္ခဆင်းရဲကို ကုသကယ်တင်ပြီး မေတ္တာတရားနဲ့ ရှင်သန်နေတုန်းပါပဲ ... စာရေးဆရာ''

''ကောင်းလိုက်တဲ့ ဇာတ်လမ်းပါလား ... ဆရာကြီးရယ်။ ဒါနဲ့ ဆရာကြီးခင်ဗျာ ... ကျွန်တော် ဆရာကြီး ဦးဘုန်းစိုနဲ့ တွေ့ပါရစေလား ဆရာကြီးရယ်။ ဆရာကြီး ဦးဘုန်းစို အခု ဘယ်မှာနေလဲဟင် ဆရာကြီး''

''စာရေးဆရာက ဦးဘုန်းစိုနဲ့ တွေ့ချင်လို့လား''

''ဟုတ်ကဲ့ ... သူ့ရဲ့ အတွေ့အကြုံ အကောင်းအဆိုးတွေကို နားထောင်မှတ်သားချင်လို့ပါ ခင်ဗျ''

''ဘယ်တော့တွေ့ချင်တုံး စာရေးဆရာ''

''ဖြစ်နိုင်ရင် အခုချက်ချင်းပဲ တွေ့လိုက်ချင်ပါဘိ ... ဆရာကြီးရယ်''

''အခု တွေ့နေပြီလေ''



www.burmeseclassic.com

www.burmeseclassic.com




"ဗျာ"

"စာရေးဆရာတွေ့ချင်နေတဲ့ ဦးဘုန်းစိုဆိုတာ ကျုပ်ပဲ စာရေးဆရာ။ ခုတော့ ဦးဘုန်းစို မဟုတ်တော့ဘူး။ ဆရာကြီးဦးရာဇဝင် ဖြစ်သွားပါပြီ ... စာရေးဆရာ"

ကျွန်တော်ဗျာ ... ကျေးရွာတင် ဝမ်းသာအံ့သြလွန်းလို့ ဆရာကြီး ဦးဘုန်းစို(ခေါ်) ဆရာကြီး ဦးရာဇဝင်ကို လေးစားစွာ ထိုင်ကန်တော့လိုက်တာ တစ်ကြိမ် ... နှစ်ကြိမ် ... သုံးကြိမ်မက။

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျွန်တော်တို့ရွာကို သရက်တောရွာလို့ ခေါ်ပါတယ်။ ရွာတစ်
လုံး သရက်ပင်နှင့် မန်ကျည်းပင်ကြီးများဖြင့် ပြည့်နေတဲ့ ရှေးဟောင်းရွာ
ပါ။ ရွာအနီးမှာ ဇေတဝန်ကျောင်းကြီးရှိပြီး ကျောင်းထိုင်ဘုန်းကြီးက ဦးဇေ
အလွန်ဉာဏ်တော်ထက်မြက်တယ်။ သက်တော်က ဒီနှစ်ပြာသိုလမှာ အသ
(၉၀)ပြည့်မှာပါ။ ကျန်းမာရေးလည်း အလွန်ကောင်းတယ်။ ကျွန်တော်
ရွာနီးချုပ်စပ်မှာ အဲဒီခေတ် (၁၉၄၉ခုနှစ် လွတ်လပ်ရေးရကာစ၊ ပါလီ
အစိုးရလက်ထက်) မှာ အတန်းကျောင်းမရှိဘူး။ ဘုန်းကြီးကျောင်းပဲရှိတ
အဲကြောင့် ကျွန်တော်တို့ အဖေလည်း ဘုန်းကြီးကျောင်းထွက်။ ကျွန်
တို့လည်း ဘုန်းကြီးကျောင်းထွက်တွေပါပဲ။

သင်ပုန်းကြီး၊ ရတနာရွှေချိုင့်၊ အပြင်အောင်ခြင်း၊ အတွင်းအေ
ခြင်း။ ပရိတ်ကြီး (၁၁)သုတ်ပြီးတာနဲ့ ကျောင်းကြီး ပြီးတော့တာပါပဲ၊ မပြီ
သေးရင်တော့ ကိုရင်ဆက်ဝတ်ပြီး ပညာသင်ပေါ့။ ဘာလုပ်မလဲ ကျွန်





တို့ဘဝက စာရေးတတ်၊ ဖတ်တတ်၊ တွက်တက်ရင် ပြီးတာပဲ။ တောင်ငူ
မြို့နဲ့တောင် အတော်ဝေးပြီး ရန်ကုန်မြို့ဆိုတာ ကြားပဲ ကြားဖူးတာ။ တစ်ခါမှ
မရောက်ဖူးပါဘူး။ ကျွန်တော့်အဖေကတော့ တစ်ခါ ရောက်ဖူးတယ်တဲ့၊ သူကြီး
ဦးမိုးမင်းရဲ့ နှစ်လုံးပြူးသေနတ်ကြီး၊ တွတ်ပီပျက်သွားတုန်းက တောင်ငူမြို့
က ဌာနာအုပ်၊ ထောက်ခံစာနဲ့ ရန်ကုန်ကို သွားပြင်ရတုန်းကလို့ ဆိုတယ်။
သူကြီးရယ်၊ သူ့တူရယ်၊ ကျွန်တော်တို့အဖေရယ် သုံးယောက်ပေါ့။ ရွှေတိဂုံ
ဘုရားကြီးလည်း ဖူးခဲ့ရသတဲ့။ သေနတ်ပြင်နေတုန်း ရန်ကုန်၊ ပန်းဆိုးတန်း
က ဟိုတယ်တစ်ခုမှာတည်းပြီး နန်းယုဆိုတဲ့ ဟိုတယ်ကြီးမှာ စားခဲ့ရ သောက်
ခဲ့ရသတဲ့။ ရန်ကုန်မြို့ကြီးဟာ အလွန်သန့်ရှင်းပြီး ကြီးကျယ်တယ်ဆိုပဲ။

ဒါကြောင့် ရန်ကုန်ကိုရောက်ဖူးတာဆိုလို့ ကျွန်တော်တို့ရွာမှာ ဒီ
သုံးဦးပဲ ရှိတယ်။ ရွာဦးကျောင်းထိုင်ဆရာတော် ဦးဇဝနတောင် တောင်ငူမြို့
အထိပဲ ရောက်ဖူးတယ်၊ ရန်ကုန်မြို့ကြီးကိုတော့ မရောက်ဖူးဘူးတဲ့။

အဲ . . . အဓိကပြောရမှာက ကျွန်တော်တို့ ရွာသချိုင်းအကြောင်း
ပါ။ သရက်တောရွာကြီးနဲ့နီးတော့ သရက်တောသချိုင်းပေါ့ဗျာ။ သချိုင်းမြေ
က ဝါးကေလောက် ကျယ်တယ်။ ရှေးလူကြီးတွေ သတ်မှတ်ထားခဲ့တာ။
သချိုင်းထဲမှာ နှစ်ချို့မန်ကျည်းပင်ကြီးတွေနဲ့ ကုက္ကိုပင်ကြီးတွေ၊ သရက်ပင်
ကြီးတွေ ရှိတယ်။ အလွန်အေးချမ်းတယ်။ သချိုင်းဇရပ်ကြီးနဲ့ ဟိုးယခင်
(အင်္ဂလိပ်)ခေတ်က သူဌေးတစ်ဦး ဆောက်လုပ်လှူတမ်းထားတဲ့ သုသာန်
ဇောင်ကျင့်တဲ့ ကျောင်းတဲ့။ ပျဉ်းကတိုးသစ်တွေနဲ့ဆောက်ပြီး သွပ်မိုးထား
တဲ့ ကျောင်းကြီးပဲ။ အတော်ခိုင်မာတောင့်တင်းပါတယ်။ နှစ်ပေါင်းကြာလွန်း
လို့ သွပ်မိုးအပေါ်မှာ ညောင်ပင်နဲ့ ကုက္ကိုပင်ပေါက်တွေတောင် ပေါက်နေတာ
အတော်တောင်ကြီးနေကြပြီ။ ကျောင်းပတ်လည်မှာလည်း တောရိုင်းပင်တွေ
ပေါက်နေပြီး ကျောင်းအောက်မှာတော့ ခြတောင်ပို့တွေက အစီအရီ ကြမ်းပြင်ကို
ထိုးတောင် ထိနေကြပြီ၊ ပျဉ်းကတိုးသစ်အကောင်းစားတွေမို့ ခြတော့ မစားနိုင်ပါ
ဘူး။ မိုးရေတွေနဲ့ ဆွေးလို့ ကြာရင်တော့ ပြိုပျက်ကျပြီး ခြစားမလားတော့
မသိဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်တွေ သချိုင်းမှာတင်မကျင့်တာလည်း ကြာပါပြီ။ အင်္ဂလိပ်ခေတ်ကတည်းက အခု ပါလီမန်ခေတ်အထိဆိုတော့ နှစ်ပေါင်း (၅၀)ကျော်ကျော်လောက်တောင် ရှိရော့မယ်။ ပျဉ်းကတိုးသစ်တွေမို့သာ ခံနိုင်တာ။ တခြားသစ်တွေနဲ့ဆိုရင် ခြစားတာနဲ့ ကုန်လောက်ပါပြီ။

သရက်တောသချိုင်းပတ်လည်က ရွာလယ်မြေတွေပါ။ တစ်ချို့ကို ကျွန်တော်တို့ သရက်တောရွာက ပိုင်သလို တစ်ချို့ကိုတော့ တစ်ဖက်ရွာဖြစ်တဲ့ ကုက္ကိုခွရွာက ပိုင်ပါတယ်။ ရွာသချိုင်းကိုတော့ ဘုံသချိုင်းအဖြစ်ပဲ သတ်မှတ်ထားကြပါတယ်။

သရက်တောသချိုင်းကြီးက ကျယ်ဝန်းပေမယ့် အစောင့်စဏ္ဍာလ မရှိဘူး။ အသုဘကိစ္စပေါ်လာရင် ရပ်ရွာလူငယ်တွေကပဲ ဦးဆောင်ဦးရွက်ပြုကြရတာ။ ကျင်းတူးတာကလည်း အခကြေးငွေရယ်လို့ မရှိဘူး။ အရက်နှစ်လုံးနဲ့ အမြည်းကလေး စီစဉ်ပေးတာနဲ့တင် ရတယ်။ အဲ . . . တတ်နိုင်လို့ အုတ်ဂူလုပ်မယ်ဆိုရင်တော့ ရွာထဲက ပန်းရံဆရာကို လက်ခပေးမှဖြစ်တာ။ အုတ်ဂူက အုတ်၊ သဲ၊ ဘိလပ်မြေလိုတဲ့အပြင် တစ်ရက်တည်းနဲ့ ပြီးတာ မဟုတ်ဘူးလေ။ အသုဘချပြီး အုတ်ဂူကို အခေါင်းသွင်းပြီး အပြီးသတ် ပိတ်ဖို့လည်း လိုသေးတယ်။

သချိုင်းဇရပ်အနီးမှာလည်း ကျောက်စာတိုင်တစ်ခုရှိတယ်။ သချိုင်းမြေနဲ့ အုတ်ဇရပ်အလှူရှင်က ရေးထိုးသွားတာ ထင်ပါရဲ့။ 'သချိုင်းမြေ (၅)ကေကို ကျူးကျော်ခိုးသူမှန်သမျှ သေစေတဲ့လေ။ ကျိန်စာလိုလို ဘာလိုလို သချိုင်းမြေလှူပြီး ကျောက်စာရေးထိုးထားတယ်ဆိုတာလည်း ခင်ဗျားတို့ တစ်ခါမှတောင် ကြားဖူးမယ် မထင်ပါဘူး။ တစ်ကယ်တမ်းတော့ သချိုင်းမှာ လူသေမြှုပ်တဲ့မြေပုံနဲ့ အုတ်ဂူတွေက သချိုင်းမြေရဲ့ ငါးပုံတစ်ပုံလောက်ပဲ။ ကျန်တာတွေက မြေလွတ်မြေရိုင်းတွေ၊ မြေပြန့်လယ် မြေဟောင်းတွေဆိုတော့ ကျွဲစားကျက်၊ နွားစားကျက်ကောင်းတွေပေါ့။ သချိုင်းမြေထဲမှာ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတွေနဲ့ စားပင်သီးပင်တွေပေါတော့ ကျွန်တော်တို့ ရွာနွားကျောင်းသားတွေအတွက်တော့ နွားကျောင်းရင်း အပန်း





ဖြေစရာနေရာ၊ ဆော့ကစားစရာနေရာ၊ ဗိုက်ဆာရင် အသီးတက်ခူးစားရာနေရာပါပဲ။

ကျွန်တော်တို့ လူငယ်တွေအနေနဲ့တော့ ရွာသချိုင်းမြေနေရာဟာ တလေးကစားကွင်းပါပဲ။ ကျွန်တော်တို့ တစ်သက်လုံး ဆော့ကစားလာတာ အမှုဖြစ်သံ မကြားပါဘူး။ သချိုင်းထဲက သရက်ပင်၊ မန်ကျည်းပင်၊ ဆီးပင်တွေဟာ ကျွန်တော်တို့နဲ့ကင်းတဲ့ အပင်ရယ်လို့ တစ်ပင်မှမရှိပါဘူး။ မြယာချုံပင်တောင် အသီးသီးတာနဲ့ ချမ်းသာပေးတာမဟုတ်ဘူး။ ဘောင်ဘောင်ဆွဲပြီး စစ်တိုက်တမ်း ကစားကြတာ။ ဘောင်ဘောင်ဆိုတာကို ဒီခေတ်ကလေးတွေ သိမှာတောင် မဟုတ်ပါဘူး။

တစ်ပေလောက်အရှည် အပေါက်ကလေးပါတဲ့ ဝါးဆစ်တစ်ခုကို ရှာပြီး လေးလက်မလောက်အရှည် လက်ကိုင်ဝါးဆစ်ကလေးကို ဖြတ်ရတယ်။ အဲဒီအထဲကို တစ်ပေခန့်ရှည်တဲ့ ဝါးအသားမာမာကို နိုင်အောင်ဆပ် (သကြန်တွင်းသုံးတဲ့ ရေပြွတ်ပုံစံ) ခေါင်းအရှည်ကို ထိပ်က ညီညာအောင် ဖြတ်၊ မြယာသီးရင့်ရင့်ကို ဝါးပြွန်ခေါင်းထဲ ကျပ်ကျပ်ကလေး မှိုက်သည့်ပြီး လက်ကိုင်တုတ်စွပ်ထားတဲ့ ဝါးရိုးကလေး ထိုးသွင်းလိုက်တာနဲ့ မြယာသီးက အစေးရယ်၊ ဝါးပြွန်ခေါင်းရယ် နောက်ကထိုးလိုက်တဲ့ အရှိန်ကြောင့် သေနတ်ပြောင်းထဲက ကျည်ဆန်ထွက်သလိုပဲ ပေ ၂၀ လောက်ကို ကောင်းခနဲ မြည်ပြီး ပြေးတယ်။ ခန္ဓာကိုယ်ကို ထိရင်တော့ အတော်နာတယ်။ အဲဒါ ကျွန်တော်တို့ နွားကျောင်းသားတွေရဲ့ သေနတ်ပဲ။ တစ်ဖောင်းဖောင်းနဲ့ စစ်တိုက်တမ်းကစားရတာ အလွန်ပျော်စရာကောင်းတယ်။ မြယာသီးဆိုတာကလည်း မိုးဦးကျမှ သီးတာ။ တစ်ခြားအချိန်တွေမှာ မသီးဘူး။ ဒါကြောင့် ဘောင်ဘောင်နဲ့ စစ်တိုက်တမ်းကစားဖို့ မိုးဦးကျအောင် စောင့်ရတယ်။ တခြားအချိန်တွေမှာတော့ နွားကျောင်းသားတွေ အားကိုးအားထားကစားရာက လောက်လေးခွပဲ ရှိပါတယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

လောက်လေးခွအတွက် လောက်စာလုံးက အရေးကြီးတယ်။ ကျွန်တော်တို့ကတော့ ရွှံ့မြေစေးစေးကို ရွာလယ်က သောက်ရေကန်က ခူးပြီး သမအောင်နယ်ရတယ်။ ပြီးတော့ သချိုင်းကုန်းမှာ နွားကျောင်းရင်း စိတ်ကြိုက်လုံးပြီး နေပူလှန်းရတယ်။ နေပူလှမ်းတာတောင် အချိန်အဆနဲ့လှမ်းရတာ။ တစ်နေပဲ၊ နှစ်နေလှမ်းရင် လောက်စာလုံးက ခြောက်လွန်းသွားပြီး ပေါ့သွားတော့ ချိန်သားမကိုက်တော့ဘူး။

လောက်စာလုံးလောင်းကြေးထုတမ်းလည်း ကစားကြတယ်။ တစ်ယောက်တစ်လှည့်ထုတာပေါ့။ အဲဒီမှာ အကြံအဖန်ပါတယ်။ တချို့ကောင်တွေက လောက်စာလုံးထဲမှာ ကျောက်ဒိုး၊ ဖန်ဒိုးခံပြီး အပေါ်က ရွှံ့စေးစေးနဲ့မံထားတာ။ လေးပြီး ရွှံ့ကစေးလွန်းတော့ တော်ရုံနဲ့မကွဲဘူး။ တချို့ကတော့ လောက်စာလုံးကို စိတ်ကြိုက် မီးဖုတ်ထားတော့ မကွဲတော့ဘူး။ ဒါပေမဲ့ အဲဒီလောက်စာလုံးက မီးသင်းထားလို့ ပေါ့တယ်။ ကိုင်ကြည့်ရင် သိသာပါ





တယ်။ လောင်းကြေးက လောက်စာလုံး (၅၀)၊ (၁၀၀)ကြေး။ ရွှံ့မြေရှာပြီး လောက်စာလုံး လုံးတာဖြစ်ပေမယ့် အချိန်ကုန်တယ်။ ပင်ပန်းတယ်။ ဒါကြောင့် လောက်စာလုံးကွဲပြီး ရှုံးတဲ့သူဆီက ရတဲ့လောက်စာလုံးကို အလေတား ...အောင် ကိုယ့်ရဲ့ပြိုင်ပွဲဝင်ဒိုး (လောက်စာလုံး)ကို အကောင်းဆုံး ရွှံ့မြေရှာပြီး သထားရတယ်။

ကျွန်တော့်မှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်။ အဲဒါက ရွှံ့စေးကောင်း ...တဲ့နေရာပဲ။ ရွာလည်သောက်ရေ သုံးရေကန်က ရွှံ့မဟုတ်ဘူး။ သချိုင်း ကုန်း ဇရပ်နံဘေးက ဒိုက်မော်ရေကန်ပဲ။ ရွှံ့က အလွန်စေးတာ။ ရွှံ့အရောင် ... အမဲရောင်။ အဲဒီကန်ထဲမှာ ကျွဲမျှော့ကြီးတွေကပေါတော့ ကျွဲနွား ...ောင် ရေဆင်းမသောက်ဝံ့ဘူး။ ကျွန်တော်ကတော့ နည်းရှိတယ်လေ။ ...ထဲ ရွှံ့ခူးဖို့ဆင်းခါနီး ခြေလက်တွေကို ထုံးနဲ့ ဆေးရွက်ကြီးထောင်း ...တဲ့ အရည်ကို သုတ်လိမ်းထားရင် မျှော့တွေ ဝေးဝေးကရှောင်တယ်။

အဲဒီနည်းနဲ့ ရွှံ့ခူးပြီး အကောင်းဆုံးဒိုးကိုင်နိုင်လို့ ဒိုးထုတမ်းကစား ...ကျွန်တော် နိုင်တာချည်းပဲ။ နွားကျောင်းသားတစ်ယောက်အတွက် တစ် ... လောက်စာလုံးလိုအပ်ချက်က (၅၀)၊ (၁၀၀)ရှိတယ်လေ။

နောက်တစ်ခုက လောက်လေးခွ၊ လောက်လေးခွကောင်းကောင်း ...လည်း နွားကျောင်းသားတစ်ယောက်အတွက် အလွန်အရေးတကြီး ...ပ်ပါတယ်။ ကျွန်တော်တို့ လုပ်လေ့၊ လုပ်ထရှိတဲ့ လေးခွကတော့ ...ညည်းသား၊ ရင်းတိုက်သားနဲ့ ကျွဲချိုလေးခွတွေပါပဲ။ သစ်သားတွေကို ...ခွလုပ်ရာမှာတော့ နွားကျောင်းသားကိုင်ဓားထက်ထက်နဲ့ ပုလင်းကွဲပဲ ...တယ်။ အဲ . . . ကျွဲချိုလေးခွလုပ်ရတာကတော့ အတော်လက်ဝင်ပါတယ်။ ...ချိုသားကောင်းကောင်းကို ပထမရှာပြီး စိတ်ကြိုက် အနေတော် အရွယ် ...ရအောင် သံဖြတ်လွှနဲ့ဖြတ်ပြီး အသီးမသီးသေးတဲ့ ငှက်ပျောတစ်တုံး ... အနေတော်ဖြစ်အောင်ဖြတ်၊ အစောကဖြတ်ထားတဲ့ ကျွဲချိုကို ငှက်ပျော ...ထဲသွင်းပြီး မီးဖုတ်ရတာ။

ငှက်ပျောတုံးမီးလောင်ပြီး ငှက်ပျောရည်ပူတွေက ကျွဲချိုကိုပျော့ ...င်းသွားစေတယ်။ အဲဒီအခါမှာ ဓားထက်ထက်ကလေးနဲ့ ငှက်ပျောတုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲကကျွဲချိုကို လိုသလိုပုံဖော်ရတော့တာပဲ။ ငှက်တော်မြီးရှည်ဆိုတဲ့ ကျွဲချို လေးခွကကတော့ နာမည်ကြီးတယ်။ ရှည်လည်း ရှည်တယ်။ ချိုသားကောင်း ဖို့ အတော်ရှာရတယ်။ နယ်တွေမှာ ကျွဲသားပေါ်တာက အတော်ရှားတယ် လေ။ နွားချိုကိုလည်း အဲ့လိုပဲ လုပ်လို့ရပါတယ်။ ဒါပေမယ့် နွားချိုက ကြွပ် တယ်။ အရောင်မလှဘူး။ ကိုင်ရတာလည်း မကောင်းဘူး။ လေးခွအတ လုပ်ရင်တော့ ရပါတယ်။ အကြမ်းသုံးပေါ့။ လေးခွဆိုတာက ကျွန်တော်တို့ ရွာတွေမှာ လူငယ်တိုင်းအတွက် မရှိမဖြစ် အလွန်လိုအပ်တဲ့ ပစ္စည်းပါ။

ကျွန်တော် အကြိုက်ဆုံးကတော့ ရင်းတိုက်သားအရင့်၊ အနှစ်ထဲ စိတ်ကြိုက်ပုံဖော် ခုတ်ယူတာကို အကြိုက်ဆုံးပဲ။ ရင်းတိုက်သား အနှစ်ထ အညိုနီရောင်လိုပဲ အလွန်မာတာ။ ကျွဲချိုလိုပဲ မဲနက်ပြီး ပြောင်နေတာ။ ဓားထက် ထက်နဲ့ ပုံဖော်ထွင်းပြီး ပုလင်းကွဲလေးနဲ့ စိတ်ကြိုက်အချောကိုင်ရတာ အလွန် ချော်ရောကောင်းတယ်။ ရင်းတိုက်သားအနှစ်ရှိတဲ့ အပင်ကြီးကလည်း ရှား သများ။

✿ ✿ ✿

[၃]

❑

တစ်ခုသော နွေရာသီရက်တစ်ရက်မှာပေါ့ဗျာ။ ကျွန်တော် ရွာ သချိုင်းကုန်း စားကျက်မြေမှာ နွားကျောင်းနေတယ်။ ကျွန်တော်တို့အိမ် က နွားအကောင် (၂၀)ကျော်ရှိတယ်။ ခိုင်းနွားက ငါးရှဉ်း။ ကျန်တာတွေ က နွားမနဲ့ နွားကလေးတွေပါ။ နွေရာသီဆိုတော့ ခရီးသွားလှည်းဆွဲဖို့ နွားတွေကိုသုံးတာမို့ ခရီးသွားစရာမရှိတော့ လှည်းတွေနားပြီး နွားတွေ





အားနေတယ်လေ။ နေ့လယ်နေ့ခင်းဘက်ဆိုတော့ ကျွန်တော်လည်း နွားတွေ ကို လွှတ်ထားပြီး အမေထည့်ပေးလိုက်တဲ့ ထမင်းထုပ်ကို တခြား နွားကျောင်း သားတွေနဲ့အတူ မန်ကျည်းပင်ရိပ်က အုတ်ဂူတစ်ခုပေါ်မှာ ထိုင်စားနေကြ တုန်း ...

"ဟေ့ ... တောက်ထိန် ရှိသလားကွ"

ဟူသော သူကြီး၏လက်ရုံး ကိုပြားကြီး၏ အော်သံသြသြကြီးကို ကြားရသဖြင့် ကျွန်တော်က ...

"ကိုပြားကြီး ... ဘာကိစ္စတုံးဗျ။ ဒီမှာ ထမင်းစားနေတယ်"

"အေး ... မင်းယောက္ခမ သူကြီးက အမြန်လာခဲ့ပါတဲ့။ ညှော်သည် ရောက်နေလို့တဲ့ မောင်ရေ့"

"မြို့က ညှော်သည်လားဗျ"

"မြို့ကလား။ တောကလားတော့ မသိဘူး။ မင်းတို့အရွယ် ယောက်ျား လေးတစ်ယောက်ရယ်၊ မိန်းကလေးတစ်ယောက်ရယ်၊ အဘွားကြီးတစ်ယောက် ရယ်ပဲ။ ကောင်မကလေးကတော့ တော်တော်ချောတယ်"

"သူကြီးသမီးထက် ချောသလား ... ကိုပြားကြီး"

"ဟကောင်ရဲ့ ... ဘာမှမဆိုင်ဘူး။ သူကြီးသမီး နှင်းနုက အသား ပဲ ဖြူတာ။ ရွာသူကြီးသမီးဖြစ်လို့ ကွမ်းတောင်ကိုင်ဖြစ်နေတာ။ အခုကောင်မ လေးက ဥစ္စာစောင့်မကလေးလို ချောတဲ့အပြင် အရပ်အမောင်းကလည်း ကောင်း၊ အသားအရည်ကလည်း ဖွေးဥလို့ နှင်းနုထက် (၁၀)ဆလောက် ချောတယ်ဟ"

"အင်း ... ကျွန်တော့်ကို ခေါ်တယ်ဆိုတော့ အဲဒီကောင်မလေးနဲ့ ပေးစားမလို့ထင်ပါရဲ့။ ကျွန်တော်က ငယ်ပါသေးတယ်ဗျာ။ မိခင်ဖခင်တွေ ကို လုပ်ကျွေးနေရတုန်းပါ"

"ဟဲ့ကောင်လေး အသားယူမနေနဲ့ တော်ကြာ သူကြီးက အချိန် ကြာလို့ ငါ့ကို ကြိမ်းနေဦးမယ်"

"ပြီးပါပြီဗျာ ... နွားကျောင်းသားဘဝ ဒီလိုအချိန်ကလေး အနား ယူပြီး ဖိမ်ခံရတာ။ အခုတော့ နှောင့်ယှက်တဲ့သူက ပေါ်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်ကလေး ... ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့။ ဟိုရောက်လို့ ကောင်မကလေးမြင်တာနဲ့ မင်း အမောပြေသွားစေရမယ်"

"အဟုတ်လားဗျာ"

"အဟုတ်ပြောတာပါဆို"

ကျွန်တော်နဲ့ ကိုပြားကြီးမှာ အလွန်ခင်သည်။ ပြောမနာ ဆိုမနာ အမေ့ဘက်က အမျိုးလည်း တော်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော့်နွားများကို အပေါင်းအသင်းများအား အပ်ပြီး ကိုပြားကြီးခေါ်ရာ သူကြီးအိမ်သို့ လိုက်ခဲ့ရပါတော့သည်။ ရွာလယ် သူကြီးအိမ်သို့ရောက်တော့ သူကြီးက သစ်သား ခေါက်ကုလားထိုင်ကြီးတွင် ထိုင်နေပြီး ဖလှယ်စုံ ကြေးကွမ်းအစ်ကြီးကို ရှင်း၍ ကွမ်းသာ ယာစားနေသည်။

သူကြီးအနီးရှိ အညာစားပွဲရှည်ကြီး ဘေးနှစ်ဖက်မှ ခုံတန်းရှည် နှစ်ခုပေါ်တွင် မိန်းမကြီးတစ်ယောက်နှင့်၊ ကျွန်တော့်အရွယ်ခန့် ယောကျ်ား လေးတစ်ဦးနှင့် မိန်းမပျိုလေးတစ်ဦးတို့ ထိုင်နေကြသည်။ အားလုံး အသား ဖြူဖြူ သန့်သန့်ပြန့်ပြန့်ပင်။ မိန်းမပျိုလေးက အစိမ်းရောင်ဝတ်စုံဖြင့် ကိုပြား ကြီး ပြောသလို ဥစ္စာစောင့်မကလေးလို ချောမောလှပသူဖြစ်၏။

"အဘသူကြီး ... ဘာကိစ္စတုံးဗျ"

ကျွန်တော်က ရောက်ရောက်ချင်း မေးတော့ သူကြီးက ...

"ထိုင်ပါဦး ... တောက်ထိန်ရ။ ရေနွေးကြမ်း သောက်ဦး"

ကျွန်တော် ယောကျ်ားကလေးအနီး ခုံတန်းရှည်တွင် ဝင်ထိုင်တော့ ...

"ဒီလိုကွ ... တောက်ထိန်ရ။ ဒီမိသားစုက မြစ်ဝကျွန်းပေါ်ဘက်က ပြောင်းလာတာတဲ့။ ပျဉ်ဒရယ်ကျေးရွာဟောင်းကြီးကလို့ ဆိုတယ်။ ဟိုမှာ အိမ်ထောင်ဦးစီး အဖေလုပ်သူက ပိုးထိပြီးဆုံးသွားတော့ အားကိုးရာမဲ့ပြီး ဟိုဘက်ရွာ ကုက္ကိုခွကို ပြောင်းလာကြတာတဲ့။ အဲဒီမှာနေတဲ့ ကိုဖိုးလူတို့ နဲ့ အမျိုးတော်တယ်တဲ့။ ကိုဖိုးလူနဲ့ သူ့မိန်းမ မယ်မြက မနှစ်ကပဲ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားတော့ ကလေးတွေပဲ ကျန်ခဲ့တယ်။ အဲဒါကြောင့်





အားကိုးရာမဲ့ပြီး ငါတို့ရွာဘက် ရောက်လာတာ။ ရွာသချိုင်းမှာ စဏ္ဍာလ အလုပ်လာလျှောက်ကြတာဆိုပါတော့ကွာ"

ကျွန်တော် အလွန် အံ့ဩသွားသဖြင့် ...

"ဘယ်လို ... သူကြီးရဲ့၊ သရက်တောသချိုင်းမှာ စဏ္ဍာလ လုပ်ဖို့ ဟုတ်သလား။ မဟုတ်တာဗျာ ရွာမြေတစ်နေရာရာမှာ သူကြီးက နေရာပေးရင် ကျွန်တော်တို့ လူနေတဲ ဝိုင်းဆောက်ပေးမှာပေါ့။ အလုပ်အကိုင် ကလည်း ရွာမှာ မရှားပါဘူး။ လယ်ကူလီ၊ သူရင်းငှားအလုပ်တွေ ပေါပါ့ ဗျာ။ ဒီလို နွေဘက်ကျတော့ ထင်းခုတ်ပေါ့။ စားဝတ်နေရေးက ပူစရာ မလိုပါဘူး"

"အေး .... အဲဒါလည်း ဟုတ်ပါတယ်။ သူတို့ကိုက ရွာသချိုင်းမှာ စဏ္ဍာလလုပ်ချင်တယ်ပြောလာလို့ ငါကလည်း စဉ်းစားမိတယ်။ တို့ရွာ သချိုင်းလည်း သာယာအောင် သူတို့မိသားစုလည်း အဆင်ပြေအောင် ရွာမြေနေရာပေး တဲဆောက်ရတာတွေလည်း မလုပ်ရအောင် ရွာသချိုင်း ထဲက မသုံးတော့တဲ့ ဘုန်းကြီးကျောင်းအဟောင်းထဲမှာ နေရာပေးမလား လို့ မင်းကို ခေါ်ပြီးတိုင်ပင်တာပေါ့"

"သူတို့ နေရဲပ့်မလား ... သူကြီးရယ်။ ပစ်ထားတာလည်း နှစ်ပေါင်း ကြာပြီ။ တစ္ဆေသရဲ မြွေပါးကင်းပါးတွေနဲ့"

"ဟုတ်ကဲ့ ... ကျွန်မတို့ နေရဲပါတယ်။ မိုးလုံလေလုံ၊ နေရာ လေးတစ်ခုရရင် ပြီးတာပါပဲ"

"အေး ... အဲဒါကြောင့် ကာလသားအဖွဲ့နဲ့ မင်းတို့က အဲဒီကျောင်း ဟောင်းပတ်ဝန်းကျင်ကို ရှင်းပေး၊ သူတို့ နေထိုင်နိုင်အောင် စောင့်ရှောက် ပေးကြပေါ့ကွာ။ နေစရာမရှိလို့ နေစရာပေးတာ၊ ကုသိုလ်ရပါတယ်။ စားစရာ ကိစ္စကိုတော့ တစ်လစာ ငါက ထောက်ပံ့ကူညီပေးမယ်။ နောက်လတွေ ကျတော့ သူတို့ဘာသာသူတို့ ရှာဖွေစားသောက်ကြပေါ့ မဟုတ်ဘူးလား"

အလွန်ကပ်စေးနဲသောသူကြီး ဒီတစ်ခါတော့ ဘယ်လိုဖြစ်သည် မသိ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေသဖြင့် ကျွန်တော် အံ့ဩရသည်။ ထို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့လုပ်ပေးရမှာလား ... သူကြီး"

"အေးလေ ... အခုပဲ လုပ်ကြကွာ။ မင်းတို့ ရွာကျောင်းသားအုပ်စုအပြင် ရွာကာလသား အေးကိုကြီးတို့ အဖွဲ့ကိုပါ ငါ လွှတ်လိုက်ပါ့မယ်။ ဒီက မိသားစုကလည်း ကိုယ်နေမယ့်အိမ်ပဲ ဝိုင်းလုပ်ကြပေါ့"

"ဟုတ်ကဲ့ပါရှင့်"

"ကဲ ... တောက်ထိန် မင်းက ဒီမိသားစုကို ခေါ်သွားပြီး နေရာပေး ညနေစောင်းတော့ ငါလည်း ဆင်းလာခဲ့မယ်"

"ဟုတ်ကဲ့ ... သူကြီး"

ကျွန်တော် ဦးဆောင်ပြီး ထိုမိသားစုအား သချိုင်းကုန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ရွာသူရွာသားတွေက ငေးစိမ်းဖြစ်၍ ဝိုင်းကြည့်နေကြသည်။ ကျွန်တော်တို့ ရွာပြင်ထွက်၍ သချိုင်းကုန်းအစပ်ရောက်တော့ ကျွန်တော်၏ ရွာကျောင်းသားအဖွဲ့က ဆီးကြိုနေကြသည်။

"တောက်ထိန် ... သူကြီးက ဘာတဲ့လဲကွ"

"ဒီက အဒေါ်တို့မိသားစုအတွက် သချိုင်းထဲက ကျောင်းဟောင်းကို သန့်ရှင်းရေးလုပ်ပေးရမတဲ့။ ရွာကာလသားအဖွဲ့ကလည်း လာကူမတဲ့ ခုလောလောဆယ် ငါတို့အဖွဲ့က ကျောင်းပေါ်ကိုရှင်းပြီး အဒေါ်တို့ကို နေရာပေးရမယ်"

"ဖြစ်ပါ့မလားကွာ မြွေပါးကင်းပါး။ ကျောင်းကြီးကလည်း ချော... မြည့်နေရောပေါ့"

"အဲဒါကို သူကြီးက ရွာကာလသားအဖွဲ့နဲ့ ပြင်လိမ့်မယ်။ ငါတို့ တာဝန်က သန့်ရှင်းရေးလုပ်ရုံပဲ"

"သဘောပေါက်ပါပြီဗျား"

ပထမဆုံး ကျွန်တော်တို့အဖွဲ့က ကမ္မဋ္ဌာန်းကျောင်းဝင်းအတွင်း... ချုံများအား ဝါးလုံးရှည်များဖြင့် ရိုက်၍ အဆိပ်ရှိသော သတ္တဝါများအား မောင်းနှင်ထုတ်သည်။ ဘုန်းကြီးကျောင်းထွက်များပီပီ နွတ်ကလည်း ခန္ဓသုတ်... ကို ရွတ်လိုက်သေးသည်။ ပြီးနောက်မှ ပါလာသော ဓား၊ နီးစပ်ရာအိမ်များ...





...ငှားရမ်း၍ရသော ဓားရှည်များ၊ ပေါက်ပြားများဖြင့် ကျောင်းအောက်မှ ...တောင်ပို့များ၊ ပတ်ဝန်းကျင်ရှိ ချုံများအား အပြောင်ရှင်းသည်။ ကာလသား ...င်းနှင့် အဖွဲ့ရောက်လာတော့လည်း လက်သမားအဖွဲ့ပါ ပါလာသဖြင့် ...ကျောင်းပေါ်တွင် ရှင်းလင်းကြသည်။ ပြတင်းပေါက်နှင့် တံခါးများကိုလည်း ...တိုသစ်စများဖြင့် ဖာထေးပြုပြင်ကြသည်။

ကျွန်တော်က လျှာရှည်ပြီး ကာလသားခေါင်းအား ...

"ကိုမှုံကြီး အမိုးပေါ်က အပင်တွေကိုရော မရှင်းဘူးလားဗျ"

"ဟ ... တောက်ထိန်ရ အမိုးပေါ်က သစ်ပင်ပေါက်တွေက အမြစ်...ပြီ သွားရှင်းလိုက်ရင် အမိုးပါ ပြိုကျတော့မှာ။ သူ့အတိုင်းပဲ ကောင်း...ည်"

ရှင်းလင်းပြီးတော့ ကမ္မဋ္ဌာန်းကျောင်းကလေးမှာ ပေ (၂၀)ပတ်လည် ...တော့ ကျယ်သည်။ အခန်းဖွဲ့ထားခြင်းမရှိ။ မီးဖိုခန်းမပါ။ ထို့ကြောင့် ...လသားအဖွဲ့က ရွာထဲမှ ဝါးများခုတ်ပြီး သစ်ခက်မိုး၍ မြေစိုက်မီးဖိုချောင် ...အေး အရေးပေါ်လုပ်ပေးသည်။ လူညီသဖြင့် ညနေစောင်းတော့ ကမ္မဋ္ဌာန်း ...ကျောင်းကလေးမှာ လူနေ၍ရသော အိမ်ကလေးဖြစ်သွားသည်။ သူကြီး ...က်လာတော့ ရေထည့်ရန် ရာဝင်စဉ့်အိုးတစ်လုံးနှင့် ရေခပ်လှည်းပါ ပါ...သည်။ နောက်တစ်လှည်းကတော့ သူကြီးစွန့်ကြဲသည့် ဆန်တစ်အိတ် ...င်း ဖဲအနည်းငယ်၊ ကြက်သွန်၊ ဆီ၊ ဆားများ ဖြစ်သည်။

"ဟဲ့ ... တောက်ထိန်တို့အဖွဲ့ ဟင်းချက်ဖို့ လိုသေးသဟ။ မန် ...ည်းပင်ပေါ်တက်၊ မန်ကျည်းသီးခူး၊ သရက်သီးခူး၊ ဟင်းချက်စရာရ ...ပေါ့ဟ။ သူတစ်ပါးကို ကူညီကောင်းတယ်။ လုပ်ကြဟ ... သာရေး ...နေ ဒီလိုပဲပေါ့"

ကျွန်တော်တို့အဖွဲ့ကလည်း ဖင်အလွန်ပေါ့သည်။ ချက်ချင်း သချိုင်း ...ရှိ အပင်များပေါ်သို့ တက်၍ ခူးပေးသည်။ ထိုစဉ် ငြိမ့်သည်အဘွား ...သားမှာ အလွန်လျင်မြန် ဖျတ်လတ်ကြောင်း သတိထားမိသည်။ ...ကျည်းပင်ခေါင်ဖျားအထိ တက်ပြီး မန်ကျည်းသီးတင်မက မန်ကျည်းရွက်နု ...များကိုပင် ခူးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်း အလုပ်ပြီးသောအခါ အဘွားကြီးမိသားစုက သူကြီးအား ထိုင်ကန်တော့ပြီး ကျွန်တော်တို့အား ထန်းလျက်ခဲ၊ မြေပဲဆန်လှော်ရေနွေးကြမ်းဖြင့် ပြန်လည်ညှိခံပါသည်။ သူတို့ကျွေးသော မြေပဲဆန်တောင့်ကြီးများမှာ လက်တစ်ဆစ်ခန့်ရှည်ပြီး အလွန်ဆိမ့်သည်။ ကျွန်တော်တို့ကလည်း မောမောပန်းပန်းဖြင့် အားမနာလျှာမကျိုး တဝစားကြသည်။ အဘွားကြီးက သူကြီးကိုတော့ သဘော်သီးမှည့်၊ ငှက်ပျောသီးမှည့်များဖြင့် ညှိခံပါသည်။

နွားရိုင်းသွင်းချိန်ရောက်တော့ ကျွန်တော်တို့ နွားတွေကိုစုပြီး ပြန်ခဲ့ကြသည်။ နေလုံးနီက အနောက်ဘက်တောင်စွယ်ပေါ်တွင် မေးတင်နေပြီ။ ယခင်နေ့များက နေဝင်တော့မည်ပြင်သည်နှင့် ကျွန်တော်တို့အဖွဲ့ နွားများအား အပြန့်သိမ်းပြီး အိမ်သို့ အမြန်ပြန်နေကျ။ ယနေ့တော့ နောက်ဆံတင်းနေသလိုဝင်၊ အိမ်မပြန်ချင်သေး။ ကြောက်စရာ သစ်ပင်ကြီးများဖြင့် မဲမှောင်နေသော သချိုင်းကုန်းကြီးမှာ ယနေ့တော့ မီးကလေး မှိတ်တုတ်မှိတ်တုတ်ဖြင့် ကျွန်တော်တို့အား နှုတ်ဆက်နေသောကြောင့် ဖြစ်ပါလိမ့်မည်။ နာမည်များပင် မသိရသေးသော ထိုမိသားစုကို ကျွန်တော် စိတ်မချ ဖြစ်နေပါသည်။ ညမှောင်မှောင် အလင်းရောင်နည်းနည်း သချိုင်းကုန်းကြီးအထဲ၌ မည်ကဲ့သို့ အိပ်ကြ၊ နေကြမည်ကို မသိပါ။ ရွာနှင့် မလှမ်းသဖြင့်သာ တော်ပါသေးသည်။ ကျွန်တော် သံယောဇဉ်ဖြတ်ပြီး အိမ်ပြန်နွားများကို စုစည်းရေတွက်၍ ပြည့်စုံသဖြင့် ပြန်ခဲ့ပါတော့သည်။

✿ ✿ ✿

[၄]

❑

နောက်နေ့တွင်လည်း ကျွန်တော် စောစောစီးစီး နိုးနေသည်။ ဘာကို ရမည်ရှာပြီး အဘွားကြီးတို့အိမ်သို့ သွားရမည်ကို မသိပါ။ စိတ်ထဲက အလွန်သွားချင်နေမိသည်။ ထိုစဉ်တွင် အမေက . . .

''တောက်ထိန်ရေ . . . သား အိပ်ရာက နိုးပြီလား။ အမေ ကောက်ညှင်းပေါင်း ပေါင်းထားတယ်။ သားစားပြီး ဟို သချိုင်းကုန်းထဲက မိသားစုအတွက်လည်း ယူသွားပေါ့။ အမေ ပိုပေါင်းထားပါတယ်''

''ဟုတ်ကဲ့ပါ . . . အမေ''

အောင်မယ်လေး . . . ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ဘာကို ရမည်ရှာပြီး အဘွားကြီးတို့အိမ်သို့ သွားရမှန်းမသိ ဖြစ်နေချိန်တွင် အမေက ဝင်ကူညီလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ တောရွာများမလေ့က အလွန်ချစ်စရာကောင်းပါသည်။ မည်သည့်ညှိသည်လာလာ၊ ညှိစိမ်းလာသည်ဟု သိသည်နှင့် အိမ်တိုင်းစေ့ တစ်နိုင်တစ်ပိုင် ရေနွေးကြမ်းနှင့် အကြော်စုံ၊ (သို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်) လက်ဖက်သုတ်၊ ဂျင်းသုတ်၊ မြေပဲ၊ ထန်းလျက်ခဲများကို စီစဉ်ထားတတ်ကြပြီး သူကြီးအိမ်က မောင်းထုသည်နှင့် လင်ဗန်းခေါင်းပေါ်ရွက်ကာ အပြေးအလွှား သွားပို့တတ်ကြသည်။

ယခုလည်း အမေသာမက ကျွန်တော်တို့ နွားကျောင်းသားအဖွဲ့ အိမ်တွေကလည်း စားစရာမျိုးစုံ ယူလာကြမည်မှာ ကေန်အမှန်ဖြစ်ပါသည်။ ကျွန်တော် အိပ်ရာကထ၍ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုသည်။ ပြီးသည်နှင့် အမေကျွေးသော ကောက်ညှင်းပေါင်းအား သုတ်ကရက်စား၍ အမေစီစဉ်ထားသော ကောက်ညှင်းပေါင်းထုပ်နှင့် ထမင်းထုပ်အားယူကာ ကျွန်တော်၏ လက်စွဲတော် လောက်လေးခွအိတ်နှင့် ကြိမ်လုံးအားယူဆောင်ပြီး အိမ်အနောက်ဘက်ရှိ နွားခြံတံခါးကို ဖွင့်လှစ်ပြီး နွားများကို ရေတွက်သည်။ ထို့နောက် နွားများအား မောင်းနှင်၍ သချိုင်းကုန်းစားကျက်သို့ ထွက်ခဲ့ပါတော့သည်။

နွားများက လမ်းသိသည်။ ဦးဆောင်လမ်းပြစရာ မလို။ နွားအုပ်နောက်က အသံပေး၍ လိုက်သွားရုံသာဖြစ်သည်။ ကျွန်တော့်လိုပင် သူငယ်ချင်းများလည်း နွားအုပ်များကို မောင်းလာကြသည်။ နွားအုပ်များဆုံလျှင် နွားသိုးများ ဗိုလ်လုကြသည်မှာ အလွန်ကြည့်ကောင်းသည်။ သို့သော် ယနေ့ ဗိုလ်လုလျှင်တော့ ကြိမ်လုံးဖြင့် ရိုက်ရပေတော့မည်။ ယနေ့ သချိုင်းကုန်းက အဘွားတို့အိမ်သို့ အလျင်အမြန် ရောက်ရန်ကိစ္စက အရေးကြီးပေသည်။ နွားစားကျက်ရောက်တော့ နွားများကို လွှတ်လပ်စွာ လွှတ်ကျောင်းလိုက်သည်။

ထိုစဉ် နွားကျောင်းဖော် သူငယ်ချင်း ရွှေနီနှင့် ရွှေဖြူညီအစ်ကိုတို့အပြင် သောင်းစိန်၊ တင်ထူးနှင့် မိုးကျော်တို့လည်း ကျွန်တော့်ထံ ပိုင်းလာကြသည်။

''တောက်ထိန် ... မင်းအိမ်က ဘာပေးလိုက်သေးသလဲ''

''ထမင်းထုပ်ပေါ့ကွ ... ဒီနေ့တော့ ရွှေခေါင်းပြောင်ဟင်းနဲ့ ငါ့လူရေ''

''အဲဒါပြောတာ မဟုတ်ဘူး။ သချိုင်းကုန်းက မိသားစုအတွက် ဘာပါလာသလဲလို့ မေးတာ''





''သြော် ... ဒါလား ကောက်ညှင်းပေါင်း ပါတယ်ကွ''

''အေး ... ငါ့အိမ်က ကောက်ညှင်းထုပ်၊ ရွှေနီတို့အိမ်က အကြော်ကွ။ သောင်းစိန်၊ တင်ထူးနဲ့ မိုးကျော်တို့အိမ်ကလည်း မုန့်တွေ ပါလာကြတယ်။ သွားပေးလိုက်ကြရအောင်''

''အေး အေး ... ကောင်းတယ်။ အဘွားတို့မိသားစု ညက ကောင်းကောင်းမှ အိပ်ကြရရဲ့လား မသိဘူး''

''အေးကွ ... ရွှေဖြူရေ ငါလည်း စိုးရိမ်နေတာ''

''မင်းတို့ စိုးရိမ်တာ ငါသိပါတယ်။ ကောင်မကလေးကို မဟုတ်လား''

မိုးကျော်က ဝင်တွန်းသည်။

''အေးကွာ ... ကောင်မကလေးနဲ့ ကောင်လေးက အတော်ချောတာ။ သချိုင်းမှာနေပြီး သုဘရာဇာလုပ်တာတော့ မတန်ပါဘူးကွာ။ တခြားအလုပ်လုပ်ကြတာ မဟုတ်ဘူး''

ကျွန်တော်က စုံထောက်ကြီးဦးစံရှား လေသံဖြင့် ...

''မင်းတို့ မသိလို့ပါ။ အဲဒီမိသားစုမှာ လျှို့ဝှက်ချက်တစ်စုံတစ်ရာတော့ ရှိလိမ့်မယ်ကွ''

''အေးကွ ... ငါလည်း ထင်တယ်''

မိုးကျော်က ဝင်၍ ထောက်ခံပါသည်။

ကျွန်တော်တို့ လူစုခွဲသွားကြတော့ သချိုင်းကုန်း ကမ္မဋ္ဌာန်းကျောင်းနားရောက်လျှင် ကောင်ကလေး ဆင်းလာပြီး ...

''ဟော ... လာကြ၊ သူငယ်ချင်းတို့။ မင်းတို့အတွက် အစ်မက ကြက်ဥနဲ့ ထမင်းကြော်နေတယ်။ အမေကတော့ ဘုရားဝတ်ပြုနေတယ်ကွ''

ကျွန်တော်တို့အား ကောင်ကလေးက ဖိတ်ခေါ်ပြီး အိမ်ရှေ့တွင် ထားသည့်အချိန်က ရိုက်လိုက်သည်မသိသော ဝါးစားပွဲနှင့် ဝါးလုံးတန်းထိုင်ခုံတို့ပြ နေရာပေးသည်။ တစ်ဆက်တည်း ...

''အစ်မရေ ... ကိုတောက်ထိန်တို့အဖွဲ့ ရောက်လာကြပြီ''



www.burmeseclassic.com

www.burmeseclassic.com



''အေး အေး . . . မောင်လေး၊ အစ်မ ခူးခပ်ယူခဲ့မယ်။ မင်းပါ (၇) ယောက်ပေါ့နော်''

''ဟုတ်ပါတယ် . . . အစ်မ''

မကြာပါ . . . သန့်ရှင်းသော ဒန်ဇလုံကလေးများကို ဒန်ဇွန်းတစ်ပြီး ထမင်းကြော်ကို မြေပဲကြော်များနှင့် ပူပူနွေးနွေး လာချပေးသည်။

''သုံးဆောင်ကြပါ . . . မောင်လေးတို့ မမ အစောကတည်းက ထည်း စီစဉ်ထားတာပါ''

ကျွန်တော်တို့ သက်တူရွယ်တူဟု ထင်ထားသော်လည်း သူမက အစ်မဟုဆိုသဖြင့် ကျွန်တော်တို့ အံ့သြသွားကြသည်။ သူမရုပ်က အလွန်နုနယ်သဖြင့် ကျွန်တော်တို့ထက် ကြီးမည်မထင်ရပါ။

''ကဲ . . . သူငယ်ချင်းတို့ စားကြပါ။ နောက်နေ့တွေလည်း အချိန်မှီ လာစားနိုင်ပါတယ်။ ငါ့နာမည်က . . . အောင်ဘွား။ အစ်မနာမည်က စောနန်းနွယ်။ အမေ့နာမည်က ဒေါ်နန်းတင်တဲ့ မှတ်ထားကြ။ မင်းတို့ ကူညီတာ အရမ်းဝမ်းသာတယ်''

ထိုစဉ် ကျွန်တော်က . . .

''အောင်ဘွား . . . သူငယ်ချင်း ငါ့နာမည်က တောက်ထိန်၊ သူတို့က ရွှေနီရွှေဖြူ ညီအစ်ကိုနဲ့ သောင်းစိန်၊ တင်ထူးနဲ့ မိုးကျော်တို့ပဲ။ ငါတို့ဆီက ဒီရွာနဲ့ပတ်သက်ပြီး လိုအပ်တာရှိရင် အားမနာတမ်းပြောပါ။ ရော့ဟောဒီမှာ မင်းတို့မိသားစု မနက်စောစာစားဖို့ ငါတို့အိမ်တွေက ထည့်ပေးလိုက်တာ။ ငါတို့ရွာလေ့က ဒီလိုပဲ ကူညီတတ်ပါတယ်''

''အေးပါ . . . . ကိုတောက်ထိန်ရယ်၊ ကျေးဇူးအထူးတင်ပါတယ်။ ကဲ . . . စားကြပါဦး စားရင်း စကားပြောကြတာပေါ့''

ကျွန်တော်တို့ စောနန်းနွယ်၏ လက်ရာ ထမင်းကြော်နှင့် မြေပဲဆံကြော်ကို စားကြသည်။ ထမင်းကြော်မှာ တောလက်ရာနှင့်မတူ မြို့လက်ရာနှင့်တူသည်။ အလွန် စားကောင်းသည်။ ရေနွေးကြမ်းမှာလည်း ရေနွေးအိုးမည်းမည်းကြီးဖြင့် ထည့်ထားသော်လည်း အလွန်ကောင်းသော လက်ဖက်





ခြောက်ခပ်ထားသည်။ ရေနွေးကြမ်းပန်းကန်များက မြေကို စဉ့်ရေသုတ်ထားသော်လည်း လွန်စွာ သန့်ပြန့်သည်။ ကျွန်တော်တို့ စားသောက်ပြီးတော့ စောနန်းနွယ်က ပန်းကန်များအား လာသိမ်းရင်း . . .

''စားလို့ကောင်းကြရဲ့လား''

''ဟုတ်ကဲ့ . . . အလွန် စားကောင်းပါတယ်။ မြေပဲဆံက အလွန်အရသာရှိတာပဲနော်။ ကျွန်တော်တို့ရွာက မြေပဲဆံနဲ့တောင် မတူဘူး''

''ဒီမြေပဲက ရှမ်းပြည်ဘက်ကမျိုးပါ။ အလုံးကြီးပြီး အရသာအလွန်ကောင်းပါတယ်''

ကျွန်တော်က စောနန်းနွယ်နှင့် ခင်မင်ခွင့်ရအောင် ဝင်ရောက်ရသည်။ ဆင်ဖြစ်သူ အောင်ဘွားကတော့ ကျွန်တော်တို့နှင့် ခင်မင်ရန် ကြိုးစားနေဟန်ရှိသည်။

''ကိုတောက်ထိန် ကျွန်တော်တို့ ဒီမှာနေခွင့်ရတုန်း ကျွန်တော်တို့ ပါလာတဲ့ မျိုးစေ့လေးတွေ စိုက်ချင်တယ်။ ဒါကြောင့် ဒီခြံဝင်းထဲမှာ မြေတူးပြီး မြေပြောင်းဖော်ခွင့် ပြုပါနော်''

''လုပ်ချင်ရာသာလုပ် . . . အောင်ဘွားရေ၊ လိုအပ်ရင် ငါတို့ပါ ကူညီပေးပါ့မယ်''

''မလိုပါဘူး ကိုတောက်ထိန် ကျွန်တော့်ဘာသာ တစ်နိုင်လုပ်မှာပါ။ ဒီကမြေက မြေသြဇာကောင်းတော့ ဘာပင်စိုက်စိုက် ဖြစ်ထွန်းမှာပဲ ထင်ပါတယ်''

''သချိုင်းမြေပဲလေ မြေသြဇာ ကောင်းပေမပေါ့ကွာ''

ကျွန်တော်တို့ စားသောက်ပြီး အောင်ဘွားတို့အိမ်ကအပြန် ကျွန်တော် စောနန်းနွယ်ကို နှုတ်ဆက်ခဲ့ပါသေးသည်။ အဘွားကြီးကတော့ အိမ်ပေါ်က ဆင်းမလာပါ။ တရားထိုင်နေဟန် တူပါသည်။

အောင်ဘွားက ကျွန်တော်တို့အုပ်စုအား လိုက်ပို့ရင်း ကျွန်တော်တို့ စတည်းချရာ ကုက္ကိုပင်ကြီးအောက်အထိ လိုက်လာသည်။

''အောင်ဘွားရေ . . . ညက ကောင်းကောင်းအိပ်ရရဲ့လား။ ငါတို့က မင်းတို့သားအမိအတွက် စိုးရိမ်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာမရှိပါဘူး . . . ကိုတောက်ထိန်ရယ်။ ကျွန်တော်တို့မိသားစု သုံးဦးလုံးက ဘာသာရေးကို ကိုင်းရှိုင်းပါတယ်။ ညက ဘုရားဝတ်ပြု ပုတီးစိပ်၊ အမျှဝေ၊ မေတ္တာပို့ပြီးမှ အိပ်ကြတာ။ ညသန်းခေါင်ယံအချိန်တောင် ရှိနေပါပြီ။ ဘာအနှောင့်အယှက်မှ မရှိပါဘူး"

"သတ္တိ အလွန်ကောင်းကြတာပဲနော်"

"ကိုယ်က မေတ္တာထားတယ်၊ တောင်းပန်တယ်၊ ခွင့်တောင်းတယ်။ ဘယ်သူက ရန်ပြုမလဲဗျာ"

သို့နှင့် တစ်ပတ်ခန့်အကြာတွင် ကျွန်တော်တို့နှင့် အောင်ဘွားတို့ မိသားစု အတော်ရင်းနှီးသွားသည်။ အောင်ဘွားကလည်း သူတို့နေသော ကျောင်းဝင်းပတ်ဝန်းကျင်အနီး တူးဆွ၍ မြောင်းဘောင်ဖော်ပြီး မျိုးစေ့များချသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့အဖွဲ့က မျိုးစေ့ချရာတွင် ကူညီလုပ်ကိုင်ပေးရသော်လည်း မြောင်းပေါက်ခွင့်ကိုတော့ အောင်ဘွားက မပေးပါ။ ပင်ပန်းမှာစိုးလို့တဲ့လေ။

စောနန်းနွယ်နှင့် ကျွန်တော်လည်း အတော် ရင်းနှီးခင်မင်လာပါပြီ။ သူတို့ကလည်း လွန်စွာ အနေကြံ့သည်။ ရွာထဲသို့ပင် မလာပါ။ အဘွားကလည်း အိမ်ပေါ်၌ တရားထိုင်နေသည်က များသည်။ အိမ်အောက်ပင် ဆင်းခဲသည်။ အောင်ဘွားတို့ မောင်နှမကတော့ စိုက်ပျိုးထားသော ပျိုးပင်ကလေးများအား ရေလောင်းပေါင်းသင် ပြုလုပ်နေသည်။ ထူးဆန်းသည်ကတော့ အောင်ဘွားတို့ စဏ္ဍာလလုပ်ရန် ကျွန်တော်တို့ ရွာကိုရောက်ပြီးမှ ကျွန်တော်တို့ သရက်တောရွာကလည်း လူမသေနေမကောင်းသူပင် မရှိ။ တစ်ဖက်ရွာကလည်း အလားတူပင် ကျန်းမာရေး အလွန်ကောင်းနေကြပါသည်။

အောင်ဘွားတို့ ကျွန်တော်တို့ရွာရောက်သည့် အချိန်က တစ်လပင် ပြည့်တော့မည်။ သူတို့ စိုက်ထားသော ပျိုးပင်ကလေးများပင် အတော်ကြီးလာပြီဖြစ်သည်။ ချဉ်ပေါင်ပင်၊ မုန်ညင်းမုန်လာ၊ ရေတပ်ပင်ကလေးများဖြစ်သည်။ ဘာပင်တွေ စိုက်ဦးမည်မသိ။ အောင်ဘွားကတော့ ပေါက်တူးတစ်လက်ဖြင့် ဆက်တူးပြီး မြောင်းဖော်နေဆဲဖြစ်သည်။ တနင်္ခူးလထဲရောက်၍





မိုးကျတော့မည်။ သူတို့ တည်းခိုနေသော ကျောင်းအိုကြီးက မိုးလုံမည်မဟုတ်။ ကျွန်တော်နှင့် စောနန်းနွယ်တို့၏ သံယောဇဉ်ကလည်း အတော်ခိုင်မာလာပြီဟု ကျွန်တော် ထင်ပါသည်။ စောနန်းနွယ်ကလည်း မြို့ပြင် ထွက်၊ လူမလစ်၍ ကျွန်တော့်မေတ္တာစကားလည်း ဖွင့်ဟခွင့် မသာသေးပါ။ မျက်လုံးချင်းကတော့ စကားပြောပြီးပါပြီ။

အောင်ဘွားက ရိပ်မိဟန်တူသည်။ မသိလိုက် မသိဘာသာ နေသည်။ ခက်သည်က သူတို့အမေကြီးဖြစ်သည်။ မျက်နှာက အလွန်တည်သည်။ ထို့ကြောင့် ကျွန်တော် အလိုလို လန့်နေသဖြင့် သင်္ကြန်တွင်းရေလောင်းရင်း နှစ်ကိုယ်ကြားပြောရန် ကြံရွယ်ထားသည်။ သူမ လက်ခံလျှင် သူတို့မိသားစုကို စောင့်ရှောက်ရန် သုဘရာဇာအလုပ်ကို မလုပ်စေဘဲ ကျွန်တော်တို့အိမ်ကြီးတွင် ခေါ်ထားရန် ကျွန်တော်စီစဉ်ထားသည်။ ကျွန်တော့်မိဘများက ရွာတွင် ချမ်းသာသောစာရင်းဝင်၊ လူကုံထံများ ဖြစ်ကြပါသည်။ လယ်ဧက ရာကျော်ပိုင်သည်။ နွားအုပ်အကောင် (၂၀)ကျော် ရှိသည်။ လယ်သူဌေးများ ဖြစ်ပါသည်။ သားသမီးအနေဖြင့်လည်း ကျွန်တော် တစ်ယောက်တည်းသာရှိသဖြင့် ကျွန်တော်ပူဆာလျှင် မရတာမရှိခဲ့ဖူးပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

တစ်လပြည့်သောမနက်တွင် ကျွန်တော်တို့ နွားအုပ်ကြီးများ
နွားကျောင်း ထွက်လာခဲ့ကြပါသည်။ ခါတိုင်းလိုပင် နွားများအား စားကျ
တွင်လှန့်ပြီး အောင်ဘွားတို့အိမ်ဘက်သို့ ချီတက်ကြရန် ပြင်ဆင်တော့ သူ
အိမ်ဘက်တွင် လူအရိပ်အယောင်ကိုပင် မမြင်ရ။ ခါတိုင်းနေ့များတွင် အော
ဘွားအား စိုက်ခင်းထဲ၌ ရေလောင်းပေါင်းသင်နေသည်ကို တွေ့ရတတ်
စောနန်းနွယ်က မီးဖိုချောင်အတွင်း ချက်ပြုတ်နေသဖြင့် မီးခိုးလေးတလူ
ကို မြင်တွေ့နိုင်ပါသည်။ ယနေ့တော့ မည်သည့်အရိပ်အယောင်ပင် မမြင်
နေများမကောင်းကြလို့လား ကျွန်တော် တွေးပြီး ပူနေမိပါသည်။ လူစုမိသ
နှင့် ...

"ဟေ့ကောင်တွေ ... အောင်ဘွားတို့ အခြေအနေ ဘယ်လိုလဲ
ငြိမ်လှချည်လား"





ဟု ကျွန်တော်ကမေးတော့ မိုးကျော်က ...

"အေးဟ ... သူတို့မိသားစုကို သချိုင်းက သရဲတွေများ ကုပ်ချီး သွားကြပြီလားကွ ဟေ"

"မိုးကျော်ရယ် ... မင်းဟာ မပြောကောင်းမဆိုကောင်း ဘုရား တရား လုပ်တဲ့ မိသားစု ဒီလိုဖြစ်မလားဟ"

"အဲ ... ဟုတ်သားပဲ။ ကဲ ... သွားပြီး စုံစမ်းချည်ရအောင် ကွာ။ ဒီနေ့မှ ငါတို့မှာလည်း ဘာမုန့်မှ အပိုမပါဘူး။ ထမင်းထုပ်ကိုယ်စီပဲ ပါလာကြတယ်"

"အေး ... အေး ... သွားကြစို့"

ကျွန်တော်တို့အဖွဲ့ အောင်ဘွားတို့ခြံရှေ့ ရောက်တော့ အိမ်ရှေ့ ကျွန်တော်တို့ထိုင်နေကျ ဝါးစားပွဲပေါ်တွင် ပန်းကန်ကလေးများအား တင်ထား ပြီး သန့်ရှင်းသော အဝတ်ဖြူစကလေးဖြင့် အုပ်ထား၍ အနားစများအား သရက်သီးမှည့်များဖြင့် ဖိထားသည်။ အဖုံးအဝတ်ဖြူအစပေါ်၌လည်း မီး သွေးခဲဖြင့် စာရေးထားသေးသည်။

*မောင်လေး တောက်ထိန်တို့အဖွဲ့ စားရန် ...*

*စောနန်းနွယ်*

တဲ့လေ။ ကျွန်တော်တို့ အံ့ဩတကြီးဖြင့် လျှင်မြန်စွာ အဝတ်ဖြူစ ကို လှန်လိုက်တော့ ကျွန်တော်တို့အား စောနန်းနွယ်ကျွေးနေကျ ထမင်း ကြော်နှင့် မြေပဲဆန်ကြော်များဖြစ်သည်။ အနီးတွင် နွေးနေသေးသော ရေနွေး အိုးအမည်းကြီးနှင့် သန့်ပြန့်သော စဥ့်ရေသုတ် ရေနွေးပန်းကန်ကလေးများ မြေပဲကြော် ပန်းကန်အောက်တွင် ခေါက်၍ ဖိထားသော စာတစ်စောင်ကို တွေ့ရသဖြင့် ကျွန်တော် အလျှင်အမြန်ကောက်ယူပြီး ဖတ်မိသည်။ အောင်ဘွား ရေးခဲ့သော စာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောက်ထိန်နှင့် သူငယ်ချင်းများသို့ . . .

ငါတို့မိသားစုက တကယ်တော့ သုဘရာဇာမျိုးလည်း မဟုတ်ပါဘူး။ လုပ်လည်း မလုပ်ဖူးပါဘူး။ အခြေအနေအရ၊ အယောင်ဆောင်ရတာကို ခွင့်လွှတ်ကြပါ။ ငါတို့ အခုနေခဲ့တဲ့ ကမ္ဘာ့ခြွာန်းကျောင်းအိုကြီးက ငါတို့အဘိုး ဦးရွှေသီးဆောက်ခဲ့ပြီး သူ့ရဲ့ တောရကျောင်းဆရာတော် သုသာန်မှာတင်ကျင့်ဖို့အတွက် လှူတမ်းထားတာ။ အဘိုးက မင်းဆွေမင်းမျိုး အနွယ်တော်ဝင် တစ်ယောက်ပဲ။ အင်္ဂလိပ်က မြန်မာပြည်ကို သိမ်းတော့ သူလည်း ရှောင်နေရပြီး မထင်မရှားနေရင်း ဒီကျောင်းကိုဆောက်ခဲ့တာ။ အဲဒီအဘိုးက ကျောင်းဆောက်ပြီးတာနဲ့ သူပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတစ်ဝက်ကို ဒီကျောင်းရဲ့ တစ်နေရာမှာ မြှုပ်ခဲ့တယ်လို့ သူ သေဆုံးခါနီးမှာ အဖေ့ကို ပြောခဲ့သတဲ့"

အဲ့ဒါနဲ့ အဖေက တူးဖို့ကြိုးစားခဲ့ပေမယ့် ဂျပန်ခေတ်ပြီးတော့ အင်္ဂလိပ်ပြန်ဝင်ပြီး လွတ်လပ်ရေးရလို့ ပါလီမန်ခေတ် ရောက်ပြန်တော့လည်း ရှောင်တိမ်းပုန်းတွေကြောင့် အခွင့်အရေး မသာခဲ့ပြန်ဘူး။ အဖေက တော်လှန်ရေးရဲဘော် သခင်တစ်ယောက်လေ။ အခုမှ အဖေဆုံးသွားလို့ ကျွန်တော်တို့ကို ပြောပြထားခဲ့တာနဲ့ သုဘရာဇာအယောင်ဆောင်ရတာ ခွင့်လွှတ်ပါဗျာ"

ကိုယ့်အမွေ ကိုယ်ပြန်ဖော်ရတာဖြစ်ပေမယ့် ဘယ်နားမှန်းမသိတော့ ကျောင်းမြေတစ်ဝင်းလုံး မြေလှန်ပြီး သစ်ပင်စိုက်ဟန် ဆောင်ရတာပါ။ အကျိုးမဲ့တော့ မဖြစ်ပါဘူး။ အမွေပစ္စည်းလည်း ရပါပြီ။ ပျိုးပင်ကလေးတွေလည်း အောင်မြင်ပါပြီ။ ကိုတောက်ထိန်တို့အဖွဲ့ ခူးဆွတ်ပြီး စားကြပါ။

နောက်ဆုံးပြောချင်တာကတော့ ကိုတောက်ထိန်တို့အဖွဲ့ရဲ့ ကျေးဇူး ကျွန်တော်တို့အပေါ်မှာ ရှိလို့ ရတနာတချို့ကို ခွဲဝေပေးခဲ့ပါတယ်။ ကိုတောက်





ထိန်တို့အဖွဲ့ မျိုးစေ့ချပေးထားတဲ့ မြောင်းဘောင်ရဲ့ အလယ်တည့်တည့်မှာ ငွေအိုးကလေးနဲ့ မြှုပ်ထားခဲ့ပါတယ်။ ကိုတောက်ထိန်နဲ့ သူကြီးက ရွှေဒင်္ဂါးနှစ်ပြားစီယူပါ။ ကျန်သူငယ်ချင်းများက တစ်ပြားစီ၊ ရွာကာလသားအဖွဲ့ကိုလည်း စားသောက်ပွဲလုပ်ဖို့ တစ်ပြားထားခဲ့ပါတယ်။ ကိုတောက်ထိန်ပဲ အညီအမျှ ခွဲဝေပေးပါ။

နောက်ဆုံး မှာချင်တာကတော့ ကိုတောက်ထိန်လိုပဲ အစ်မစောနှင်းရီကလည်း သံယောဇဉ်ရှိတာ ကျွန်တော် ရိပ်မိပါတယ်။ တစ်နေ့နေ့တစ်ချိန်ချိန် ပြန်ဆုံကြဦးစို့ဗျာ . . .

အောင်ဘွားတဲ့လေ

တောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



|၁|

❑

"ဆရာတော် ဦးအိန္ဒြိယ"

"ဟေး . . . ဘယ်သူလဲကွ"

"ဆရာတော် ဦးအိန္ဒြိယ"

"ဟေ . . . ထူးနေတာ မကြားဘူးလားကွ"

"ဆရာတော် . . . ဦးအိန္ဒြိယ"

"တယ်လေ . . . ဒီကောင် ငါ စိတ်မရှည်တော့ဘူး။ ဆွမ်းချိုင့်ပို့ဖို့ဆိုလည်း ကျောင်းပေါ်တက်ခဲ့။ ငါ မျက်နှာသစ်နေတယ်"

နံနက်အရုဏ်တက်၊ အရုဏ်ဆွမ်းခံဖို့ ပြင်ဆင်နေချိန်တွင် ကျောင်းအောက်မှ မိမိအား ခေါ်နေပြီး ကျောင်းပေါ် တက်မလာ၍ ဆရာတော် ဦးအိန္ဒြိယ အပြင်သို့ ထွက်ကြည့်၏။

အပြင်တွင် မှောင်နေသည်။ ဘာဆိုဘာမှ မမြင်ရ။ မိမိ၏အမည်



www.burmeseclassic.com

www.burmeseclassic.com



အား ခေါ်နေသူကိုလည်း မတွေ့ရ။ ထို့ကြောင့် သွားလေရာ အမြဲဆောင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် လှေခါးခြေရင်းသို့ ထိုးကြည့်လိုက်သည်တွင် . . .

''ဟိုက်''

''သွားပြီ . . . ငါ ဒီနေ့ သေရတော့မယ်''

ဟု ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။

ထိုသို့ ဆရာတော်ဘုရား မိန့်မြွက်ရခြင်းမှာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သောအခါ လှေခါးခြေရင်း၌ သင်းခွေချပ်တစ်ကောင်က မိမိအား စိန်းစိန်းဝါးဝါး ကြည့်နေသည်ကို မြင်ရသောကြောင့် ဖြစ်၏။

ထိုသို့ ဆရာတော်ဘုရားနှင့် မျက်လုံးချင်းဆိုင် ကြည့်ပြီးနောက် သင်းခွေချပ်သည် . . .

''ဆရာတော် ဦးအိန္ဒြိယ''

''ဆရာတော် ဦးအိန္ဒြိယ''

''ဆရာတော် ဦးအိန္ဒြိယ''

ဟု ပါးစပ်မှ တတွတ်တွတ် ရေရွတ်ကာ ကျောင်းပေါက်ဝတွင် ပေါက်နေသော ညောင်ပင်ကြီး၏ ခြေရင်းမှ ကွင်းကြီးထဲသို့ အမြီးကို ဘယ်ညာလှုပ်ခါကာ ဝင်သွားလေ၏။

သင်းခွေချပ်။

စုန်းလည်း မဟုတ်။

တစ္ဆေလည်း မဟုတ်။

မာသော အကြေးခွံများပါပြီး အမြီးမှ တစ်ပေခန့် အရှည်ပေါက်လျက် နှုတ်သီးမှာ ပုတ်သင်ညိုနှုတ်သီး၊ ကိုယ်လုံးမှာ လိပ်ကိုယ်လုံး၊ ခြေလေး ချောင်းပါသော သတ္တဝါတစ်ကောင်ဖြစ်၏။

သမ္မုဒ္ဒေလည်း မကြောက်၊

ပရိတ်ရေလည်း မကြောက်။





မည်သည့်ဘုရားစာကိုမှ မကြောက်။ ကြောက်ရအောင်ကလည်း နာဘာဝ၊ ဝိနာဘာဝလည်း မဟုတ်။ သာမန်တိရစ္ဆာန်တစ်ကောင်သာဖြစ်၏။

ထူးဆန်းလှသည်မှာ မိမိ၏ ရှေ့တွင် လူတစ်ယောက်ယောက် ည်ကို ခေါ်လိုက်ပါက ချက်ချင်းမှတ်မိပြီး တောင်ကမ်းပါးရုံကြားအောင် က်မိသကဲ့သို့ ချက်ချင်း ထိုအခေါ်ခံရသူ၏ အမည်ကို ပြန်ခေါ်နိုင်၏။

ထိုသင်းခွေချပ် ခေါ်လိုက်သည်ကို ပြန်လည်အသိအမှတ်ပြုပြီး ထုး သေပြီသာ မှတ်တော့။

ဆရာတော်ဦးအိန္ဒြိယသည် မိမိသေရတော့မည်ကို သိ၍ ဘုရား သို့ ဝင်ခဲ့၏။

အရုဏ်ဆွမ်းပင် ဘုန်းမပေးတော့။

ဘုရားကို ဝတ်ပြုပြီး မိမိ၏ ကိုယ်ခန္ဓာကို သရဏဂုံ တင်လိုက်

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ''

''ဓမ္မံ သရဏံ ဂစ္ဆာမိ''

''သံဃံသရဏံ ဂစ္ဆာမိ''

ထိုသို့ မိမိကိုယ်ကို သရဏဂုံတင်ပြီးနောက် အာနာပါန (ထိ-သိ) ခြင်းကို ဆက်မှတ်နေ၏။

ပုဂ္ဂိုလ်သတ္တဝါတို့သည် (တကယ်မရှိပါလား) အသိစွဲ မြဲသွား (မဂ်ပညာ)ဖြင့် ပယ်ဖျက်နိုင်ရန် ဝိပဿနာတရားကို ဆက်၍ထိုင်၏။

ပရိယုဋ္ဌာနကိလေသာ စိတ်ထဲတွင် ကိလေသာသောင်းကျန်းမှုများ ယ်ဖျက်နေ၏။

ဝီတိက္ကမကိလေသာ - နှုတ်အားဖြင့် ကိလေသာသောင်းကျန်းမှု အတင်းအဖျင်းပြောခြင်း၊ မကောင်းပြောခြင်း။

ပရိယုဋ္ဌာနကိလေသာ - ထကြွဆူပွက်သော ကိလေသာ၊ လူသတ် ကြံစည်ခြင်း၊ ခိုးယူရန် ကြံစည်ခြင်း၊ သူတစ်ပါးကြီးပွားမှုကို မနာလို တို့ကို ပယ်ဖျက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးအိန္ဒြိယသည်။ ဘုရားရှေ့၌ တင်ပလ္လင်ခွေထိုင်ကာ မြတ်စွာဘုရား၏ ဂုဏ်တော်များကို သမထဘာဝနာများ ပွားများလျက် (စိတ်ကို မကောင်းမှုမှ ခွာ၍ပယ်ထားလေ၏)

(ဈာန် သမာဓိ) အားကို အရဏ်သွင်းလျက် အနုသယကိလေသာ (မျိုးစေ့ဗီဇသဖွယ်) ကိန်းဝပ်နေသော ကာယကံ–ကိုယ်ဖြင့် ပြုလုပ်သော အလုပ်။ ဝစီကံ–နှုတ်ဖြင့်ပြုလုပ်သောအလုပ်။ မနောကံ– စိတ်ဖြင့်ပြုလုပ်သောအလုပ်တို့မှ မကောင်းသောစိတ်ယုတ်၊ စိတ်ညစ်တို့ကို ပယ်ဖျက်၍ ကောင်းသောအမှုတို့ကို စိတ်မှမှတ်ကာ မြတ်စွာဘုရားသခင်၏ ရုပ်ထုရှေ့တွင် သေသည့်တိုင် ထိုင်တော့မည်ဟု စိတ်ကိုဆုံးဖြတ်ကာ ဝိပဿနာတရားကို အားထုတ်၍ နေလိုက်လေတော့သတည်း။

✿ ✿ ✿

[၂]

## ကျွတ်ရာသကြီးဟတ်တဲ့ ဘုန်းကြီးမျှခွဲ

❑

"ဆရာတော်ဦးအိန္ဒြိယ"

"ဆရာတော် ဦးအိန္ဒြိယ"

"ဟဲ့ ... မိတုတ်၊ ဆရာတော် ကျိန်းနေတယ်ထင်တယ်။ ဘာလို့ ဒီလောက် အော်နေတာလဲ။ ဟိုမှာ တံခါးမကြီးဖွင့်ထားတာ မြင်လျက်

လာ ... အပေါ်တက်မယ်"





"မရှိဘူးလားလို့ပါတော်"

ဟုပြောကာ ဦးခွေးနှင့် ဒေါ်တုတ်တို့နှစ်ယောက်၊ ဘုန်းကြီးကျောင်းပေါ်သို့ တက်ခဲ့သည်။

ဆရာတော် ဦးအိန္ဒြိယ၏ ဝေဠုဝန်ကျောင်းကြီးမှာ ရေးနှစ်ပေါင်းများစွာက လက်ညှိုးညွှန်ရာ ရေဖြစ်သည်ဟု အများသိထားသော သိဒ္ဓိဝမှာ ...သောက မင်းကြီးတည်ဆောက်ခဲ့သော ရှေးဟောင်းလက်ရာတစ်ခု ဖြစ်...

ကနုတ်ပန်းများ၊ ပန်းပုရုပ်တုများနှင့် ဆန်းပြားစွာ တည်ဆောက်... အုတ်ခံနှစ်ထပ်ကျောင်းဖြစ်ပြီး ထန်းတစ်ပင်ရွာနှင့် ထန်းနှစ်ပင်ရွာ... အလယ်တွင်ရှိ၏။ ထိုရွာများနှင့် နှစ်မိုင်စီဝေး၏။ ထို့ကြောင့် ထို...မှ လူများမလာကြ။

ဤကျောင်းကြီးအား ရွှေချောင်းခေါ် ပင်လယ်မှ ခွဲထွက်လာသော ...ချောင်းတစ်ခုက ဤကျောင်းကြီးကို ကွေ့ပိုက်ဖြတ်သန်းသွားရာ ...

ထန်းတစ်ပင်ရွာနှင့် ထန်းနှစ်ပင်ရွာတို့နှင့် ချောင်းခြားလျက် မှီရာ...ကျောင်းသို့ လာမည်ဆိုပါက တံတားမရှိ။ ဆရာတော်ကြီး ပြုလုပ်ထား... ထန်းပင်တံတားသာလျှင် ရှိ၏။

ထန်းပင်နှစ်ပင်အား အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းထားပြီး ...ချောင်းနှစ်ခုကို တံတားအဖြစ် ခင်းထားခြင်းဖြစ်သည်။

အသွားအလာ ခက်ခဲသဖြင့်လည်းကောင်း၊ ရွာနှင့် အတန်ငယ်ဝေး...သည်းကောင်း၊ မိမိတို့၏ ရွာဦးများတွင် ဘုန်းကြီးကျောင်းများ ရှိနေ၍ ...ကျောင်းကြီးသို့ လာရောက်သူ နည်းလှ၏။

ဆရာတော်၏ ကျောင်းအနီးတွင် ယာလုပ်ကြသော လယ်လုပ်ကြ... ယာသမား၊ လယ်သမားများက ထမင်းချိုင့် ထုပ်လာကြရာတွင် ဆရာ...အတွက် ပိုထည့်လာပြီး နေ့ဆွမ်းအဖြစ် လာကပ်ကြခြင်းဖြစ်၏။

ထိုကျောင်းတွင် ကျောင်းသားမရှိ။

ကိုရင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယမရှိ၊ တစ်ပါးတည်း စံမြန်းရသော ကျောင်းဖြစ်ပြီး တရားထိုင်လိုသော၊ လူနှင့် ကင်းကင်းနေလိုသော၊ တရားစစ် တရားမှန်များကိုသာ ကျင့်ကြံအားထုတ်လိုသော ရဟန်း၊ သံဃာများသာထိုင်သောကျောင်းဖြစ်၏။

အရပ်သားများ မလာရခြင်း၏ အကြောင်းရင်းအမှန်မှာ ထိုကုန်းသည် ကျတ်ကုန်းဖြစ်နေသောကြောင့်ဖြစ်၏။

ထိုကျတ်မြေများတွင် စိုက်ပျိုးပါကလည်း မည်သည့်သီးနှံမှမပေါက်။ ကျောင်းနှင့် ကိုက်အတော်အတန် ကွာဝေးသော မြေများမှာသာ စိုက်ပျိုး၍ ရ၏။

ညအခါတွင် ထိုကျောင်းပတ်ဝန်းကျင်တွင် ဘုရားပွဲများ၊ အလှူပွဲများ၊ ဆွမ်းကြီးများ၊ အငြိမ့်ပွဲဖတ်ပွဲများ ခင်းနေကြသည်ကို နှစ်မိုင်မျှဝေးသော ထန်းတစ်ပင်ရွာနှင့် ထန်းနှစ်ပင်ရွာတို့မှ မြင်ရကြားရပါသော်လည်း တစ်ယောက်မှ ညည်သူမှ သွားမကြည့်ကြပါ။

အထူးသဖြင့် နေ့အခါတွင်သာ မဖြစ်မနေ လုပ်စရာ၊ ကိုင်စရာ၊ သွားစရာရှိမှ သွားကြလာကြ၏။

အမှန်တော့ ကျတ်မြေဖြစ်၍ ဤကျောင်းကြီးမှာ ကျောင်းထိုင် ဆရာတော် မမြဲခြင်းဖြစ်ပေ၏။

ပိုမို၍ ဆိုသွားသည်က ထန်းတစ်ပင်ရွာမှ မောင်တူးနှင့်ထန်းနှစ်ပင်ရွာမှ အောင်လှတို့ ကိစ္စကြောင့် ပိုဆိုးသွားခြင်းဖြစ်၏။

ဤကျောင်းကြီးကို ပထမဦးဆုံး အုပ်ချုပ်ခဲ့သော ဆရာတော် ဦးဇောတိကသည် တန်ခူးလရောက်တိုင်း ထိုရွာနှစ်ရွာမှ အရက်သမားများကို ဒုလ္လဘရဟန်းဝတ်ပေး၏။

အောင်လှနှင့် မောင်တူးတို့နှစ်ယောက်၊ တစ်ရွာတည်းသားများ မဟုတ်သော်လည်း ထန်းရည်ဆိုင်တွင် တွေ့ဆုံနေကျဖြစ်ရာ သူငယ်ချင်းများ ဖြစ်ကြ၏။

ပုလင်းတူ ဘူးဆို့ဘဝတုန်းက မရှိအတူ ရှိအတူဖြစ်ကြသော်လည်း တန်ခူးလတွင် ဦးပဉ္စင်းဝတ်ကြရာမှ အနေချောင်၊ အစားချောင်သဖြင့် လူမထွက်ကြတော့ဘဲ ရဟန်းဘောင်တွင် နေထိုင်ကြလေ၏။





၎င်းနှစ်ယောက်သည် ညအနေ ဘုရားလက်ပြပြီး အိပ်ရိုန်မှောက်သောအခါတွင် ဆရာတော်ကြီးမသိအောင် အရက်ပုန်း ခတ်ကြ၏။ နောက်ပိုင်းဆရာတော်ကြီး ရန်ကုန်သို့ ပြန်သွားသောအခါ ထိုနှစ်ယောက်က ကျောင်းကြီးကို ကြီးစိုးထား၏။

ဆရာတော်ကြီးလက်ထက်က လာရောက်လှူဒါန်းကြသော်လည်း ဦးကိုယ်တော်နှစ်ပါး လက်ထက်တွင် လှူဒါန်းသူ ရှားလာ၏။ ရှားပါးလာသောအခါ ထိုနှစ်ယောက်တို့မှာ အဝေမတည့်တော့ပေ။

ထန်းတစ်ပင်ရွာမှာ မောင်တူးသည် ကျောင်းကြီးအား မိမိတစ်ယောက်တည်း ပိုင်ချင်လာ၏။ ထို့ကြောင့် သင်းခွေချပ်များရှိသော ညောင်ပင်ခေါင်းသို့ သွား၍ ထန်းနှစ်ပင်ရွာမှ အောင်လှ၏အမည်ကို သွား၍ခေါ်၏။

"ဆရာတော် ဦးပညာဝံသ"

"ဆရာတော် ဦးပညာဝံသ"

ဟု ထန်းနှစ်ပင်ရွာမှ အောင်လှ၏ ဦးပဉ္စင်းနာမည်ကို ၎င်းမသိအောင် သုံးရက်လောက် ခေါ်နေခဲ့၏။

နှစ်ယောက်စလုံးသည် ဤကျတ်ကုန်းတွင် အမည်မခေါ်ရန် သတိထားသဖြင့် မခေါ်ကြပါ။ ဆရာတော်ကြီး မရှိတော့သည့်အချိန်တွင် ယောက်အစားက များလာရာ ...

ကျတ်က 'ဆရာတော် ဦးပညာဝံသ' ဟု ခေါ်လိုက်ရာ ထန်းနှစ်ပင်ရွာမှ အောင်လှသည် ယောင်ရမ်းပြီး ထူးလိုက်မိရာမှ ပျံလွန်တော်မူသွား၏။

ထိုသို့ ပျံလွန်တော်မူသောအခါ ကျောင်းကြီးအနောက်ဘက်မှ ဝံပင်ကြီးတွင်နေ၏။ ပြိတ္တာဘဝ ရောက်သွားသော် မိမိဘာကြောင့် သေသည်ကို သိရှိသော်လည်း သဘောကောင်းသူဖြစ်၍ ထန်းတစ်ပင်ရွာမှ မောင်ထူးကို ခွင့်လွှတ်ခဲ့၏။

မိမိ ကျွတ်ချင်လွတ်ချင်ကြောင်း မောင်ထူးကို အကူအညီတောင်းခဲ့သည်။

"ဟေ့ကောင် ... မောင်ထူး၊ မင်းကြောင့် ငါသေခဲ့ရပေမယ့် မင်းကို ခွင့်လွှတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခုကျောင်းအနောက်ဘက်က လက်ပံပင်မှာ နေတယ်။ ငါ ကျွတ်ချင်လွတ်ချင်တယ်။ ငါ့အတွက် ကုသိုလ်ကောင်းမှုကလေး လုပ်ပေး ကွာ"

ဟု အိပ်မက်ပေး၏။ မောင်ထူး အိပ်ရာမှ လန့်နိုးသောအခါ မိ ၏ ရွာမှ အရက်သမားကို ခေါ်ပြီး လက်ပံပင်ကို အမြစ်မှ ခုတ်ပစ်ပြီး ထင်း ဆိုက်ပစ်ရန် ရွာသားများကို ပေးလိုက်ရာ အောင်လှမှာ နေစရာမရှိ ဖြစ်သွား တော့၏။

တစ်နေ့မနက် အရုဏ်တက်တွင် မောင်ထူးတစ်ယောက် အရှ ဆွမ်းခံရန် ကျောင်းမှအဆင်း အောင်လှသည် တိုက်မြွေတစ်ကောင်ကို လွှ ၍ ခေါက်သတ်နိုင်ရာ သေသွားခဲ့ပြီး ပြိတ္တာဘဝတွင် ကျောင်းကြီးကို အ ပြု၍ နေလေတော့၏။

ထိုနေ့မှစ၍ ကျောင်းထိုင်လာကြသော ဆရာတော်များကို မနေ အောင် နှောင့်ယှက်ကြလေတော့၏။

ကွမ်း ဆွမ်းကလည်း ချို့တဲ့သဖြင့်လည်းကောင်း၊ တစ္ဆေနှစ်ကော က အိပ်နေစဉ်တွင် ခုတင်ပေါ်မှ ဆွဲချ၍လည်းကောင်း၊ ကြာကြာ မနေ ကြဘဲ ထွက်ပြေးကြလေ၏။

ဆရာတော်ကြီး ဦးအိန္ဒြိယရောက်လာသောအခါတွင် ထိုတစ္ဆေ နှစ်ကောင်မှာ ဘာမှလုပ်၍ မရတော့။ ဆရာတော်က ကျောင်းနှင့်ဝေးဝေး ချောင်းစပ်မှ ဥသျှစ်ပင်ညီနောင်သို့ ပြောင်းနိုင်းလိုက်၏။

ဆရာတော်ကြီးရောက်စ ပညာစွမ်း၊ သမာဓိစွမ်းကို စစ်ဆေးခဲ့ သော်လည်း တကယ်သမာဓိရှိသော ရဟန်းဖြစ်၍ ဘာမှ လုပ်မရဖြစ်ခဲ့ရသဖြင့် ဆရာတော်ကြီး ပြောင်းနိုင်းထားသော ဥသျှစ်ပင်နှစ်ပင်တွင် သွားရောက် ထိုင်ကြခြင်းဖြစ်သည်။

ဆရာတော်ကြီး သတိတစ်ချက် လွတ်သွားသည်နှင့် သင်းခွေ ၏ နာမည်ခေါ်လိုက်ခြင်းကို အမှတ်တမဲ့ ထူးလိုက်မိရာမှ မိမိသေရတော့မ သိ၍ အသုဘကမ္မဋ္ဌာန်း ထိုင်နေလေ၏။

စိတ်ကူးသစ်စာပေ



စာကြွင်း – ယနေ့ထိ ထိုသတ္တဝါနှင့် ပတ်သက်၍ မည်သူမှ အတောသနလုပ်သည်ကို မကြားရ။

မည်သည့်ခါတ်မတည့်၍ လူနာမည်ခေါ်ရာတွင် ထူးမိသည်နှင့် သေဆုံးရသည်ကို စာရေးသူ သိချင်လှသည်။

ဂမ္ဘီရနှင့် ပတ်သက်၍ ကျွမ်းကျင်သူများရှိပါက ထိုသင်းခွေချပ်နှင့် လူတို့ ဓာတ်သဘောမတည့်သည်ကို သိချင်လှပါသည်။ သိရှိပါက ဖော်ပြ ရေးသားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (စာကြွင်း)

မိတုတ်နှင့် ဦးခွေးတို့သည် ဆရာတော် ဦးအိန္ဒြိယ မထူးသဖြင့် ကျောင်းပေါ်တက်၍ လာခဲ့ရာ ဆရာတော်မှာ ဘုရားခန်းတွင် တရားထိုင်နေ သည်ကို တွေ့ရ၍ ဆွမ်းချိုင့်များ ခေတ္တချပြီး အမောဖြေရင်း ထိုင်စောင့်နေ ကြ၏။

အမှန်တော့ ဆရာတော်ဘုရားကြီးမှာ ဘဝနတ်ထံ ပျံလွန်တော်မူ သွားပြီဖြစ်၏။

ထိုင်လျက်ပင်ပျံလွန်တော်မူသွားလေရာ ဦးခွေးနှင့် မိတုတ်တို့မှာ မသိရှိဘဲ ထိုင်စောင့်နေရာမှ မွန်းတည့် (၁၂) နာရီထိုး၍ ဆွမ်းစားချိန်ကျော် သွားသဖြင့် ဆရာတော်ကြီးအား အနီးကပ်၍ ကြည့်ရှုရာမှ ပျံလွန်တော်မူ ကြောင်း သိရှိကြတော့သည်။

(ရေဘူးတစ်ရာ၏အပေါက်ကို လုံအောင်ပိတ်၍ ရသော်လည်း လူ တစ်ယောက်၏ ပါးစပ်ပေါက်တစ်ပေါက်ကို ပိတ်၍မရ) ဟူ၍ စကားပုံရှိ၏။

ယခုကိစ္စမှာ ဦးခွေးနှင့် မိတုတ်တို့ ပါးစပ်ပေါက်မှာ နှစ်ပေါက်ဖြစ် နေလေရာ ထန်းတစ်ပင်ရွာနှင့် ထန်းနှစ်ပင်ရွာမှ ရွာသူရွာသားအားလုံး ဆရာတော်ဦးအိန္ဒြိယတစ်ယောက် ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ ဖြစ် ကြောင်း ကြားသိရလေရာ နှစ်ရွာလုံးတွင် ဆရာတော်များမှ ကမကထလုပ်၍ ဆရာတော်အား အကျဉ်းချုံးပြီး မီးသဂြိုဟ်ရန် ပြင်ဆင်ကြလေ၏။

ဆရာတော်၏ ရုပ်ကလာပ်အား ကျောင်းနှင့် ခပ်လှမ်းလှမ်းတွင် ထင်းများ စုပုံထားပြီး ထိုထင်းပုံများပေါ်၌ ဆရာတော်၏ အလောင်းကို ဖြစ် သလိုထားပြီး နောက်နေ့မှ မီးသဂြိုဟ်မည်ဟု ထားခဲ့လေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရွာလုံးက ကိုးကွယ်သော ဆရာတော်မဟုတ်သဖြင့် လေးလေးနက်နက် မရှိကြသကဲ့သို့ ကျတ်ကုန်းဖြစ်နေသဖြင့် ညအိပ်ညနေ၊ မနေရဲကြ။ ဒုက္ခပေးလိမ့်မည်ဟု ထင်မြင်ကြသဖြင့် ဖြစ်၏။

ဤကဲ့သို့ ဆရာတော် ပျံလွန်ရသည်မှာ ကျတ်တွေကြောင့်ပဲဟု တွက်ချက်ယူဆကြလေ၏။ ထို့ကြောင့် ရွာသို့ အသီးသီး ပြန်ခဲ့ကြပြီး ကျောင်းတွင် အစောင့်တစ်ယောက်မှ မနေခဲ့ကြပေ။

ထိုရွာများသည် အလွန်ခေါင်ပြီး လူအရောက်အပေါက် နည်းသဖြင့် လျှပ်စစ်မီးလည်း မရှိ။ နေဝင်မီးမှုတ် အိပ်ကြ၏။

ထိုသို့ နှစ်ရွာလုံး၊ အိပ်ပျော်သွားချိန်တွင် ဆရာတော် ဦးအိန္ဒြိယ၏ ကျောင်းပတ်ဝန်းကျင်တွင် မီးများထိန်ထိန်လင်းလျက် ပွဲတော်ကြီး ခင်းနေ၏။ အတ်ပွဲများလည်း ကနေ၏။ ပရိသတ်များ၏ ရယ်မောသံ၊ လက်ခုပ်တီးသံ ဆူညံနေ၏။

ယောင်ကျူး၍ ငိုနေသော အသံများ၊ အချက်ကျကျ ပတ်မကြီး၏ အဆို့အဝိတ်သံများ နားမခံနိုင်အောင် ကြားနေရတော့လေရာ ရွာနှစ်ရွာလုံးမှ ရွာသူရွာသားများ အိပ်ရာမှ လန့်နိုးပြီး ကျောင်းဆီသို့ မျှော်၍ကြည့်ကြ၏။

နံနက် (၃) နာရီခန့် ထိုးသော် ဆရာတော်ကြီး၏ အလောင်းကို မီးသင်္ဂြိုဟ်သဖြင့် သုံးပင်အိမ်တစ်လုံး မီးလောင်ရာတွင် တောက်လာသော မီးတောက်အရှယ်ကြီး တောက်လောင်လာလေရာ ထိုအလင်းရောင်ကြောင့် ပျားသန်းခတ်မျှ အလုပ်ရှုပ်အောင် ပြေးလွှားနေကြသည့် လူများကို မြင်တွေ့ကြရ၏။

နှစ်ရွာလုံးမှ ရွာသူရွာသားများမှာ ထိုနေရာသို့ သွားချင်ကြပါသော်လည်း သွားချင်သော စိတ်ကို ကြောက်၍သော စိတ်က ဖိနှိပ်ထားသဖြင့် မည်သူတစ်ဦးတစ်ယောက်မှ မသွားရဲကြပေ။

(၄) နာရီခန့်တွင် အသံများအားလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီး မီးရောင်များလည်း လုံးဝ မမြင်ရတော့သဖြင့် အားလုံး အိပ်လိုက်ကြလေ၏။

စိတ်ကူးသစ်စာပေ



နံနက်နေထွက်ပြူလာသောအခါ နှစ်ရွာလုံးမှ ရွာသူရွာသားများနှင့် ဆရာတော်တို့ပါ ဘုန်းကြီးကျောင်းဆီသို့ ပြေးလာခဲ့ကြရာ ကျောင်းသို့ရောက်သော် ဆရာတော်၏ အလောင်းစင်ထားသောနေရာတွင် ပြာပုံအတိ ဖြစ်နေပြီး ထိုပြာပုံပေါ်တွင် စဥ့်အိုးအငယ်တစ်လုံး တွေ့ရှိရလေ၏။

ထိုစဥ့်အိုးအငယ်အား ယူ၍ အဖုံးကို လှပ်ကြည့်လိုက်သောအခါ ဆရာတော်ဦးအိန္ဒြိယ၏ အရိုးပြာများကို တွေ့ရှိရလေတော့၏။

''ညက ငါ ကျိန်းတော့ ဆရာတော်ဦးအိန္ဒြိယက သူ့ပြာအိုးကို ဒီကျောင်းပေါ်က ဘုရားခန်းမှာ ထားပေးပါ''

လို့ အိပ်မက်ပေးသွားတယ်ဟု ထန်းတစ်ပင်ကျောင်းဆရာတော်က သူ့ရွာသားများကို ပြောသကဲ့သို့ ထန်းနှစ်ပင်ကျောင်းက ဆရာတော်ကလည်း ၎င်း၏ ရွာသားများကို ပြောပြရာ ဆရာတော်ကြီး၏ အရိုးပြာအိုးကို ကျောင်းပေါ်တွင်ရှိသော ဘုရားခန်းထဲသို့ ထားခဲ့ပြီး တစ်ယောက်မကျန် ကိုယ့်ရွာကိုယ် ပြန်ခဲ့ကြလေတော့၏။

ကမ္ဘာပေါ်တွင် ကျတ်များက ရှိသေမြတ်နိုးစွာ မီးသင်္ဂြိုဟ်ပေးခြင်းခံရသူမှာ ဆရာတော်ကြီးဦးအိန္ဒြိယ(ဝေဠုဝန်) တစ်ပါးတည်းသာရှိကြောင်း ကြားသိရပါသည်။ အမှန်သာ ပေါက်ပေါက်ရောက်ရောက်ဆိုလျှင် ဂရင်းနစ်စံချိန်ပင် တင်လောက်ပါပေသတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

## နင်လားတဲ့ သင်းခွေချပ်

❑

''သင်းခွေချပ်တစ်ကောင်၊ ကျပ်ငါးသောင်း ... အရှင်ဖမ်းပေး
မည်''

''အသေဆိုရင်တော့ ကျပ်နှစ်သောင်းခွဲ''

ပရဆေးဆိုင်ပိုင်ရှင် ဓာတ်ဖိုဆရာကြီး ဦးမိုးမောင်က တော
လိုက်မုဆိုး မြွေဘုရင်သာခင်ကို ပြော၏။ မောင်သာခင်သည် ဘီပီအိုင်
ကုမ္ပဏီသို့ မြွေမျိုးစုံဖမ်းပြီး ပေးနေသူဖြစ်၏။

သူ့တွင် လက်နက်ကြီးကြီးမပါ။ မြွေဖမ်းရန် ခက်ရင်းခွတစ်ချောင်း
ချိုးငှက်၊ သိန်းစွန်၊ ယုန်တို့နှင့် သမင်ဒရယ်တို့ကို ပစ်ရန် (ပွိုင့်တူးတူး) သေ
နတ်တစ်လက်နှင့် (နံပါတ်တူး) လေသေနတ်တစ်လက်တို့သာ ပါ၏။

၁၉၆၅ ခုနှစ်က ပန်းလှိုင်ရပ်ကွက်(ယခု) ရွှေလိပ်ပြာအိမ်ရာ (အောင်
ကြည့်မြင်တိုင်)နှင့် ပန်းလှိုင်ဘူတာ ပတ်ဝန်းကျင်ရှိ ခွေးလေ၊ ခွေးလွှင့်များ





ရှင်းလင်းရာတွင် စည်ပင်သာယာမှ လေသေနတ်၊ နံပါတ်နှစ်ဖြင့် ရှင်း
ခဲ့သူ၏။

ထိုနံပါတ်နှစ်လေသေနတ်မှာ ကိုင်ခွင့်လိုင်စင် ဆောင်ရ၏။ လူ၏
ဘက်ရင်အုံ (နှလုံး)နေရာနှင့် ဦးခေါင်းတို့ကို မှန်ပါက သေ၏။

ခွေးများ၊ သမင်များနှင့် ဒရယ်များကို နားအုံနောက်နှင့် နဖူး (မျက်လုံး
ကြား) မှန်ပါက သေ၏။

ပွိုင့်တူးတူးသေနတ်ကတော့ ရိုင်ဖယ်သေနတ်ကဲ့သို့ ပြင်းထန်လှ

မြွေဘုရင်သာခင်သည် ကြက်ငှက်တိရစ္ဆာန်၊ သမင်ချို၊ ဒရယ်
ခွံ ကျားအရေခွံ တောက်တဲ့၊ ဝက်ဝံနှင့် ကြက်တူရွေးတို့ကို ဖမ်းပြီး
သားနယ်စပ်သို့ တိရစ္ဆာန်မှောင်ခိုများနှင့် ဆက်သွယ်ပြီး ဖမ်းဆီးရောင်း
နေသူဖြစ်၏။

သူ့တွင် ဘီပီအိုင်မှ မြွေဝယ်ယူရောင်းပိုင်ခွင့် ရရှိထားသူဖြစ်ရာ
တကာ၊ ရွာတကာတို့မှ တာဝန်ရှိပုဂ္ဂိုလ်တို့က မဖမ်းသည့်အပြင် အကူ
ညီပင် ပေးကြ၏။

ရွာကို မြွေဘုရင် သာခင်ရောက်လာလျှင် မိုက်ကို ခွေးအနမ်းခံရ
င် ယုန်သား၊ သမင်သားတို့ကို စားရလေရာ၊ မြွေဘုရင်သာခင်ကို ကူညီ
များသည်။

ရောက်လေရာ ရွာများတွင် တုပည့်ကျော်ဘိုးတော်နှင့် နှစ်ယောက်
စရာအိမ်၊ စားစရာအိမ် မရှားခဲ့ပေ။

များသောအားဖြင့် သာခင်တို့နှစ်ယောက်သည် တောထဲမှာသာ
နေများ၏။

အထူးလေ့ကျင့်ထားသည်မှာ ဂေါ်ရခါးဓားကောက်ကို ပိုင်ပိုင်နိုင်
ထိုင်နိုင်သည်။

ထိုဂေါ်ရခါးဓားကောက်ဖြင့် ပစ်ပေါက်ရသည်ဆိုလျှင် ဆယ်ပေ
မှ ပစ်မှတ်ကို အလယ်တည့်တည့်ထိအောင် ပစ်နိုင်၏။ ထိုဓားကို
ယောက်စလုံး ကျွမ်းကျင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားဖြင့် ရင်ဆိုင်တွေ့လျှင် ထိုဓားကို သုံး၏။ အထူးသဖြင့် နှ ဖက်ချွန်၊ တစ်ပေခွဲခန့်ရှိသော ဝါးဆစ်ပိတ်တုတ် နှစ်ချောင်းဖြင့် ဗန်တိ ဗန်ရှည်သိုင်းကို သုံးကာ သတ်ပုတ်၏။

လောကတွင် တခြေ့ သူရဲမရှိဟု ယုံကြည်သူများဖြစ်သည်။

ဘာဆို ဘာမှမကြောက်။ တစ်ခါက ဖန်လန်းရွာကြီးသို့ တောကော တစ်ကောင် ဝင်ရောက်သောင်းကျန်းခဲ့ဖူး၏။

ပထမကြက်ခြံထဲမှ ကြက်ကို ဆွဲ၏။

ဒုတိယနွားကို ဆွဲ၏။

နောက်တော့ လူကို အန္တရာယ်ပြုလာတော့သည်။

လူသားစားမိသော ကျားသည် လူမှလွဲ၍ မစားချင်တော့။ အခြား တိရစ္ဆာန်များသည် သူ့အတွက် ခံတွင်းမတွေ့။ ရွာမှ လူများနေဝင်လာ လျှင် အပြင်သို့ မထွက်ဝံ့တော့။ ထိုသို့ အပြင်မထွက်တော့သောအခါ အိ နေသူများကို ဝင်၍ ဆွဲတော့သည်။

ထိုသတင်းကို မြွေဘုရင်သာခင်နှင့် တပည့်ကျော်ဘိုးတော်တို့ ကြာ သောအခါ ဝမ်းသာအားရဖြင့် ဖလန်းရွာကြီးသို့ ရောက်လာကြ၏။

ဖလန်းရွာသားတို့က သာခင်တို့နှစ်ယောက်ကို တွေ့သောအခါ ကြီးကြီးမားမား ဘာလက်နက်မှ မပါဘဲ တုတ်တိုတစ်ယောက်နှစ်ချောင်း ခေါ်ရခါးဓားကတစ်ယောက်တစ်လက်၊ လူက နှစ်ယောက်တည်းဖြင့် (ဆင်ဖမ်း မယ်၊ ကျားဖမ်းမယ်) ပြောနေရာ ရယ်ကြလေ၏။

"ဖြစ်ပါ့မလား . . . မောင်သာခင်၊ ဒါနဲ့ မသိလို့ မေးပါဦးမယ် မင်းတို့က ဗုဒ္ဓဘာသာတွေလား"

"ဟုတ်ပါတယ် . . . လာဘ်ဘီးထန်"

"အေး . . . အဲဒါဆိုရင် မဖြစ်ဘူးထင်တယ် မောင်ရင်"

"ဘာဖြစ်လို့လဲဗျ"

"ငါတို့က ခရစ်ယန်တွေ၊ မင်းတို့နှစ်ယောက်သေရင် သရဏဂုံ တင်ပေးမယ့် မြန်မာဘုန်းကြီး ငါတို့ဆီမှာ မရှိဘူး"

ဟု ပြောကာ ပြန်နိုင်း၏။





"ဒါအတွက်တော့ မပူနဲ့။ ကျွန်တော်တို့နှစ်ယောက်က မျက်နှာသစ် တည်းက ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိလို့ ရွတ်ဖတ်ပြီးမှ မျက်နှာသစ်တာဆိုတော့ ကျွန်တော်တို့က မသေခင်ကတည်း က သရဏဂုံတင်ပြီးသွားပါ။ တကယ်လို့ တောထဲမှာ လူမသိ သူမသိ သေ သွားရင် ရွတ်ပြီးသားဖြစ်အောင်လို့ဟု ရယ်ရယ်မောမော ပြောသည်။

"ဟုတ်ပါ့မလားကွာ . . . ဒီကောင်တွေက လူထက် လျင်တယ်ကွ။ ဒီတို့တစ်ရွာလုံး သူ့နောက်ကို လိုက်ခဲ့ဖူးတယ်။ နောက်ထပ် တစ်ယောက် သာ ဆုံးသွားတယ်။ သူ့ကို မရလိုက်ဘူး"

"လူအများကြီးသွားတော့ မှားတာပေါ့ဗျ။ သူ့ငဲ့ရ ငါ့ငဲ့ရနဲ့ သေတာ ပေါ့။ တကယ်သတ္တိရှိတဲ့ လူနည်းနည်းနဲ့ ဆိုရတယ်ဗျ"

"အေးလေ . . . ကိုယ့်သေတွင်း ကိုယ်တူးချင်လို့ တားမရလည်း မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ"

ဟု လူကြီးလာဘ်ဘီးထန်က လက်လျှော့လိုက်၏။

"ဒီမှာ လာဘ်ဘီးထန် ခင်ဗျားတို့က ကျားတွေရဲ့အထာကို မသိ လို့ ကြောက်နေတာပါ။ ကျွန်တော်တို့က ဒီအကောင်တွေနဲ့ အမြဲတွေ့နေတာ ဆိုတော့ မဆန်းတော့ဘူးဗျ"

"နောင်လည်း ခင်ဗျားတို့ တွေ့နေရဦးမှာ။ ကျွန်တော်ပြောမယ် မှတ်ထား"

"ကျားဆိုတာ မျက်နှာချင်းရင်ဆိုင်ရင် တိရစ္ဆာန်ဆိုလည်း တိရစ္ဆာန် ရှုဆိုလည်း လူ သေသေချာချာကြည့်ပြီး သေသေချာချာ ချိန်ပြီးမှ ခုန်အုပ် တတ်တဲ့ သတ္တဝါမျိုးဗျ"

"ကိုယ်ကသူတို့နဲ့ မျက်လုံးချင်းဆိုင်မိရင် ကိုယ်က ဦးအောင် မျက်လုံးကို မလွှဲလိုက်နဲ့။ မျက်တောင်မခတ်ဘဲ သူ့မျက်လုံးတွေကို သေသေ ချာချာစိုက်ကြည့်နေ။ ဒါဆို သူ ချက်ချင်း ရန်မမူရဲတော့ဘူး"

"ညဆိုရင် ဘယ်လိုလုပ် မျက်လုံးချင်း ဆိုင်ကြည့်မလဲ"

"သူတို့က လူတွေထက် ညမျက်စိ ပိုကောင်းတယ်ဗျ။ ဘာမီးရောင် မှ မရှိရှိ၊ သူတို့မျက်လုံးနှစ်လုံးက ကြယ်ညီနောင်လို တောက်ပနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီတောက်ပနေတဲ့ မျက်လုံးကိုသာ ...ကြည့်ထား။ နောက်သတိထားရမှာက သူ့ရဲ့ နောက်ခြေထောက်နှစ်ချောင်း။ ကွေးညွတ်လိုက်ပြီဆိုရင် သူ ခုန်ပြီးအုပ်ပြီသာ မှတ်တော့''

''သူတို့က သူတို့ရဲ့ ရန်သူနဲ့ အကွာအဝေးကို လူတွေထက် တွက်တတ်တယ်။ ဒါကြောင့် သူ နောက်ကို တစ်လှမ်းဆုတ်ဆုတ်၊ ရှေ့ကို တစ်လှမ်းတက်တက် ကိုယ်က သူနဲ့နီးအောင် တစ်လှမ်းလိုက်တိုးရတယ်''

''ဒါမှ သူ ခုန်အုပ်လိုက်တဲ့ အချိန်မှာ ကိုယ်က သူ့ရဲ့ ရှေ့လက်နှစ်ချောင်းနဲ့လွတ်ပြီး သူ့ဗိုက်အောက်ရောက်သွားတာ။ အဲဒီလို ဗိုက်အောက်ရောက်သွားရင် ကိုယ်ကြိုက်သလို လုပ်တော့''

ဟု သာခင်က ရှင်းပြ၏။

''အေး ...မင်းကပြောတော့ ဂရိတ်ဖိုးစိန်ကြီးပဲ။ ထွက်လာတော့ ချောက်ဖိုးစိန် ဖြစ်မလာပါစေနဲ့ ...ငါ့လူရာ။ မင်းပြောပုံဆိုရင် ကျားကိုယ်လုံးနဲ့ ဖိပြီး သေကိန်းပဲ မြင်တယ်''

ဟု လာဘ်ဘီးထန်က ပြော၏။

ထိုသို့ သာခင်က ရှင်းပြနေခိုက် ရွာအပြင်မှ ကျားဟိန်းသံ ကြားရလေ၏။

ရွာသူရွာသားများ ကြောက်လွန်းသဖြင့် တိတ်ဆိတ်သွားသည်။ အိမ်းကိုပင် ကျယ်ကျယ်မပေါက်ရဲကြတော့။

''ဝေါင်း ...''

''ဝေါင်း ...''

''ဖျောက် ...ဖျောက် ...ဖျောက် ...''

''ဝေါင်း ...''

ကျားဟိန်းသံက ရွာ၏ တောင်ဘက်ဆီမှ လာ၏။ သာခင်နှင့် ဘိုးထော်တို့ နှစ်ယောက် ကျားဟိန်းသံကြားရာဆီသို့ ပြေးသွားခဲ့ကြသည်။

ရွာခရီးက ဆူးခက်၊ ဆူးလက်များဖြင့် အထူကြီးကာထား၏။ ဆူးခက်များကပင် လက်ခုတ်တစ်ဖောင်မြင့်၏။





ထိုဆူးခက်၊ ဆူးလက်များအကြားမှ လက်ခုတ်တစ်ဖောင်မြင့်သော ဝါးချွန်များကို ထပ်၍ ထောင်ထားပြန်သည်။ တော်ရုံတန်ရုံလူဆိုလျှင် ဘယ်လိုမှဝင်၍ မရနိုင်။

''ဟော့ ...ကျားက ဒီကခုန်ဝင်မှာဆိုတော့ ငါတို့ခရိုကို ကပ်နေအောင် ခားကောက်ကို အရင်သုံးဟော့''

ဟု သာခင်က သတိပေး၏။

''ဝေါင်း ...''

''ဖျော ...ဖျော ...ဖျော ...''

ကျားက ခုန်ဝင်လာသည်။ ဝါးချွန်ထိပ်ဖျားဖြင့် ဝမ်းဗိုက်ထိသွားသဖြင့် ခြံစည်းရိုး နည်းနည်းကျိုးပဲ့ ပျက်စီးသွား၏။

ကျားကြီးလေပေါ် ဝဲပျံလာချိန်တွင် သာခင်နှင့် ဘိုးထော်တို့ ပစ်လိုက်သည့်ခားနှစ်ချောင်းက ကျားကြီး၏ ရှေ့လက်ပြင် လက်နှစ်ချောင်းကြားသို့ ဝင်စိုက်သွားလေ၏။

ကျားတို့၏ သဘာဝလေ့မှာ ထိုသို့ဖြစ်ပါက နောက်ကျွမ်းထပ်လေ့ရှိ၏။

ယခု ကျားကြီးကလည်း နောက်ကျွမ်းပစ်လိုက်ရာ သာခင်၏အပေါ်သို့ အုပ်မိလျက်သား ပြန်ကျလာ၏။

ထိုအခါ သာခင်က မိမိတွင်ပါလာသော ဝါးချွန်နှစ်ချောင်းဖြင့် ဗိုက်ထဲသို့ ထိုးသွင်းပြီး အပြင်သို့ လိမ့်ထွက်သွား၏။

''ဝေါင်း ...''

ကျားကြီး မချိမဆန့်နာ၍ ရွာပျက်လုမတတ် အော်၏။

''ဖုန်း ...ဖုန်း ...''

''ဗွပ် ...ဗွပ် ...''

ကျားကြီး မြေပေါ်သို့ လေးဘက်ထောက်၍ အကျ၊ ဘိုးထော်က သူ၏ ဝါးဆစ်တုတ်နှစ်ချောင်းဖြင့် ဘယ်ညာ အားသွန်စိုက်ကာ ကျားကြီး၏ ခါးဆစ်ကို ရိုက်ချိုးလိုက်ရာ ကျားကြီးမှာ ဒေါသပုန်ထနေသော်လည်း နောက်ပိုင်းခါးဆစ်ရိုး ကျိုးသွားသဖြင့် မလုပ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဘိုးတော်က သူ၏ ဝါးချွန်များကို ကျားကြီး၏ လည်ပင်းထဲသို့ ဝါးဆစ်တုတ်ချွန်နှစ်ချောင်းလုံး ထိုးထည့်လိုက်လေ၏။

"မိုက်လိုက်တဲ့ ကောင်ကွာ။ ဒီလောက်ပေါက်ပြဲနေတဲ့ အရေခွံကို ဘယ်သူက ဈေးကောင်းပေးဝယ်တော့မလဲကွ"

ဟု သာခင်က တပည့်ကျော် ဘိုးတော်ကို ဆူလေ၏။

"ကျားကြီး သေပြီဟေ့"

"ကျားကြီး သေပြီကွ"

ဟု လာဘ်ဘီးထန်က အော်လိုက်ရာ တစ်ရွာလုံး မီးခွက်ကို ကိုင်ပြီး ဆင်းလာကြ၏။

"ဝေါ်း ..."

"ဝေါ်း ..."

ကျားကြီးက မသေသေး။ ခါးကျိုးသွား၍ လှုပ်လည်း မလှုပ်နိုင်တော့။

"တကတည်းမှပဲ ... ငါတို့တစ်ရွာလုံး ထွက်လိုက်တုန်းက ဒီကျားကြီးကို မဖမ်းနိုင်ဘူး။ ဒီလူနှစ်ယောက်ကျမှ ဖမ်းနိုင်တယ်။ ဒီလူတွေ လူမဟုတ်ဘူး၊ နတ်ကျားကို နိုင်တဲ့အတွက် နတ်ကျားနိုင်မင်းသားတွေပဲ"

ဟု အမျိုးသမီးတစ်ယောက်က အော်၏။

"ကိုင်း ... လာဘ်ဘီးထန် ခင်များတို့ ချင်းရွာတစ်ရွာလုံး ဒီကျားသားကို ဝေခြမ်းပြီး ယူကြတော့"

"အရိုးနဲ့ အရေခွံပဲ ကျွန်တော်တို့ ယူသွားမယ်"

ဟု သာခင်က ပြော၏။ ထိုသို့ ပြောနေခိုက်မှာပင် ကျားကြီး အသက်ထွက်သွားရာ စိုက်ဝင်နေသော ဓားများနှင့် တုတ်ချွန်များကို နုတ်ပြီး 'သုံးသိန်းလောက်တော့ ပိုင်ပြီ' ဟု တွေးလျက် အရေခွံတခြား၊ အရိုးတခြား၊ အသားတခြားဖြစ်အောင် လျင်မြန်ကျွမ်းကျင်စွာ သာခင်နှင့် ဘိုးတော်တို့က ရှင်းထုတ်ပြီး အရိုးများကို ချိုးဖဲ့ပြီးနောက် ဂုန်နီအိတ်ထဲသို့ ထည့်လိုက်ပြီး ကျားရေကိုတော့ ပုံစံမပျက်၊ အခြောက်လှမ်းရန် ပြင်ဆင်လိုက်လေတော့၏။





ဤကဲ့သို့ ကျားကိုပင် ရင်ဆိုင်ရဲသော သာခင်နှင့် ဘိုးတော်တို့မှာ ကို အသံဖြင့်သာ ဒုက္ခပေးနိုင်ပြီး ရင်ဆိုင်တွေ့ရှိပါက ဘာမှ မလုပ်နိုင်သော သင်းခွေချပ်များကိုမူ လာထားဟူ၍ ကြိမ်းမောင်းနေ၏။ သူတို့အဖို့တော့ ပျင်းတောင်ပျင်းသေးဟု ပြောရမည်ဖြစ်၏။

"အေး ... မင်းတို့ လိုက်တာ မလိုက်တာ ငါနဲ့မဆိုင်ဘူး။ လိုက်ခဲ့သို့ ပြောပြန်ရင်လည်း ပါဏာတိပါတာကံငါက ထိုက်ဦးမယ်။ မလိုက်နဲ့ ပြောရင်လည်း မင်းတို့က ငါ့ကို စိတ်ဆိုးဦးမယ်"

ဟု ဦးပဉ္ဇင်းကြီး ဦးစိန္တိတက မိန့်မြွက်၏။

အမှန်တော့ ဦးစိန္တိတသည် ငယ်ကိုရင်ဘဝကတည်းက သာခင်တို့ ခင်၏။ ထန်းတစ်ပင်ရွာနှင့် ထန်းနှစ်ပင်ရွာကြားမှ (ဝေဠုဝန်) ကျောင်းတွင် သင်းခွေချပ်ကြောင့်လည်းကောင်း၊ ပြိတ္တာကျတ်များကြောင့်လည်းကောင်း ဒုက္ခရောက်နေကြကြောင်း ကြားရသဖြင့် သင်းခွေချပ်ကို ယူချင်၍ တော် ဦးစိန္တိတနှင့် လိုက်ပါခွင့် တောင်းနေခြင်းဖြစ်၏။

ဦးပဉ္ဇင်း ဉူးစိန္တိတအနေဖြင့် ဤဝေဠုဝန်ကျောင်းသို့ သွားချင်၍ ခြင်းမဟုတ်။ မြို့နယ် သံဃနာယကအဖွဲ့မှ စေလွှတ်၍ သွားရခြင်း

သီလရှင်ဆရာလေး ဒေါ်ကဥ္စနာဝတီဦးစီးသော မယ်သီလရှင် ငါးဦးက ညစဉ်ဝတ်ရွတ်ရန် ပဌာန်းရွတ်ရန် လိုက်ပါကြမည်ဖြစ်သကဲ့ တ်မြေကြီးကို အထက်အောက်လှန်ပစ်ရန် ထွန်စက်နှစ်စီးကိုပါ တစ်ပါ ခေါ်သွားမည်ဖြစ်သည်။

ထန်းတစ်ပင်ရွာနှင့် ထန်းနှစ်ပင်ရွာတို့ကို ကျောင်းနှင့် ခြားထားသော ကြီးအား တံတားဆောက်ရန် သစ်မာများနှင့် ကျွန်းတိုင်များဆင်းရန် ရိုက်ရန် သံချွန်များနှင့် သင်းခွေချပ်များနေသော ကျင်းကြီးရှိသည့် င်အား ငါးပေအကွာမှပတ်ပြီး ဂြိုဟ်ကြီးရှစ်လုံး ပုံဖော်ရန် (ဘုရား နှင့် ခြင်္သေ့၊ ကျား၊ ကြွက်၊ ပွး၊ နဂါး၊ ဂဠုန်၊ ဆင်နှင့် ရာဟုအတွက် ကောင်၊ ပေါင်းနေ့နံများအတွက် တိရစ္ဆာန် (၈) ကောင်ကိုလည်း ပြီး ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖြူပ်တိုင်များတွင်ထားရန် သကြားရုပ်ပန်းပု (၈) ခုကို ငါ တစ်ပါတည်း ယူလာပြီး ဘိလပ်မြေများကို ဟီးနိုးကား (၃) စီးဖြင့် ကျွမ်းကျင်သော ပန်းရံဆရာ လက်သမားဆရာ (၆) ယောက်တို့ကိုပါ ခေါ်သွားကြသည်။

အလုပ်ကြမ်းသမားကိုတော့ ၎င်းရွာများမှ မိန်းမယောက်ျားများကို ငှားမည်ဟု တွက်လေ၏။ ချောင်း၏အကျယ်မှာ ထန်းပင်တစ်ပင်စာသာ ကျယ်ကြောင်းသိရာ အားလုံး အဆင်သင့်ပြုပြင်ပြီး ဝေဠုဝန်ကျောင်းသို့ ထွက်ခဲ့ကြ၏။

ပထမ ထန်းနှစ်ပင်ရွာသို့ရောက်ရာ ထိုရွာမှ အလုပ်ကြမ်းသမားများကို ငှားပြီး ထိုချောင်းကို ကားတစ်စီးဖြတ်သာရုံ တံတားဆောက်၏။ တစ်နေ့နှင့်တစ်ည တည်ဆောက်ရာ ပြီးသည်နှင့် ဖြတ်ကူးကြပြီး ဝေဠုဝန်ကျောင်းသို့ရောက်သော် ထန်းတစ်ပင်ချောင်းကို ဖြတ်သော တံတားကိုလည်း ပြီးစီးအောင် တည်ဆောက်ကြ၏။

ဆရာတော် ဦးစိန္တိတနှင့် လူများအားလုံး ကျောင်းပေါ်သို့ မတက်ကြ။ မတက်ကြရန်လည်း ဆရာတော်မှ တားမြစ်ထား၏။

ကျောင်းရှေ့မှာ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ကန်တော့ပွဲတွေ ပြင်ဆင်နိုင်းပြီး ဆရာတော် ဦးစိန္တိတမှ . . .

"ဆရာတော် ဦးအိန္ဒြိယဘုရား တပည့်တော်သည် ဤကျောင်းဝင်းတွင်ရှိနေသော ကျောင်းပတ်ဝန်းကျင်တွင်ရှိနေသော နာနာဘာဝ၊ ဝိနာသဝတို့အား မေတ္တာရပ်ခံပြီး တော်ရာမှာ နေထိုင်ကြရန်နှင့် သာသနာပြုမည့် ပုဂ္ဂိုလ်များအား မနှောင့်ယှက်ရန် တောင်းပန်ရန် လာခြင်းဖြစ်ပါသည်"

"တပည့်တော်သည် ဆရာတော်ဘုရားအတွက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ တာဝန်ယူပါမည်ဘုရား"

"တပည့်တော်နှင့်အတူ ဆွမ်းစားကြွပါရန်နှင့် တပည့်တော်နှင့် ပါလာသော လူများအား တစ်စုံတစ်ရာ နှောင့်ယှက်မှုမလုပ်ပါရန် မေတ္တာရပ်ခံအပ်ပါသည် ဘုရား"





"အခြား မမြင်အပ်၊ မြင်အပ် ပုဂ္ဂိုလ်များ၏ တိုက်ခိုက်မှုဘေးမှလည်း ကယ်မပေးသနားတော်မူပါဘုရား"

"ယခုရှေ့တွင် ပြင်ဆင်ထားသော ကန်တော့ပွဲများနှင့် အလင်းတိုင်အမွှေးတိုင်များအား ဆရာတော် ဦးအိန္ဒြိယကိုယ်တော်အား လှူဒါန်းပါသည်"

"ဆရာတော်မှတစ်ဆင့် မြတ်စွာဘုရားသခင်အား အလိုရှိသလို ဆက်ကပ်လှူဒါန်းတော်မူပါဘုရား"

ဟု ပြောဆို၏။ ဤသို့ လှူပြီးနောက် . . .

"တပည့်တော်တို့ အဖွဲ့သားအားလုံးအား ကူညီစောင်မ ပေးသနားတော်မူပါဘုရား။ စက်ပစ္စည်းများ မပျက်အောင် စောင့်ရှောက်ပေးပါဘုရား" ဟု ပြောဆိုပြီး လာကြသူအားလုံး ဩကာသမှ အစပြု၍ ဘုရားစာများ ရွတ်ဆိုပြီးနောက် တံတားနှစ်စင်းဆောက်လုပ်ခြင်းကို ရေစက်ချ အမျှဝေ၍ သာလေ၏။

ထို့နောက် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပြီးနောက် မယ်သီလရှင်များအား ဝတ်ရွတ်စေပါလေ၏။

ထိုသို့ ဝတ်ရွတ်နေစဉ် အတွင်းအလုပ်သမားများက မီးကြိုးများ သွယ်တန်းသူက သွယ်၍ တိုရိုတာအင်ဂျင်နှစ်လုံးကို မီးစက်များအဖြစ် ပြောင်းလဲထားကာ မီးထွန်းနိုင်ရန် အဆင်သင့် ပြင်ဆင်ထားပြီး ဤနေရာမှာပင် ရွက်ဖျင်တဲများထိုးကာ နေရာချထားလေ၏။

ထိုကိစ္စများ ပြုလုပ်နေရာ ညနေခြောက်နာရီမှ ပြီး၏။

ညနေခြောက်နာရီတွင် လူတွေ အုန်းအုန်းကျွက်ကျွက် ဖြစ်လာကြရ၏။

ကလေးများငိုသံ နွားများကို ဝေါက်သံ၊ တစ်ယောက်နှင့်တစ်ယောက် အော်ခေါ်သံများကြားရပြီး ညမီးစက်မောင်းသည့်အချိန်တွင် လှည်းအစီးငါးဆယ်ခန့်မည်သည့်နေရာမှ ထွက်လာသည်မသိ။ မိမိတို့နှင့် ခပ်လှမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ အနောက်စူးစူးသို့ မောင်းနေသော အသံများအပြင် လှည်းနှင့်လူများကိုပါ တွေ့မြင်ကြရ၏။

"မေတ္တာပို့ အမျှဝေကြပေါ့။ သူတို့ နေရာရွှေ့နေကြပြီ"

ဟု ဆရာတော် ဦးစိန္တိတက ပြော၏။

"အရှေ့အရပ်၌လည်းကောင်း ..."

"အနောက်အရပ်၌လည်းကောင်း ..."

"တောင်အရပ်၌လည်းကောင်း ..."

"မြောက်အရပ်၌လည်းကောင်း ..."

"အရှေ့မြောက်အရပ်၌လည်းကောင်း ..."

"အနောက်တောင်၊အနောက်မြောက်အရပ်၌လည်းကောင်း .."

"အောက်အရပ်၌လည်းကောင်း၊ အထက်အရပ်၌လည်းကောင်း"

"အရှုဏ်ငါးပါး၌ ကပ်တတ်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည်လည်းကောင်း ..."

"ထွက်သက်ဝင်သက်ရှိကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည်လည်းကောင်း ..."

"ကိလေသာကြောင့်ဖြစ်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည်လည်းကောင်း ..."

"ထိုသို့သော သတ္တဝါတို့၏ အကျိုးကို ပြည့်စုံစေတတ်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည်လည်းကောင်း"

"အတ္တဘော၌၊ အကျုံးဝင်ကုန်သော၊ သတ္တဝါတို့သည်လည်းကောင်း ..."

"ခပ်သိမ်းကုန်သော သတ္တဝါအရိယာတို့သည်လည်းကောင်း..."

"ခပ်သိမ်းကုန်သော ပုထုဇဉ်တို့သည်လည်းကောင်း ..."

"ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်လည်းကောင်း ..."

"ခပ်သိမ်းကုန်သော လူတို့နှင့် အပါယ်ဘုံသားတို့သည်လည်းကောင်း ..."

"ဘေးရန်ခပ်သိမ်း၊ ငြိမ်းချမ်းကြပါစေကုန်သတည်း ..."





"ကြောင့်ကြခပ်သိမ်း၊ ငြိမ်းချမ်းကြပါစေကုန်သတည်း ..."

"ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြ၍ ချမ်းသာခြင်း ရှိကုန်သည်ဖြစ်၍ [illegible]ကိုယ်ကို ဆောင်နိုင်ကြပါစေကုန်သတည်း"

ဟု ဆရာတော်နှင့်တကွ မယ်သီလရှင်တို့မှ မေတ္တာပို့သလိုက်လေ[illegible]သည်။

တရွေ့ရွေ့သွားနေသော လှည်းတန်းကြီးဆီမှ သာဓုသုံးကြိမ်ခေါ်[illegible]သည် ဝေဠုဝန်ကျောင်းရှေ့မှ လူများ၏အသံကို ဖုံးလွှမ်းသွားလေတော့[illegible]

လှည်းတန်းကြီးလည်း မျက်စိအောက်မှ တဖြည်းဖြည်း ပျောက်ကွယ်[illegible]သွားလေ၏။ ဆရာတော် ဦးစိန္တိတသည် ငင်းရဟန်းဘဝနေစဉ်က (သစ်တံခါး [illegible]ဆရာတော်ကြီး ဦးဘဒ္ဒန္တမဏိဇောတ (ယော)ဆရာတော်ကြီးထံမှ မှတ်သား[illegible]ယူခဲ့ရသော နေ့စဉ် မေတ္တာပွားပုံများကို ရွတ်ဆို၍ မြင်အပ်၊ မမြင်အပ်[illegible]လ်များနှင့် အရပ် (၈)မျက်နှာ မေတ္တာပို့ကို ပို့သလိုက်ခြင်း ဖြစ်ပေ၏။

ပါလာကြသူအားလုံး တစ်ညလုံး ကောင်းကောင်း အိပ်ကြရ၏။ [illegible]အရုဏ်တက်တွင် တာဝန်ရှိသူတို့မှ အရုဏ်ဆွမ်းထချက်ပြီး ဆရာတော်[illegible] ဦးအိန္ဒြိယကို ပင့်ဖိတ်ပြီး ဦးစိန္တိတက ဆွမ်းအတူတူ ဘုဉ်းပေးလေ၏။

နံနက် (၇) နာရီထိုးမှစ၍ ကျွတ်ကုန်းကို မြေလှန်ပစ်လေ၏။ ထွန်[illegible]နှစ်စီးဖြင့် ကျောင်းပတ်ပတ်လည်မြေများကို ခက်နက်နက် တူးယက်ပြီး [illegible]ကို အထက်အောက် လှန်ပစ်သည့်အပြင် ငင်းနေရာသို့ ပွားထား[illegible] ပရိတ်ရေများ ပီပါထဲမှ ကူဘိုတာစက်ဖြင့် စုပ်ယူ၍ ဖျန်းပက်ပြီးနောက် [illegible]လွင်မြို့ နိဗ္ဗာန်လမ်းပြဆရာတော် ဦးက္ကုသရဆရာတော် စီစဉ်ထား[illegible] ကပျက်ယပျက်အင်းကို ကြေးနီပြားပေါ်တွင် ရေးဆွဲထားပြီး ဆရာတော်[illegible]ကိုယ်တိုင် သိဒ္ဓိတင်ပေးလိုက်သည့် အင်းကွက်များအားလည်းကောင်း [illegible]ယက်ထားသော မြေအကျယ်အဝန်းအတိုင်း ရွတ်ဖတ်ပြီး မြှုပ်လိုက်လေ[illegible] အရပ်ရှစ်မျက်နှာ မြှုပ်ပြီးသောအခါ ကန်တော့ပွဲများထိုး၍ အစောင့်[illegible]ကျက်များအား နောင်သောအခါတွင် နာနာဘာဝကျွတ်များ မလာရောက်[illegible] စီစဉ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သာခင် ... သာခင် ..."

"ဟေ့ ... သာခင် ... သာခင် ..."

ညောင်ခေါင်းထဲမှလည်းကောင်း၊ ညောင်ပင်ပေါ်မှလည်းကောင်း 'သာခင် ... သာခင် ..' ဟု ခေါ်နေရာ မြွေဘုရင်သာခင်သည် နံပါတ်နှစ် လေသေနတ်ထဲသို့ ခဲကျည်ဆန်ထည့်လိုက်ပြီး မိမိအား ခေါ်နေသော သင်းခွေချပ်၏ အသံလာရာသို့ ညောင်ပင်ပေါ်ရှာကြည့်ရာ ညောင်ပင်၊ ကိုင်းဆုံတွင် မိမိအား သေသေချာချာကြည့်ကာ အဆက်မပြတ် နာမည်ခေါ်နေသော အကောင်ကိုတွေ့၍ သေချာစွာ ချိန်ပြီး ပစ်ချလိုက်၏။

"ဒေါက် ..."

"ဖျော ... ဖျော ... ဖျော ..."

"ဖုန်း ..."

သင်းခွေချပ်၏ မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားပြီး အောက်သို့ ပြုတ်ကျလာလေ၏။

"ဘိုးထော်"

"ဘိုးထော်"

နောက်တစ်ကောင်ကတော့ လွယ်သည်၊ ညောင်ပင်အောက်မှ သစ်ငုပ်တိုပေါ်တွင် ကိုယ်ထည်ကြီးကို ကပ်ထားလျက် ခေါ်နေရာ ဘိုးထော်က အနားကပ်ပြီး ဖမ်းမည်လုပ်လိုက်သောအခါ ဦးခေါင်းကို အမြီးဖြင့် အုပ်လိုက်ပြီး ဘောလုံးပုံသဏ္ဌာန်ပြောင်းကာ အောက်သို့ လိမ့်ဆင်းပြီး လိမ့်၍လိမ့်၍ ပြေးလေ၏။

ဘိုးထော်သည် ဂေါ်ရခါးဓားကောက်ကို ခါးမှဖြုတ်ကာ လိမ့်နေသော သင်းခွေချပ်ကို ပစ်လိုက်ရာ သင်းခွေချပ် နှစ်ခြမ်းကွဲ၍ သေပွဲဝင်သွားလေ၏။

၎င်းတို့နှစ်ယောက်၏ လုပ်ဆောင်ချက်များကို ကျန်လူများက ကြည့်ကာ လက်ခုပ်လက်ဝါး တီးနေကြ၏။

"ဒီညောင်ခေါင်းထဲကို ရေလောင်းပေးကြပါဦး"





ဟု အကူအညီတောင်းရာ အားလုံး ရေခပ်ပြီး ဝိုင်းလောင်းပေး[illegible]ရာ အခေါင်းရေလျှံသွားသောအခါ သင်းခွေချပ်သုံးကောင် ထွက်လာ[illegible]၏။

ထိုအကောင်များကိုလည်း အရှင်မထား အားလုံး သတ်လိုက်ပြီး [illegible]သေတ္တာထဲသို့ ထည့်၍ ပိတ်လိုက်၏။

သင်းခွေချပ် အမျိုးပြုတ်သွားလေပြီ။

ပြိတ္တာကျတ်များလည်း နေရာပြောင်းသွားပြီ။ သင်းခွေချပ်များ[illegible] ကုန်သွားပြီဖြစ်ရာ ညောင်ပင်ပတ်လည်တွင် နေ့ (၈) နေ့ ကြိုပ်ကြီး[illegible]ကို ပါလာသော ရုပ်ထုများဖြင့် ပြုပြင်၍ လူအများ ပူဇော်နိုင်ရန် လုပ်[illegible]တ် ကိုးတောင်ပြည့်ဘုရားတစ်ဆူ တည်လိုက်၏။ ချောင်းနံဘေးမှ မြေနီ[illegible]ကို အုတ်ဖုတ်၍ တည်လိုက်ခြင်းဖြစ်၏။

ဆရာတော် ဦးစိန္တိတ၊ ညတွင် ကျိန်းစက်ရာ၌ ဆရာတော်ဦးအိန္ဒြိယ [illegible] ...

"ဦးပဥ္စင်းလို တကယ့်သာသနာပြုရမယ့် ပုဂ္ဂိုလ်ကို ငါကိုယ်တော် [illegible]ခဲ့ပါတယ်။ ငါကိုယ်တော်က ပျံလွန်တော်မူတာ မဟုတ်ဘူး။ အသေ[illegible]သွားတာဖြစ်တယ်"

"အပေါ်မှာရှိတဲ့ ငါ့အရိုးပြာကို ဟိုချောင်းထဲမှာ သွားမျှောပေးပါ။ [illegible]ကြီးကို ကိုယ်တော် စောင့်ရှောက်လိုက်ပါ"

"ငါကိုယ်တော်ကတော့ ပုပ္ပါးကို သွားတော့မယ်"

ဟု မိန့်ဆိုပြီး ပျောက်သွားလေ၏။

နံနက်သို့ရောက်သော် ကျောင်းပေါ်သို့ တက်ပြီး ဘုရားစင်ရှေ့မှ [illegible]အိုးကို ယူကာ ရေတွင် မျှောလိုက်လေ၏။

အဆောက်အဦးနှင့် အခြား ဝေယျာဝစ္စကိစ္စများ ပြီးဆုံးသွား၍ [illegible]ပါလာသူများကို ပြန်ပို့မည်လုပ်ရာတွင် အပြန်ခရီးအတွက် စက်ဆီများ [illegible]ကြည့်ရာ စက်ဆီများသည်လည်းကောင်း၊ ဆန်အိုးထဲမှ ဆန်များ[illegible]လည်းကောင်း ရောက်စကတည်းက သုံးနေခဲ့ပါသော်လည်း ယူလာ[illegible]ခါစ



www.burmeseclassic.com

www.burmeseclassic.com



ကအတိုင်း ရှိနေသည်ကို တွေ့ရှိကြရလေရာ ဆရာတော်ဦးအိန္ဒြိယမှ ကျ
လိုက်ပြီဖြစ်ကြောင်း သိရှိလိုက်ရပါတော့သည်။

ဆရာတော်ဦးစိန္တိတသည် ကိုးတောင်ပြည့်စေတီအား 'ကပျက်
ယပျက်၊ ဆုတောင်းပြည့်စေတီ'ဟု အမည်သမုတ်ကာ နှစ်စဉ်သီတင်းကျွတ်လ
သို့ ရောက်တိုင်း ထန်းတစ်ပင်ကျေးရွာနှင့် ထန်းနှစ်ပင်ကျေးရွာတို့မှ ဝါသနာ
ရှင်များအား ဒိုးပတ်ပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ ယိမ်းပြိုင်ပွဲများ ကျင်းပစေ၍လည်
ကောင်း။

တန်ခူးလတွင် ဒုလ္လဘဝတ်ခြင်း၊ မယ်သီလရှင်ဝတ်ခြင်း၊ သက်ကြီ
ရွယ်အိုများအား ခေါင်းလျှော်ရေချိုး ကုသိုလ်ပြုခြင်း။

တန်ဆောင်မုန်းလမှစ၍ ဝါဆိုသင်္ကန်းကပ်ရန် အလှူငွေများ
စုဆောင်းကောက်ခံခြင်းနှင့် တရားပွဲများကို အနယ်နယ် အရပ်ရပ်မှ ဆရာတော်
ကြီးများအားပင့်ဖိတ်၍ တရားပွဲများ ကျင်းပပေးလျက်ရှိရာ ကျတ်များ
နောင့်ယှက်မှုမှ လုံးဝ လွတ်ငြိမ်းသွားပြီဖြစ်ကြောင်း တာဗိုလ်ကွမ်းယာဆိုင်ပိုင်
ရှင် ဒေါ်ကဥ္စနဝတီခေါ် ဒေါ်ကြည်ကြည်ချို၏ ပြောပြချက်များကို စာဖတ်
သူများ ဗဟုသုတရစေနိုင်သော အကြောင်းများ ဖြည့်စွက်ပြီး အမည်များ
နေရပ်များ ပြောင်းလဲရေးသား တင်ပြအပ်ပါသည်။

စာဖတ်ပရိသတ်အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ
ခြင်းနှင့် ပြည့်စုံပြီး လိုရာဆန္ဒပြည့်မြောက်ကြပါစေ။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခ

**မကွေးညိုစိ**



www.burmeseclassic.com

## [ ၁ ]

❑

''ဟော့ကောင် ... ပြောကြီး၊ မင်းမဟုတ်တာတွေ မပြောနဲ့ကွ''

''ဟကောင် ... ထိတ်တုံးရွှေရ ကလေးတွေ ပြိုင်ပွဲဆို''

''ဟုတ်တယ်လေကွာ ... လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲလေ''

''အေးလေ ... ဒါကြောင့် ငါက ဝတ်ရွတ်ပြိုင်ပွဲ ထည့်ခိုင်းတာပေါ့''

''ဒီလိုရှိပါတယ် ... ဦးပြားကြီးရှင့်၊ ကျွန်မတို့က ကျောင်းသူကျောင်းသားတွေ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အတွက် အားကစားပြိုင်ပွဲ ကျင်းပပေးချင်လို့ပါ။ ကျွန်မတို့ကျောင်းမှာကလည်း ဆရာမတွေချည်းဘဲရှိနေတော့ ရွာကလူကြီးများကို အကူအညီတောင်းရတာပါ။ ဘုရားလူကြီးဦးပြားကြီးပြောတဲ့ ဝတ်ရွတ်ပြိုင်ပွဲဆိုတာ ဘာသာရေးနေ့ အခမ်းအနားတွေဖြစ်တဲ့ ဝါဆိုလပြည့်တို့ ဝါဆိုသင်္ကန်းကပ်ပွဲ၊ ကထိန်သင်္ကန်းကပ်ပွဲတို့လိုပွဲတွေကျမှ ကျင်းပကြတာပေါ့။ အခုကတော့ အားကစားပြိုင်ပွဲတွေ ကျင်းပဖို့ပါ''





''မသိပါဘူးဗျာ ... ကျုပ်ကပြိုင်ပွဲဆိုတော့ ဘာသာရေးပြိုင်ပွဲပါတယ်ထင်လို့ပါ''

''ဆရာမ ... ကျွန်တော်တစ်ခုလောက် ပြောပါရစေ''

''ပြောပါ ... ကိုဒယ်ကြီးရှင့်''

''ဟာ ... ဆရာမကလည်း ကျွန်တော်နာမည် တင်အောင်ပါ''

''ဟား ... ဟား ... ဟား ...''

''ဟော့ကောင် ... ဒယ်ကြီးက ဒယ်ကြီးပေါ့ ...။ မင်း အစားပုပ်လို့ ဒီနာမည်ရထားတာ ခေါ်ပေ့စေ''

ဘေးမှ စံဝိန်က ဝင်ချွန်သည်။ ဟုတ်ပါသည်။ နာမည်ရင်းက တင်အောင်။ အစားကြီးလွန်းသဖြင့် တစ်ရွာလုံးက ဒယ်ကြီးဟု အမည်ပေးထားသည်။ သူ့စားလုံးကလည်း ငါးပိရေနှင့် အဆာပြေစားလျှင် ဆန်နို့ဆီဘူး လေးလုံးချက်၊ ချဉ်ရေဟင်းနှင့်ဆိုလျှင် နို့ဆီဘူးခြောက်လုံးချက်၊ ကြက်သား၊ ဝက်သား ဆီပြန်ဟင်းများနှင့်ဆိုလျှင် တစ်ပြည်ချက်ကို ကြောင်စာပင်မချန် သူဖြစ်သည်။

လောင်းကြေးစားကြေး ချက်ကြွေးပြီး ရှုံးသွားသူ အများအပြားရှိသည်။ ထိုမျှအထိ စားလုံးကြီးသော်လည်း အလုပ်က လက်ကြောမတင်းသူ့ကို သူရင်းငှား ငှားမည့် လယ်ပိုင်ရှင်က ခပ်ရှားရှား။ သို့သော် ကံကြမ္မာအကျိုးပေးကြောင့် ရွာတွင် လက်ထောက်ကာလသားခေါင်း ရာထူးရထားသူ၊ ပြောရေးဆိုခွင့် ထိုက်သလောက် ရှိထားသူဖြစ်သည်။

''ဒီလိုပါ ...။ ကလေးတွေကို အစားပြိုင်ပွဲ ထည့်ကျင်းပရင်ကော ဆရာမ''

''ရပါတယ်ရှင် ... မုန့်စားပြိုင်ပွဲကိုလည်း ထည့်ပေးမှာပါ''

''ကျွန်တော်တို့ လူကြီးတွေ အတွက်ရော''

''ဒါကတော့ ရပ်ရွာလူကြီးတွေရဲ့ အစီအစဉ်ပါရှင့်''

''ဟော့ကောင် ... မင်းတို့အတွက် ငါ့မှာအစီအစဉ် ရှိတယ်''

''ဟာ ... ဟုတ်လား။ အဘ ထိတ်တုံးရွှေ ဘာအစီအစဉ်လဲ''

''အရက်သောက် ပြိုင်ပွဲလေကွာ''



www.burmeseclassic.com

www.burmeseclassic.com



''ဝေး ... ဟေး ... ဟေး''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

''ဟာ ... အစ်ကိုကလည်းဗျာ ဝင်နောက်ပြန်ပြီ။ ဒီမှာဆရာမတွေကို အားနာပါဦး''

ကောင်စီဥက္ကဋ္ဌ သူကြီးဖြစ်သူကလည်း သူ့အစ်ကိုရင်း အဘ သိတ်တုံးရွှေကို မနိုင်။ ငယ်ကြောက်ဖြစ်သလို ပြောချင်ရာပြောပြီး လုပ်ချင်ရာ လုပ်သူဖြစ်သည်။ သူ့ကိုနိုင်သူမှာ ကျောင်းမှဆရာတော်ဖြစ်သော ဘဘုန်း အစ်ပါသောရှိသည်။ ဘဘုန်း၏ ကြိမ်ဒဏ်ကိုတော့ သူတင်မက တစ်ရွာလုံး သူကြီးအပါအဝင် အထုံးမခံခဲ့ရသူချည်းပင်။

သို့ဖြစ်သူ သူကြီးက ဝင်ဟန့်သော်လည်း သူကတော့ ခပ်တည်တည်ပင်။

''ဟုတ်တယ်ကွ ... ကလေးတွေက ကျောင်းသားတွေမို့လို့ နို့မို့ဆိုရင် သူတို့ကိုပါ ပြိုင်ပွဲလုပ်ပေးချင်တာ''

''ကဲ ... ကဲ ... အစ်ကိုရယ်၊ တော်ပါတော့''

''ဆရာမကြီးခင်ဗျား ... ဒီအားကစားပွဲ ကိစ္စတွေ စည်းမျဉ်းစည်းကမ်းတွေကို ကျွန်တော်တို့က သိပ်နားမလည်ပါဘူး။ အဲဒါတွေကိုတော့ တူလေးကိုရဲက ကူညီပြီး ဆောင်ရွက်ပေးလိုက်ပါ။ တူလေးက မြို့မှာ ကျောင်းနေလာခဲ့တာဆိုတော့ နားလည်ပါလိမ့်မယ်။ ကျွန်တော်တို့ကတော့ လိုအပ်တဲ့ လူအင်အား ငွေအင်အားကို ကူညီပါမယ်''

''ဟုတ်ပါတယ် ... ကျွန်တော်တို့ ကာလသားခေါင်းအဖွဲ့ကလည်း အစ်ကိုလေးကိုရဲနိုင်ကို လိုတာမှန်သမျှ ကူညီပါ့မယ်''

''ကဲ ... ကဲ ... လူလေးကရော ကိုယ့်ရွာအတွက် ကူညီပေးလိုက်ပါ''

''ဟုတ်ကဲ့ပါ ... အကိုလေး ကိုရဲနိုင်က အားကစားကိစ္စတွေကို နားလည်တော့ ကျွန်မတို့ကျောင်း အားကစားပွဲလေးကို စည်စည်ကားကား ဖြစ်အောင် ကူညီပေးပါရှင့်''





''ဟုတ်ကဲ့ ... အားလုံးက အကူအညီ တောင်းနေတော့လည်း ကူညီပေးပါ့မယ်''

''ဆရာမလေး နန်းရွှေစင်ကလည်း ကျန်းမာရေးနဲ့ ပတ်သက်တာ မှန်သမျှ ကူညီပေးပါ''

''ဟုတ်ကဲ့ ... ကူညီပေးပါ့မယ်ရှင်''

''ကဲ ... ကဲ ... ဒါဆိုရင် ကိုယ်နဲ့သက်ဆိုင်တဲ့ တာဝန်ကို တစ်ခါတည်း သတ်မှတ်ပေးမယ်။ ကိုယ့်တာဝန်ကို ကိုယ်ကြေပြွန်အောင် လုပ်ကြရမယ်ဟေ့''

''ဟုတ်ကဲ့ပါ .... သူကြီး''

သူကြီးက ဦးဆောင်၍ ရွာလူကြီးများ ရပ်မိရပ်ဖများက ကျောင်းအုပ်ဆရာမကြီးနှင့် တိုင်ပင်၍ လွတ်လပ်ရေးနေ့ အားကစားပွဲအတွက် လုပ်ငန်းတာဝန်များကို ခွဲဝေကြသည်။ အားလုံးကလည်း အားတက်သရော တာဝန်ယူကြသည်။

အချိန်က လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါးအချိန်က သာဝတီ တောင်ပိုင်းခရိုင် မုတ်ကျွန်းတိုက်နယ်ရှိ သာယာကုန်းဟူသော ရွာကလေးတွင် အနာဂတ်၏ ခေါင်းဆောင်လောင်းကလေးများကို ပညာသင်ကြား ပို့ချနေသော အစိုးရ မူလတန်းကျောင်းကလေးတွင်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအနေဖြင့် ကျောင်း အားကစားပွဲ ကျင်းပရန် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများကျေးရွာ လူကြီးလူငယ်များ အမျိုးသမီးများ စည်းဝေးတိုင်ပင်နေကြခြင်း ဖြစ်ပါသည်။ တောရွာဓလေ့အရလည်း ပျော်ပွဲရွှင်ပွဲဆိုသည်မှာ အလွန်ပင် နည်းပါးသော အခါမို့ အားလုံးကအားတက်သရော ဖြစ်နေကြသည်။

မူလက ကလေးများအတွက် အားကစားပွဲ ကျင်းပရန် ရည်ရွယ်ထားသော်လည်း ကျေးရွာရှိ အမျိုးသမီး၊ အမျိုးသားအပေါင်း၏ ဆန္ဒအရ လူကြီးများအတွက်ပါ ထည့်သွင်းကျင်းပရန် စီစဉ်ရတော့သည်။ ကိုကို၊ မမ တို့ကလည်း နိုင်နိုင်ရှုံးရှုံး သည်လိုပွဲမျိုးကို လွတ်၍ အစွမ်းပြချင်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သာယာကုန်းဟူသော ရွာကလေးတွင် လွတ်လပ်ရေးနေ့၌ ကျောင်းသားများ၏ ပျော်ပွဲရွှင်ပွဲကို အကြောင်းပြု၍ ရွာသူရွာသားများပါ ဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ လေ့ကျင့်မှုများ အားပေးမှုများဖြင့် တအုံးအုံး တရုံးရုံး ဖြစ်လျက်ရှိနေပေတော့သည်။

✿ ✿ ✿

။၂။

❑

ကျွန်တော် ဦးဆောင်သော လူငယ်များကလည်း အားကစားကွင်း ပြင်ခြင်း လိုအပ်သည့် အားကစားပစ္စည်းများ စုဆောင်းခြင်း ပြိုင်ပွဲဝင်မည့် အားကစားသမားများနှင့် ဒိုင်အဖွဲ့ကို နည်းစနစ်များ သင်ကြားပေးခြင်း အစမ်းလေ့ကျင့်စေခြင်းတို့ဖြင့် လက်မလည်နိုင်အောင် ဖြစ်ရသည်။

အားလုံးကလည်း ကိုယ်နှင့်သက်ဆိုင်သည့် တာဝန်များကို မယယ် ဟင်းရအောင် ကြိုးစားဆောင်ရွက်နေကြသည်။

''ဟော့ကောင် ... ကိုရဲ ငါ တစ်ခုလောက်မေးချင်လို့''

''မေးလေကွာ''

''အာလူးကောက် ပြိုင်ပွဲဆိုပြီး အာလူးတွေမစုဘဲ ဘာဖြစ်လို့ ဓာတ်ခဲတွေ စုနေတာလဲ''





''အာလူးတွေက မြေကြီးအရောင်နဲ့ ရောနေတော့ ပြိုင်ပွဲကျရင် ကလေးတွေက သိပ်မမြင်ရဘူး။ ဒါကြောင့် ဓာတ်ခဲကိုသုံးရတာ''

''ဪ ... အေး ... အေး ... ဒါဆို ငါ မိုက်နဲ့ ကြေငြာရင် ဓာတ်ခဲကောက်ပြိုင်ပွဲလို့ အော်ရမှာလား''

''မအော်ပါနဲ့ကွာ ... ထုံးစံအတိုင်း အာလူးကောက် ပြိုင်ပွဲလို့ပဲ အော်ပါ''

''နေပါဦး ... ငါတူရဲ့၊ ငါတို့က တာဖမ်းဒိုင်လုပ်ရမယ်ဆိုတော့ ဆန်းဝင်လာတဲ့သူတွေကို ဆီးပြီး ဖမ်းရမှာလား''

''အဲဒီလိုတော့ မဟုတ်ပါဘူး။ ပထမ၊ ဒုတိယ၊ တတိယ အရင်ဆုံး ဝင်လာတဲ့ သုံးယောက်ကို မှတ်ပေးရမှာပါ။ သူတို့ကို ဆီးဖမ်းတော့ အရှိန်နဲ့ဆို လဲပြိုကုန်ပါ့မယ် ... ဒေါ်လေးရယ်''

''အဲဒီလိုလည်း ရှင်းရှင်းလင်းလင်း ပြောထားမှပေါ့''

တစ်ရွာလုံးကလည်း ကျောင်းအားကစားပြိုင်ပွဲကို အားခဲနေကြသည်။ ကျောင်းသားကလေးများသာမက ရွာသူရွာသားများအတွက်ပါ ပြိုင်ပွဲကို ထည့်သွင်းပေးမည် ဖြစ်သောကြောင့် အားပေးမည့်သူများ ပြိုင်ပွဲဝင်မည့်သူများဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ စံပိန်၊ ဒယ်ကြီး၊ ငှက်ကြီး အစရှိသော ကာလသားခေါင်း လက်ထောက်ကာလသားခေါင်းနှင့် ရာထူးအခံ့ရှိသူ အပေါင်းကလည်း ကျောင်းမှ ဆရာမကလေးများနှင့် တွဲ၍ အရပ်ဆိုင်းခြင်း၊ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်များကို ခွဲခြားခြင်း အစမ်းလေ့ကျင့်စေခြင်းတို့ကို လွန်စွာမှပင် အားတက်သရော လုပ်ကိုင်ကြသည်။ ဆရာမလေးများမှာလည်း ငယ်ငယ်ချောချောနှင့် အပျိုလေးများဖြစ်ရာ ၎င်းတို့အုပ်စုမှာ သွားကြီးအဖြီးသားနှင့် အတက်ကြွဆုံး ဖြစ်နေကြတော့သည်။ ကျွန်တော့်မှာ ထိုလူစု အလုပ်အားကြိုးမာန်တက် လုပ်သည်ကို ယခုမှသာ မြင်ဖူး၍ အံ့သြမဆုံး ဖြစ်နေရတော့သည်။

လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲ ကျင်းပရန်(၃)ရက်ခန့် အလိုတွင် အဘထိတ်တုံးရွှေ၏အိမ်၌ ညနေပိုင်းအချိန် ကျွန်တော်တို့လူ ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဝိုင်းဖွဲ့မိကြသည်။ လွတ်လပ်ရေးနေ့ ပြိုင်ပွဲအတွက်ကလည်း ကြိုတင်ပြင်ဆင်မှုများ အတော်ပင်ပြီးစီးပြီဖြစ်၍ အတော်အတန် စိတ်အေးနေကြသည်။ ထိုစဉ် အိမ်ရှေ့မှ ...

"အာဘ ... အာဘထိတ်တုံးရွှေ ..."

"အာဘ ..."

"ဟော့ ... ဘယ်သူလဲကွ ... ဆူညံဆူညံနဲ့ အရက်သောက်ရတာ အာရုံပျက်တယ်"

"ကျွန်တော် ထွန်းဝင်းပါ ... အာဘ။ အစ်ကိုလေး ကိုရဲနိုင်ရော ရှိတယ်မဟုတ်လား။ သူ့ကိုတွေ့ချင်တဲ့ ဧည့်သည်တွေ ရောက်နေလို့ပါ"

"အေး ... ရှိတယ်ကွ၊ ဝင်လာခဲ့ကြ"

ထွန်းဝင်းတို့လူစုလည်း အာဘ၏ ခွင့်ပြုချက်ရသောအခါ အိမ်ပေါ်သို့ တက်လာကြသည်။ ကျွန်တော်တို့ အုပ်စုကလည်း ရေချိန် မကိုက်တကိုက်ဖြစ်နေချိန်၊ ထွန်းဝင်းနောက်မှပါလာသူ သုံးယောက်ကို ကြည့်လိုက်သောအခါ ...

"ဟိုက် ..."

"နတ်ကတော် အထာကြည့်တို့အုပ်စု"

"ဟော့ကောင် ... ထွန်းဝင်း"

"ဗျာ ... အကိုလေး"

"သူတို့လား ငါ့ကို တွေ့ချင်တယ်ဆိုတာ"

"ဟုတ်ပါတယ် ... အစ်ကိုလေးကိုရော အာဘထိတ်တုံးရွှေကိုပါ တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပါ"

"ငါနဲ့တွေ့စရာ ဘာအကန့်မှ မရှိဘူး၊ ပြန်ခေါ်သွား"

ကျွန်တော်က မူးမူးနှင့် ထွန်းဝင်းကို ဟောက်လိုက်သည်။ ထိုအခါ အာဘ ထိတ်တုံးရွှေက ...

"နေပါဦး ... လူလေးရာ၊ အာဘ မေးပါဦးမယ်အေ့"

"ဟဲ့ကောင်မတွေ ... အေ့ ... အဲလေ ... ဟဲ့အကောင်တွေ ဘာကိစ္စ ငါတို့ကို တွေ့ချင်ရတာလဲ"





"အကောင်တွေ ... မဟုတ်ပါဘူး။ ကောင်မတွေပါ ... အာဘရဲ့"

"ဟော့ကောင် ... ထွန်းဝင်း၊ မင်း တိတ်တိတ်နေစမ်း"

"ပြော ... ဟိုမိန်းမလုံးတွေ"

"ဒီလိုပါ ... အာဘကို တွေ့ချင်တယ်ဆိုတာ ဟောဒီ ကိုကိုထွန်းဝင်း တို့အိမ်မှာ မီးတို့ နတ်ကန္တားကမှာမို့လို့ အာဘကို အသိလာပေးတာပါ"

"ငါ့ကို ... အေ့ ... ဘာကိစ္စကြောင့် အသိပေးရတာလဲ။ ဟော့ အယ်ကြီး ... ငှဲ့စမ်းကွာ ... အရက်"

"ဟိုတစ်ခါ မီးတို့ရွာထဲမှာ ကန္တားကတုန်းက အာဘတို့ သံယောင်းမ ဆိုအုပ်စု ဝင်နှောင့်ယှက်လို့ နတ်ပွဲပျက်မတတ် ဖြစ်ခဲ့ရတယ်။ မီးတို့လည်း ရွာက ပြန်ပြေးရတယ်လေ။ အခုကမယ့် နတ်ပွဲမှာ အဲဒီလိုမဖြစ်အောင် အာဘကို အသိပေးပြီး တောင်းပန်တာပါ"

"သြော် ... နတ်ပွဲကို ဖျက်မှာစိုးလို့ လာတောင်းပန်တာပေါ့"

"ဟုတ်ပါတယ် အာဘ"

"သူကြီးက ခွင့်ပြုလိုက်ပြီလား"

"အာဘ မနှောင့်ယှက်ရင် ခွင့်ပြုမယ်တဲ့"

"ဒီအတိုင်းတော့ ဘယ်ရမလဲဟ"

"ဟုတ်ကဲ့ ... အဲဒီအတွက်လည်း မီးတို့ စီစဉ်လာပါတယ်။ ကဲ ကိုထွန်းဝင်း ..."

နတ်ကတော်အထာကြည့်က ထွန်းဝင်းကို အချက်ပြလိုက်သောအခါ ထွန်းဝင်းက ပွေ့ထားသော တောင်းထဲမှ အရက်ပုလင်းနှစ်လုံးနှင့် အိုးတစ်လုံးကို ဆွဲထုတ်လိုက်သည်။

"ဒါက မြို့ကဝယ်လာတဲ့ ရမ်အရက်နှစ်လုံး၊ ဒါက ကိုထွန်းဝင်းတို့က ချက်လာတဲ့ ကြက်သားဟင်းပါ။ ဒါကိုသုံးဆောင်ပြီး မီးတို့နတ်ကန္တားပွဲကို စောင့်ရှောက်ပေးပါအာဘရှင့်"

"ဟား ... ဟား ... ဟား ... ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘေးမှ နားထောင်နေသော ကျွန်တော်က သဘောကျ၍ ထရယ်လိုက်တော့သည်။ အဘက မျက်ထောက်နီကြီးနှင့် ကျွန်တော့်ကို လှမ်းကြည့်ပြီး ...

"ဘာရယ်တာလဲ ... လူလေးရ"

"နတ်ကန္နားကဖို့ အဘကို ခွင့်လာတောင်းနေတယ်ဆိုတော့ အဘက ဒီနယ်ရဲ့တစ်ပိုင်စားကြီး ကျနေတာပဲ"

"ဟုတ်တယ်လေ ... ဟိုတစ်ခါ နတ်ပွဲတုန်းက သူ့ကိုယ်သူ 'လင်းစိမ်' နတ်ဆိုပြီး သောင်းကျန်းထားလို့ ဒီတစ်ခါ အဲဒီလို မလုပ်အောင် လာခန့်ကြားတာဟဲ့"

"ဟား ... ဟား ... ဟား ... ကောင်းပါပြီ .. ကောင်းပါပြီ"

"အဘရယ် ... ခွင့်ပြုလိုက်ပါ"

"ဒါလောက်နဲ့တော့ ဘယ်ရှိုးမှာလဲ"

"မီးတို့ကလည်း သိပါတယ်ရှင့်။ ဒါက ပထာမပါ။ နတ်ပွဲကလို့ ကိုကြီးကျော် ချော့တဲ့အခါကြရင် စိတ်ကျေနပ်စေရပါမယ်ရှင့်"

"အေး ... ဒါဆိုရင်လည်း ပြီးရော"

"နင်တို့ နတ်ကတော်တွေလည်း နတ်ကန္နားကဖို့အရေး သက်ဆိုင်ရာလူကြီးအပြင် တစ်ပိုင်စား လူကြီးတွေကိုပါ လိုက်ပသနေရသေးတယ်။ ဘယ်လောက်တောင်ရလို့ အဲဒီလိုအလုပ်ကို လုပ်နေရတာလဲ"

"အမယ် ... အကိုလေးရ နတ်ကတော်တွေကို အထင်မသေးပါနဲ့နော်။ နတ်ကတော်ဆိုတဲ့အလုပ်ကို လူတိုင်းလုပ်လို့ရတာမဟုတ်ဘူး။ မီးတို့လို အခြေအနေလည်း ပေးရမယ်။ ဝါသနာလည်း ပါရမယ်။ အဲဒါအပြင် ဟောဒီအချက်တွေ ပြည့်စုံမှ အဲဒီအလုပ် လုပ်ရတာ။ စာဆိုတောင် ရှိသေးတယ်"

"ကဲ ... ကဲ ... ဆိုစမ်းပါဦးဗျာ မှတ်သားရအောင်"

နတ်ကတော် လုပ်မယ့်သူတွေက ...

(၁) အရှုးထောင်လည်း အရောက်လှမ်းရမည်။ မမူးအောင်လည်း အသောက်ကျွမ်းရမည်။





"အမယ် ... တယ်ဟုတ်ပါလားဟေ့"

"ဟုတ်တယ်လေ ... အဘထိတ်တုံးရွှေတို့ အစ်ကိုလေးတို့လို

"ဂန်းနာမ ... အဲလေဂန်းနာထိုး ငါ့ကို လာမထိနိုက်နဲ့"

"ဟား ... ဟား ... ဟား ..."

(၂) ကန္နားထိန်းကိုလည်း ဖားရမည်။ အသားစိမ်းကိုလည်း တ...ရ

"ဟုတ်ပါ့ဗျာ"

(၃) နတ်ဆိုင်းဆရာကိုလည်း အတီးကောင်းအောင် ကပ်ရမည်။ ဆိုင်းစာကိုလည်း အရှိန်ကောင်းအောင် ဖတ်ရမည်။

"ဒါလည်း ဟုတ်တာပဲ"

(၄) လျှာထွက်အောင်လည်း အပြောမြိုင်ရမည်။ အသပြာထွက်အောင်လည်း အဟောပိုင်ရမည်။

"ဒါကတော့ ဟုတ်တယ်ဟေ့ အစ်ကိုလေးရဲနိုင်ဆို အဲဒီအချက် ...ထဲနဲ့တင် နတ်ကတော် မလုပ်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲကွ"

"ဟိုမှာလေ ... စကားသိပ်မပြောဘဲ အရက်ချည်း ဖိသောက်နေ

"ဟား ... ဟား ... ဟား"

(၅) အပြောကျင့်က တစ်မနက်တည်းနှင့် မောနိုင်သည်။ အဟော ... တစ်ချက်တည်းနှင့် ထောနိုင်သည်။

"ဟုတ်တယ်ကွ ... ဒါကြောင့် တချို့နတ်ကတော်တွေ တိုက် ... ဖြစ်နေတာ"

(၆) လေချဉ်ဆိုးကိုလည်း မထအောင် ကြိတ်တတ်ရမည်။ ရေစင် ...ကြည်း ရအောင် ဖန်တတ်ရမည်။

"အဲဒါကတော့ ဘုရားလူကြီး ဦးပြားကြီးနဲ့ ဆိုင်တယ်ကွ။ သူက ... ကန်တော့ပွဲ ပြင်တိုင်းရေစင်ဖိုးချည်း တွင်တွင်တောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟား ...ဟား ...ဟား ...''

(၇) သရဲလို ခြောက်ပြီး ကျားလောက်လည်း လျှင်ရမည်။ ဆဲဆို ငေါက်ပြီး စားပေါက်လည်း ထွင်ရမည်။

''အဲဒါကတော့ သံယောင်းမဦးဝိနဲ့ ဆိုင်တယ်။ သူ့စရိုက်ပဲ''

''ဟော့ကောင် ...ကိုရဲ ငါ့ဘက် လှည့်မလာနဲ့ အရက်ရေနံ မကိုက်ရတဲ့အထဲ''

(၈) အဆန်းထွင်ကာ ဒါးစတန့်လည်း ပြရမည်။ ရှမ်း၊ ကရင် ဗမာ ကုလားအန့်စလည်း ကရမည်။

''အဲဒီဆိုရင် ဓာတ်ရှူးထွန်းဝင်းက အပိုင်ပဲ။ ဒါကြောင့် သူနဲ့ အဆော်တွေကို ကပ်နေတာ''

''ဟား ...ဟား ...ဟား ''

(၉) ပွဲဆန်းကိုလည်း တတ်ရမည်။ အပေးအကမ်းကိုလည်း ပြရမည်။

''ဟုတ်တာပေါ့ ...ဒါ့ကြောင့် ညည်းတို့ ကပ်စီးနဲ့နေကြတာ ကိုး''

''မနည်းပါဘူးတော် ...အစ်ကိုလေး လိုချင်ရင် တစ်ကိုယ်လုံး လည်း ပေးပါတယ်။ အစ်ကိုလေးကို နဂိုကတည်းက ပေးချင်နေတာပါ။

''နေပါစေ ...မမတို့ ...အဲ ...ကိုကိုတို့ရယ်။ ကျုပ်ဘာကျွေး ပဲ နေပါရစေ''

''မမတို့လို့ ခေါ်စမ်းပါ၊ မစိမ်းကားပါနဲ့''

''ဟီဟိ''

(၁၀) လောင်းကစားလည်း နွံရမည်။ အတောင်းအစားလည်း ခံ မည်။

''လုပ်လိုက်ကွ''

(၁၁) ဓာတ်ခံပေါ်လည်း ကြောင်ရဲရမည်။ နတ်ပုံတော်လည်း ပေါ် ရမည်။

''ဟော့ ...ဟော့ ...အဲဒီအတိုင်းလည်း လုပ်တာပဲလား''





''နတ်ကန္တား ကချိန်မဟုတ်လို့ အသုံးအစွဲပြတ်ရင် ထုတ်ရမှာပေါ့ ရှင်''

''ကောင်းရောကွာ''

(၁၂)ယတြာကိုလည်း ဆောင်ရမည်။ ပဝါကိုလည်း ပေါင်ရမည်။

''ဟုတ်ပါပြီဗျာ ...ဆက်ပါဦး''

(၁၃) ခေါင်းဖဲကိုလည်း ကပ်ထားရမည်။ ဇလောင်းဇလဲကိုလည်း ဆောင်ထားရမည်။

''ခွီး ...ခွီး ...ခွီး ...''

''မပြီးသေးဘူးလား ...မမရယ်။ အရက်တွေလည်း သီးကုန်ပြီ''

''ကျန်သေးတယ်ရှင့်''

(၁၄) ဂတ်စာရေးလာမှ အာမခံရသည်။ နတ်မေးလာမှ ပါသမျှ ချရသည်။

''ဟုတ်လိုက်လေကွာ''

(၁၅) အရပ်နူးကိုလည်း အတည့်တွေးရမည်။ နတ်မူးကိုလည်း အသည့်မွေးရမည်။

''ကဲ ...ကဲ ...တော်ပါတော့ မမရယ်။ ကျုပ်တို့ထဲမှာလည်း အဲဒီလိုအရည်အချင်းနဲ့ ပြည့်စုံသူ မရှိပါဘူး။ ခင်ဗျားတို့တစ်တွေပဲ လုပ်ကြ ပါ''

''ဒါထက် အဘထိတ်တုံးရွှေကို တွေ့ချင်တဲ့ကိစ္စကတော့ ပြီးပါပြီ။ ကျုပ်ကို တွေ့ချင်တာ ကျတော့ရော''

''အစ်ကိုလေးအခု လွတ်လပ်ရေးနေ့မှာ အားကစားပြိုင်ပွဲတွေ လုပ်မယ်ဆိုမှာ မဟုတ်လား''

''အေးလေ ...ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ''

''မီးတို့လည်း ဝင်ပြိုင်ချင်လို့''

''ဟေ ...ဝင်ပြိုင်ချင်လို့''

''နေပါဦး ...ညည်းတို့က ဘယ်သူတွေနဲ့ ပြိုင်မှာလဲ''

''ရွာက အမျိုးသမီးတွေနဲ့ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မင်းတို့က ယောက်ျားတွေပဲ ပြိုင်ချင်ရင် ယောကျ်ား တောထဲ ဝင်ပြိုင်ပေါ့"

"အို ... ကိုကြီး ထိတ်တုံးရွှေကလည်း မီးတို့ကို ယောကျ်ားရွှေ တဲ့ သေသာ သေလိုက်ချင်တာပဲ"

"ဟုတ်ပါ့ ... သူများတို့ကို ပြောလိုက်တာ ကိုယ်ချင်းမစာဘူး"

"အဲဒါက ကျုပ်နဲ့မဆိုင်ဘူး။ အဘထိတ်တုံးရွှေတို့၊ သံယောင် တို့ကိုပြော။ ကျုပ်ကတော့ လစ်ပြီ ... ဟီး ဟီး ဟီး"

ကျွန်တော်က ပြောပြောဆိုဆို အဘအိမ်ပေါ်မှ ရယ်ရင်း ပြေးဆင်းသွားခဲ့သည်။ သင်းတို့နှင့် ဆက်နေလျှင် ပိုရှုပ်ကုန်မည်စိုး၍ အဘတို့နှင့်ထား ထား သစ်လာခဲ့တော့သည်။ ဒါတောင် အဘတို့က ...

"တော့ကောင် ..."

"တော့ကောင် ... လူလေးကိုရဲ ... နေပါဦးကွ"

"ငါ့တို့ ဒါတွေနဲ့ မထားခဲ့နဲ့လေကွာ။ လူလေး ... ဟေ့ လူလေး ဒီကောင်တော့ ခက်တော့တာပဲ"

✿ ✿ ✿

[၃]

❑

ဤသို့ဖြင့် သာယာကုန်းရွာကလေး၏ ဂုဏ်သရေရှိ ရွာသူရွာသား အပေါင်း မျှော်လင့်တောင့်တနေကြသော လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲကြီးကား ရောက်ရှိလာပါပြီ။ လှည်းနေလှေအောင်း မြင်းဖောင်းပါမကျန်





တို့မကလေးလူကြီး ပူစီချွတ်တား ကုလားပိန်၊ ပြာတာမ၊ အောင်နက် ကျားမကျန် မိုးလင်းကတည်းက အားကစားကွင်းသို့ ရောက်ရှိနေကြသည်။

ရွာဆော်ကိုမောင်ဦး တာဝန်ယူထားသော လော်စပီကာအသံက ည်း နံနက်(၄)နာရီခန့်ကတည်းက အသားကုန် ဖွင့်နေတော့သည်။ သည် ထဲ မိုက်ကိုလည်း လက်ထဲကမချပဲ သူ့အသံပြကြီးဖြင့် အားကစားကွင်းသို့ ကြွရောက်ရန် ဆော်သြနေသေးသည်။ မြဝင်းကြီး၊ စံပိန်၊ ဒယ်ကြီးသော ကာလသားခေါင်းတို့ကလည်း အဝတ်အစားသစ်များဖြင့် ဟန်ရေးပြ ဖြစ်နေကြသည်။

အဆိုးဆုံးက ဒယ်ကြီးဖြစ်သည်။ လူကပုပုဝဝ၊ ဘန်ကောက်ပုဆိုး ရွှမ်း တိုက်ပုံကို ပုခုံးပေါ်တင်လျက် အထူးခြားဆုံးက သူများလို ဖိနပ်မစီးဘဲ ကင်းဘတ်ဖိနပ်အဖြူရောင်ကိုစီးပြီး ဆရာမကလေးများရှေ့ င် ဟန်ရေးတပြပြ ဖြစ်နေတော့သည်။ ရွာသူများရှေ့တွင် ဟန်ရေးပြ သူ့အကြောင်းအားလုံး သိနေသဖြင့် သူ့ကို ဘယ်ရွာသူမှ မကြိုက်။ ကြောင့် တစ်နယ်မှလာ တာဝန်ထမ်းဆောင်သော ဆရာမလေးများရှေ့ သော ဟန်ရေးပြနေရခြင်းဖြစ်သည်။

"ဟဲလို ... တက်စတီ"

"ဟဲလို ... တက်စတီ"

"ကြွရောက်လာကြသော ရွာသူရွာသားအပေါင်းတို့ခင်ဗျား ... ကြာမီ အချိန်အတောအတွင်းမှာ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲကို င်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်မယ့် ကလေးများကလည်း ကြီးမာန်တက် ယှဉ်ပြိုင်ကြမှာ ဖြစ်သလို ပရိတ်သတ်ကြီးကလည်း သူ့ ကိုယ့်လူ မခွဲခြားဘဲ အားပေးကြပါလို့ တိုက်တွန်းပါတယ်။ ကျွန်တော် တော့ ပြန်ကြားရေးအထူးတာဝန်ခံ ရွာဆော်မောင်ဦး ဖြစ်ပါတယ်"

"မသာ ကာလနာ ... ရွာဆော်က ရွာဆော်ပေါ့။ နင့်ကို ဘယ် ာ ပြန်ကြားရေး တာဝန်ခံခန့်ထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''သူကြီးနဲ့ အစ်ကိုလေး ကိုရဲနိုင်ကပေါ့ဟ . . . မယုံရင် သွားမေး ပါလား''

''အေးဟယ် . . . ခါတိုင်း ငါ့ယောက်ျားစံပိန် အော်နေကြဟာကို ဒင်းက အခုမှ လူလည်လုပ်လို့''

''ဟော့ကောင် . . . ရွာဆော်မောင်ဦး မိုက်ခဏပေးစမ်းဟေ့''

''ဟုတ်ကဲ့ . . . အဘ''

''ဈေးသည်တွေ နေရာချထားတဲ့နေရာမှာပဲ ရောင်းပါ။ ရှေ့တိုး မလာနဲ့။ ပြီးတော့ မုန့်တို့၊ ထမင်းတို့၊ အအေးတို့ပဲ ရောင်းနော်။ အရက်တွေ ဘာတွေ မရောင်းရဘူး။ တွေ့ရင်တော့ အရေးယူမှာ . . . အေ့''

မရောင်းရဘူးသာဆိုတယ် အဘထိတ်တုံးရှေ့ကို ကြည့်လိုက် တော့ အတောစီးစီး ရေချိန်ကိုက်နေပြီထင်တယ်။ အဘ အသံချဲ့စက်နှင့် အော်သံကြားမှ ဈေးသည်များရှိရာသို့ ကြည့်မိသည်။ ထုံးစံအတိုင်း ငှက်ပြော တို့လင်မယား ထမင်းနှင့်ဟင်း ရောင်းနေကြသော်လည်း သူ့ဆိုင်တွင် ကာလ သားတွေ လေးငါးယောက်လောက် တွေ့လိုက်ရသည်။ အင်းဟင်းနှင့်တွဲပြီး အရက်ပုန်းပါ ရောင်းနေသည်ကို။

– ဤသို့ဖြင့်

– ဆောင်းရာသီ၏ အေးချမ်းသာယာပြီး နှင်းမှုံကလေးများကျနေ သော ဇန်နဝါရီလ ၄ ရက်နေ့ နှစ်စဉ် လွတ်လပ်ရေးနေ့ဟု သတ်မှတ်ထားသော နံနက်ခင်း၏ မင်္ဂလာရှိသောအချိန်တွင် သာယာကုန်းရွာကလေး၏ အနာဂတ် မျိုးဆက်သစ် လူငယ်ကလေးများ ပါဝင်ဆင်နွှဲကြသော အားကစားပြိုင်ပွဲ ကြီးကို စတင်ကျင်းပခဲ့ကြပါတော့သည်။

ကြိုတင် အားခဲထားကြသည့်အတိုင်း တစ်ရွာလုံးရှိ ရွာသူရွာသား များသာမက အနီးအနား ရွာနီးချုပ်စပ် ရှိသူများကပါ လာရောက်အား ပေးကြည့်ရှုကြသဖြင့် လွန်စွာမှပင် စည်ကားလှသည်။ ပြိုင်ပွဲဝင်ကြသော ကျောင်းသားလူငယ်များကလည်း မိမိတို့တတ်စွမ်းသလောက် အားကြိုး မာန်တက် ယှဉ်ပြိုင်ကြသဖြင့် လွန်စွာမှပင် အားရဖွယ်ကောင်းလှသည်။





ကျောင်းအုပ်ဆရာမကြီးနှင့် လက်ထောက်ဆရာမလေးများ ရွာလူ ကြီးများ၊ ကာလသား၊ ကာလသမီးများကလည်း မိမိတို့တာဝန်ကျရာအလိုက် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ကြိုးစားဆောင်ရွက်ကြသဖြင့် ဘာပြဿနာ မှ မပေါ်ဘဲ အားကစားပွဲများ တစ်ခုပြီးတစ်ခု ပြီးဆုံးလာခဲ့သည်။

– သက်တမ်းအလိုက် အပြေးပြိုင်ပွဲများ။

– သုံးချောင်းထောက်၊ အာလူးကောက်၊ ဂွေးစွပ်၊ ဂုန်နီအိတ်စွပ် ပြိုင်ပွဲများ၊ ဆန်ကောရွက်၊ အပ်နဖားထိုး၊ မုန့်စားပြိုင်ပွဲများ။

– အမြင့်ခုန်၊ အလျားခုန်၊ ထုတ်ဆီးတိုး၊

စသည့်ပြိုင်ပွဲများကို စနစ်တကျ ကျင်းပလာခဲ့ရာ နေမွန်းတည့် ချိန်တွင် ကလေးပြိုင်ပွဲများ ဘာပြဿနာ တစ်စုံတစ်ရာမှမဖြစ်ဘဲ ပြီးစီးသွား ခဲ့သည်။

''ဟဲလို . . . တက်စတီး''

''ဟဲလို . . . တက်စတီး''

ကျွန်တော်တို့ သာယာကုန်းရွာကလေးရဲ့ လွတ်လပ်ရေးနေ့အထိမ်း အမှတ် အားကစားပြိုင်ပွဲ မနက်ပိုင်းအစီအစဉ် ပြီးဆုံးပါပြီ။ အခုထမင်းစား ချိန် ခေတ္တနားပါ့မယ်။

အဟမ်း . . . အဟမ်း . . . ကျွန်တော့်ကတော့ လက်ထောက် ကာလသားခေါင်း တင်အောင် ဖြစ်ပါတယ်ခင်ဗျား''

''ဟော့ကောင် . . . ဒယ်ကြီးက . . . ဒယ်ကြီးပေါ့ ဘာတင်အောင် လုပ်နေတာလဲ''

''ဟုတ်ပါတော့ . . . . သေနာကောင် နှာပူး''

''မသာကာလနာ''

ပရိသတ်က ဝိုင်းဝန်းထောပနာပြုနေ၍ ဒယ်ကြီးမှာလည်း ပြန်ကြား နေရာမှ ပြန်လစ်ပြေးတော့သည်။ ကလေးငယ်များ၏ အားကစားပြိုင် ပွဲကတော့ ပြီးသွားပြီ။ ဘာမှပြဿနာမပေါ် လူကြီးတွေ ပြိုင်ပွဲဆိုလျှင် ဘယ် လိုလာဦးမည်မသိ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

နေ့လယ်(၂)နာရီတွင် ပြိုင်ပွဲကို ပြန်လည်စတင်တော့သည်။ နေ့လယ်ဘက် ဖြစ်သော်လည်း ဆောင်းဥတုနေဖြစ်သဖြင့် ရာသီဥတုက ပြင်းခြင်းဖြင့်မရှိဘဲ အားကစားသမားများ အကြိုက်ဆိုသကဲ့သို့ပင်၊ လော်စပီကာမှ ရွှာဆော်နှင့် တာဝန်ရှိသူတို့၏ အော်ဟစ်ကြေငြာသံများမှာ နားကွဲမတတ် ဆူညံလှသည်။

အထူးသဖြင့် အမျိုးသားအမျိုးသမီး ပြိုင်ပွဲများဖြစ်သဖြင့် ပြိုင်ဆိုင်မှု ပိုပြင်းထန်သလို ပရိတ်သတ်အားပေးမှုကလည်း ဝက်ဝက်ကွဲဖြစ်နေသည်။ အချိန်ကိုလု၍ ကျင်းပရသောကြောင့် ပြိုင်ပွဲများကို ဆက်တိုက်ကျင်းပကြသည်။ ကြိုတင်စီစဉ် လေ့ကျင့်ထား၍ ပြိုင်ပွဲအတော်များများကို အဆင်ပြေစွာ ကျင်းပနိုင်ခဲ့သည်။ ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့က ကျန်လူများကို တာဝန်ခွဲဝေပြီး ဖြစ်သဖြင့် စိတ်အေးလက်အေးပင် ရှိနေကြသည်။





"ကြွရောက်အားပေးလာကြသော ပရိသတ်ကြီးခင်ဗျား ... ယခုကျင်းပမှာကတော့ အမျိုးသမီး မီတာ(၁၀၀) အပြေးပြိုင်ပွဲပဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ လူရွေးပွဲကနေ အောင်မြင်လာတဲ့ အိစံကွမ်းအပါအဝင် အားလုံးခုနှစ်ဦး ပြိုင်မှာဖြစ်ပါတယ်။ အားပေးကြပါခင်ဗျား။ ကျွန်တော်ကတော့ ...

"ဟော့ ... မသာဒယ်ကြီး တော်တော့ မင်းနာမည်ထည့်မပြောနဲ့"

"ဟဲ့ ... ကာလနာ ငါ့နာမည် ချစ်စုမဟဲ့ အိစံကွမ်းမဟုတ်ဘူး"

"ဟီးဟီးဟီး ... သိဘူးလေဟာ ... သူများတွေ ခေါ်လို့"

မကြာမီ ကျောင်းအုပ်ဆရာမကြီး ဦးဆောင်သော တာလွှတ်အဖွဲ့မှ ချိန်ရွယ်၍ တာလွှတ်လိုက်သောအခါ ပြိုင်ပွဲဝင် အမျိုးသမီးများ အပြိုင်အဆိုင်ပြေး၍ လာကြတော့သည်။

"ပြေးထား ... ပြေးထား"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဟိတ် ... ဟိုတစ်ယောက်က လဲသွားတာ ပြန်ထပြေးသေးတိုက် ... လိုက် ..."

"ပန်းဝင်တော့မယ် ပြေးဟေ့ ... ပြေး"

"ဝေး ဟေး ဟေး"

"လဲကုန်ပြီ ... လဲကုန်ပြီဟေ့"

"ဟော့ကောင် ... ဒယ်ကြီး၊ မင်းက ဘာဖြစ်လို့ အိစံကွမ်းကို ထိုးခက်ရတာလဲ"

"ငါက တာဖမ်းဒိုင်လေ ဒါကြောင့် ဖမ်းတာပေါ့"

"မသာ ကာလနာ ... နင့်ကို ဒီလိုဖက်ရမယ်လို့ ဘယ်သူက မှာထားလို့လဲ"

တာဖမ်းသည့်နေရာတွင် လူရှုပ်ရှင်းဆန်ခတ် ဖြစ်နေသဖြင့် ရွာလူကြီးများက သွားရောက်ဖြေရှင်းကြရသည်။ တာဖမ်းဒိုင် တာဝန်ယူရသော သက်ထောက် ကာလသားခေါင်းဒယ်ကြီးက သူနောက်ပိုး ပိုးနေသော အိစံကွမ်းခေါ် ချစ်စုမကို ထိပ်ဆုံးက ပန်းဝင်လာသဖြင့်ဝင်၍ ပွေ့လိုက်သည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အိစံကွမ်းနှင့် အပေါင်းအသင်းဆွေမျိုးများက မကျေနပ်၍ ပြဿနာ ဖြစ်ကြခြင်း ဖြစ်သည်။

''အဟမ်း အဟမ်း အဟမ်း''

''ဟဲလို ... တက်စတီး၊ ဟဲလို ... တက်စတီး''

''ပရိသတ်ကြီးခင်ဗျား ... ခုန အမျိုးသမီး မီတာ (၁၀၀) ပြေးပွဲမှာ ပထမနေရာက ပန်းဝင်လာတဲ့ ချစ်စုမကို ဒယ်ကြီးက ပန်းအဝင်မှာ ချော်လဲ မှာစိုးလို့ ဝင်ပွေ့လိုက်တာပါ။ ဒါကို အိစံကွမ်းခေါ်ချစ်စုမက မကျေနပ်လို့ လူကြီးတွေက ဖြေရှင်းပေးနေတာ ဖြစ်ပါတယ်''

''ရွာသူကြီး၏ ဆုံးဖြတ်ချက်အရ လက်ထောက်ကာလသားခေါင်း ဒယ်ကြီးကို ရာဇဝတ်မြေပျက်ပြားမှု ...''

''ဟော့ကောင် ... ဘယ်က ရာဇဝတ်မြေလဲဟ ... ကာယိန္ဒြေကွ''

''ဟုတ်ကဲ့ ... မှားသွားလို့ သည်းခံပါခင်ဗျ။ ကာယိန္ဒြေပျက်ပြား အောင် လုပ်မှုကြောင့် ထိတ်တုံးတစ်ပတ်ခတ်လိုက်ပါတယ် ခင်ဗျား''

''ဝေး ဟေး ဟေး ဟေး''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

''မသာကာလနာ ... နှာဘူး ... အချုပ်ထဲ တစ်ခါတည်း ပို့လိုက် ပြီးရော''

ပရိသတ်က ဒယ်ကြီးကို အတော်သနားဟန်တူသည်။

ထောပနာ ပြုလိုက်ကြသည်မှာ အားလုံးလိုလိုပင်။

ထိုကိစ္စပြီးသည်နောက် ပြိုင်ပွဲကို ဆက်၍ ပြိုင်ကြသည်။ ကျွန် တော်တို့ အုပ်စုလည်း ပြိုင်ပွဲကို ကြီးကြပ်လိုက်၊ ငှက်ကြီးဆိုင် ဝင်မော့လိုက် ဖြင့် အတော်ရေချိန်ကိုက်နေကြပြီ ဖြစ်သည်။ ငှက်ကြီးဆိုင်မှ မီးတောက် ချက်အရက်နှင့် ကြက်သားကာလသားချက်ကလည်း လိုက်ဖက်လှသည်။

''ပရိသတ်ကြီးခင်ဗျား ... အခုတစ်ခါ ပြိုင်မှာကတော့ ... အလှဖန်တီးရှင်တစ်ဦးဖြစ်တဲ့ နတ်ကတော် အထာကြည်ပဲ ဖြစ်ပါတယ်''





လော်စပီကာမှ ရွာဆော်ကိုမောင်ဦး အသံကြား၍ ကျွန်တော် ခေါင်းထောင်သွားသည်။ အလှဖန်တီးရှင် နတ်ကတော် အထာကြည်တဲ့။

''သူက အမျိုးသမီးတွေနဲ့ အပြေးပြိုင်ပွဲမှာ ဝင်ပြိုင်ချင်တာ၊ အစ်ကိုလေးကိုရဲနိုင်တို့ ပြိုင်ပွဲကျင်းပရေး လူကြီးမင်းများက လက်မခံဘဲ အမျိုးသားများနဲ့ ဝင်ပြိုင်လို့ ပြောပါတယ်။ အမျိုးသားများနဲ့ သူကမပြိုင်ဘူး။ တစ်ယောက်တည်း ပြိုင်မယ်ဆိုလို့ တစ်ယောက်တည်း ပြိုင်ပွဲဝင်မှာ ဖြစ်ပါ တယ်။ အားပေးကြပါခင်ဗျား''

''ရှီး ...''

''ပြေးထားဟေ့ ... ပြေးထား''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

''ဟေ့ ... နွဲ့မနေနဲ့ ... ယောက်ျားလို ပြေးစမ်း''

''ဝါး ဟား ဟား ဟား''

နတ်ကတော် အထာကြည်ကလည်း ရွာမှာနတ်ပွဲ ကြောခထာ လာကဖူးသူဖြစ်၍ အားလုံးက သိနေကြသည်။ မိန်းမလျာဖြစ်သောကြောင့် ယောက်ျားတစ်ယောက်လို မပြေးဘဲ မိန်းကလေးလို ပြေးနေသဖြင့် ပရိသတ် က ပို၍ သဘောကျနေတော့သည်။

''ပြေးထား ... ပြေးထား''

''ပန်းဝင်တော့မယ် ... ပြေးထား''

''ဖုန်း''

''ဟောဗျာ ... ပန်းဝင်ခါနီးမှ ချော်လဲရတယ်လို့''

''ဝေး ဟေး ဟေး''

ပန်းဝင်ခါနီးအချိန်တွင် ခလုတ်တိုက်၍ ချော်လဲသွားသဖြင့် ... ပရိသတ်က ပို၍ သဘောကျနေကြသည်။

''ဟယ်လို တက်စတီး''

''အဟမ်း အဟမ်း''



www.burmeseclassic.com

www.burmeseclassic.com



"ပရိတ်သတ်ကြီးခင်ဗျား ... ယခုပြိုင်ပွဲဝင်သွားတဲ့ အလှဖန်တီးရှင် နတ်ကတော်အထာကြည်ကို ပြိုင်ပွဲကျင်းပရေး လူကြီးမင်းများမှ ဒုတိယ ဆုချီးမြှင့်လိုက်ပါတယ်ခင်ဗျား"

"ဟေ့ ... ဟေ့ ... တစ်ယောက်တည်း ပြိုင်တာ ဘာဖြစ်လို့ ဒုတိယ ဖြစ်ရတာလဲ။ တစ်ယောက်တည်းပဲ ပထမဖြစ်ရမှာပေါ့"

"အဟမ်း ... အဟမ်း ..."

"ဒီလိုပါခင်ဗျ ... ပန်းဝင်ခါနီး ကျောက်ခဲကို ခလုတ်တိုက်ပြီး ဆော့လဲလိုက်တာ ကျောက်ခဲက သူ့အရင် ပန်းဝင်သွားတဲ့အတွက် သူက ဒုတိယ ဖြစ်သွားတာပါခင်ဗျ"

"ဟေး ဟေး ဟေး"

"ဟုတ်ပြီဟေ့ ... ကျောက်ခဲက ပထမ ... အထာကြည်က ဒုတိယ"

လာရောက်အားပေးကြသော ပရိသတ်မှာတော့ တဝါးဝါးဖြင့် ပွဲကျမဆုံး ရှိနေကြတော့သည်။ ထို့နေက ပြိုင်ပွဲကြီးမှာ ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမားမရှိဘဲ ညနေစောင်းအချိန်တွင် ပြီးဆုံးသွားတော့သည်။ ဆုပေးပွဲကို ကျင်းပပြီးသောအခါ မိုးချုပ်စပင် ပြုနေပြီဖြစ်သည်။

ပရိသတ်များ ပြန်သွားသော်လည်း အဘ ထိတ်တုံးရွှေနှင့် သံယောင်းမဦးပိန့်တို့က မှာထား၍ ဂုဏ်သရေရှိ ရာထူးရာခံရှိ လူကြီးလူငယ် ဆယ့်ငါးယောက်ခန့် ကျန်နေခဲ့ကြသည်။ ထိုလူများကို လူရှင်းသောအခါ အဘက သူ့အိမ်သို့ ခေါ်ဆောင်လာသဖြင့် လိုက်ပါလာခဲ့ကြသည်။

"အင်း ... အဘကတော့ ဘာတွေကောက်ရိုးမွှေဦးမလဲမသိ"

✿ ✿ ✿

# [၅]

❑

အဘထိတ်တုံးရွှေအိမ်သို့ ရောက်သောအခါ ရွာထဲမှ ဘွဲ့တံဆိပ်တော်ရ လူဆိုးလူပေလူတေ (၁၅)ယောက်ခန့်ကို တွေ့လိုက်ရသည်။ အားလုံး ဧည့်ခန်းတွင် ဝိုင်းထိုင်နေကြပြီး အလယ်တွင် ဆန်(၂)ပြည်ချက် ဒန်အိုး တစ်လုံးကို ချက်အရက်အပြည့်ထည့်လျှက် တွေ့ရသည်။ ဘေးတွင် အဘ တပည့်များ လက်ရာဖြစ်သော ကြက်သားကာလသားချက်၊ ကထန်မြွေတ်း မွှန်ကြော် စသည့် အမြည်းပေါင်းစုံကို ပြင်ထားသည်။ ရေအိုးရေချိုင့်မရှိဘဲ အရက်ထည့်သောက်ရန် ကြွေမတ်ခွက် အသေးတစ်လုံးကို ပန်းကန်ပြား တစ်ခုနှင့် ချထားသည်။ ကျွန်တော် အိမ်ပေါ်သို့ တက်သွားသောအခါ ...

"လာလေ ... လူလေး ... ထိုင်၊ ထိုင်"

"လူတောင် အတော်စုံနေပြီပဲ"

"ဟုတ်တယ်ကွ ... မင်း မရောက်သေးလို့ စောင့်နေတာ"

"အဘ ... ဒါက ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ ...ဟိုနေ့က အဘပြောသလို အရက်သောက်ပြိုင်ပွဲ ကျင်းပပေးမလို့"

"အရက်သောက်ပြိုင်ပွဲ"

"ဟုတ်တယ် ...လူလေးရ။ ဒါကြောင့် လက်ရွေးစင်တွေ ရွေးခေါ်ထားတာ"

ကျွန်တော် ဝိုင်းထိုင်နေသည့် လူအုပ်စုကို ကြည့်လိုက်တော့ ရပ်ကျော်ရွာကျော် လူပေလူတေ ကျွန်တော့် သူငယ်ချင်းများ ညီအစ်ကိုများအပြတ်အမ်း ပြဿနာကို မီးခွက်ထွန်းရှာနေကြသူများ။

"ဒီမှာ အားလုံးနားထောင်။ ဒီပြိုင်ပွဲကို ပြိုင်မယ့် မင်းတို့တစ်တွေက ချပ်တော့နယ်ကျော် အော်ကြောလန်တွေ ဒီတော့ စည်းကမ်းချက်တွေကို နားထောင်လိုက်နာရမယ်"

"ဟုတ်ကဲ့ ...ပြောပါ အဘ"

"ပြောမှာပေါ့ကွ ...မင်းက ဘယ်လိုဖြစ်နေတာလဲ"

"အဟီး ...သောက်ချင်စိတ်က တော်တော်လေးဆိုးလာလို့ပါ"

"ပထမအချက်က အရက်ကို အလှည့်ကျသောက်ရမယ်။ တစ်ယောက်ပြီး တစ်ယောက်ပေါ့။ မသောက်နိုင်ရင် အဲဒီအရက်နဲ့ ခေါင်းကလောင်းချမယ်"

"ရက်စ် သက်ရိုက်"

"နာခံပါ့မယ်"

"မူးပြီး ပစ်လဲကျသွားတဲ့လူတိုင်း အရှုံးပဲ"

"ဟုတ်ပါပြီ"

"ပြီးတော့ အရက်သောက်ရင် ရေရောမသောက်ရဘူး၊ အရက်ချည်း သောက်ရမယ်။ အမြည်းကိုတော့ စားနိုင်တယ်"

"ဒါလည်း လိုက်နာနိုင်ပါတယ်"

"ပြီးတော့"

"အဘ ...မပြီးသေးဘူးလား အနော်တို့ တောက်ချင်လှဂျီ"





"ဟော့ကောင် ...လေးမောင် မင်း ဘယ်လိုဖြစ်နေတာလဲ ငြိမ်ငြိမ်ထောင်အောင်သောက်။ အခုတော့ ဝင်မပြောနဲ့"

ဘေးမှ ဝင်လျှာရှည်သော ပိန်တာရိုးလေးမောင်တစ်ယောက် ခေါင်းကလေး ပုသွားသည်။

"အရက်ဝိုင်းမှာ အရက်ကို အဓိကထားသောက်ရမယ်။ အရက်သမား သိက္ခာကျစေမဲ့ အပြုအမူ အပြောအဆိုကို ရှောင်ရမယ်"

"အဘ ...အဲဒီအချက်တွေကို ပြောပါဦး"

"မူးပြီး လုံချည်မနိုင် ဘာမနိုင် ဖြစ်တာတို့၊ စကားကို ဆူဆူညံညံ ပြောတာတို့၊ အပ်ကြောင်းထပ်တာတို့၊ အားလုံး မူးပြီထင်ပြီး အရက်ပိုးရှင်းရှမှာစိုးလို့ ကွမ်းယာဝယ်သလို ဘာလိုနဲ့ လစ်သွားတာမျိုးတို့ ..."

"အဘ ...အဲဒါ အရက်သမားတွေ လုပ်နေကျအလုပ်တွေမဟုတ်လား"

"အဲဒါ ခပ်ညံ့ညံ့ အရက်သမားတွေလုပ်တာ။ ထောင်မှူးကြီးသိန်းဝင်းတို့လို လူစားတွေပေါ့။ ငါတို့ မြတ်မင်းဟန်တို့လို အရက်သမားအစောင်းအနီးတွေက ဒါမျိုး ဘယ်တော့မှမလုပ်ဘူး"

"ဆိုင်မှာ ဘေပဲ မှတ်ခိုင်းတာ မဟုတ်လား"

"ဟော့ကောင် ...ကိုရဲ၊ မင်း ဝင်မရှုပ်နဲ့ အသာနေစမ်း"

"နောက်ဆုံးအချက်က အနိုင်ရတဲ့ မလဲဘဲ ကျန်နေတဲ့တစ်ယောက်က ငှက်ကြီးတို့အရက်ဆိုင်မှာ တစ်လတိတိ အခမဲ့သောက်ခွင့်ဆုရမယ်ကွာ။ ကြိုက်သလောက်သောက်"

"ဝေး ဟေး ဟေး"

"ဖြောင်း ...ဖြောင်း ...ဖြောင်း"

"အဲဒီဆုကို အကြိုက်ဆုံးပဲ"

"သေချာတယ်၊ ငါရမှာကွ"

"မထင်နဲ့နော် အစ်ကိုလေးကိုရဲနိုင်ကို မှီမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



''သူက မြို့မှာ ကျောင်းသွားတက်တယ်ဆိုပြီး ဒီပြိုင်ပွဲအတွက် နေ့တိုင်း အသောက်ကျင့်နေလားမှ မသိဘဲ''

''တကယ်ဆို ဒီပြိုင်ပွဲမျိုးကို တစ်နိုင်ငံလုံး အဆင့်နဲ့တောင် ကျင်းပစေချင်တာကွ''

''ဟာ ... အဘကလည်း မသောက်ရသေးဘဲ ဖောက်လာပြီ''

''ဟုတ်တယ် ... လူလေးရ၊ အဲဒီကမှတစ်ဆင့် ကျွန်းဆွယ်ပြိုင်ပွဲတို့ အိုလံပစ်လို ကမ္ဘာ့ပြိုင်ပွဲအဆင့်တို့လိုတောင် ဒီပြိုင်ပွဲမျိုးကို ကျင်းပစေချင်တာ၊ ဒါမှ တို့မာတွေ ဘယ်လောက်အရည်အချင်းရှိတယ်ဆိုတာ သိသွားမယ်''

''အဘ ... ဟိုစာသားလိုပေါ့''

''ဘယ်စာသားလဲကွ''

''မြန်မာ့အရက်သမားအစွမ်း ကမ္ဘာကို လွှမ်းစေရမည် ... ဆိုသလိုပေါ့''

''ဟုတ်တာပေါ့ ... လူလေးရာ ... ဟား ... ဟား ... ဟား''

''ကဲ ... ဝိုင်းစမယ်ဟေ့၊ ငါကပဲ စပြီးပြိုင်ပွဲကို စဖွင့်လိုက်မယ်''

အဘထိတ်တုံးရွှေက ပြောပြောဆိုဆို အရက်ခွက်ကို ခပ်သောက်လိုက်သည်။ ပြီးတော့ သံယောင်းမဦးဝိန်၊ ကျွန်တော်၊ ကာလသားခေါင်း စံဝိန်၊ ငှက်ကြီး၊ မောင်ဦးမြင့်ကြီး စသည်ဖြင့် လူစုံအောင် သောက်ကြတော့သည်။ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသော အမျိုးကောင်းသားလူပေလူတေအပေါင်းတို့ကလည်း စိတ်ပါလက်ပါပင် သောက်သုံး၍ ပြိုင်ပွဲဝင်နေကြသည်။

အကယ်၍ မူးလဲပြီး ပြိုင်ပွဲကို ဆက်မပြိုင်နိုင်လျှင်သော်လည်းကောင်း၊ မသောက်နိုင်၍ ခေါင်းမှ အရက်လောင်းချခြင်း ခံရလျှင်သော်လည်းကောင်း၊ ထိုအကြောင်းသာ ရွာမှ အမျိုးသမီးထုအတွင်း ပျံ့နှံ့သွားပါက အားလုံး အထင်သေးခြင်းကို ခံရမည့်အပြင် လူပျိုကြီးဘဝကို သက်ဆုံးတိုင် နေရမည်ဖြစ်သောကြောင့် အနိုင်မခံအရှုံးမပေးစတမ်း ပါဝင်သောက်သုံးလျှက် အားသွန်ခွန်စိုက် ပြိုင်ပွဲဝင်လျှက် ရှိနေကြပါသည်။





ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပါက တစ်လလုံးလုံး အရက်အဝသောက်ရသည်။

ဆုကလည်း မက်လောက်စရာဖြစ်သည်။ အဘ၏ တပည့်သုံးဦးကလည်း ကုန်သွားသော အရက်၊ အမြည်းတို့ကို အလျော့မခံဘဲ ပြိုင်ပွဲဝင်တို့၏ လိုအပ်သမျှကို ဖြည့်ဆည်းပေးလျှက်ရှိသည်။

ထိုအထဲတွင် ဝိန်တာရိုးလေးမောင်က လူလည်ဖြစ်သည်။ ကြားဖူးအဆရှိထား၍အိမ်မှ ဆီ(၂)ဖွန်းခန့်ကို ကြိုတင်သောက်လာခဲ့သည်။ ထောဆော်တို့ ဆီတို့ကြိုသောက်ထားလျှင် အရက်သိပ်မမူးဟု ကြားထားသည်ကိုး။ သို့သော် အားလုံးထဲတွင် သူက အဝိန်ဆုံးဖြစ်နေ၍ အရက်ဒဏ်မခံနိုင် ဝိုင်းအပတ်ခန့် လည်ပြီးသောအခါ မူးစပြုလာပြီး စကားတွေ ဖောင်လာသည်။ အဘကို ကြောက်၍ ၎င်းပြိုင်ပွဲမှ အထုတ်ခံရမှာစိုး၍ သိပ်တော့ မဆူရဲ။

စံဝိန်ကလည်း အကြံသမား။ အစာများများစားလျှင် အမူးအဆိုက်နိုင်သည်ဆို၍ အရက်သောက်ပြီးတိုင်း အမြည်းတွေ ခွစားနေသည်။ သူသည်း ဝိုင်းငါးပတ်ခန့်တွင် မိုက်ပြည့်လာ၍ မအန်မိစေရန် မနည်းကြိုးစားနေရသည်။ ဒီအတိုင်းဆို ပထမဆုံးအရက်ဖြင့် ခေါင်းလောင်းခံရမည့်သူမှာ သူဖြစ်နိုင်သဖြင့် မနည်းအားတင်းထားရသည်။

ပြိုင်ပွဲဝင်များ အတော်ခရီးပေါက်၍ ရေချိန်ကိုက်လာချိန် ...

ပြိုင်ပွဲတွင် ဗိုလ်စွဲဖို့ထက် မလဲအောင်မနည်းအားတင်း နေရချိန်တွင် ...

အဘ၏ တပည့်ကျော်သုံးယောက်ထဲမှ အငယ်ဆုံးဖြစ်သော ပေတူးတစ်ယောက် ဘာမပြော ညာမပြောဖြင့် ဝိုင်းထဲ တိုးဝင်လာပြီး အရက်ခွက်ကို ဆွဲ၍ လေးငါးခွက်ခန့် ဆင့်၍သောက်လိုက်သည်။ လူကလည်း တုန်တုန်ယင်ယင်ဖြင့် ...

အားလုံး အံ့အားသင့်ကုန်သည်။ အရက် လုံးဝမသောက်သော ပေတူးတစ်ယောက်အရက်ကို ရေလိုသောက်နေသည်ကို တွေ့လိုက်ရသဖြင့် အားလုံးသောအချိန်ပင် ခေတ္တရပ်ချင်သလိုလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ပေတူး မင်း ဘာလုပ်တာလဲ ပြောစမ်း"

"ဟော့ကောင် ... ပြောလေကွာ၊ မင်းက အရက်မှ မသောက်တတ်ဘဲ ဘာဖြစ်လို့ ဒီကိုလုပ်ရတာလဲ"

ပေတူးက ဘာမှပြန်မပြောဘဲ တုန်တုန်ယင်ယင်နှင့် အဘကို ပြန်ကြည့်နေသည်။ ကျွန်တော်က အခြေအနေကို ရိပ်မိသဖြင့် ...

"အဘ ... အဘ ... ဒီကောင် ပေတူးမဟုတ်ဘူး။ အပဝင်နေပြီနဲ့တူတယ်၊ ဘယ်သူလဲဆိုတာ သေချာအောင်မေး ... အဘ"

"ဟော့ကောင် ... ငါမေးနေတယ်လေကွာ။ ပြောစမ်း ... မင်း ဘယ်သူလဲ"

"ငါ နရင်း ထရိုက်လိုက်ရ ..."

"ဒီကောင်မပြောရင် ကျွန်တော် ဆရာဦးအောင်စိန်ကို သွားခေါ်ရမလား"

ဆရာဦးအောင်စိန်ဆိုမှ ကိုယ်တော်က စကားပြောလာတော့သည်။

"အဘ ... အဘ ... ကျွန်တော်က သချိုင်းကုန်းမှာနေတဲ့ သရဲမှူး သိန်းဝင်းပါ"

"ဘာ ... သရဲမှူးသိန်းဝင်း ... ဟုတ်လား"

"ဟုတ်ပါတယ် ... ဟိုတစ်နှစ်က အရက်အမူးလွန်ပြီး အန်ဖတ်ဆို့သေသွားတဲ့ သရဲမှူးသိန်းဝင်းပါ"

"နေပါဦး ... သချိုင်းကုန်းမှာနေတဲ့ သရဲမှူးက ငါတို့ပြိုင်ပွဲကို ဘာလာလုပ်တာလဲ နှောင့်ယှက်တာလား"

"မဟုတ်ပါဘူးခင်ဗျား၊ အရက် အရမ်းသောက်ချင်လို့ပါ။ အရက်ကြောင့် သေပြီး သရဲဖြစ်ပေမဲ့ ဒီအရက်ကို မဖြတ်နိုင်လို့ပါခင်ဗျား"

"မင်းက သရဲဖြစ်ပြီး ဘာဖြစ်လို့ ငါ့အိမ်ကို ရောက်လာရတာလဲကွ။ ပွဲလာဖျက်တာလား"

"မဟုတ်ပါဘူး ... အဘရယ်။ အဘတို့ ဒီအရက်သောက်ပြိုင်ပွဲကျင်းပမယ့်သတင်းက ကျွန်တော်တို့ သရဲလောကမှာ သတင်းပျံ့နေလို့ ယှဉ်ပြိုင်ချင်တဲ့ သရဲတွေ အများကြီးပဲ။ ဒါပေမဲ့ အကြီးအကဲက ခွင့်မပြုတာရယ်





ရွာထဲကိုဝင်ဖို့ ရွာတော်ရှင်နဲ့ ခြံစောင့်နတ်ဆီက ဗီဇာမရတာကြောင့် မလာနိုင်ကြတာပါ"

"ဒါဖြင့် မင်းကျတော့ရော"

"အဘတို့၊ အစ်ကိုလေးတို့ ဒီပြိုင်ပွဲကျင်းပတော့ ကျွန်တော်တို့ လောကမှာရှိတဲ့ သရဲတွေကလည်း အကြီးအကဲကို ဒီလို ပြိုင်ပွဲကျင်းပပေးဖို့ ဝိုင်းပြီး တောင်းဆိုကြတယ်။ ဒီတော့ အကြီးအကဲကလည်း အားလုံးဆန္ဒကို ဖြည့်ဆည်းပြီး သရဲအရက်သောက်ပြိုင်ပွဲ ကျင်းပပေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ပြိုင်ပွဲကျင်းပပုံနဲ့ စည်းမျဉ်းစည်းကမ်းတွေကို လေ့လာခဲ့အောင် ကျွန်တော့်ကို လွှတ်လိုက်တာပါ"

"မင်းက မင်းတို့လောကမှာ ဘာရာထူး ရထားလို့လဲကွ"

"ကျွန်တော်က လူ့ဘဝမှာ အရက်ပဲသောက်တာ ကျန်တဲ့မဟုတ်တာတွေကို ဘာမှသိပ်လုပ်တာ မဟုတ်ဘူး။ အသက် ကိုယ့်ထက်အနှစ်(၂၀)လောက်ကြီးတဲ့ အဘွားကြီးကိုပဲ ရည်းစားထားမိတာပါ။ အဲဒီလို အကုသိုလ်[illegible]တော့ သရဲလောက ရောက်တဲ့အခါ အကြီးအကဲရဲ့ (၅)ယောက်မြောက် မယားငယ်ရဲ့ ကိုယ်ရေးအရာရှိပါခင်ဗျာ"

"ဟာ ... မင်းရာထူးက မိုက်လိုက်တာကွာ"

"မမိုက်ပါဘူး ... အစ်ကိုလေးရာ၊ အဲဒီရာထူးကိုရတဲ့ လူတွေက [illegible]ကုန်းလုပ်ရမယ်ဆိုလို့ သရဲဘဝရောက်မှ အဖြတ်ခံလိုက်ရတော့ ကျွန်တော့်မှာ မှူးသိန်းဝင်းကနေ ကုန်းကုန်းသိန်းဖြစ်နေရပါတယ် ခင်ဗျား"

"ဟေ ... ကောင်းရော၊ ကုန်းကုန်းသိန်းရာ"

"ဒါဆို မင်းက ပြိုင်ပွဲကို မလေ့လာဘဲ ဘာကြောင့် ငါတို့အရက်တွေကို ဝင်သောက်ရတာလဲ"

"ဒါကတော့ ကြုံလို့ပါ ... အစ်ကိုလေးရာ။ ဟိုတစ်ခါ အစ်ကိုလေး စိန်တို့ မူးပြီး သချိုင်းကုန်းက မြေပုံတွေပေါ်မှာ လာအိပ်တုန်းက ကျွန်တော်တို့ အစ်ကိုလေးကို ပိုးမွှားတွေမကိုက်အောင် စောင့်ရှောက်ပေးနေတာ၊ အစ်ကိုလေးတို့ မူးပြီး အိပ်ပျော်သွားတော့ ကျန်တဲ့အရက်တွေ ခိုးသောက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ အရသာ ရှိလိုက်တာဗျာ။ အဲဒီကတည်းက အရက်ကောင်းကောင်း မသောက်ရတာ အခုထိ ဆိုပါတော့''

''ကဲ ...ကဲ ...ကုန်းကုန်းသိန်း သောက်သောက် ဝအောင် သောက်''

''ဟုတ်ကဲ့ ...အဘ။ ကျွန်တော်လည်း ပြန်တော့မှာပါ။ အကြီး အကဲ မရောက်ခင် ပြန်ရမှာ''

''မင်းတို့အကြီးအကဲက ဘယ်သွားနေလို့လဲ''

''ပြိုင်ပွဲကျင်းပဖို့ အထက်လူကြီးဆီလည်း ခွင့်ပြုမိန့်တင်ရင်း ပြိုင်ပွဲအတွက် စပွန်ဆာရှာရင်း သွားတာ''

''အေးပေါ့ကွာ ...ခွင့်ပြုမိန့်မတင်ဘဲ ကျင်းပရင် ပုဒ်မ(၁၄၄) တရားစွဲခံရဦးမှာ''

''ကဲ ...ကဲ ...ကောင်းပါပြီဗျာ၊ သောက်သောက် သောက်ပြီး တော့ ကြွတော်မူပါ၊ ကုန်းကုန်းသိန်းခင်ဗျား''

ပြောပြောဆိုဆို ပေတူးက အရက်လေးငါးခွက် ဆင့်သောက်ပြီး လဲကျသွားတော့သည်။ ကျွန်တော်တို့ ကြည့်နေစဉ် ခေတ္တအကြာ ပေတူး တစ်ယောက် ပြန်ထလာပြီး ဘာမှမသိသည့်ပုံစံဖြင့် သူလုပ်ရမည့် အရက် ဖြည့်ခြင်း၊ အမြည်းဖြည့်ခြင်းတို့ကို ခါတိုင်းလို ဆောင်ရွက်နေတော့သည်။

ချက်အရက်မီးတောက် ဆယ်ခွက်လောက်ကို ခဏအတွင်း တစ် ထိုင်တည်း သောက်ခြင်းသည် တော်ရုံလူကို ပစ်လဲအောင် မူးသွားစေ သော်လည်း ပေတူးက ဘာမှမဖြစ်။ သူ့ကိုခေါ်၍ ပါးစပ်ကို အနံ့ခံကြည့် သော်လည်း ဘာအရက်နံ့မှမရ။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ခေါင်းခါလိုက်ကြသည်။ အရက်သောက် ပြိုင်ပွဲဝင်နေသူများ ကြည့်လိုက်တော့ ကြမ်းပေါ်တွင် တစ်ဝက်ခန့် မူးလဲနေပြီဖြစ်သည်။

ကျန်သော အဘထိတ်တုံးရွှေ၊ သံယောင်းမဦးပိန်၊ ကျွန်တော်၊ စံ ငှက်ကြီးတို့အုပ်စု ပြိုင်ပွဲကို ဆက်ကျင်းပကြရသည်။ ညတစ်နာရီထိုးသော





အချိန်တွင် အဘရယ်၊ သံယောင်းမရယ်၊ ကျွန်တော်ရယ် သုံးယောက်သာ ကျန်တော့သည်။ အားလုံး အမူးလွန်၍ ပြိုင်ပွဲကို လက်ပြနှုတ်ဆက်ကုန် ပြီဖြစ်သည်။

''ကဲ ...အဘ ကျွန်တော်တို့ သုံးယောက်ကတော့ လဲမှာမဟုတ် ဘူး''

''ဟုတ်တယ် ...ရှလေးရဲ့ ...အေး''

''ဒါဆို ပွဲကိုရပ်ပြီး ကျွန်တော် ပြန်တော့မယ်''

''အေး ...အေး ...ပေဒူး ...လိုက်ပို့လိုက် ...ရှရေးကို''

''ဟုတ်ကဲ့ အဘ''

ဆက်လည်း မသောက်နိုင်၊ ဆက်နေလျှင်လည်း အန်ပြီး သူများ တွေလို ပစ်လဲမည်စိုးသဖြင့် မနည်းအားတင်းပြီး ပြန်လာခဲ့သည်။ အဘ တပည့် ပေတူး လိုက်ပို့၍ တဲသို့ ချောမောစွာ ပြန်ရောက်ခဲ့သည်။

တဲသို့ပြန်ရောက်ပြီး အိပ်ရာထဲ ထိုးလဲပြီး အိပ်ပျော်သွားတော့ သည်။ အမှန်က အမူးလွန်သွားခြင်းဖြစ်သည်။ တပည့်ကျော် သံလုံးတို့ ဇနီးမယားက နှိုးမရခေါ်မရသဖြင့် သတင်းစာ ပြာချတိုက်ခြင်း၊ နာထဲ သံပရာသီး ညှစ်ထည့်ခြင်း၊ ကေရာဇ်မြစ်ကို သွေး၍တိုက်ခြင်းတို့ ပြုလုပ် သောကြောင့် နောက်နေ့ နေ့လယ်(၁)နာရီထိုးမှ ပြန်သတိရလာခဲ့သည်။

အဘထိတ်တုံးရွှေနှင့် သံယောင်းမတို့ကလည်း ကျွန်တော်ပြန်လာ သည်နှင့် သူတို့လည်း အမူးလွန်လဲကျသွားသည်မှာ နောက်နေ့ညနေ(၃) နာရီမှ သတိရကြသတဲ့။ ထို့ကြောင့် ပြိုင်ပွဲ၏ ဂုဏ်ထူးဆောင် ပထမဆုကို ကျွန်တော် အမျိုးကောင်းသားလေး မောင်ရဲနိုင်မှ ဆွတ်ခူးကြောင်း အဘက ကြေငြာခဲ့ပါသည်။

ထိုကိစ္စကို သိသွားသဖြင့် ကျောင်းမှ ဆရာတော်ဘဘုန်းက ကြိမ် နှင့်ကြိမ်း ကြိမ်းနေသောကြောင့် ဘုန်းကြီးကျောင်းနှင့် တစ်လခန့် လမ်းစ ဖြတ်ထားခဲ့ရသည်။ ဘဘုန်းတဲသို့ ကိုယ်တိုင်ကြွလာလျှင် ပုန်းနေခဲ့ကြသည်။ ဘဘုန်းစိတ်ပြေလောက်မှ ကျောင်းသို့သွား၍ နင်းနှိပ်ပေးရင်း ချော့ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ကိစ္စကို အကြောင်းပြု၍ တစ်နယ်လုံး၌ လူငယ်လူရွယ်များကြားတွင် ကျွန်တော်မှာ အတော်နာမည်ကြီးသွားခဲ့သည်။ လူငယ်လူရွယ်များသာမက အမျိုးသမီးများကပင် အားကျသော အကြည့်၊ အထင်ကြီးသောအကြည့်၊ အားကိုးလိုသော အကြည့်များဖြင့် သွားလေရာ အကြည့်ခံခဲ့ရသည်။

ထိုစဉ်ကတော့ အလွန်ပင် သဘောကျနေခဲ့သည်။

သို့သော် ယခုအချိန်မှာတော့ ထိုကိစ္စများသည် . . .။

ဝင်းနိုင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကြာတော့ အတော်ကြာချေပြီ။

ကြာဆို နှစ်ပေါင်းရှစ်ဆယ်နီးပါးပင် ရှိချေပြီ။

သို့သော် ...

ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းသော ထိုဖြစ်ရပ်ဆန်းသည် ဒေသခံတို့အတွက် မမေ့နိုင်သော ဖြစ်ရပ်ဆန်းမို့ ပြောစမှတ်တွင်ရစ်သော ကမ္ဘာ့ရှုနယ်ပယ်ဖြစ်ရပ်ဆန်းပင်။ အချိန်ကာလအားဖြင့် ၁၉၅၂-ခုနှစ်။

ဦးအောင်နိုင်မှာ ကုလားတန်းရွာကလေးသို့ အစိုးရစက်[illegible] လယ်ယာ ဒုဦးစီးမှူးအဖြစ် ခန့်အပ်စေလွှတ်ခြင်းခံရ၍ ပင်လယ်ပြင် [illegible] သီခေါင်သော ထိုနေရာကလေးကို ရောက်ရှိလာရသူဖြစ်၏။

ကုလားတန်းရွာကလေး၏ အနောက်တောင်ဘက်တွင် ဘင်္ဂလား ပင်လယ်အော်ကြီးက ရှိ၏။ ကုန်းတွင်းနယ်မြေအငူစွန်းတောင်ပေါ်တွင် [illegible] တိုက်ကြီးကလည်း ရှိ၏။





ကုလားတန်းဆိုသည့်အတိုင်း အိန္ဒိယနိုင်ငံတောင်ပိုင်းမှ အိန္ဒိယ [illegible]နွယ်ဝင်ကုလားများ စုပေါင်းနေထိုင်ကြသော ရွာဖြစ်၏။ အများအားဖြင့် [illegible]ရာခလေ့ထုံးစံအတိုင်း နတ်ကိုးကွယ်သူတွေဖြစ်၏။

တောင်မြေရွာဖြစ်၍ အမဲလိုက်သူတွေရှိသည်။

ပင်လယ်နှင့် ထိစပ်နေ၍ ပင်လယ်ပြင်ထွက်ပြီး ငါးဖမ်းကြသည့် [illegible]ငါသည်တွေမှာ အများစုဖြစ်၏။

ဗြိတိသျှ ကိုလိုနီနယ်ချဲ့ခေတ်ကတည်းက အလေ့အထဖြစ်သည့် [illegible]ရအရာရှိဆိုလျှင် အလွန်အမင်းကြောက်ရွံ့ ရှိသေကြသူများဖြစ်သည်။ [illegible]သဖြင့် သေနတ်ကို သေမင်းလို ကြောက်ကြသည်။

ကုလားတန်းရွာနားတွင် ချသောစီမံကိန်းမို့ ကုလားတန်းစီမံကိန်း [illegible]ဟုသည်း ခေါ်သည်။

✿ ✿ ✿

[၂]

❑

ထိုကုလားတန်းစီမံကိန်းတွင် အလုပ်သမားပေါင်း တစ်ရာကျော် [illegible]

အလုပ်သမားများမှာ ပင်လယ်မှရရှိသော ငါးများကိုသာ ဟင်းလျာ[illegible] နေ့စဉ်စားနေရသောကြောင့် ဆိတ်၊ ဘဲ၊ ငန်းများကို ရလျှင်ရသလို [illegible] မွေးမြူလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်ကို အရာရှိတစ်ယောက်မို့ အလုပ်သမားကြီးမေ
မချွေး ဆရာဟုပင် ခေါ်ကြသည်။ ဦးအောင်နိုင်ကလည်း မိမိက အရာရှိ
တစ်ယောက်ပဲဆိုပြီး အလုပ်သမားတွေအပေါ် တင်းကြပ်တာမျိုးမရှိ။ ချ
နေရာနှင့်သူ နေ၏။

ထိုစဉ်က အရာရှိများ၏ လုံခြုံရေးအတွက် အစိုးရမှ အစောင့်အကြ
များ ထားပေးသည်။

ထို့ကြောင့် ဦးအောင်နိုင်၏ အနီးတွင်လည်း လုံခြုံရေးနှစ်ဦး အမြဲ
ရှိ၏။

ဦးအောင်နိုင်တို့လို အရာရှိများက ဘိုတဲပေါ်တွင် နေကြရပြီး အလုပ်
သမားအများစုကမူ မိုးပြတိုက်ကြီးထဲတွင် နေကြသည်။ အချို့က မိုးပြတိုက်
အနီးအနား တဲတန်းရှည်ဆောက်ပြီး နေကြသည်။

ဦးအောင်နိုင်ကား စကားပြောပြတ်၏။ မှန်တယ်ထင်လျှင် ဘယ်သူ့
မှ မကြောက်တတ်သော စိတ်ဓာတ်ရှိ၏။

တစ်ည ဦးအောင်နိုင်နှင့် ကိုမြင့်အောင်တို့ ဆရာတပည့်တွေ အထုပ်
ကိစ္စ တိုင်ပင်ဆွေးနွေးရင်း ယော်သင်းနံ့လက်ဖက်ခြောက်လေး ခတ်ထား
သည့် ရေနွေးကြမ်းလေးသောက်လိုက်၊ ဆီရွှဲရွှဲဆမ်းထားတဲ့ ငါးခြောက်ဖုတ်
လေး မြည်းလိုက်နှင့် အချိန်ကုန်မှန်းမသိ ကုန်သွား၏။

''ကဲ ... ကိုမြင့်အောင်ရေ မနက်ဖြန် အလုပ်ဆင်းရဦးမှာဆိုတော့
အိပ်ကြဦးစို့ (၁၁) နာရီလည်း ခွဲပြီ''

ကိုမြင့်အောင်က ဦးအောင်နိုင်ရဲ့လက်ထောက် ကြီးကြပ်ရေးမှူး
တစ်ယောက်။

''ခဏလေးနေပါဦး ... ဆရာရယ်၊ ဆရာကို ထူးဆန်းတာလေး
ပြချင်လို့''

''ခင်ဗျားစကားက အဆန်းပါလား''

''ဆန်းဆို ဒီညက လကွယ်ညလေ။ ဟိုးမှာ မြင်နေရတဲ့ လက်ပံ
ပင်ကြီးပေါ်ကို (၁၂)နာရီထိုးတာနဲ့ မီးစိမ်းလုံးကြီး တက်လာလိမ့်မယ်။ အဲဒါ
ဆရာကို ပြချင်လို့''





မှန်ပါ၏။ ဦးအောင်နိုင်တို့နေသော ဘိုတဲနှင့် မနီးမဝေးတွင် လက်ပံ
ပင်ကြီးတစ်ပင်ရှိသည်၊ ၎င်းလက်ပံပင်ကြီးမှာ အလွန်ကြီးမားလှသော သက်တမ်း
နှင့် အပင်ကြီးပင်ဖြစ်၏။

ကိုမြင့်အောင် ပြောသလိုပင် (၁၂)နာရီထိုးပြီးတာနှင့် တစ်ပြိုင်
တည်း လက်ပံပင်ကြီးဆီမှ တရွေ့ရွေ့တက်လာသော မီးစိမ်းလုံးကြီးကို လှမ်း
မြင်လိုက်ကြရသည်။ ထိုမီးစိမ်းလုံးကြီးမှာ အဝေးက မြင်ရတာကိုပင် စိမ်း
ပြောင်နေ၏။

''အဲဒီမီးစိမ်းလုံးက ဘာလဲ ... ကိုမြင့်အောင်''

''ဒါ ... စုန်းတောက်စားတာလို့ ခေါ်တယ် ... ဆရာရဲ့။ ဆရာက
ခုမှ မြင်ဖူးတာ။ ကျွန်တော်တို့က လပြည့်ညရော လကွယ်ညတွေပါ မြင်နေ
ရတာဆိုတော့ ရိုးနေပြီ''

''ဟာ ... ကိုမြင့်အောင်ရာ၊ ကြည့်လည်းပြောဦး။ အဲဒီလက်ပံ
ပင်နားရှိတဲ့ ရွာက ကုလားတန်းကွ ... ကုလားတန်း။ ဖြစ်နိုင်တာပဲ ပြော
ပါကွာ''

ကိုမြင့်အောင် စကားကို ဦးအောင်နိုင် လက်မခံနိုင်။

''ကုလားတန်းတော့ ကုလားတန်းပေါ့ ... ဆရာရယ်။ ရွာတစ်ရွာ
တည်မယ်ဆိုရင် စုန်းရှိမှ တည်လို့ရတယ်လို့ ရှေးလူကြီးတွေ ပြောကြတာ
ဆရာ ကြားဖူးမှာပါ။ ပြီးတော့ ကုလားတွေမှာလည်း မှော်ဆရာတို့၊ စုန်းတို့
ရှိတတ်ကြတာပဲ ဆရာ''

''အေး ... ကြားတော့ ကြားဖူးတယ်။ ဒါပေမဲ့ အဲဒီလို စုန်းတွေ၊
တစ္ဆေတွေ ရှိတယ်ဆိုတာ ကျုပ် မယုံဘူး။ လက်လည်း မခံဘူး''

''အရင်က မယုံခဲ့ရင်လည်း ခုယုံလိုက်တော့ ... ဆရာရေ။ စုန်းမျိုး
တစ္ဆေမျိုးဆိုတာ အမျိုးပေါင်း (၉၀)ကျော်တောင် ရှိတာ။ ဥပမာ–ချေးစားစုန်း
တို့၊ လူကို သေအောင်ပြုစားတဲ့ အူလျှောက်စုန်းတို့ဆိုတာ လက်တွေ့
တကယ်ရှိတယ်ဆရာ''

''ဒါဆို ... ဒီမီးစိမ်းလုံးကရော''



www.burmeseclassic.com

www.burmeseclassic.com



"ဒီမီးစိမ်းလုံးက ဈေးစားစုန်းပဲ ဖြစ်ရမယ်။ သူ့ကို ဆူးခက်နဲ့ အုပ်ဖမ်းရင် နိုင်းချင်ရာ နိုင်းလို့ရတယ်ဆရာ"

ကိုမြင့်အောင် . . . စကားဆုံးရင်ပဲ။

"ဟုတ်ပြီ . . . ဒါဆို ကျုပ်ကို သက်သေပြတဲ့အနေနဲ့ နောက်လပြည့်ကျရင် လက်ပံပင်ဆီ ကျုပ်တို့နှစ်ယောက် သွားကြည့်ရအောင်"

ကိုမြင့်အောင် ပျာပျာသလဲ ဖြစ်သွားသည်။ ဟိတ်တွေဟန်တွေနဲ့ ပြောနေရာမှ ဦးအောင်နိုင် တကယ်သွားမယ်လည်းပြောရော ကြောက်သွားသည်။

"ဟာ . . . မသွားပါနဲ့ . . . ဆရာရယ်။ အဝေးက မြင်ရရင်ပဲ ကျွန်ဝါး ဖဲ . . . ဟဲ . . . ကျွန်တော်က ကြောက်တတ်တယ်။ ဆရာကရော သွားကြည့်ပြီး ဘာလုပ်မှာလဲ"

"ခင်ဗျားပြောတော့ စုန်းတောက်စားနေတဲ့ မီးစိမ်းလုံးကို ဆူးခက်နဲ့ အုပ်ဖမ်းရင် နိုင်းချင်ရာ နိုင်းလို့ရတယ်ဆို။ ကျုပ်လည်း မီးစိမ်းလုံးကြီးကို ဆူးခက်နဲ့ လက်တွေ့သွားအုပ်ကြည့်မယ်။ ပြီးရင် နိုင်းချင်ရာ နိုင်းမယ်"

"ဆရာ့ကို ပြောမိတာ မှားပြီထင်တယ်"

"မမှားပါဘူးဗျာ၊ ကြောက်လည်း မကြောက်နဲ့၊ ကျုပ် တစ်ယောက်လုံး ပါမှာပဲဗျ။ ခင်ဗျားသာ ဆူးခက်ကြီးကြီး ရှာထား။ ကဲ . . . ကဲ . . . အိပ်ရာဝင် နောက်ကျနေပြီ သွားအိပ်ချေတော့"

✿ ✿ ✿

[၃]

❑

ဦးအောင်နိုင် ပြောလျှင်ပြောသလို လုပ်တတ်တာကို ကိုမြင့်အောင် သိထားသည်။

နှစ်ယောက်ထဲတော့ မသွားနိုင်။ နောက်ထပ် အဖော်နှစ်ယောက် ထောက်တော့ ခေါ်ပေးရဦးမည်။ အရေးထဲ ဆူးခက်က ရှာထားရသေးသည်။

လပြည့်ညရောက်ကတော့ ကိုမြင့်အောင် အလုပ်သမားတွေထဲမှ သူငယ် အားကောင်းမောင်းသန်နှစ်ယောက်ဖြစ်သည့် မောင်အေးနဲ့ ညိုကြီးကို ဘိုတဲမှာ ခေါ်ထားသည်။

မောင်အေးနဲ့ ညိုကြီးက မကြောက်အောင် ရဲဆေးတင်လာသည်။

"ဆရာ . . . ကျွန်တော် အင်အားနှစ်ယောက် ထပ်ဖြည့်လိုက်သည်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင် မောင်အေးနဲ့ ညီကြီးကို ကြည့်လိုက်ပြီး . . .

"အတွေ့အကြုံ ရတာပေါ့ကွာ။ မင်းခေါ်ချင်ရင် ခေါ်ခဲ့လေ"

သို့ဖြင့် . . .

နေလုံးကြီးကွယ်သွားသည်နှင့် တစ်ပြိုင်နက် လမင်းကြီး၏အလင်းရောင်က ချည်းနင်းဝင်ရောက်လာသည်။

လပြည့်ညမို့ လက်ပံပင်ကြီးကို ထင်ထင်ရှားရှား မြင်နေရသည်။

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများ တစ်ချက်တစ်ချက်ထွက်ပေါ်လာသည်။

(၁၂)နာရီ သံချောင်းခေါက်ပြီးတာနှင့် လက်ပံပင်ကြီးဆီသို့ တရွေ့ရွေ့ထွက်လာသော မီးစိမ်းလုံးကြီးကို ဦးအောင်နိုင်တို့ ဆရာတပည့်တွေ မြင်တွေ့လိုက်ကြရ၏။

ဦးအောင်နိုင် မီးစိမ်းလုံးကြီးကို မြင်တာနှင့် ချက်ချင်း လက်ပံပင်ဆီသို့ သုတ်ခြေတင်တော့သည်။ ကိုမြင့်အောင်တို့ သုံးဦးလည်းနောက်မှ ထက်ကြပ်မကွာ လိုက်ပါကြ၏။

လက်ပံပင်ကြီးနားရောက်တော့ ဦးအောင်နိုင် မီးစိမ်းလုံးကြီးကို လိုက်ရှာသည်။ လက်ပံပင်တစ်ပတ်လည် ပတ်ရှာတာတောင် ဘာအရိပ်အယောင်မျှ မတွေ့။ ပျောက်ချင်းမလှ ပျောက်သွားသည်။

"တောက် . . . ခုနကမှ မြင်သေးတယ်။ ဘယ်ရောက်သွားလဲ . . ကိုမြင့်အောင်။ မောင်အေး၊ ညီကြီးကော သေချာရှာစမ်းကွာ"

ဦးအောင်နိုင် မြင်လိုက်ရပြီးမှ ရှာမတွေ့တော့ စိတ်ထဲမှာ မခံချိမခံသာ ဖြစ်သွားသည်။

ကိုမြင့်အောင်တို့လည်း ဆူးခက်ကြီး တကိုင်ကိုင်နဲ့ လိုက်ရှာတာလက်ပံပင် တစ်ပတ်သာ ပြည့်သွားသည်။ မီးလုံးဆိုလို့ ပိုးစုန်းကြူးလေးလောက်တောင်မှ မမြင်ကြရ။

ဦးအောင်နိုင် မကျေနပ်နိုင်၍ အထပ်ထပ် အခါခါ ရှာသည်။

သူ့တပည့်တွေလည်း သူ့လိုပင် ရှာကြသည်။





"ဆရာ . . . ကျွန်တော်တို့ ရှာတာလည်း မတွေ့ဘူး"

"အေး . . . ငါရှာတာလည်း မတွေ့ဘူး။ ငါ့ကို ကြောက်လို့နေတာ။ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။ တစ်ပွဲတစ်လမ်း ထပ်တွေ့ချင်သေးတယ်ကွာ"

"မတွေ့တာပဲ ကောင်းပါတယ် . . . ဆရာရယ်"

ကိုမြင့်အောင်ကတော့ မတွေ့တာကိုပင် ဝမ်းသာနေမိ၏။ တွေ့မှားတွေ့လျှင် လိပ်ပြာလွင့်သွားမှာ သေချာသည်။

ဦးအောင်နိုင်ကတော့ မတွေ့ဘဲ လှည့်ပြန်လာရတာကို မကျေနပ်။

နောက်ပိုင်းမှာတော့ လပြည့်လကွယ်ညတွေ ရောက်တိုင်း လက်ပံပင်ကြီးဆီမှ မီးစိမ်းလုံးကြီးသည် နောက်ထပ် ပေါ်ထွက်လာခြင်း မရှိတော့ချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၄|

❑

အလုပ်ထဲမှာ စိတ်နှစ်ထားရတာကြောင့် ဦးအောင်နိုင်လည်း … လုံးအကြောင်း မေ့သွားသည်။

ဦးအောင်နိုင် ရောက်ကတည်းက ငါးဟင်းတစ်လှည့်၊ ငါးခြောက် … ဟင်းတစ်လှည့် စားနေရတာမို့ ကြာတော့ ညည်းငွေ့လာသည်။

ထို့ကြောင့် အလှည့်အပြောင်းလေးဖြစ်အောင် ဟင်းစားရှာ … ကုလားတန်းရွာလေးသို့ လုံခြုံရေးနှစ်ယောက်နှင့်အတူ ထွက်လာခဲ့ … သည်။

ရွာထဲ ဝင်ဝင်ချင်း ကုလားတန်းရွာသားတို့ ကိုးကွယ်သော နတ်ရုပ် … ကြီးကို တွေ့လိုက်ရသည်။ ထိုနတ်ရုပ်ကြီးကို ဦးအောင်နိုင် မျက်စိ … မတွေ့။

ယင်းကြောင့် ... ရွာထိပ်မှ နတ်ရုပ်ကြီးကို ရွှေ့နိုင်းလိုက်သည် … ဒါကို ကုလားတန်းရွာသားတို့ မကျေနပ်။ မကျေနပ်သော်လည်း ဦးအော …





နိုင်ကို အရာရှိတစ်ယောက်မို့ မပြောဝံ့ပေ။ သို့သော် မကျေနပ်ကြောင်း အမူအရာတွေက မျက်နှာပေါ်မှာ သိသိသာသာကြီး ပေါ်လွင်နေသည်။ ထိုခေတ်က အရာရှိဆိုလျှင် ကြောက်နေရသော ဗျူရိုကရက်ခေတ်ဖြစ်နေ၍ မပြောရဲကြ။

ဦးအောင်နိုင် ကုလားတန်းရွာသားတွေဘက် လှည့်ပြီး ...

"ကျုပ်ကို ကြက်တစ်ကောင်လောက် ရှာပေးစမ်းပါ။ အလကားတောင်းတာ မဟုတ်ဘူးနော် ပိုက်ဆံနဲ့ဝယ်မှာ"

"ရွာထဲမှာ ကြက်လည်း မရှိဘူး။ ရှိလည်း ရှာမပေးနိုင်ဘူး"

ရွာသားတစ်ယောက်က ထပြီး မကျေနပ်တဲ့လေသံနဲ့ ပြန်ပြောသည်။

ဦးအောင်နိုင် ဒေါသဖြစ်သွားပြီး ဘောင်းဘီအိတ်ကပ်ထဲမှာ အသင့်ဆောင်ထားသော ငါးလိပ်ကျောက်ဆူးခွေကို ထုတ်လိုက်သည်။ ဦးအောင်နိုင် ဘယ်သွားသွား ငါးလိပ်ကျောက်ဆူးခွေကို အမြဲဆောင်ထားတတ်သည်။

ငါးလိပ်ကျောက်နှင့် ရိုက်လိုက်လျှင် လူကို ရစ်ခွေသလိုဖြစ်ပြီး အဖျားပိုင်းမှာပါသော ဆူးလေးများက အသားထဲကိုပင် ဖောက်ထွက်သွားနိုင်သည်။

ငါးလိပ်ကျောက်ကို မြင်တော့ ကုလားတန်းရွာသားတွေ လန့်ကုန်သည်။

ရွာသားတစ်ယောက် ကြက်တစ်ကောင် ယူလာပေးသည်။

"ဒီမှာ ... ပိုက်ဆံ၊ ကြက်ကို တစ်ခါတည်း ချက်ပေးပါ"

ဦးအောင်နိုင် တစ်လက်စတည်း ခိုင်းသည်။

"ကျုပ်တို့က မအားဘူး။ ဒါကြောင့် ... ချက်မပေးနိုင်ဘူး။ ခင်ဗျားစားချင်တယ်ဆိုရင် ရွာလယ်က ဦးထွန်းလှူနဲ့ ဒေါ်ကြာယုံတို့အိမ်ကို သွားချက်ခိုင်း"

ဦးအောင်နိုင်ကလည်း ခပ်ပြတ်ပြတ်။ အရာရှိဆိုသောစိတ်က ဘဝင်လေဟပ်နေသည်မို့ သူတို့လေသံအတိုင်း ဆက်ဆိုသည်။

"ရတယ် ... လမ်းသာညွှန်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်နိုင်တို့ကို ရွာသားတစ်ယောက်က လိုက်ပို့သည်။

"ဖျို့ ... ဦးထွန်းလူ၊ ဒီမှာ ဧည့်သည်ပါတယ်ဖျို့"

အသားညိုညို အရပ် ထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ဦး အိမ်လေးထဲမှ ထွက်လာသည်။ အိမ်လေးလို့သာ ဆိုရတာ ခနော်နီခနော်နဲ့ တဲသာသာ အိမ်ကလေးပါ။

"ဘာကိစ္စရှိလို့လဲ"

"ဒီက ဆရာကြီးက ကြက်သားစားချင်လို့တဲ့။ အဲဒါ ခင်ဗျား ချက်ပေးလိုက်ဦး"

လိုက်ပို့သည့်ရွာသားက ဦးထွန်းလူလက်ထဲကို ကြက်တစ်ကောင် ထည့်ပေးပြီး ပြန်သွားသည်။

ဦးအောင်နိုင်၊ ဦးထွန်းလူကို စေ့စေ့စပ်စပ်ကြည့်ပြီး စူးစမ်းသည်။

"တစ်ဆိတ် ... ကိုထွန်းလူ၊ ခင်ဗျားက ကုလားနဲ့ မတူသလိုပဲ"

ဦးအောင်နိုင် စိတ်ထဲရှိတာကို ပြောချလိုက်သည်။

"မတူဆို ... ဆရာရယ်၊ ကျွန်တော်တို့လင်မယားက ဗမာတိုင်းရင်းသားထဲကကိုဗျ။ ဒီကုလားတန်းရွာထဲမှာ ဗမာတိုင်းရင်းသားအိမ်ဆိုလို့ ကျွန်တော်တို့ လေးငါးအိမ်ပဲရှိတာ။ မတ်တတ်ကြီးပြောနေရတာ အားနာစရာကြီး။ အိမ်ပေါ်တက်ပါဦး ဆရာ"

ဦးထွန်းလူခေါ်တာနဲ့ ဦးအောင်နိုင်တို့သုံးယောက် အိမ်ပေါ်တက်လိုက်ကြသည်။

အိမ်ပေါ်ရောက်တော့ ကြမ်းပြင်ပေါ် ဝတ်တုတ်ထိုင်ကာ ဆေးလိပ်သောက်နေသော မိန်းမကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ဦးအောင်နိုင် ထိုမိန်းမကြီးကို စေ့စေ့ကြည့်လိုက်သည်။ ဆံပင်က ဖားလျားချထား၏။ မျက်လုံးကပြူးပြူး၊ သွားခေါခေါက အစွယ်တွေ ထွက်နေသလိုပင်။ ပုံပြင်ထဲက စုန်းမကြီးလား အောက်မေ့ရသည်။ ထိုမိန်းမကြီးကတော့ သူ့ဆေးလိပ်ကို သောက်မြဲသောက်လျက် ဦးအောင်နိုင်တို့ကို ဂရုမစိုက်။

"ဆရာ ... သူက ကျွန်တော့်မိန်းမ ဒေါ်ကြာယုံလို့ ခေါ်တယ်"





ကိုထွန်းလူ သူ့အမျိုးသမီးနဲ့ မိတ်ဆက်ပေးသည်။

"ဆရာ ... ကျွန်တော့်ကို ကြက်သားဟင်း ချက်ခိုင်းမယ်ဆိုရင် အသည်းနဲ့အမြစ်ကို ကျွန်တော့်မိန်းမအတွက် ထားခဲ့ရလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်မိန်းမက စုန်းမမို့လို့ပါ။ ဆရာတို့ လက်ပံပင်နားမှာ တွေ့တဲ့ မီးလုံးက ကျွန်တော့် မိန်းမပါပဲ"

ဦးအောင်နိုင် မခံချိမခံသာ ဖြစ်သွားသည်။

"ဒီမှာ ... ဦးထွန်းလူ၊ ခင်ဗျား စဉ်းစဉ်းစားစားပြောပါ။ ကြက်တစ်ကောင်မှာ အကောင်းဆုံးက အသည်းအမြစ်ဗျ။ အကောင်းဆုံးကိုတော့ ကျုပ် မပေးနိုင်ဘူး။ ခင်ဗျား မိန်းမဘာသာ စုန်းမ မကလို့ ကဝေမပဲဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူး။ စားချင်ရင် အသည်းအမြစ်တော့မရဘူး၊ ခြေထောက်နဲ့ ခေါင်းပဲရမယ်။ ကဲ ... ကိုထွန်းလူ၊ ကျုပ် အချိန်သိပ်မရဘူး၊ မြန်မြန် ချက်ပေတော့။ ကျုပ်တို့ အိမ်ပေါက်ဝမှာပဲ ထိုင်စောင့်နေမယ်"

ဦးအောင်နိုင် စုန်းမကြီး ဒေါ်ကြာယုံရှေ့မှာပင် ပေါ်တင်ပြောလိုက်သည်။

ဦးအောင်နိုင်ဘာပြောပြော စုန်းမကြီးက ငုံ့၍ပင် မကြည့်။

အိမ်ပေါက်ဝနားရောက်တော့ ဦးအောင်နိုင်နဲ့ ပါလာတဲ့ လုံခြုံရေး နှစ်ယောက် ချွေးသီးတွေပင် ထွက်နေသည်။

"ဆရာ ... သတ္တိရှိလိုက်တာ။ ကျွန်တော်တို့က ဘယ်အချိန် ဘာလုပ်မလဲဆိုပြီး ကြောက်နေတာ"

"မင်းတို့က သေနတ်တွေပါရဲ့သားနဲ့ ကြောက်နေရလား"

"ကြောက်တယ်တော့ ဘယ်ဟုတ်မလဲ ... ဆရာရယ်။ သူ့မိန်းမက စုန်းမပါလို့ ဖွင့်ပြောတော့ လန့်သွားတာပေါ့"

"လန့်မနေနဲ့၊ ငါ ဒါတွေ အယုံအကြည်မရှိဘူး"

ဦးအောင်နိုင် ကြက်သားဟင်းတွေကိုလည်း ဦးထွန်းလူအိမ်မှ ချိုင့်နှင့်ထည့်လာလိုက်သေးသည်။ ချိုင့်က သုံးဆင့်ချိုင့်။ ဟင်းထဲမှာ အသည်းအမြစ် ပါမပါ စစ်လိုက်သေး၏။

"ကျေးဇူးပဲ ... ကိုထွန်းလူ။ ကျုပ်တို့ကို ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဆရာ ... သတိတော့ထားပါ။ ကြက်သားချိုင့်ကို သန်းခေါင်ကျော်တာနဲ့ ကျွန်တော့် မိန်းမ လာယူပါလိမ့်မယ်"

"ကိုထွန်းလူ ... ကျုပ်ကို ခြောက်နေတာတော့ မဟုတ်ပါဘူး နော်။ ကိစ္စမရှိဘူး ... ခြောက်တိုင်းကြောက်တတ်တဲ့ လူတွေထဲမှာ ကျုပ် မပါဘူး။ သတ္တိရှိရင် လာယူလိုက်။ ကျုပ် မစားဘဲ ထားလိုက်မယ်။ ကျုပ် ကလည်း တစ်ပွဲတစ်လမ်း တွေ့ချင်ပါသေးတယ်"

ဦးအောင်နိုင် ပြောစရာရှိတာကို ဖွဲ့နွဲ့မနေ တည့်တည့်ပင် ပြောချ လိုက်သည်။

ထိုစဉ် ...

တစ်ချိန်လုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဆေးလိပ်ကြီး ဖွာနေသော ဒေါ်ကြာယုံက ...

"ဒီမှာ ... ကောင်လေး၊ မင်းဟာမင်း အရာရှိကြီးဖြစ်ဖြစ်၊ ဘာ ဖြစ်ဖြစ်ပေါ့ကွယ် ... မင်း အတော်ငယ်သေးတာပဲ။ အသက်ကိုပြောတာ မဟုတ်ဘူးနော်။ မင်းရဲ့ အတွေ့အကြုံနဲ့ အမူအကျင့်တွေကိုမြင်ပြီး ပြောတာ ကွယ့်။ လူတွေမှာ သူ့ယုံကြည်ချက်နဲ့သူ၊ သူ့ကိုးကွယ်အားထားမှုနဲ့သူ ရှိကြ တယ်ကွယ့်။ အဲဒီယုံကြည်မှု ကိုးကွယ်အားထားမှုတွေကို မင်း အသက်ရှည် ရှည်နေပြီး တာဝန်ထမ်းဆောင်သွားချင်တယ်ဆိုရင် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုပါနဲ့ကွယ်"

စုန်းမကြီးဟု သူ့ယောက်ျား ဦးထွန်းလူက ပေါ်ပေါ်ထင်ထင် ပြော ခဲ့သော ဒေါ်ကြာယုံကြီးသည် အရာရှိဖြစ်ကာစ ဦးအောင်နိုင်၏ စကားတွေ ကို ဒေါ်သမထားဘဲ ခပ်အေးအေးပင် တုံ့ပြန်လိုက်၍ ဦးအောင်နိုင် တကယ် ပင် စုန်းမကြီးမှ ဟုတ်ပါလေစဟု ဒေါ်ကြာယုံကြီးအား သံသယဝင်သွားရ ပြန်သည်။

သို့သော် ဒေါ်ကြာယုံကြီး ပြောသလို အရွယ်က ငယ်သေးတော့ ထူးဆန်းသည်ဆိုလျှင် စမ်းသပ်ကြည့်ချင်သော စရိုက်က လွှမ်းမိုးထားသေး သည်။ အကြောက်အရွံ့ မရှိခဲ့။

✿ ✿ ✿

[၅]

❑

ညနေစာ စားချိန်ရောက်တော့ ဦးအောင်နိုင် ကြက်သားဟင်းကို ...ထားလိုက်ပြီး တပည့်တွေလာပို့သော ဆိတ်သားဟင်းဖြင့် ထမင်းစား ...သည်။

နေ့လယ်က ကြုံတွေ့ခဲ့ရသော စုန်းမကြီး ဒေါ်ကြာယုံအကြောင်း ... ကိုမြင့်အောင်နှင့် ယုံကြည်ရသော တပည့်အချို့ကို ပြောပြထားသည်။ ... စုန်းမဖမ်းမှာမို့ လူအင်အားလည်း တိုးထားသည်။

ညဘက် စောစောစီးစီး အိပ်ရန်ပြင်တော့ ဦးအောင်နိုင် ကြက်သား ...ကိုယူပြီး မိမိအိပ်သည့် ခုတင်ရဲ့ခေါင်းရင်းဘက် သံကိုင်းမှာ ကြေးနန်းကြိုး ... အထပ်ထပ်ရစ်ပတ်၍ ချိုင့်နဲ့သံကိုင်း တွဲချည်သလို လုပ်ထားလိုက် ...။

ချိုင့်ကို ဆောင့်ဆွဲဖြုတ်ကြည့်သည်။ ချိုင့်က သံကိုင်းနဲ့ တွဲချည် ... လုပ်ထားတာမို့ တော်ရုံဖြုတ်မရ။ ဦးအောင်နိုင် စိတ်တိုင်းကျ ဖြစ် ...ဆိုမှ အိပ်ဖို့ပြင်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ညဘက် အိပ်ရင် ဦးအောင်နိုင်က ခုတင်ပေါ်မှာအိပ်ပြီး တပည့် များက ကြမ်းပြင်ပေါ် ဖျာခင်းပြီး အိပ်ကြသည်။ လူအင်အား တိုးထားသော် လည်း အလုပ်ပင်ပန်းတာကြောင့် အလုပ်သမားတွေ တခူးခူး တခေါ်ခေါ် အိပ်မောကျကုန်၏။

ဦးအောင်နိုင်ကတော့ မအိပ်နိုင်။ တိုင်ကပ်နာရီကြီးဆီသို့ မျက်လုံးက ရောက်နေသည်။ (၁၁)နာရီထိုးပြီ။ အချိန် သိပ်မလိုတော့။ ကိုမြင့် အောင်ကို လှမ်းကြည့်လိုက်သည်။ ကိုမြင့်အောင်လည်း မအိပ်သေး။

ဦးအောင်နိုင်နှင့်တွေ့ပြီးမှ ကိုမြင့်အောင် သတ္တိတွေ ရှိလာသည် ဆရာ ဦးအောင်နိုင်ကို စုန်းမဖမ်းဖို့ ကူညီချင်သည်။

တိုင်ကပ်နာရီမှ (၁၂)နာရီထိုးသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင် နက် လှေကားမှ တစ်စုံတစ်ဦး တက်လာသည့်ခြေသံကို ဦးအောင်နိုင်ရော ကိုမြင့်အောင်ပါ ကြားလိုက်ရသည်။

တစ်ယောက်ယောက် အပေါ့အပါးသွားပြီး ပြန်လာတာလား။ အိမ် မဟုတ် သူခိုးလား။ ဒါမှမဟုတ် စုန်းမကြီး ဒေါ်ကြာယုံလား။ ဝေခွဲမရ နေစဉ် ခြေသံသည် လှေကားထိပ်နားမှာပဲ ပျောက်သွားသည်။

ဦးအောင်နိုင် ငါးလိပ်ကျောက်ဆူးခွေကို အနားမှာ ထားလိုက် သည်။

ကိုမြင့်အောင်က နှစ်တစ်လက်မ သစ်သားချောင်းကြီးကို ယူပြီး ခြေရင်းနားမှာ ထောင်လိုက်သည်။ ကြောက်တတ်တဲ့ တပည့်ကြီး တော့လည်း အားကိုးရသား။

ဦးအောင်နိုင် နောက်ထပ်ပေါ်လာမည့်အသံကို နားစွင့်နေစဉ် ခြုံစောင်ပေါ်သို့ အကောင်တစ်ကောင် တက်လာသလို ခံစားလိုက်ရသည်။

ဦးအောင်နိုင် သတိအနေအထားနှင့် စောင့်နေလိုက်သည်။

ခြေထောက်ကနေစပြီး တရွေ့ရွေ့ တက်တက်လာသည့်အကောင် ဗိုက်ပေါ်အရောက်မှာ ဦးအောင်နိုင် ခေါင်းထောင်ကြည့်လိုက်သည်။

"အား ... လား ... လား ... လား"





တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမြင်ဘူးတဲ့ ရောမကင်းခြေများ ကြီး။

စောင်ကို အမြန်ခွာချပစ်လိုက်သည်။ ခွာချလိုက်တဲ့စောင်က အလုပ် သမားတွေထံ ကျသွားတော့ အားလုံးဝရုန်းသုန်းကား ဖြစ်ကုန်၏။

"ဘာကြီးလဲ ... ဘာကြီးလဲ ... ဆရာ ..."

"ကင်းခြေများကြီးကွ ... ကင်းခြေများကြီး ... ချကွ ... ချ ... ချ ..."

"ဘယ်မှာလဲ ... ဘယ်မှာလဲ"

အလုပ်သမားတွေ အခန်းထဲ ပိုက်စိပ်တိုက် လိုက်ရှာကြသည်။

"မတွေ့ဘူး ... ဆရာ"

"ဟုတ်ရဲ့လားကွာ ... သေချာရှာစမ်းပါဦး။ အကောင်ကြီးက အကြီးကြီးပဲဥစ္စာ။ လုံးပတ်တောင် ငါ့လက်မလောက် ရှိတဲ့ဥစ္စာ။ တွယ်လိုက် ရင်တော့ တစ်ချက်တည်းပဲ။ ငါတစ်သက်နဲ့တစ်ကိုယ် ဒါ ပထမဆုံး မြင်ဖူး တာပဲ"

"ဒါများ ဆရာရယ် ... ထရိုက်ပစ်ရောပေါ့။ အောက်ကို ခါချ လိုက်တော့ ရှာလို့တောင် မတွေ့တော့ဘူးမို့လား"

"အေး ... ငါလည်း ရုတ်တရက်ဆိုတော့ ငါးလိပ်ကျောက်တောင် ဆွဲချိန်မရလိုက်ဘူး"

ကင်းခြေများကို ဘယ်လိုရှာရှာ မတွေ့တော့။ ဒါပေမဲ့ ... ဦးအောင် နိုင် ခေါင်းရင်းမှာ ကြေးနန်းကြိုး အထပ်ထပ်ချည်ပြီး ချိတ်ထားတဲ့ ကြက် သား ချိုင့်ကြီးကတော့ ပျောက်ချင်းမလှ ပျောက်သွားခဲ့လေတော့သည်။

"ဆရာ ... ဆရာ ... ချိုင့်ကြီး မရှိတော့ဘူး"

ကင်းခြေများကိုရှာရန် အာရုံရောက်နေတုန်း တပည့်ရင်းဖြစ်သော ကိုမြင့်အောင်၏ အသံကြောင့် ဦးအောင်နိုင်မှာ သူ ကြက်သားဟင်းထည့် ထားသည့် သံချိုင့်ဆွဲထားရာဘက်သို့ လှမ်းကြည့်လိုက်သည်။

တကယ်ပဲ ကြက်သားဟင်းထည့်ထားသော သံချိုင့်မှာ ရှိမနေ တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ အခိုင်အမာချည်တုပ်ထားသော ကြေးနန်းကြိုးခွေသာ ကျန်ရစ်ခဲ့သည်။

ဦးအောင်နိုင်မှာ ဦးထွန်းလူ၏ မိန်းမဆိုသော စုန်းမကြီးဒေါ်ကြာယုံ၏ အရုပ်ဆိုးဆိုး မျက်နှာကြီးကို ကွက်၍ မြင်ယောင်နေမိတော့သည်။

ပြီးတော့ . . . စုန်းမကြီးဒေါ်ကြာယုံ ပြောလိုက်သော စကားများကို နားထဲမှာ အတိုင်းသားပြန်၍ ကြားယောင်နေမိသည်။

"ဒီမှာ . . . ကောင်လေး၊ မင်းဟာမင်း အရာရှိကြီးဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့ကွယ်၊ မင်းဟာ အတော်ငယ်သေးတာပဲ။ အသက်ကိုပြောတာမဟုတ်ဘူးနော်။ မင်းရဲ့ အတွေ့အကြုံနဲ့ အမူအကျင့်တွေကို မြင်ပြီးပြောတာဘူးယ်။ လူတွေမှာ သူ့ယုံကြည်ချက်နဲ့သူ၊ သူ့ကိုးကွယ်အားထားမှုနဲ့သူ ရှိကြတယ်ကွယ့်။ အဲဒီယုံကြည်မှု ကိုးကွယ်အားထားမှုတွေကို မင်း အသက်ရှည်ရှည်နေပြီး တာဝန်ထမ်းဆောင်သွားချင်တယ်ဆိုရင် နှောင့်ယှက်ဖျက်ဆီးခြင်းမပြုပါနဲ့ကွယ်"

ထိုစကားကို ကြားယောင်ပြီးနောက် တစ်ယူသန်စိတ် ကြီးမားနေသော ဦးအောင်နိုင်မှာ သူ ရှုံးသွားပြီဖြစ်ကြောင်း နားလည်လက်ခံလိုက်သည်။

✿ ✿ ✿

| ၆ |

❑

သို့သော် . . . လက်တွေ့သမားဖြစ်သော ဦးအောင်နိုင်မှာ နောက်တစ်နေ့တွင် လုံခြုံရေးနှစ်ယောက်နှင့်အတူ လူရင်းဦးမြင့်အောင်ကို ခေါ်လျက် ကုလားတန်းရွာဘက်သို့ ထွက်လာခဲ့ပြန်သည်။

ကုလားတွေနေသော ရွာဦးထိပ်တွင် ယမန်နေ့က သူ စွန့်ပစ်နိုင်းခဲ့သော အရုပ်ဆိုးဆိုး နတ်ရုပ်ကြီး ပြန်ရောက်နေသည်ကို တွေ့ခဲ့ရသည်။

သို့သော် သူသည် ရွာသားတွေကို စွန့်ပစ်နိုင်းခြင်း မပြုတော့။

နတ်ရုပ်ကြီးရှေ့မှ ဖြတ်၍ သူ့ကို ကြက်သားဟင်းချက်ပေးခဲ့သော ဦးထွန်းလူနှင့် စုန်းမကြီး ဒေါ်ကြာယုံအိမ်ဘက်သို့ ဦးတည်လျက် လျှောက်လှမ်းလာခဲ့ပြန်သည်။

ဦးထွန်းလူ အိမ်ရှေ့မြေကွက်လပ်တွင် ထွက်၍ နီးဖြာနေသည်ကို အဆင်သင့် တွေ့ရသဖြင့် . . .

"ဗျို့ . . . ဦးထွန်းလူ၊ ခင်ဗျားတို့ ချိုင့်ပြန်ရပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ရပါပြီ ...ဆရာကြီး။ ကျုပ်တို့တတွေ ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပဲဗျာ''

''ဒါဆိုလည်း ပြီးတာပါပဲဗျာ။ ကျုပ်က ချိုင့်ပြန်မရရင် ချိုင့်အစား ပြန်ပေးမလို့ လာတာပါ''

ဦးအောင်နိုင် ကုလားတန်းရွာကို ပတ်၍ အခြေအနေကြည့်ပြီး စခန်းသို့ ပြန်လာခဲ့သည်။

နောက်ပိုင်း လပြည့်လကွယ်ညများတွင် ဘိုတဲနှင့်မနီးမဝေး လက်ပံပင်ကြီးမှ ဝုန်းဆို မီးစိမ်းလုံးကြီး ဆင်းချည်တက်ချည် မြင်နေရသောအခါ ဦးအောင်နိုင်မှာ ဆုခက်ရှာပြီး ဖမ်းဆီးရန် မပြောတော့ချေ။

(၁၉၅၂–ခုနှစ်၊ အဘ ဦးအောင်လှိုင် စက်မှုလယ်ယာ ဦးစီးဘာဝဖြင့် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ခံစားရေးဖွဲ့ပါသည်)

မမကြီး



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"ကဲ ... မင်းတွေ့ချင်နေတဲ့ မင်းမိန်းမရဲ့ဝိညာဉ် ငါ့ဘေးနားမှာ ရောက်နေပြီ။ မင်းမေးချင်တာမေး ပြောချင်တာပြောတော့၊ ဝိညာဉ်က ပြန်ပြောတာကို ကြားထဲကနေ ငါပြန်ပြောပေးမယ်"

သေဆုံးသွားသော ဝိညာဉ်တွေကို ခေါ်တွေ့ပေးရာ၌ အင်မတန်စွမ်းသည်ဆိုသော ဆရာကြီးတစ်ဦးရဲ့ ဟောခန်းထဲကို ကိုဝင်းကြည်ရောက်နေခြင်းပင်။ ဘေးနားမှာ အဖော်အဖြစ် မောင်စိုးတင့်ကိုပါ ခေါ်ထား၏။

ဆရာကြီးက ဘုရားစင်မှာ ဝတ်ပြုပြီးသည်နှင့် ကိုဝင်းကြည်တို့ဘက်ကို မိန့်မိန့်ကြီးလှည့်ထိုင်ကာ လက်ထဲက ကွမ်းသီးလုံးလောက် ပုတီးကြီးကို တချောက်ချောက် စိပ်နေ၏။ စိပ်နေရင်းက မျက်လုံးစုံမှိတ်ထားပြီး ပြောလာခြင်းပင်။

"အခုရောက်နေတာ မအေးခင်၊ အစစ်ပါနော်"

"ဟုတ်တယ် ... တိုတိုနဲ့ လိုရင်းမေးလေကွာ"





"သူတို့ကို ကြာကြာခေါ်ထားလို့ မသင့်ဘူး။ သူတို့ရဲ့ ပိုင်ရာဆိုင်ရာတွေဆီက ခဏခိုပြီး ခွင့်တောင်းခေါ်ရတာ သူတို့ခမျာ လာနေရတာ ပူလောင်လှတယ်။

"အေးခင် ... နင်သေခါနီးမှာ ငါ့ကို စကားသုံးခွန်း ပြောသွားတယ်လေ။ ငါ့မှာ ပူပန်သောကဗျာပါဒတွေ များနေလို့ နှစ်ခွန်းပဲ မှတ်မိလိုက်တယ်။ ကျန်တဲ့တစ်ခွန်းကို ပြန်ပြောစမ်းပါဦး"

ကိုဝင်းကြည်က ဆရာကြီးပြောတိုင်း မယုံ၊ မအေးခင်ရဲ့ ဝိညာဉ်တကယ်ရောက်မရောက် စမ်းသပ်လိုက်ခြင်းပင်။ မအေးခင် အစစ်သာဆိုလျှင် ပြောခဲ့တာကို သိနေရမည်လေ။

"မင်းကိုမှာခဲ့တာ သူလည်း မေ့သွားပြီပေါ့ကွ။ ဘဝတစ်ပါး ပြောင်းသွားရတဲ့ဥစ္စာ။ မင်းထက်တောင် သူက အပူသောက ကြီးသေးတယ်။ ကပ်သီးကပ်သပ်တွေ မမေးနဲ့၊ ကောင်းမှုကုသိုလ် ဘာလုပ်ပေးရမလဲ၊ ဘာဖြစ်ချင်တယ် ဒါမျိုးတွေပဲ မေးပေါ့ကွ"

"ဆရာကြီးကလည်း မအေးခင်မှန်ရင် သိကို သိနေရမယ်လေ။ ဒါပါလေ ... ထားပါတော့ ... မအေးခင်၊ မင်းမသေခင်က ရွှေထုပ်ကို ဘယ်နားမှာ ဝှက်သွားသလဲ။ ငါလိုက်ရှာတာ ခုထိ မတွေ့သေးဘူး။ မင်းအတွက် အလှူအတန်းလုပ်ပေးဖို့ ငါ့ကိုပြောပါကွာ"

ဆရာကြီးက ခဏ္ဍာကိုယ် ဆတ်ဆတ်တုန်သွားသလို လုပ်လိုက်ပြီ ...

"ရွှေထုပ်ကို အိမ်ရဲ့ ဗုဒ္ဓဟူးထောင့်က တိုင်ခြေရင်းမှာ မြှုပ်ထားတယ်။ ဖော်ယူပြီး တစ်ဝက်ကိုလှူပြီး ကျွန်မအတွက် အမျှအတမ်း ဝေပေးပါ။ ကျန်တဲ့တစ်ဝက်ကို ရှင့်ဘဝရှေ့ရေးအတွက် ယူထားပါလို့၊ မအေးခင်ရဲ့ ဝိညာဉ်က ပြန်ပြောတယ်ကွ"

ဆရာကြီးက အလွန် အိုက်တင်ကောင်းလှ၏။ ကိုဝင်းကြည် သိလိုက်ပြီလေ။ ဒီလူ ဆရာတု၊ ဆရာလိမ်၊ လူလိမ်ကြီးဆိုတာ။

"မအေးခင် ရောက်နေတာလဲ မဟုတ်ဘူး။ ခင်ဗျားက လူတွေကို လိမ်စားနေတဲ့လူပဲ။ ခင်ဗျားဆီ လာတွေ့ဖို့ တစ်လလောက် ကြိုစောင့်ရသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပုပုနွေးနွေး လူသေဖူးတဲ့ အိမ်က ကျန်ရစ်သူမိသားစုတွေခမျာ သေတဲ့သူ ကောင်းရာသုဂတိ လားနိုင်၊ မလားနိုင် ခင်ဗျားဆီ လာကြည့်ကြတယ်။ ခင်ဗျားက လုပ်ကြံပြီး စိတ်ချမ်းသာအောင် ပြောလွှတ်ပြီး ငွေယူတယ်။ တချို့ကို စိတ်ဆင်းရဲအောင်ပြောပြီး ကောင်းရာသုဂတိလားစေဖို့ ခင်ဗျားကို ပွဲထိုးပြီး ဆုတောင်းပေးလို့ ရတယ်ဆိုပြီး ငွေလိမ်ယူတယ်၊ လူလိမ်လူညာကြီး''

မျက်လုံးမှိတ်ထားရာက ဆတ်ခနဲဖွင့်ကြည့်ကာ ပြုံးကြည့်ပြီး ဆရာကြီး ဒေါသတွေ စွတ်ကြီးကုန်၏။

''ဟာ ...ဟေ့ကောင်၊ မင်း စော်ကားလှချည်လား ငါ့ပညာကို။ ငါ ဘာသိမ်လို့လဲ မင်းမေးတာတွေ ကွက်တိပြန်ပြောနိုင်နေတာပဲ။ မင်း ဘာလဲ ငါ့ဟောခန်းထဲလာပြီး တမင်ရစ်ပြီး ပြဿနာရှာနေတာ ဘာသဘောလဲ''

''ခင်ဗျား ကွက်တိပြန်ပြောတာတွေက သောက်တလွဲတွေဗျ။ ကျုပ်က ခင်ဗျားကို ရွှေထုပ်ရှိတယ်လို့ ညာဖြီးလိုက်တာ။ မအေးခင် အနားမှာ ရှိနေတာမှန်ရင် ဘယ်မှာ ရွှေထုပ်ရှိလို့လဲလို့ ပြန်ပြောမှာပေါ့။ ခင်ဗျားက ချော်လဲရောထိုင်ပြီး ရွှေထုပ်ကို ဘယ်မှာ ဝှက်ထားတယ်လို့ ထင်ကြေးနဲ့ ပြောလိုက်သေးတယ်။ ခင်ဗျားပြောတဲ့အတိုင်း သွားတူးလို့ ရွှေထုပ်မတွေ့လဲ ခင်ဗျားကို အရေးယူတာရားစွဲလို့ မရဘူးလေ။ အဲ့ဒါ ခင်ဗျားလိမ်တာမဟုတ်လို့ ဘာလဲ''

ဟောခန်းထဲမှာ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်၏။ ဆရာကြီးလည်း လက်သီးလက်မောင်းတွေ တန်းပြီး ဒေါသနှင့် ပြန်ရန်တွေ့နေ၏။ ဦးဝင်းကြည်ကလည်း ...

''ခင်ဗျား လူလိမ်၊ လိမ်လည်မှုနဲ့ ရဲသွားတိုင်မယ်။ ကျုပ်ကိုယ်တိုင် တရားစွဲမယ်''

မောင်စိုးတင့်ကလည်း အတင်းဆွဲခေါ်တာနှင့် ဦးဝင်းကြည်လည်း အပြင်ရောက်လာရ၏။ ဆရာကြီးရဲ့ တပည့်တပန်းတွေက ဒေါသအကြည့်တွေနှင့် ဝိုင်းကြည့်နေကြ၏။

ဦးဝင်းကြည်က မဟုတ်မခံ။ မလွဲချော်ပါးနှင့် ဟောပြီး ပိုက်ဆံလိမ်ညာစားသော ဗေဒင်၊ လက္ခဏာဆရာတချို့နှင့်လည်း လုံးဝမတည့်။





''စစ်ဆေးလိုက်ရင် ပေါ်တာပဲ။ မိန်းမတွေက အထုံးလွယ်တော့ သူ့ ဖြီးလုံးတွေထဲ မျောပြီး မှန်တယ်ထင်ကုန်ကြမှာပေါ့။ ငါကတော့ လူလိမ်ဆိုတာ သိသွားပြီ ဟုတ်တယ်မဟုတ်လား ...မောင်စိုးတင့်''

''ဟုတ်ပါတယ် ...အခုအပြင်ရောက်လာပြီ။ ရဲစခန်းတော့ သွားတိုင်မနေပါနဲ့၊ သူများအပေါ် လိမ်လည်ပြီးစားရင် နောက်ဘဝမှာ ကြက်၊ ဝက်၊ ဘဲ၊ နွား၊ ကျွဲတွေလို ခန္ဓာကိုယ်အသက်နဲ့ စတေးပြီး ပြန်ပေးဆပ်ရလိမ့်မယ်။ သူမကြောက်လို့ သူလုပ်တာ လုပ်ပါစေ၊ လွှတ်ထားလိုက်''

ရဲစခန်း သွားမတိုင်ပါဘူးကွာ။ အဲဒီဆရာလိမ်ကြီး စိတ်ကသိကအောက်ဖြစ်ပြီး ကြောက်ပွားပွားနေအောင် ခြိမ်းခြောက်ခဲ့တာ ဘယ်ရမလဲ။ ဝင်းကြည်ကို အဲဒါမျိုးနဲ့တော့ လိမ်လို့ကို မရစေရဘူး။ လမ်းစရိတ်၊ မေးစရိတ်၊ စားစရိတ်တွေ ကုန်လိုက်တာ။ လူတွေက မှန်တယ်ဆိုလို့သာ လာရတာ ဘာမှမမှန်ဘူး။ လာမေးတဲ့လူရဲ့ စကားအသွားအလာပေါ် ကြည့်ပြီး တွက်ဆတုံ့ပြန်ဟောနေတာ။ ဝိညာဉ်တွေ ခေါ်နိုင်တယ်ဆိုရအောင် သူက သေမင်းလား။ သေမင်းသိရင် သူ့ကို အသရေဖျက်တယ်ဆိုပြီး ငရဲနှင့်တောင် ပေါက်သတ်လိမ့်ဦးမယ်''

ဦးဝင်းကြည် စကားကြောင့် အဖော်လိုက်လာသော မောင်စိုးတင့်လည်း မပြုံးဘဲ ဝါးလုံးကွဲအောင် ရယ်ချလိုက်မိလေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

နတ်ကတော်မတူးဆိုတာ ဒီအရပ်မှာတော့ မသိတဲ့လူ မရှိသလောက်ပဲ။ နတ်နဲ့ပတ်သက်ရင် အကုန်ပူးပြီးသား။ နတ်ကတော်မတူးက ကန္တာ[illegible]လည်း ဖြစ်နေပြီ။ အသက်က လေးဆယ့်ငါးလောက်ရှိပြီ။

နတ်ကတော် မတူးမှာ မဆူးဆိုတဲ့ ညီမတစ်ယောက်ရှိတယ်။ မဆူးက မုဆိုးမ အသက်သုံးဆယ်အရွယ်နဲ့ မုဆိုးမဖြစ်သွားတာ။ သူ့ယောကျ်ားက စိန်သန်း။ ပွဲစားလိုလို၊ ဘာလိုလိုနဲ့ အရက်စွဲပြီး အရက်နဲ့ပဲ ဇာတ်သိမ်းသွားတာပေါ့။ မဆူးတစ်ယောက် ကလေးကလည်း မမွေးတော့ ယောကျ်ားသေတာနဲ့ လွတ်လပ်သွားပြီ။ မဆူးရဲ့ရုပ်ရည်က ရှက်ကြမ်းရည်ကျူထက်တော့ သာတယ်။ ခန္ဓာကိုယ်ကလည်း လုံးကြီးတင်။ ရင်ကော့လန် အချိုးအစား။ သွားလေးတော့ မဆိုစလောက်လေး ခေါတယ်။ နှာခေါင်းလေးကလည်း မဖြစ်စလောက်ကလေး အပေါ်ကို လန်နေတယ်။ မျက်လုံးလေးကလည်း နည်းနည်းလေး စွေနေတယ်။ ဆံပင်ထုံးပုံက ခြသေ့်ကြီးတွေလို ပုံစံမျိုးကြီး မဆူးက နတ်ထိန်း။





မတူးဆီမှာ နတ်ကတော် ပညာလိုက်သင်နေတာကြာပြီ။ မတူးက ပူးဆို ပူးရတယ်၊ လာဆို လာရတယ်။ မတူးနဲ့ စည်းဝါးကိုက်ထားသလို နတ်ဝေါဟာရ၊ နတ်အသုံးအနှုန်းတွေ ပြောတတ်၊ ဆိုတတ်ရတယ်။

''အလှူတော် ဆက်ဟဲ့''

''ရေကြည်တော် ဆက်ဟဲ့''

''နတ်ဒိုးဆင့်စမ်း''

''ပွဲဦးမင်း၊ ပွဲလယ်မင်း၊ ပွဲသိမ်းမင်း၊ အခု ဘာမင်းလဲဟေ့''

အဲဒါမျိုးလေးတွေဆိုရင် နတ်သံနှောပြီး ပြန်ပြောတတ်ရတယ်။ [illegible]လူတွေ နတ်ဝင်ပူးရင် ထဘီတွေမကျွတ်ရအောင် ပဝါနဲ့ လိုက်ချည်နှောင်[illegible]တယ်၊ အကျီရင်သိုင်းကြိုးတွေ လိုက်ထုံးရတယ်။ နံ့ပဝါ ဘယ်ညာချတတ်[illegible]သေးတယ်။ အမေဂျမ်းက ဘာကြိုက်တယ်၊ ကိုကြီးကျော်ကို ဘာဆက်[illegible]တယ်။ မင်းကြီးမင်းလေး ဝင်လာရင် ဘယ်လိုလျှောက်ရတယ်၊ မနဲ့လေး[illegible] ဘက်စီ ဘက်စီ ဆက်ရတာ ဘာတွေဆိုတာ သိထားရတယ်လေ။

ကိုးမြို့ကိုးတံခါးမှာ ကိုးစားပိုင်ဆိုရင် အဘကိုးမြို့ရှင်ဆိုတာ အတ်[illegible] သိနေရတယ်။ ဆိုင်းတီးလုံးသံကြားတာနဲ့ အမေနံ့ကရှိုင်းဝင်ပြီ၊ ဒီဆိုင်း[illegible]ကတော့ အဘမြင်းဖြူရှင်၊ ဟိုဆိုင်းတီးလုံးက ရှမ်းမောင်နှမလို့ခေါ်တဲ့ [illegible]လယ်ပြင်မောင်နှမ ဒါမျိုးတွေကအစ အများမခံ။ ဒက်ခနဲ ပြောနိုင်ရ[illegible]။ ထမင်းစား၊ ရေသောက်တာထက်တောင် ပိုကျွမ်းကျင်နေဦးမယ်။

နတ်ထိန်းဘဝကနေ နတ်ကတော်အဖြစ် မတူးဟာ သူ့ညီမ မဆူး[illegible] တအိအိ သွတ်သွင်းနေတာပေါ့။ ယောကျ်ားမရှိတော့ အလုပ်မရှိ။ အလုပ်[illegible]တော့မှ အစ်မဆီလာကပ်တော့ အစ်မလည်း မဆူးကို . . .

''ညည်း အရင်က နတ်ပွဲဆို ငါ့လောက် ဝါသနာမကြီးပါဘူး။ အခုမှ [illegible]တ်နေရေးအတွက် နတ်ကတော် လုပ်ချင်နေတာ။ ညည်းအေ ခွေးကြီး [illegible] ထက်ပေးသင်ရသလို ဖြစ်နေပြီ'

မဆူးကလည်း ကြိုးစားသင်တော့ တတ်လွယ်တယ်ပေါ့။ မတူးက [illegible]စိတ်မချသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



အသင်ဘဝနဲ့ပဲ အခြောက်တပည့်မတွေနဲ့ လိုက်သင်နိုင်းဆဲ မိတ်ကပ်တွေလိမ်းပြီး၊ ဘီးစပါတ်တွေ ထိုးလိုက်ရင် နတ်ဝတ်နတ်စားနဲ့ မဆူး ပုံစံက ပုပ္ပားမယ်တော်ဆိုလည်း ဘာလှသလဲ မမေးနဲ့။

မတူးကတော့ ရည်ရွယ်ထားပြီးသားပါ။ သူအသက်ကြီးလို့ မ နိုင်တော့ရင် မဆူးလက်ထဲ ကန္နားစီးဘွဲ့ အပ်မယ်ပေါ့။

ကန္နားစီး မတူးရဲ့ညီမ တပည့်အရင်း ကန္နားစီး မဆူးပေါ့။

မဆူးကလည်း သူ့အစ်မ မတူး သူ့အပေါ် ယုံကြည်လာအောင် နတ်ဆရာနတ်ရာမှာ သူ ဘယ်လောက် ကျွမ်းဝင်နေပြီဆိုတာ သိပ်အစွမ်းပြ နေဘာ။

မတူး ဘရိတ်သတ်ထားလို့ပေါ့။ နို့မို့ကတော့ ထစ်ခနဲဆို မဆူး အရှိန်ရပြီး ဝင်လုံးနေလို့ လိုမ့်ဟောက်ထားရတယ်။ ကျော်မလုပ်နဲ့။

ကျော်လုပ်ရင် အော်ထုတ်ခံရမယ်။ အဲဒီစကားက မဆူးကို အ ဆုံးမနေကြစကား။ နေသေးသပ ချုံထဲကနေ ချိုသွေးလို့တမြမြနဲ့ပေါ့။

✿ ✿ ✿

[၃]

❑

''ကိုဝင်းကြည် ... ခင်ဗျား ဘာလို့ မျက်ရည်ကျနေတာလဲ။ မျက်စိ ပိုးကောင်ဝင်လို့လား။

''မဟုတ်ပါဘူး ... စိုးတင့်ရာ၊ ငါ့မိန်းမကို သတိရနေလို့ပါ။ ဒီ ချိန်ဆို သူ ဈေးကနေ ပြန်လာပြီး ချက်ပြုတ်နေတဲ့ အချိန်ကွ။ ငါ့မှာ ဘယ် ချိန်ရောက်ရောက် ငါ့မိန်းမကို သတိရနေတော့တာပဲ။ ဖြေလို့မရဘူးကွာ။ မ အသည်းအသန် ဖြစ်နေတုန်းက သေသေချာချာ ဖိဖိစီးစီး မကု တ်ရဘူး။ ငါက အလုပ်များနေတော့ သူသေခါနီးမှပဲ သူ့အနား နေပေး တ်ရတယ်။ အဲ့ဒါကို ပြန်တွေးမိတိုင်း နောင်တနဲ့ သောကလှိုင်းတံပိုးတွေ ထဲမှာ မှန်တိုင်းထန်နေတယ်''

မောင်စိုးတင့်လဲ ဦးဝင်းကြည်ကိုကြည့်ပြီး စိတ်မကောင်းမိ။ နေမြင့် အရှုးရင့်လေဆိုသလို ဖြစ်နေရှာသော ဦးဝင်းကြည်ကြီး မျက်ရည် နေ၏။ မောင်စိုးတင့်က ...



www.burmeseclassic.com

www.burmeseclassic.com



"မအေးခင် တမလွန်ဘဝရောက်နေပေမယ့် ဦးဝင်းကြည်က ထ[illegible] ကြိမ်လောက်တွေ့ပြီး မေးချင်သေးတာလား။ နိုင်ငံခြားတစ္ဆေချစ်သူ ဇာတ်က[illegible] ထဲကလို ပတ်ထရစ်ဆွေ့ဇီက ဒယ်မိမိုးကို တွေ့ချင်လို့ ဟူပီဂူးဘတ်ဆို[illegible] နတ်ဝင်သည်ကြီးကို အကူအညီတောင်းရသလို နတ်ဝင်သည်တွေဆီက အ[illegible] အညီ တောင်းချင်လို့လား"

"အေးပေါ့ကွာ ... အဲဒါမျိုး စွမ်းတဲ့လူ ရှိရင်တော့ ကောင်းတာ[illegible] ကွာ"

"ဒါဆိုရင်တော့ နတ်ကတော် မတူးတို့နဲ့ စမ်းကြည့်ပါလား။ [illegible] တို့လည်း အဲဒါမျိုးတွေ လုပ်ပေးနေတာပဲ။ အဘကိုးမြို့ရှင်ကြီးနဲ့ သေသူ[illegible] မိဘညာတိတွေကို လိုက်ရှာပြီး ကျန်ရစ်သူနဲ့ ဆက်စပ်ပေးနေတာပဲ"

"ဟုတ်ရဲ့လားကွာ ... မတူးကြီးထက် သူ့ညီမ မဆူးကြီးက ဆ[illegible] နေတာပဲ ဆူးကို မေးလို့မရဘူးလား"

"ဟင်း ... ခင်ဗျားဟာက ရိုးမှရိုးရဲ့လား။ မဆူးကြီးကို သ[illegible] ကျနေသလိုပဲ"

"ခရီးသွားဟန်လွှဲ ချော်လဲရောထိုင်ပေါ့ကွာ။ အချစ်မှာ လ[illegible] သွားရင် အစားထိုးတဲ့နည်းနဲ့ ကုစားတာ အချစ်နာရောဂါ အပျောက်မြန်တ[illegible] လို့ အချစ်နီတိဆရာကြီးတွေက အမိပ္ပာယ် ဖွင့်ဆိုထားတာပဲကွ"

မောင်စိုးတင့် သဘောပေါက်ပြီး ပြုံးနေ၏။ ဦးဝင်းကြည်တစ်ယော[illegible] မဆူးကို မျက်စိကျနေပြီဆိုတာ။ ဦးဝင်းကြည်က သူ့သိက္ခာသူထိန်းပြီး သ[illegible] မကပ်ရဲ။ မတူးတို့ ညီအစ်မကို သွားမေးလို့ရသော်လည်း ရွာနားကပ[illegible] ရွာနွားမစားဆိုသလို အိုက်တင်ခံပြီး တခြားရပ်ဝေးက ဆရာတွေ လိုက[illegible] ကြည့်နေခြင်းပင်။

မောင်စိုးတင့်က မတူးတို့နဲ့ မေးသင့်ကြောင်း တိုက်တွန်းသေ[illegible] အခါ ဦးဝင်းကြည်လည်း သဘောတူလိုက်၏။ မောင်စိုးတင့်က မတူးတို[illegible] ဘယ်နေ့ လာမေးလို့ရမလဲလို့ သွားမေးကြည့်၏။ မဆူးက မနက်[illegible] နေဝင်ရီတရောအချိန်ကို လာခဲ့ကြ။ ပြင်ဆင်စရာရှိတာတွေ သူ့ဘာ[illegible] ပြင်ဆင်ထားမယ်။ တစ်ခါမေးရင် ...





တစ်သောင်းခွဲ။ တစ်ပြားမှ မလျှော့ဘူးတဲ့။ မောင်စိုးတင့်လည်း သဘောတူပြီး ဦးဝင်းကြည်ကို အကြောင်းပြန်ပြောလိုက်၏။ ဦးဝင်းကြည်က ခေါင်းတညိတ်ညိတ်နှင့် ...

"ဩော် ... အေးခင် ... အေးခင် ... ငါတော့ မဆူးကို လိုချင်တာ ... ဟုတ်ပေါင် ... ငါတော့ မဆူးတို့ကို နတ်မေးပြီး နင် ဘယ်ရောက်နေလဲလို့ လိုက်ရှာရတော့မယ်"

ဒါမျိုးလည်း သံဝေဂ ရသွားရှာ၏။ ဦးဝင်းကြည်ရဲ့ သားသမီးတွေလည်း ဘာမှမပြော။ သားကြီးတစ်ယောက်ထဲသာ အနားမှာရှိ၏။ ကျန်တဲ့ သားသမီးတွေက အစိုးရဝန်ထမ်းတွေအဖြစ်နဲ့ နယ်တကာ ရောက်နေ၏။ သားကြီးက သောက်သောက်စားစားသမား။ နောက်အိမ်ထောင်နှင့်။ တစ်ရက် တစ်ခါတော့ အိမ်လာကြည့်၏။

သူ့အဖေ ဦးဝင်းကြည် နေကောင်းရဲ့လားလို့ လာကြည့်တာမျိုး ဟုတ်ချင်မှ ဟုတ်မည်။

အဖေ မသေသေးဘူးလား၊ သေရင် အိမ်ကို အမွေခွဲပစ်မယ်ဆို တဲ့ အကြည့်မျိုးဟု ဦးဝင်းကြည် နားလည်မိနေ၏။ ဦးဝင်းကြည်က အသက် ခုနစ်ဆယ်နီးပါးရှိသော လတ်လတ်ဆတ်ဆတ် မုဆိုးဖိုကြီးပေါ့။

နောက်အိမ်ထောင် ထူချင်တယ်လို့ မပြောရဲ၊ အသက်ကြီးတော့ အနားမှာ ဆေးပေးမီးယူ လိုချင်တာပေါ့ကွာတဲ့။ ဝန်ထမ်းဆိုတော့ ပင်စင် လစာလေးနဲ့ ဈေးထဲက သူ့ဆိုင်ခန်းလေးတွေ ငှားလို့ရတာလေးတွေနဲ့ မပူ မပင် စားနေရသည်လေ။

နောက်မိန်းမကို တင်တောင်းနိုင်လောက်အောင်လည်း အတွင်း ရေးလေး ဘာလေး စုဆောင်းမိထားပြီးပြီ။

ရပ်ကွက်ထဲက မုဆိုးမ မစော။

တစ်ခုလပ် ဒေါ်မာ။

သုံးလင်ကွာ မအေး။

အပျိုပေါက် ခေါင်းတုံးမ။



www.burmeseclassic.com

www.burmeseclassic.com



လင်ပေါက်စီထားတတ်သော ဘလုခေါမတို့တွေ ရှိပေမယ့် ဘယ်သူ့ကိုမှ စိတ်မကူးရဲ။ သူတို့က ပိုင်းလုံးတွေ။ ဦးဝင်းကြည်ကိုယ်တိုင်လည်း သူတို့ကို နောက်ဖနီးအဖြစ် သဘောထားလို့မရ။

နံစော် ညစ်ပတ်တွေ။

ဦးဝင်းကြည်က သန့်သန့်လေးနဲ့ လုံးကြီးပေါက်လှ ဆိုတာမျိုး သဘောကျသူလေ။

✿ ✿ ✿

[၄]

❑

နောက်တစ်နေ့ ဦးဝင်းကြည်တစ်ယောက် ပလေကပ်သောင်းကျော်တန်း ဖရီးဂျက်ကက်၊ ငွေလေးဘာလေး ပိုပိုသာသာ ထည့်ပြီး နတ်ကတော်မတူးအိမ်ကို မောင်စိုးတင့်နဲ့အတူ သွားပါလေရော။ မောင်စိုးတင့်က ဦးဝင်းကြည်ထက် ဆယ့်ငါးနှစ်လောက် ငယ်တယ်။ ဦးဝင်းကြည်က ရပ်ကွက်ထဲမှာ မောင်စိုးတင့်တစ်ယောက်ကိုပဲ ပေါင်းတယ်။ ကျန်တဲ့သူတွေနဲ့ မပေါင်းဘူး။ ပညာမတတ်၊ အသိဉာဏ်မဲ့ ဆဲဆို မိုက်ရိုင်း ထွားကျိုင်းကြတယ်ထင်လို့လေ။

မောင်စိုးတင့်ကတော့ ဦးဝင်းကြည်ရဲ့အလိုက်ကို သိတယ်။ မောင်တော်ညိတ်၊ စိတ်တော်သိ ဆိုသလိုပေါ့။ ဦးဝင်းကြည်ကလည်း ...





"မိန်းမနဲ့ဝေးရတာ ခြောက်လလောက်ရှိပြီ။ မိန်းမဆိုတာ ဘာမှန်းတောင် မသိတော့ပါဘူးကွာ"

"ဦးဝင်းကြည်ကလည်း လုပ်ပြီ၊ ဘက်ဘက်စိစိပေါ့ဗျာ။ ငါးတွေ ကုန်းပေါ် ပစ်တင်ထားရင် အသက်ရှူရ ခက်သလိုပဲ။ သူတို့လည်း ရေထဲက အောက်ဆီဂျင်ကို ပါးဟက်နဲ့ ရှူရတာလောက် ကုန်းပေါ်မှာ ပါးဟက်နဲ့ ရှူရတာ အဆင်မပြေကြဘူး။ ပါးဟက်တွေ ဘက်ဘက်စိစိတွေ ဖြစ်ကုန်ကြတာပေါ့။ မိန်းမနဲ့ ကင်းကွာတဲ့ အတောအတွင်းတွေမှာလည်း ဒီလိုပဲပေါ့ဗျာ"

"ဟေ့ ... တော်ကွာ မောင်စိုးတင့် ဘေးလူတွေကြားရင် ရှက်စရာကောင်းတယ်"

"ဦးဝင်းကြည်က လက်တွေ သိပ်သန်မာတာ သတိထားနော်။ နွားနဲ့ နားညှစ်လိုက်ရင် မြှုံနေတဲ့ နွားမတောင် တန်းပြီး ပန်းထွက်တဲ့လက်၊ ကိုယ့်လက်နဲ့ ကိုယ့်စိတ်ကို ထိန်းဦးနော်"

"ငါသိပါတယ် ... မောင်စိုးတင့်ရယ်။ မင်း ဆရာမလုပ်စမ်းပါနဲ့။ အော် ... မဆူးက နတ်ဝင်ပြီးရင် ငါ့မိန်းမရဲ့ ဝိညာဉ်ကိုခေါ်တော့ ငါ့မိန်းမရဲ့ ဝိညာဉ်ကို မဆူးကိုပဲ ပူးခိုင်းပါလို့ မင်းပြောခဲ့တာ သေချာပါတယ်နော်"

"သေချာပါတယ် မဆူးကိုပဲ ပူးခိုင်းမှာပါ"

"ဒါဆိုရင်လည်း ပြီးရော"

"တခြားလူ ပူးခိုင်းတော့ ဘာဖြစ်လို့လဲ"

"ဩော် ... မင်းကလည်း ပြဇာတ်တွေ နောက်ပိုင်းဇာတ်ထုပ်တွေထဲကလို မင်းသားနဲ့ မင်းသမီး ပြန်တွေ့ပြီး အလွမ်းသယ်တာ၊ ငါ့မိန်းမဝိညာဉ်ဝင်နေတာ အခြောက်မကြီး၊ တခြား ရုပ်ဆိုးမိန်းမကြီးဖြစ်နေရင် ဘယ်လိုလုပ်ပြီး လမိုင်းကပ်တော့မလဲ။ မဆူးလေးမှ လမိုင်းကပ်မှာပေါ့ ... တုံးရဲ့။"

"ဩော် ... ဒီလိုကိုး။ ပေါက်ပြီ ... ပေါက်ပြီ .. ဦးဝင်းကြည်"

"ပေါက်ဟ ... ပေါက်ဟ ... စိုးတင့်ရ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက် အတိုင်အဖောက်ညီပြီး တဝါးဝါးနှင့်ပြော လိုက်ကြတာ မိုးမမြင်လေမမြင် ရယ်ထားတဲ့ အမှိုက်ကားကြီးတောင် ဝင် တိုက်မိလိုတိုက်မိ ဖြစ်ကုန်ကြတော့၏။

✿ ✿ ✿

[၅]

❑

''ရောက်လာကြပြီကိုး''

''ဟုတ်တယ် . . . မတူးရေ နောက်ဆုံးတော့ မတူးကိုပဲ အကူအညီ တောင်းရတာပါပဲ''

''ဒါပေါ့ . . . ကိုဝင်းကြည်ရယ်။ ရှင့်မလဲ အသက်ကြီးမှ မယား တ.နေရတယ်လို့''

''ချစ်တာကိုးဗျ''

တစ်ဦးနဲ့တစ်ဦး တစ်မြို့ထဲနေကြတော့ ရင်းနှီးစွဲကလေး ရှိနေ တာပေါ့။ မဆူးနဲ့လည်း ရင်းနှီးပေမယ့် အိမ်ထောင်ရေးအကြောင်းတော့ မပြော ဖူးဘူး။

''ရှင့်စိတ်ကို ရှင်နိုင်ရဲ့လား''

''နိုင်ပါတယ် . . . ကျုပ် ယောကျ်ားပါ''

''ဟုတ်ပြီ . . . အဲဒါဆို ခေါ်ပေးမယ်။ ရှင့်မိန်းမရဲ့ ဝိညာဉ်က ဘယ်မှ မရောက်သေးဘူး။ အမေနံကရိုင်းမယ်တော်ကြီးဆီမှာ ရှိသေးတယ်။ အမေ





ထိန်းထားတယ်။ လူ့ဘဝတုန်းက စီးပွားရေး အဆင်ပြေရင် ကျွဲကလေး ပေးမယ်၊ နောက် နွားပေးမယ်၊ ပျော်ပွဲပေးမယ် ပြောခဲ့တယ်လေ။ အဲ့ဒါကို မေ့နေခဲ့လို့ အမေက သူ့ဆီမှာ ခေါ်ထားတာ။ အမေနိုင်းတာ လုပ်ပေးနေရ တယ်''

''ဟုတ်ရဲ့လား . . . မတူးရယ်။ ကျုပ်မိန်းမ မတူးပြောသလိုဆို သနားစရာ ဖြစ်နေတာပေါ့။ ခင်ဗျားတို့ ပြောပုံအရ နတ်တွေကို ကတိပေးခဲ့ တာ မှန်ပါတယ်။ ဒါပေမဲ့ ကျုပ်က ကျုပ်လုပ်လို့ ကျုပ်ရတာဆိုပြီး မကန်နိုင်းခဲ့ သို့ သူ မကခဲ့တာပါ''

''ရှင်တို့ ကတိပျက်တာပဲ၊ ပျက်လို့ခံရတာ။ ကဲပါ . . . ရှင်တွေ့ ချင်တာတွေ့ရရင် ပြီးရောပေါ့။ ဟဲ့ . . . မဆူးရေ . . . လာပါဦး အနားကို ဒီမှာ ဧည့်သည်တွေ ရောက်နေပြီ''

မဆူးက လှလှပပ လိမ်းခြယ်ဝတ်ဆင်ပြီး အနားမှာ လာထိုင်၏။ ဦးဝင်းကြည်တစ်ယောက် မဆူးကို မြင်ကတည်းက ရှိုးတိုးရှူတဖြစ်နေပြီ။

ချစ်တဲ့စိတ်တွေ အတင်းယိုဖိတ်ချင်နေပြီ။ မတူးက နတ်မဝင်ခင် ကြို့ပြောထားတယ်။

''မဆူးကို ရှင့်မိန်းမရဲ့ဝိညာဉ် သွင်းပေးမှာနော်။ ရှင်မေးချင်တာ မေး။ ကျန်တာ ဘာမှမလုပ်နဲ့ . . . ကြားလား''

''ကြားပါတယ် . . . ကျုပ် ယောကျ်ားပါဗျာ''

''ရှင့်စကားနဲ့ ရှင်နော်''

''အင်းပါဗျာ . . .''

''မမ . . . ဒီလူကြီးကြည့်ရတာ ညီမလေးပေါ် သူ့မျက်လုံးမခွာ တော့ဘူး။ ဖြစ်ပါ့မလား''

''ဟဲ့ . . . သူ အာမခံနေပြီပဲ''

''ကျုပ် ယောကျ်ားပါ . . . မဆူးရယ်''

''ကဲ . . . ကြားတဲ့အတိုင်းပဲ၊ ညည်းမလည်း ပူတတ်ရန်ကောင်း၊ အချိုလေးလည်း မဟုတ်တော့ဘူး၊ ဘာရှက်ကြောက်နေရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မဆူးလည်း ဖက်ကလေးပုပြီး ငြိမ်သွား၏။ အနားမှာ နတ်ထိန်း အခြောက်နှစ်ယောက်လည်း ယပ်တောင် တဖျတ်ဖျတ်ခပ်ပေးရင်း ရှိနေကြ၏။

မတူးက နတ်တွေကို ကန်တော့ပြီး နတ်စကားတွေ ပြောကာ ဆောင်းဘောက်စဖွင့်သည်။ နတ်ဒိုးတီးလုံးနှင့် ဟိုယိမ်းဒီယိမ်းနဲ့ နတ်ဝင် ခြင်းကို စတင်လေပြီ။

''ကိုးမြို့ကိုးတံခါး ကိုးစားကို အစိုးရတော်မူတဲ့ အဘကိုးမြို့ရှင်ကြီး ကြွသာပြီဟေ့ ဘယ်အရေးရှိလို့ ငါ့ကို ပင့်ကြတာလဲ ပြောစမ်းဟဲ့''

မဆူးက လက်အုပ်လေးချီကာ ရှိုရှိုကျိုးကျိုး ဟန်လေးနှင့် ...

''အဘိုးကိုးမြို့ရှင်ကြီးရယ် ... ရွှေစိတ်တော်မဆိုးပါနဲ့။ ဟော့ဒီ ဦးဝင်းကြည်က သေဆုံးသွားတာ ခြောက်လကျော်လောက်ရှိပြီဖြစ်တဲ့ သူ့ ဇနီးသည်ရဲ့ ဝိညာဉ်ကို တွေ့ချင်လို့ အဘကို ရှိုရှိုသေသေ လျှောက်ထား တောင်းပန်ရတာပါ''

မတူးက ခေါင်းလေး တုန်ဆတ်တုန်ဆတ်နှင့် မျက်လုံးစုံမှိတ်ထား ရင်း ...

''ခြေရာလည်း ပျောက်၊ ရေလည်း နောက်သွားတဲ့ သမီးဟာ ပဲခူးတိုင်းလက်ထဲ ရောက်နေတာပဲ။ ပဲခူးမယ်တော်ကို ပင့်ခေါ်ပြီး အခွင့် တောင်းပေါ့။ အဘကတော့ လမ်းညွှန်ပေးလိုက်ပြီ။ တော်သလိုသာ ဆက် လုပ်ကြလေတော့''

အဘကိုးမြို့ရှင်ကြီး ထွက်သွားပြီး အမေနံ့ကရိုင်းမယ်တော်ရဲ့ နတ် တီးလုံး ပြောင်းသွားပြန်၏။ လက်အုပ်ချီ လက်ချောင်းတွေနှင့် နဖူးကို တဖျတ်ဖျတ်ဆက်ရိုက်ပြီး မတူးကို ပဲခူးမယ်တော် ဝင်စီးပြန်၏။ မတူးရဲ့ လေသံပါ၊ မယ်တော်အသံ ပြောင်းသွားပြန်၏။

''ကြွတိုင်းအောင်လို့ ဆောင်တိုင်းမြောက်စေဖို့ အမေနံ့ကရိုင်း ကြွ လာပြီဟေ့''

''အမေရယ် ... အမေကြိုက်တတ်တဲ့ စားကောင်းသောက်ဖွယ် လေးတွေ သုံးဆောင်တော်မူပါ''





ပြင်ဆင်ထားသော စားဖွယ်ရာတွေကို မတူးက နှာခေါင်းနဲ့ တရှူး ရှူး ရှိုက်ရှူပြီး ခေါင်းတညိတ်ညိတ်နှင့် သဘောကောင်းတွေ့ရ၏။

''အမေရယ် ... အမေ့ဆီ ကျွန်ခဲ့တဲ့ ခြောက်လလောက်က ရောက် နေတဲ့ မအေးခင်ဆိုတဲ့မိန်းမဟာ ဟော့ဒီ ဦးဝင်းကြည်ရဲ့ဇနီးပါ။ ဦးဝင်းကြည် က သူ့ဇနီးကို တွေ့ချင်လို့ ခဏလောက်တော့ မေတ္တာရှေ့ထားပြီး ပေးတွေ့ ခွင့်လေးပြုလိုက်ပါ''

''အင်း ... မင်းတို့ဘက်က ဝတ်ပြုတာ အမေသုံးဆောင်ပြီးမှတော့ ငြင်းလို့လည်း မကောင်းပါဘူး။ ဒီကောင်မကို ကတိပျက်ထားလို့ အမေ ဆက်ဆွဲ ထိန်းထားတာဟေ့။ အမေကျေနပ်အောင် သူလုပ်ပေးပြီးရင် သူ့ လမ်းသူ ဆက်သွားဖို့ အမေခွင့်ပြုမှာပါ။ အေးလေ ... တွေ့ချင်တယ်ဆိုတော့ လည်း တွေ့ပေးရမှာပေါ့။ အေးခင်ရဲ့ဝိညာဉ် ဝင်စီးမယ့်လိပ်ပြာရှင်''

''ကျွန်မ မဆူးပါပဲ အမေ''

''ဩော် ... အေး ... လိပ်ပြာလုတယ်၊ လိပ်ပြာလွယ်တယ်၊ ဆူးဆီဝင်အောင် အမေကူညီမယ် ... လာစမ်း အနားကို''

မဆူး အနားကပ်လိုက်တာနဲ့ အမေဝင်ပူးနေသည်ဆိုသော မတူး က မဆူးရဲ့ နဖူးကို လက်ဝါးနှင့်သပ်ကာ ဖိကပ်ပြီး ပါးစပ်က ရွတ်ဆိုလိုက် ၏။ မဆူးလည်း လက်အုပ်လေးချီပြီး ငြိမ်နေရာက တစ်ကိုယ်လုံး ဆတ်ဆတ် တွန်ပြီး နေရာပြင်ထိုင်ကာ ရှေ့တိုးနောက်ငင် ယိမ်းထိုးရတော့၏။

''ပူတယ် ... ပူတယ် ... ဘယ်သူလဲ ကျွန်မကို တွေ့ချင်တာ''

''နင် ... မအေးခင်လား''

''ဟုတ်တယ်''

''ငါ့ကို မမှတ်မိဘူးလား''

''ပူပါတယ်ဆိုမှ ... အပိုတွေ မေးမနေနဲ့ ရှင် ကျူပ်ယောကျ်ား ကိုဝင်းကြည်ပေါ့''

''ဒါတော့ အားလုံးသိနေတာပဲ။ ငါဘယ်ဘက်ပေါင်မှာ မှဲ့ဘယ်နှလုံး ပါသဲ နင်သိတယ်၊ မအေးခင် အစစ်ဆိုရင် နင်ပြောနိုင်ရမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းကြည် စပြီး စစ်ဆေးလေပြီ။ မောင်စိုးတင့်က ထွက်ပြေးစဉ် အပေါက်ဝကို လှမ်းကြည့်နေပြီ။ မဆူးက နဖူးကြောရှုံ့ကာ မျက်လုံးစုံမှိတ်ထားလျက် အပူးမပျက် စဉ်းစားပြီးမှ . . .

"မွဲ့လေးလုံး ရှိတယ်တော်"

"ဟာ . . . ဟုတ်တယ် . . . နင်က ငါ့ကို အိပ်ရာထဲကျရင် တစ်မျိုးခေါ်တယ်လေ။ ဘယ်သူမှမသိဘဲ နင်နဲ့ငါနဲ့သာသိတဲ့ ငါ့ကိုခေါ်တဲ့ အခေါ်က ဘာလဲ နင်ပြောပြပါလား"

မျက်လုံးစုံမှိတ်ပြီး ရှေ့တိုးနောက်ငင် ယိမ်းထိုးနေသည့် မအေးခင်က . . .

"ကိုကိုလို့ ခေါ်တာတော်"

"ဟာ . . . မှန်သွားပြန်ပြီ . . . ဟုတ်ပါပြီ၊ နင်ဟာ မအေးခင် အစစ်ပဲ . . . နှစ်မအေးခင်နော်"

"ဟုတ်ပါတယ်ဆိုမှတော် သူများခန္ဓာကိုယ်ထဲ ဝင်နေရတာ သိပ်ပူတယ်တော် လိုရင်းသာ ပြောပါ"

"နင့်ကို ဘာကောင်းမှုကုသိုလ် လုပ်ပေးရမလဲ"

ကျုပ်သား အငယ်ကောင်လေးကို ရှင်ပြုပေးလိုက်။ ကျုပ်ကို မယ်တော်ကြီးဆီမှာ ခွင့်ပန်ပြီး ဖိတ်ပေး။ မယ်တော်ကြီးရော၊ ကိုကြီးအသားမင်းသားရော၊ ကိုကြီးအောင်နိုင်တို့ကိုပါ အမျှဝေပေး။ အဲ့ဒါဆို . . . ကျုပ် . . . ကျွတ်လွှတ်ပြီး ကောင်းတဲ့နေရာ ရောက်လိမ့်မယ်။ အင်း . . . ဟင်း . . . ဟင်း . . . ပူတယ် . . ."

"အေး . . . ငါ သေသေချာချာ မှတ်ထားပါ့မယ် . . . နင် . . . နင် . . ."

"ဘာလဲတော် . . . တနင်နင်နဲ့"

"နင့်ကို ငါလွမ်းလို့ ရင်ကွဲနာ ကျသေမတတ်ပဲ။ နင်က ငါ့ကို ပြန်မလွမ်းဘူး။ သတိမရဘူးလားဟင်"

"သူတို့နိုင်းထားတာနဲ့ အလုပ်တွေ ရှုပ်နေလို့ ဘာကိုမှ အမှတ်မရနိုင်ပါဘူးတော်။ ကလေးတွေကို ဂရုစိုက်ပါ။ ဘုရားတရား မြဲပါ၊ အကုသိုလ်





လုပ်နဲ့၊ ကုသိုလ်လုပ်ပါ။ ရှင်ပြုမတိုင်ခင် အမေတို့ကို ပျော်ပွဲလေး တစ်နိုင်သလောက် လုပ်ပေးလိုက်ပါ"

"အေး . . . အေးပါဟာ . . . နင့်နယ် နေစိမ့်လိုက်တာ၊ ငါ့မှာတော့ နင့်ကိုလွမ်းလွန်းလို့ ဖြေမဆည်နိုင်ဘူး။ နင့်ကို သိပ်ချစ်လွန်းလို့လေ"

ဦးဝင်းကြည် ပြောနေရင်း အားမလို အားမရဖြစ်ကာ ဆတ်ခနဲ ထပြီး မဆူးကို သူ့လက်ကြမ်းကြီးနဲ့ အတင်းချုပ်ဖက်ပြီး ကုတ်ကပ်နမ်းရှုံ့ပစ်တော့၏။

"အို . . . အလို . . . ရှင် . . ဟောတော် . . ."

"အမလေး . . . မိန်းမရဲ့ မင်းကို ချစ်လွန်းလို့ပါကွာ။ မခွဲနိုင်ဘူး . . ဒါ မခွဲနိုင်တော့ဘူး"

"အလိုတော် . . . လုပ်ကြပါဦး . . . အမလေး . . . နာလိုက်တာ သူ့လက်ကြမ်းကြီးနဲ့ ကျုပ်ဟာတွေ ပြုတ်ထွက်ကုန်ပါပြီ၊ လုပ်ကြပါဦး"

မဆူးတစ်ယောက် ထိတ်လန့်တကြားနှင့် အသံကုန် ထအော်၏။ ဦးဝင်းကြည်ကလည်း မလွှတ်။ ဆာလောင်နေတဲ့လူ ကြက်ပေါင်ခြောက်နေသွားသလို အတင်း ကိုက်ခဲထားသည့်နှယ်။

ဘေးက အခြောက်တွေရော၊ အမေဝင်စီးရာက ဘယ်ကိုရောက်သွားမှန်းမသိသော မတူးပါ သုံးယောက်ပေါင်းပြီး ဦးဝင်းကြည်ကို ဝိုင်းဆွဲရတော့၏။

"ကိုဝင်းကြည် . . . စိတ်ထိန်းလေ၊ ရှင့်မိန်းမ ပြန်ထွက်သွားပြီ။ ရှင်ဖက်ထားတာ . . . မဆူး . . . မဆူး . . . စိတ်လျှော့"

"မဖြစ်နိုင်ဘူး . . . ကျုပ်မိန်းမမှ ကျုပ်မိန်းမဗျ . . . ကျုပ်မခွဲနိုင်ဘူး။ ကျုပ်မိန်းမကို ပြန်လွှတ်မပေးနိုင်ဘူး"

"ဟော့တော် . . . အဲဒီလို မလုပ်နဲ့လေ။ အောက်မှာ မဆူးပိနေပြီ။ ရှင့်ရဲ့ ဝတုတ်ပြဲ ခန္ဓာကိုယ်ကြီးနဲ့ အတင်းတက်မဖိထားနဲ့လေ။ ရှင်ပြောတော့ ယောကျ်ားဆို ရှင့်စိတ်ကို ရှင်နိုင်တယ်ဆို၊ အပြောနဲ့အလုပ် မညီပါလား . . . ဘယ်လိုလူကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ် ယောက်ျားမို့ မနေနိုင်တာပေါ့ဗျာ။ ကိုယ်ချင်းစာကြည့်ပါဦး။ ခြောက်လတောင် ကျော်နေပြီ။ ကျုပ်နဲ့တွေ့တုန်း ချစ်လိုက်ဦးမှပေါ့။ ကျုပ်မိန်းမကို ကျုပ် ပြန်မလွှတ်နိုင်ဘူး၊ နောက်မတွေ့ရတော့ရင် ဘယ့်နှယ်လုပ်မလဲ''

ဦးဝင်းကြည် အပြတ်ကြမ်းပြီး မဆူးကို မလွှတ်တမ်း အနမ်းမိုးတွေ ဖိခြွေပစ်တော့၏။ အခြောက်တွေ အတင်းဆွဲလည်း မရ။ မတူးက ထုရိုက်လည်း မလွှတ်။ မောင်စိုးတင့်ကို ဝင်ကူဆွဲခိုင်းတော့ မောင်စိုးတင့်က ဦးဝင်းကြည်ရဲ့အကြောင်းကို သိနေတာမို့ ကလိပိတ်ထိုးတော့၏။

ဒီတော့မှ ကလိထိုးလျှင် မခံမရပ်နိုင်အောင် ဟားတတ်သော ဦးဝင်းကြည်က တွန့်လိမ်ပြီး . . . ဟီး ဟီး ဟား ဟား ဟား နှင့် ထွန့်ထွန့်လူးနေတော့၏။ ဆူးကို မတူးတို့တတွေ မနည်းဆွဲထုတ်သွားရ၏။ ဦးဝင်းကြည်လည်း တာတာ ဟီးတာ ရပ်ပြီး မောင်စိုးတင့်ကို ဒေါသနှင့် အတင်းလိုက်ထိုးနေ၏။ ဘေးအိမ်တွေကပါ အတင်းလာဆွဲလိုက်ရ၏။

နတ်ကတော် မတူးအိမ်မှာ ကမ္ဘာပျက်သလို ဖြစ်သွားတော့၏။

✿ ✿ ✿

[၆]

❑

နောက်ထပ် သုံးလအကြာမှာ မတူးတစ်ယောက် နတ်စင်ရှေ့မှာ ဒေါသထွက်ပြီး ဦးဝင်းကြည်ကို ကျိန်စာဖတိုက်နေတော့၏။

ဦးဝင်းကြည်ရဲ့ အထိအတွေ့ ကြမ်းကြမ်းက မဆူးအပေါ် အတော်လွှမ်းမိုးသွား၏။ မဆူးတစ်ယောက် ဦးဝင်းကြည်ကြီးကို ကြောက်တယ်





ကြောက်တယ်နဲ့ နောက်ဆုံးတော့ ဦးဝင်းကြည်ကြီးက အောင်သွယ်နဲ့ဆက်သွယ်ပြီး မဆူးကို ခိုးယူထွက်ပြေးသွားလေပြီ။

''မိဆူး . . . မိဆူး . . . ပြောလိုက်ရင် ကြောက်တယ် . . . ကြောက်တယ်နဲ့ နောက်ဆုံးတော့ ကြောက်တဲ့ဟာကြီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတော့တာပဲ။ အံ့ဩပါရဲ့ . . . ဒီလိုမှန်းသိရင် မိဆူးကို အေးခင်ရဲ့ဝိညာဉ် ဝင်မပူးခိုင်းပါဘူး . . . ဟင်း . . . တောက်''

အနားမှာရှိနေသော နတ်ထိန်းအခြောက်မက မတူးကို ကောက်ခါငင်ခါ မေးလိုက်၏။

မဆူးကို မပူးခိုင်းဘူးဆိုတော့ သမီးတို့ကို ပူးခိုင်းမလို့လား။

နင်တို့ အခြောက်တွေတော့ ပူးခိုင်းပဲ့မလားဟဲ့။ ပူးခိုင်းချင်း ပူးခိုင်းရင် ငါ့ကိုပဲ ပူးခိုင်းမှာပေါ့။ ငါနဲ့ အဲ့လူကြီး ညားရင် ငါကောင်းစားသွားမှာပေါ့။ သူက သိုသိုသိပ်သိပ်နဲ့ ချမ်းသာတဲ့လူကြီးဟဲ့။

အခြောက်မလေး ထရယ်၏။ ကျန်တဲ့ အခြောက်မတွေလည်း ဝိုင်းရယ်ကုန်၏။ မရယ်နိုင်သူကတော့ ကနားစီး မတူးပေါ့။ ဦးဝင်းကြည်တို့ဆက်ပြီး ကျိန်ဆဲနေလေတော့သတည်း။

ညြိမ်သ

www.burmeseclassic.com

www.burmeseclassic.com



❑

ဟိုပင်မြို့နှင့်မိုးညှင်းမြို့အကြား။

မိုးညှင်းချောင်း(နမ်းယင်းခ)အရှေ့ဘက်စူးစူးရှိ ရွက်ကြွေသော သစ်တောအုပ်အတွင်းမှ တောလမ်းတစ်ခုနေရာဖြစ်သည်။

တပေါင်းလ၏ နေရောင်ပြင်းပြင်းက သစ်တောအုပ်တွေထဲမှ ပြောက်တိပြောက်ကျား ထိုးဖောက်ကျနေသည်။ သစ်ရွက်ကြွေတွေက သစ်ပင်တွေကြားတွင် လွင့်ဝဲနေကြသည်။

အချိန်က နံနက်ဆယ့်တစ်နာရီခန့်ရှိပြီဖြစ်သည်။ ထိုစဉ် ဟိုပင်မြို့ဘက်ဆီမှ တောင်ဘက်ယွန်းယွန်းဆီသို့သစ်ပင်တွေကြားမှ အင်္ဂလိပ်ဂေါ်ယာစ်ပုလိပ်အဖွဲ့တစ်ဖွဲ့ပါဝင်သည့် ဗြိတိသျှမျက်နှာဖြူအရာရှိတစ်ဦး ဦးဆောင်သောသော ယာဉ်တန်းတစ်ခုက ချီတက်လာခဲ့ပါသည်။

ရှေ့ဆုံးမှ 'ပွိုင့်' (Point) နေရာကို၊ ဂေါ်ယာပုလိပ်နှစ်ယောက်က မြင်းနှစ်ကောင်ကို ယှဉ်စီးလာလျက်၊ ရိုင်ဖယ်သေနတ်ကိုယ်စီဖြင့် ဦးဆောင်သွားနေကြသည်။

သူတို့နှစ်ယောက်၏ အနောက်ဘက်ဆယ်ပေအကွာတွင်၊ ပုလိပ်ဆေးဦးစီး ဘယ်ညာစီတန်းလျက်၊ မြင်းကိုယ်စီစီးကာ ကာကီရောင် ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းအပြည့်အစုံ၊ သေနတ်ကိုယ်စီဖြင့် မြင်းတွေကို အသားကျအောင် ခပ်သွက်သွက် စီးလာခဲ့ကြ၏။

ထိုမြင်းတပ်ဖွဲ့ ပုလိပ်ရှစ်ယောက် နောက်နားမှာတော့ 'အော်စတင်အင်အင်္ဂလန်'နက်ပြာရောင်ကားတစ်စီးကို ရာဇဝတ်အုပ်ပုလိပ်အရာရှိ ကပြားတစ်ယောက်က မောင်းလာခဲ့သည်။

ရာဇဝတ်အုပ်က နံဘေး၌ ယှဉ်လျက်ထိုင်ပြီး လိုက်ပါလာခဲ့သည်။

ရွှေကိုင်းမျက်မှန်နှင့် မျက်နှာဖြူအင်္ဂလိပ်အရာရှိကတော့ အခြားသူမဟုတ်။

မိုးညှင်း နယ်ပိုင်ဝန်ထောက် 'မစ္စတာ၊ ဒေးဗစ်အေဟင်နရီ' ဖြစ်သည်။ ခေညှိစိမ်းရောင် သက္ကလပ်အနောက်တိုင်းဝတ်စုံကို၊ သူ့ကိုယ်မှာ ဝတ်ထားသည်။ ရွှေကိုင်းမျက်မှန်အတွင်းမှ အပြာရင့်ရင့် သူ့မျက်လုံးတစ်စုံဟာ အေးစက်တင်းမာနေပြီး ကျားတစ်ကောင်မာန်သွင်းထားသည့် မျက်လုံးတွေမျိုးဖြစ်သည်။

သူတို့နောက်ကျောဘက် ကားနောက်ခန်းထဲမှာတော့ ဆယ်ကျော်သက်ရွယ်သမီးချော၊ ရှမ်းအင်္ဂလိပ်ကပြားမလေးနှစ်ဦးကို တစ်ဖက်စီရံလျက် အလယ်မှနယ်ပိုင်ကတော် 'စောမြစိမ့်ခေါင်'က သမီးနှစ်ဦးနှင့်အတူ ဖက်ရှင်မီးနီး နရောင်ဂါဝန်ရှည်နှင့် ကြော့ရှင်းစွာ လိုက်ပါလာခဲ့၏။

သူတို့နောက်မှ စစ်စိမ်းရောင်ဒေါ့ဂျ်ကားတစ်စီးက၊ ကိုယ်ရံတော်ပုလိပ်အဖွဲ့သား နှစ်ဆယ်ခန့်စီးနင်းပြီး လက်နက်ကိုယ်စီဖြင့် စောင့်ကြပ်လိုက်ပါလာခဲ့ကြသည်။

တိတ်ဆိတ်ငြိမ်သက်နေသော သစ်တောအုပ်လေးသည် ကားဆူနှင့်မြင်းခွာသံတွေ ဖုံးလွှမ်းသွားတော့သည်။ သို့သော်လည်း၊ ထိုတောအုပ်ကလေး၏ အဆင်တန်ဆာဖြစ်သည့် အနီရောင်တောပန်းပွင့်တွေနှင့် အဖြူရောင်ပန်းပွင့်တွေကိုတော့၊ မြူနှင်းနှင့်တောင်နှင်းငွေ့တွေက ဖုံးလွှမ်းနိုင်ခြင်းမရှိပါ။

အစိမ်းရောင်ဒေါ့ဂျ်ကားက၊ နောက်ဘော်ဒီကိုအမိုးဖွင့်ထားသောကြောင့်၊ ဟာလာဟင်းလင်းဖြစ်နေသည်။ ကားအလယ်ခေါင်ပုလိပ်သားများ





ထိုင်နေသော သံဘားထိုင်ခုံရှည်နှစ်တန်းကြားတွင် ရှမ်းအမျိုးသားများ ဝတ်စုံဆွနှင့် တရားခံသုံးဦးက ကြမ်းပြင်ပေါ်ထိုင်လျက် လိုက်ပါလာကြသည်။

သူတို့သုံးဦးကို သံကြိုးရှည်ကြီးတစ်ချောင်းနှင့် ပူးတွဲလျက် လက်ထိတ်ကိုယ်စီ ခတ်ထားကြသည်။

ထိုရှမ်းအမျိုးသား သုံးဦးတို့သည် 'နမ်းမားရွာ' မှ ရိုးသားစွာ တောင်ယာအလုပ်နှင့် အသက်မွေးမြူနေကြသော၊ တောင်သူဦးကြီးတွေ ဖြစ်သည်။ သူတို့သုံးဦးက 'ဟိုပင်'သူကြီးဆီ အလည်လာခဲ့ကြခြင်းဖြစ်၏။ ယင်းကို ဗြိတိသျှနယ်ချဲ့၏လက်ပါးစေ သစ္စာဖောက် ဟိုပင်ရွာသားတစ်ဦးက နယ်ပိုင်'ဟင်နရီ'ကို၊ မျက်နှာလိုမျက်နှာရနှင့်၊ 'ရှမ်းမျိုးချစ်တပ်ဖွဲ့'ခေါင်းဆောင် 'စောခွန်နောင်'၏ လျှို့ဝှက်အဖွဲ့ဝင် 'သူပုန်များ'ဖြစ်သည်ဟုဆိုကာ သံတော်ဦးတင်လာသဖြင့် 'နယ်ပိုင်ဟင်နရီ'အမိန့်ဖြင့် ဖမ်းဆီးလာခဲ့ခြင်းဖြစ်သည်။

တစ်ဦးမှာ အသက်ငါးဆယ်ကျော် အရွယ်ရှိပြီဖြစ်သည်။ ထိုရှမ်းအဘိုးကြီးမှာ၊ 'စောခွန်နောင်'၏ ဆွေမျိုးသားချင်း ဦးရီးတော်သူဖြစ်သည်။

စောခွန်နောင်၏ မျိုးရိုးကလည်း မိခင်သည် 'ပုဂံဝိုလ်ချုပ်' ၏ အဆက်အနွယ်ဖြစ်ကာ ဖခင်က 'ဝန်းသိုစော်ဘွားဦးအောင်မြတ်'၏ အဆက်အနွယ်များ ဖြစ်ကြသည်။ 'စောခွန်နောင်' ဦးဆောင်သော ရှမ်း၊ ကချင်၊ မြန်မာ မျိုးချစ်တပ်ဖွဲ့ဝင်များသည် ထိုအချိန်က ကချင်ပြည်နယ်တစ်ဝိုက်တွင် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်ကို၊ တော်လှန်နေသည့်အချိန်ဖြစ်သည်။

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်တို့သည် အမြဲသတိထားပြီး သွားလာနေကြရသည်။ 'စောခွန်နောင်'သည် ခေတ်ပညာတတ် စော်ဘွားနွယ်လူငယ်တစ်ဦးဖြစ်ပြီး သူ့ရသတ္တိနှင့်လည်း ပြည့်စုံသည့်အပြင် ခေတ်မီလက်နက်များလည်း ရရှိထားကာ အင်အားတောင့်တင်း ပြည့်စုံလျက် အင်္ဂလိပ်အစိုးရကို တိုက်ပွဲဝင်နေသည့် 'မျိုးချစ်ခေါင်းဆောင်' ဖြစ်သည်။ သည့်အချင်းလည်း ရှိသည်။

သို့ဖြစ်၍ နယ်ပိုင်ဟင်နရီသည် ဘယ်သွားသွား လက်နက်ကိုင်ပုလိပ်အဖွဲ့အား လုံခြုံရေးအပြည့်ထားပြီး သူ့သက်တော်စောင့် ဂေါ်ယာအင်္ဂလိပ်တွေခြံရံကာ ခရီးသွားလာလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဘီလူး၊ နမ်းမား၊ ရွာသစ်၊ တောင်နီ၊ မင်းတော မိုးကောင်း၊ ဟိုပင်မြို့များဆီ လှည့်လည်စစ်ဆေးပြီး ပြန်လာခဲ့ခြင်းဖြစ်သ သည်။

မစ္စတာဟင်နရီနှင့် ဂေါ်ယာပုလိပ်တစ်စုအဖွဲ့သည် နမ်းယင်းချောင်း ကိုဖြတ်ပြီး တောင်ကြားမြေပြန့်သစ်တောအုပ်ကို ဖြတ်လာနေကြသည်။

ထိုစဉ် ...

အရှေ့ဘက် နမ့်ယင်းခတောအုပ်ထဲမှ တောင်ကျိုးစိမ်းငှက်တစ်ကောင် ၏ ဖုရှုရှုကုလိုက်သံတစ်ခုက တောင်ကြားတောအုပ်လေးထဲ လွှင့်မြောက် ထွက်ပေါ်လာခဲ့သည်။

"ကု ... ကု ... ကု ... ကု ..."

ချိုးချိုးကူ ချိုးကူသံလေးက သုံးကြိမ်ဆက်တိုက် ထွက်ပေါ်လာခဲ့ သည်မှာ ထွေထွေထူးထူးမဟုတ်သည်။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် မြက်ရိုင်းပင်ရှည်ရှည်များအကြား ၌ တောနှင်းပန်းပင်ဖြူဖြူလေးတွေလည်း တောင်လေရိုင်းနှင့် ယိမ်းနွဲ့ 'က' နေကြသည်။

ချိုးကူသံလေး ပျောက်သွားပြီး ခဏအကြာတွင် အလွန်သာယာ သည့် သဘာဝတေးဂီတသံလေးတစ်ခု၊ မမျှော်လင့်ဘဲ ရုတ်တရက် တောင် ကြားထဲမှ စိမ့်ပျံ့လွှင့်မြောက်ထွက်လာ၏။

ယင်းဂီတသံလေးက ...

ဒေါင်းဖိုတစ်ကောင်၏ ဝင့်ကြွားတွန်ကျူးလိုက်သံလေး ဖြစ်၏ သည်။ ကျက်သရေရှိသည့်အသံဖြစ်သည်။

"အိုးဝေ ... အိုးဝေ ... အိုးဝေ ..."

ထိုချိုးကူသံလေးနှင့် ဒေါင်းတွန်သံလေးကား စင်စစ်မြန်မာ ၏ လှုတ်လပ်ရေးတိုက်ပွဲခေါ်သံ။ အချက်ပြ (Signal) တေးဂီတသံတွေ ဖြစ် ပြီးလျှင် အင်္ဂလိပ်နယ်ချဲ့တွေအတွက်မူ ထိုအသံသည် သူတို့၏ 'မရှ သေမင်းတေးသံ' များသာ ဖြစ်ကြပါတော့၏။





မှန်ပါသည်။ ကျက်သရေရှိလှသည့် မြန်မာ့ဒေါင်းအိုးဝေသံလေး အဆုံးမှာ ...

သူတို့ မျှော်လင့်မထားသည့် သေနတ်သံတွေက တောင်ကြောနှစ်ဖက် အတွင်းမှ ဒလကြမ်း ပေါက်ကွဲထွက်ပေါ်လာခဲ့သည်။

ရိုင်ဖယ်သေနတ်သံတွေနှင့် စက်သေနတ်စတင်းဂန်းသံတွေ မိုးသီး မိုးပေါက်ပမာ ဆူညံပေါ်ထွက်လာခဲ့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ... ဒက်"

တစ်ဆက်တည်းမှာပဲ လမ်းဘေးဝဲယာ နှစ်ဖက်သစ်တောအုပ်တွေ ကြားနှင့် တောရိုင်းမြက်ပင်ရှည်တွေကြား တောနှင်းပန်းပင်ဖြူဖြူတွေထဲမှ ဓား လှံလက်နက်ကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် 'စောခွန်နောင်'၏ တော်လှန် ရေး မျိုးချစ်တိုင်းရင်းသားအဖွဲ့တွေ ဘွားကနဲ ပေါ်ထွက်လာကြသည်။

"ကျား ... ကျား"

"ပစ် ... နယ်ချဲ့ ဘီလူးမိစ္ဆာတွေကို ပိုင်းထား ... ပစ် ... ကျား"

တောအုပ်အတွင်း မာန်သွင်းသံတွေနှင့်အတူ ရှမ်းဘောင်းဘီဝင်နီ ရောင် ကိုယ်စီဝတ်ထားသည့် မြန်မာ့တော်လှန်ရေးသမား ပြောက်ကျားတပ်ဖွဲ့ တွေ ပြုံဆင်းလာကြသည်။

အငိုက်မိသွားပြီး ရုတ်တရက် ချုံခိုတိုက်ခံလိုက်ရသည့် အင်္ဂလိပ် နယ်ချဲ့ဂေါ်ယာပုလိပ်အဖွဲ့၊ မြင်းတွေပေါ်မှ သေနတ်မှန်ပြီး လွင့်ကျသူတွေ ၊ ဓားနှင့် လှံစွပ်ဖျားတွင် သွေးသံရဲရဲနှင့် အတုံးအရုံးသေသူသေ။

ဗြိတိသျှပုလိပ်အဖွဲ့တွေ ဖရိုဖရဲ ကစင့်ကလျား ကျဆုံးကုန်သည်။

"ဖိုင်းယား ... ဖိုင်းယား ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

မြင်းစီးပုလိပ်များနှင့် ဒေါ့ဂျစ်ကားပေါ်မှ ဂေါ်ယာပုလိပ်တွေက ပြန် လည်ပစ်ခတ်ကြသည်။

တော်လှန်ရေးမျိုးချစ်အဖွဲ့တွေနှင့် အင်္ဂလိပ်ပုလိပ်အဖွဲ့တွေ၊ ရှေ့ တူရှုပ်ယှက်ခတ်ကုန်သည်။ သေနတ်သံတွေ ဆူညံရောထွေးလျက် တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြားတောတန်းလေးတစ်ခုလုံး ယမ်းခိုးယမ်းငွေ့တွေ မွှန်ထူသွားတော့သည်။

စောခွန်နောင်တို့အဖွဲ့တွေ မြင်းကိုယ်စီနှင့် သစ်ပင်တွေကြားမှ ပေါ်လာပြီး ပုလိပ်တွေကြားထဲ တရကြမ်း၊ ပစ်ခတ်ကာ စိုင်းဝင်လာခဲ့ကြသည်။

''အား . . . ဒိုင်း . . . အိုး''

''ဟော့ . . . စောခွန်နောင်တဲ့ဟော့ . . . ကျား . . .''

''နယ်ချဲ့သရဲတွေ . . . အရှင်မထားနဲ့၊ မျိုးဖြုတ်ပစ်ကြဟော့''

ကြွေးကြော်သံတွေနှင့်အတူ သေနတ်သံရဲရဲတိုက်ပွဲက မုန်တိုင်းတစ်ခု ဝင်မွှေလိုက်သလို သေမင်းခေါ်သံတွေနှင့် မြင်းခွာသံတွေကြား၊ ငရဲတစ်ခု ရောက်သွားလေသည်။

တိုက်ပွဲကြားတွင် ညှပ်ပြီးပိတ်မိနေသည့် နယ်ပိုင်ဟင်နရီ၏ အော်စတင်ကားထဲမှ ကပြားရာဇဝတ်အုပ်က သူ့ခြောက်လုံးပြူးကို လက်ထဲဆုပ်ပြီး ကားအတွင်းမှ သေွးရူးသေွးတန်း ခုန်ထွက်လာသည်။

သို့သော် ကပြား အင်္ဂလိပ်ရာဇဝတ်အုပ် လှုပ်ရှားချိန် မရလိုက်ပါ။ ငရဲသို့ ဖြတ်လမ်းက ရောက်ရှိသွားခဲ့သည်။ သူ့နဖူးနှင့် လက်ဝဲဘက်ရင်အုံကို ရိုင်ဖယ်ကျည်ဆန်နှစ်ခုက ဖောက်ဝင်သွား၏။ ရဲကနဲ ပွင့်ထွက်သွားသည့် သွေးပွင့်နှစ်ပွင့်နှင့်အတူ သူ့အော်စတင်ကားလေးနံဘေးတွင် လွင့်ပျောက်ပြီး လန်ကျသွားသည်။

ထိုအတူ နယ်ပိုင်ဝန်ထောက်မင်း 'ဟင်နရီ'ကလည်း ကျားနာကြီးတစ်ကောင်လို မာန်ဖီခဲ့ပြီး အလန့်တကြား ခုန်အုပ်တော့မည့်ဟန်နှင့် အော်စတင်ကားပြာထဲက ဂမူးရှူးထိုး ခုန်ထွက်လာသည်။ သူ့လက်ထဲမှာလည်း ဗြိတိသျှလုပ် ပြောင်းတိုခြောက်လုံးပြူးတစ်လက်ကို ဆုပ်လျက်သားနှင့် အလန့်တကြား ပစ်ကွင်းကို ရှာလိုက်သည်။

သူလည်း သူ့ရာဇဝတ်အုပ်လိုပင် သေနတ်သုံးခွင့် မရလိုက်ချေ။ ဟင်နရီ ကံဆိုးသွား၏၊ တိုက်ပွဲကြားသို့ မြင်းစီးပြီး သေနတ်တစ်ဖက်၊ ဓားတစ်လက်နှင့် ဝှေ့ရမ်းပြီး စိုင်းဝင်လာသည့် 'စောခွန်နောင်' က ဟင်နရီကို ဦးတည်ပြီး မြားတစ်စင်းလို သွန်ဝင်လာခဲ့သည်။

စိတ်ကူးသစ်စာပေ



ဟင်နရီ သူ့ခြောက်လုံးပြူးနှင့် သူ့ကိုပစ်ရန် ထိုးမြှောက်ချိန်လိုက်သည့်မှာပင် စောခွန်နောင်က သူ့ခြောက်လုံးပြူးကို ခြေဖျားနှင့် ရိုက်ခတ်ထုတ်လိုက်ပြီး သူ့လက်ထဲက ဓားရှည်က နေရောင်ထဲ၌ လက်ကနဲ ဟင်နရီ့ လည်ပင်းဆီ ဝဲပျံဖြတ်သန်းသွားခဲ့၏။

ဟင်နရီ၏ ရွှေရောင်ဆံပင်နှင့် ဦးခေါင်းက ငှက်တစ်ကောင်လို လေထဲ လွင့်မြောက်လိမ့်ထွက်သွားပါသည်။

အသည်းထိတ်စရာ အနိဋ္ဌာရုံမြင်ကွင်းတစ်ခုဖြစ်သည်။ ကျန်ရစ်ခဲ့သည့် ဟင်နရီ၏ ခေါင်းပြတ်ကိုယ်ခန္ဓာရှည်ရှည်ကြီးက မသေမရှင်နှင့် သွေးသံရဲရဲ လှမ်းထွက်သွားကာ ထင်းရှူးပင်တစ်ပင်ရင်းဆီ ယိမ်းတိမ်းယိုင်တိုင် လျှောက်သွားလျက် အရုပ်ကြိုးပြတ် ပုံလဲကျသွားတော့သည်။

နယ်ပိုင်ဟင်နရီ၏ အိပ်မက်ဆိုး ဇာတ်သိမ်းခန်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် နယ်ချဲ့မိစ္ဆာဆိုးတွေ၏ ကံကြမ္မာရလဒ် ကျိန်စာသင့်စီရင်ချက်ပင်ဖြစ်ပါသည်။

သနားစရာဟင်နရီ၏ သမီးလေးနှစ်ဦးဖြစ်သော ရှမ်းအင်္ဂလိပ်ကပြားမလေးနှစ်ဦးမှာ လက်နက်ကိုင် သွေးစွန်းတိုက်ပွဲတွေအကြား၌ ကြောက်လန့်တကြားနှင့် ကားအတွင်း တုန်လှုပ်ချောက်ချားနေရှာသည်။

သို့သော် စောမြစိမ့်ခေါင်ကမူ သူမ၏ယောက်ျား အင်္ဂလိပ်မျက်နှာဖြူအာနှင့် ဒေါသ၊ မာန၊ အာဃာတတွေ ယစ်မူးနေသည့် ပဒေသရာဇ် စနစ်ဟောင်းရိပ်အောက်မှ မိန်းမတစ်ဦးပီပီ သွေးရူးသွေးတမ်း ပေါက်ကွဲကာ ကားထဲမှ ဝုန်းကနဲ လှမ်းထွက်လာသည်။

မြစိမ့်ခေါင်က သူမ၏ ခါးအကြား၌ ထိုးထားသော ပဒေသရာဇ်မယ် အသုံးအဆောင်လက်နက် 'ဆောင်ငွေဓားမြောင်' ကို၊ ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီး လက်တွင် တင်းတင်းဆုပ်လိုက်သည်။

စောခွန်နောင်က သူ့မြင်းကို ဆွဲလှည့်လိုက်ပြီး မြစိမ့်ခေါင်ဆီ လှမ်းလာခဲ့သည်။ သူ့ဆောင်ဓားကို ကျောတွင်းသိုင်းလွယ်ထားသည့် ဓားအိမ်ထဲ ထိုးထိုက်သွင်းလိုက်၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ မြေပြင်ပေါ် မြင်းထက်မှ လွှားဆင်းလိုက်ပြီးနောက် မြစိမ့်ခေါင်ကို စိုက်ကြည့်လိုက်သည်။ စောခွန်နောင်အကြည့်က ငြိမ်သက်ပြီး မီးလက်နေသည်။

မြစိမ့်ခေါင် သူမ၏ငွေဓားမြှောင်ကို ဆတ်ကနဲ ဆွဲမြှောက်လိုက်သည်။ သူမ၏မျက်နှာက သွေးဆာနေသည့်မကောင်းဆိုးဝါး နတ်မိစ္ဆာမတစ်ဦးလို၊ ကြောက်လန့်စရာကောင်းနေသည်။

"You are an insurgence. I'll kill you"

(နင်ဟာ သူပုန်တစ်ယောက်၊ နင့်ကိုငါသတ်မယ်။)

မြစိမ့်ခေါင်အသံက သွေးရူးသွေးတမ်း ဟိန်းထွက်သွား၏။ သူမ ဓားမြှောင်ကို မြှောက်ပြီး စောခွန်နောင်ဆီ အရူးမတစ်ဦးလို ပြေးဝင်သွားသည်။

စောခွန်နောင် တစ်ချက် အံကြိတ်မဲ့လိုက်ကာ မြစိမ့်ခေါင်လက်ကို ဖျတ်ကနဲ ဆွဲလိမ်ပြီး ရိုက်ပစ်ချလိုက်သည်။ မြစိမ့်ခေါင်လက်ထဲက ဓားမြှောင် လွင့်ထွက်သွားပြီး မြစိမ့်ခေါင် မြက်ခင်းပေါ်တစ်ပတ်လည်ကာ ပက်လက် လန်ကျသွားသည်။

စောခွန်နောင် မြစိမ့်ခေါင်ဆီ လှမ်းသွားပြီး သူ့ဖိနပ်ဦးနှင့် သူမ ရင်ညွန့်အထက် လည်မျိုရင်းကို ဖိထောက်ထားလိုက်သည်။

''ဟင် ... အမျိုးဖျက်၊ သစ္စာဖောက်မ ... တိုင်းတစ်ပါးသားကို အထင်ကြီး၊ မျက်နှာဖြူအင်္ဂလိပ်ကိုမှ လင်တော်ချင်ပြီး ကိုယ့်နိုင်ငံ ကိုယ့် လူမျိုးတွေကို အာဏာပြ ဂုဏ်မောက်နေတဲ့ မိန်းမ။ ချောင်းကိုပစ်ပြီး မြစ်ကို ရှာနေတဲ့ ... မန်ဒါလီမကများ အရှက်မရှိ စိန်ခေါ်ရဲသေးတယ် ... ထွီ ... ဒီမှာဟေ့ ... အင်္ဂလိပ်မယား၊ အပြစ်မရှိတဲ့ မြေဖာပင် နင့်သမီးကလေး နှစ်ယောက်နဲ့ နင့်ကိုတော့ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံသားမို့ ငါ ခွင့်လွှတ်လိုက် မယ်။ အေး ... ငါတို့ကတော့ ကိုယ့်နိုင်ငံကို ကျွန်လုပ်ပြီး မတရားသွေးစုပ် နေတဲ့ နယ်ချဲ့ကို လွတ်လပ်ရေးမရမချင်း သေတဲ့အထိ တိုက်ပွဲဝင်သွားမယ် ဆိုတာ ... မှတ်ထား။ ကဲ ... နင့်သမီးနှစ်ယောက်ကို နင်ခေါ်ပြီး သွားပေ go . . . away ... Bitch''





စောခွန်နောင် မြစိမ့်ခေါင်မျက်နှာကို စိန်းစိန်းစိုက်ကြည့်ပြီး သူ့ ခြေထောက်ကို ဖြည်းညှင်းစွာ သူမရင်ညွန့်ထက်မှ ပြန်ရုပ်လိုက်သည်။

မြစိမ့်ခေါင် မြက်ခင်းပေါ်မှ ထရပ်လိုက်သည်။ နာကြည်းရွံ့မုန်းစွာ နှင့်သူ့ကို မကျေမနပ် တစ်ချက် ရှုံ့မဲ့မဲ့ကြည့်သည်။

''အေး ... တစ်နေ့ မြစိမ့်ခေါင်အကြောင်း နင်တို့သိမယ်။ နင်တို့ သည့်ချောင်းသွေးကို ငါ ဖောက်ထုတ်ပြမယ် ... မှတ်ထား''

မြစိမ့်ခေါင် ရက်ရက်စက်စက်ကျိန်ပြီး ကားဆီ လှည့်ထွက်သွား တော့သည်။

တိုက်ပွဲလည်း အဆုံးသတ်ပြီ။

ပုလိပ်ငါးယောက်က မြင်းကိုယ်စီဖြင့် တောင်ဘက်ဆီသို့ လွတ် မြောက်ထွက်ပြေးသွားခဲ့ကြသည်။ ဒေါ့ဂျစ်ကားထဲမှ ပုလိပ်ဂေါ်ယာသုံးဦးက သေနတ်ချပြီး မြေပြင်မှာ ဒူးထောက်ထားလျက် လက်မြှောက်ထားကြ သည်။

မြစိမ့်ခေါင် အော်စတင်ကားပြာထဲ လှမ်းဝင်ထိုင်ချလိုက်ပြီး ကား စက်ကို နှိုးသည်။

စောခွန်နောင်က သူ့လူတွေကို အန္တရာယ်မပြုဖို့ လက်နှစ်ဖက်ကို မြှောက်ပြီး အချက်ပြလိုက်သည်။ အော်စတင်ကားပြာလေးကို မြစိမ့်ခေါင် က တောင်ကြားလေးထဲမှ ကျွမ်းကျင်စွာ မောင်းထွက်သွားလေသည်။

စောခွန်နောင်က ရာဇဝင်အုပ်၏ခါးတွင် ချိတ်ဆွဲထားသော သော့တွဲ ကိုဖြုတ်ယူလျက် ဒေါ့ဂျစ်ကားပေါ်မှ ဆင်းလာသည့် ရှမ်းအမျိုးသားသုံးဦး ၏ လက်ထိတ်များကို ဖြုတ်ပေးလိုက်သည်။

''ရော့ ... ဒီလက်ထိတ်သုံးခုကို ဟို ... ပုလိပ်သုံးကောင်ကို ပြန်ခတ်ပေးလိုက်''

စောခွန်နောင်၏ ရဲဘော်တစ်ဦးက စောခွန်နောင်ပြောသည့်အတိုင်း အကြိုးတန်းလန်းနှင့် လက်ထိတ်သုံးခုကို လှမ်းယူပြီး ဂေါ်ယာသုံးဦးကို လက်ထိတ်ခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောခွန်နောင်က ကားလမ်းပေါ်မှ ဟင်နရီ၏ ခေါင်းပြတ်ကြီးရှိရာသို့ လှမ်းသွားပြီး နယ်ပိုင်ဟင်နရီ၏ ခေါင်းကိုဆွဲယူ၍ မြှောက်လိုက်သည်။

''ကဲ . . . ရဲဘော်တို့၊ ဒီည တို့စခန်းမှာ ဟောဒီဟင်နရီရဲ့ခေါင်းကို ချိတ်ဆွဲပြီး တိုက်ပွဲအောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ စခန်းမီးပုံပွဲ ကျင်းပကြမယ်ဟေ့''

''ဝေး . . . ဝေး . . .''

ရဲဘော်တွေက လက်နက်တွေ လေထဲမြှောက်ပြီး ဝမ်းသာအားရ ပြန်ဟစ်ကြွေးကြသည်။ မြန်မာ့နယ်ချဲ့ တိုက်ပွဲအောင်ပွဲ၏ ရလဒ်တစ်ခုဖြစ်သည်။

''နယ်ချဲ့အာဏာရှင်စနစ် . . .''

စောခွန်နောင်က ဟင်နရီခေါင်းကို လေထဲမြှောက်ပြီး ဟစ်အော်လိုက်သည်။ ထိုအခါ သူ့ရဲဘော်တွေက ပြန်၍ သံပြိုင်အော်ကြ၏။

''ကျဆုံးရမည် . . ကျဆုံးရမည် . . .''

''ငါတို့ နိုင်ငံလွတ်လပ်ရေး . . .''

''အောင်ရမည် . . . အောင်ရမည် . . .''

ကြွေးကြော်သံအဆုံးတွင် သူတို့အားလုံး မြင်းတွေပေါ် လှမ်းတက်လိုက်ကြသည်။ ထို့နောက် စောခွန်နောင်တို့အဖွဲ့သည် တောအုပ်အတွင်းသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားကြတော့သည်။

(ထို `နမ်းယင်းခ'တောအုပ်တွေကြား၌၊ နယ်ပိုင်ဟင်နရီ၏ မြေပုံအုတ်ဂူလေးနှင့် ပုလိပ်အဖွဲ့ဝင်များ၏ အထိမ်းအမှတ် မြေပုံအုတ်ဂူလေးတွေ (၁၉၆၀) ခုနှစ်ထိ တည်ရှိနေခဲ့သည်ကို မိုးညှင်းမြို့မှ ကျောင်းဆရာတစ်ဦးက တောလိုက်သွားရင်း တွေ့ခဲ့ရသည်ဟု ဆိုပါသည်။)

နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မြန်မာ့ဆိုင်းဝိုင်းပစ္စည်းများကို မော်တော်ကားအပြည့် တင်ဆောင်လာသောကားမှာ သထုံမြို့တစ်နေရာ၏ တောင်ခြေသို့ ရောက်သောအခါမှ ရပ်တန့်သွားလေသည်။ တောင်ခြေတောအုပ်ကား သစ်ရိပ်ဝါးရိပ်ဖြင့် အေးချမ်းမှုကို ဖြစ်ပေါ်စေသည်။ ကျေးငှက်ကလေးများ၊ လိပ်ပြာကလေးများက မောပန်းမှု၊ စိတ်ကျဉ်းကျပ်မှုများကို ပြေပျောက်ကာ သာယာငြိမ်းချမ်းမှုနှင့် တွေ့ဆုံခွင့်ပေးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

တစ်လမ်းလုံး ဖုန်အလိမ်းလိမ်းနှင့် ကားဆောင့်သည့်ဒဏ်၊ လမ်းဆိုးဝါးသည့်ဒဏ်ကြောင့် ဆိုင်းအဖွဲ့သားများ ပင်ပန်းနေပေပြီ။ ဒါပေမဲ့ သူတို့ ပျော်ပျော်ပါးပါးပင် ခေတ္တနားပြီး တောင်ပေါ်သို့ ဆိုင်းသေတ္တာကြီးများကို တင်ကြသည်။

မြန်မာပြည်တစ်နံတစ်လျား နွေကျောင်းပိတ်ရက်များတွင် အလှူများ၊ ရဟန်းခံရှင်ပြုများ ပေါ်များလှသည်နှင့်အတူ ဆိုင်းသမားများလည်း





ငွေရွှင်နေသောကာလဟုဆိုက ဆိုနိုင်ပေသည်။ မည်သို့ဆိုစေ၊ ရှင်ပြုအလှူ အတန်းတစ်ခုအတွက် တောင်ပေါ်မှာ တီးမှုတ်ရခြင်းသည် ခံစားမှုအသစ်ဖြစ်ကြောင်း သူတို့ နားလည်ပေသည်။

တောင်ပေါ်တွင် လူသူရှုပ်ထွေးမှုမရှိခြင်း၊ သန့်ရှင်းသပ်ရပ်မှုရှိခြင်း၊ လေကောင်းလေသန့် ရခြင်းတို့ကြောင့် ဆိုင်းသမား၊ အလှူရှင်များ စိတ်ကြိုက်ဖြစ်သည်ဟု ဆိုက ဆိုနိုင်ပါသေးသည်။

တောင်ပေါ်တောရကျောင်းကလေးသည် ငြိမ်းချမ်းလှသည်။

ဆိုင်းအဖွဲ့သားများသည် ကျောင်းနေကိုရင်၊ ကပ္ပိယများနှင့် အတူတကွပစ္စည်းပစ္စယများကို တောင်ပေါ်သို့ တဖြည်းဖြည်း တင်နေကြသည်။ အေးအေးလူလူ လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ဆိုင်းဝိုင်းခေါင်းဆောင် အောင်မြင့်စိန်သည် အသက် (၆၀) အရွယ် ကပ္ပိယကြီးနှင့် စကားလက်ဆုံ ကျနေလေသည်။ သူတို့ဆိုင်းအဖွဲ့သည် ယခုအကြိမ်သာ သထုံမြို့တောင်ပေါ်တွင် ပထမဆုံးအကြိမ် တီးခတ်ရခြင်းဖြစ်သည်။ အလှူရှင်က ငွေကြေးပြည့်စုံသည်သာမက အေးအေးချမ်းချမ်းနေလိုသဖြင့် တောင်ပေါ်တွင် အလှူပြုလုပ်ခြင်းဖြစ်သည်။

ကပ္ပိယကြီးက တောင်ပေါ်တွင် နှစ်ညအိပ်ရင်း ဖျော်ဖြေကြမည့် သူတို့အဖွဲ့ကို လိုလေသေးမရှိအောင် ဧည့်ဝတ်ကျေပြွန်လှ၏။

တောင်ပေါ်ဒေသဆိုသော်လည်း ပေ ၂၀၀ ပတ်လည် အကျယ်ရှိသော မြေကွက်ကျယ်ထဲတွင် ဘုန်းတော်ကြီးကျောင်း၊ ဇရပ်နှစ်ဆောင်နှင့် စေတီယံတစ်ဆူရှိသဖြင့် ကမ္ဘာသစ်ကလေးတစ်ခုကို ရောက်ရှိနေရသကဲ့သို့ အေးချမ်းလှပေသည်။ ဟိုဝေးဝေးတွင် တောင်စဉ်တောင်တန်းတွေကို မှုန်ပြာပြာရစ်ခြုံသိုင်းလျက် မှိုင်းမှိုင်းဝေဝေ တွေ့နေရသည်။ ထုံးဖြူဖြူ စေတီလေးများကား နေရာအနှံ့၊ ကြည်ညိုဖွယ်ရာ အဆင်းနှင့်။

ငြိမ်းချမ်းသာယာသော သာသနာ့နယ်မြေတကား ...

ကပ္ပိယကြီးသည် ဆိုင်းဆရာအောင်မြင့်စိန်ကို ဘုန်းကြီးကျောင်း၏ အရှေ့ဖက်တောင်ကမ်းပါးယံဆီသို့ လမ်းလျှောက်ရင်း ခေါ်သွားသည်။ ဟိုဝေးဝေးတွင် ညိုမှောင်ပြာရီစွာ မြင်နေရသည့် တောင်တစ်လုံးကိုလက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြသည်။ လေတဝေါဝေါ တိုက်ခတ်နေသော တောင်ပေါ်စေတီများနှင့် ရှုခင်းများသည် လွမ်းဆွတ်ဖွယ်ရာအတိပင်။

"အဲဒီမြင်နေရတဲ့တောင်က သထုံနေမိန္ဒရတောင်ဆိုတာပဲကွယ့်"

အောင်မြင့်စိန်သည် မှိုင်းပျပျမြင်နေရသည့် နေမိန္ဒရတောင်ကို လှမ်းမျှော်ကြည့်နေလေသည်။ တောင်ပေါ်တွင် စေတီငယ်များ၊ ကျောင်းဇရပ်များကို လှမ်းမြင်နေရသည်။

"နေမိန္ဒရတောင်ပတ်ပတ်လည်မှာ ဘုရားစေတီပုထိုးတွေချည်းပဲကွ သထုံကိုစိုးစံခဲ့တဲ့ မနူဟာဘုရင်တည်တော်မူခဲ့တဲ့ ဘုရားတွေချည်းပဲ များတယ်"

"ဪ . . . ဦးလေး . . . မနူဟာဆိုတာ"

"အနော်ရထာဘုရင်နဲ့ စစ်ဖြစ်ပြီး စစ်ရှုံးသွားတဲ့ဘုရင်ပေါ့"

ကပ္ပိယကြီးက သထုံ၏ ပဟုသုတဖြစ်ဖွယ်တို့ကို ရှင်းလင်းပြောပြနေစဉ် ဆရာတော်ဘုရားက အောင်မြင့်စိန်ကို အခေါ်လွှတ်သဖြင့် စကားပြတ်သွားသည်။ သူတို့နှစ်ယောက် ရပ်တန့်စကားပြောနေသော နေရာမှ ကိုက်အနည်းငယ်ခန့်တွင် ရွှေစေတီကလေးတစ်ဆူကို အောင်မြင့်စိန် သတိထားဖူးတွေ့လိုက်မိသည်။ စေတီငယ်ကလေးသည် သုံးတောင်ခန့်သာ ဉာဏ်တော်မြင့်သည်။ စေတီသေးသေးကလေးသာဖြစ်သည်။ သူ တစ်ခုခုမေးမြန်းမည့်ကြံစည်နေကာမှ စကားစကပြတ်သွားရခြင်း ဖြစ်ပေသည်။ စေတီကလေးပုံစံက ထူးခြားနေသောကြောင့်တည်း။

သူကပ္ပိယကြီးနောက်မှ တိတ်ဆိတ်စွာလိုက်ပါလာရသည်။ မနက်ဖြန်ဆို ရှင်ပြုမင်္ဂလာအခါတော် ကျင်းပတော့မည်။ ဆရာတော်က စီစဉ်စရာကိစ္စများကို ညွှန်ကြားရန် အခေါ်လွှတ်လိုက်ခြင်းသာ ဖြစ်လေသည်။

✿ ✿ ✿

## | ၂ |

❑

တောင်ပေါ်ကျောင်းကလေး၏ ရှင်ပြုမင်္ဂလာပွဲကား လူမနည်းများ၊ သိုက်သိုက်ဝန်းဝန်း၊ အေးအေးချမ်းချမ်းနှင့် ပြီးစီးသွားခဲ့သည်။ ကိုရင်သုံးပါးသည် တောင်ပေါ်ကျောင်းတွင် (၁၀) ရက်ခန့် သီတင်းသုံးကြမည်ဖြစ်ပြီး အလှူရှင်များကတော့ ရေစက်ချပြီး ညနေတွင် အုပ်စုလိုက် တောင်အောက်သို့ ဆင်းသွားကြသည်။

ဆိုင်းအဖွဲ့ကတော့ ဒီညတစ်ည အနားရဦးမည်။ အဘယ်ကြောင့်ဆိုသော် နောက်အလှူမှာ နက်ဖြန်ညနေ (၅) နာရီတွင် ဘီးလင်း၌ ရှိသဖြင့် တောင်ပေါ်မှာ တစ်ညအိပ်ရမည်။ နောက်တစ်နေ့ မနက်(၁၀) နာရီခန့်တွင် ဘီးလင်းသို့ ဆက်ရမည်ဖြစ်၍ အနားယူဖို့ အချိန်ရနေသည်။

ဆိုင်းအဖွဲ့သည် ရက်ဆက်တီးခတ်နေရသဖြင့် ပင်ပန်းသည်ကတစ်ကြောင်း၊ နောက်တစ်နေ့မှ ခွင်ကူးရမည်ဖြစ်သောကြောင့်တစ်ကြောင်း လျှောက်လည်သွားကြကာ၊ တချို့ အတီးအမှုတ်ပညာရှင်များတောင်အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားကြလေပြီ။ အောင်မြင့်စိန်နှင့် နှစ်ဦးသုံးဦးသာ တောင်ပေါ်တွင် ပစ္စည်းစောင့်ရင်း ကျန်ရစ်ခဲ့ကြသည်။ ဆိုင်းနောက်ထနှင့် အဆိုသမားများကတော့ ဘီးလင်းမှစောင့်မည်ဟုပြောပြီး ပြန်သွားကြသည်။

သူတို့သည် ဆိုင်းပစ္စည်းများကို ရုတ်တရက် မသိမ်းဆည်းသေးဘဲ တာလပတ်စကြီးများဖြင့် ဖုံးအုပ်ထားသည်။

အောင်မြင့်စိန်သည် ကပ္ပိယကြီးရှိရာ ဆွမ်းချက်ဆောင်ဖက်သို့ လျှောက်လာသည်။ အဆင်သင့်ပင် ဆွမ်းချက်ဆောင်မှာ ထင်းခွဲနေသော ကပ္ပိယကြီးကို တွေ့ရသည်။

''လာ . . . ဆိုင်းဆရာရေ . . . ရေနွေးကြမ်းနဲ့ ကတွတ်ယို၊ လက်ဘက်စား ဦးဘ . . . ဆိုင်းဆရာက လက်သံတယ်ပြောင်တာကိုး။ ဒါကြောင့် သထုံ ဘီးလင်းတစ်ဝိုက်မှာ နာမည်ကြီးပေတာကိုး''

အောင်မြင့်စိန်က ကျေနပ်စွာ ပြုံးလိုက်ပါသည်။ လူ့သဘာဝအရ ချီးကျူးလျှင် ကျေနပ်ဂုဏ်ယူတတ်ကြစမြဲ မဟုတ်လား''

''ဒီလောက်လည်း မဟုတ်ပါဘူး . . . ဦးလေးရာ''

''ဦးလေး . . . ဆိုင်းဆရာကို တကယ်ချီးမွမ်းတာပါ။ လက်သံကောင်းသလို အဆိုတွေကလည်းတော်၊ ခေတ်ပေါ်တေး၊ ဂန္တဝင်တေး၊ ဇာတ်တေး၊ ဘက်စုံပဲကွာ၊ အလှူရှင်တွေဆိုရင် သဘောတော်တော်ကျနေကြတာကလား။ ပရိသတ်တွေဆို၊ ဆုငွေတွေတောင်ချတာ မနည်းပါလား''

အောင်မြင့်စိန်သည် ခေါင်းတစ်ချက်ညိတ်ကာ ထင်းခွဲနေသောကပ္ပိယကြီးနံဘေးမှာ အေးအေးလူလူ ဝင်ထိုင်လိုက်လေသည်။ ထို့နောက် . . .

''အော် . . . ဦးလေးကို ကျွန်တော် တစ်ခုမေးချင်လို့ပါ''

''တစ်ခုမဟုတ်ဘူး၊ နှစ်ခု၊ သုံးခုမေးမှ ဖြေမယ်''

အောင်မြင့်စိန်သည် လက်ဖက်တစ်ဖွန်းကို ခပ်၍စားလိုက်ပြီး . . .

''ဒီလိုလေ . . . ဦးလေး။ မနေ့ညနေက ဦးလေးနဲ့ ကျွန်တော် တောင်ကမ်းပါးယံအစပ်မှာ ရွှေစေတီသေးသေးလေးတစ်ဆူ တွေ့ခဲ့တယ် မဟုတ်လား။ အဲဒီစေတီကလေးရဲ့ တည်ဆောက်ပုံက တခြားစေတီတွေ





တည်ဆောက်ပုံနဲ့ လုံးဝမတူဘဲ ခြားနားနေတာ ကျွန်တော် သတိထားမိတယ်လေ။ အဲဒါလေး ဦးလေးသိသလောက် ရှင်းပြပါလား ခင်ဗျား''

ကပ္ပိယကြီးသည် ထင်းခွဲလက်စလက်မှ ကိုင်ထားသော ဓားမကြီးကို ပစ်ချလိုက်လေသည်။ သူ့ဆတ်ခနဲ တုန်ယင်ကာ ဓားမကို ပစ်ချလိုက်တာ ဖြစ်နိုင်ပါသည်။ သူ့မျက်ဝန်းသည် ချက်ချင်းမှုန်ရီကာ ခပ်နွမ်းနွမ်း အပြုံးတစ်ခုကို တွန့်ဆုတ်စွာ ပြုံးလိုက်သည်ဟု အောင်မြင့်စိန် ခံစားမိပါသည်။

ကပ္ပိယကြီး၏ မျက်ဝန်းများက ဟိုဝေးဝေး တွန့်ခေါက်၍ အချိုးအစားမညီညာစွာ နိမ့်ဆင်းသွားသော တောင်တန်းတွေဆီသို့ ငေးစိုက်ကြည့်နေသော်လည်း အတွေးများကတော့ မီးခိုးတဆုံး လွင့်မျောနေဟန်ရှိသည်။ ဖြူဖြူဖွေးဖွေး ထိုးထိုးထောင်ထောင် ဆံပင်ဖြူများက အတိတ်ကအခြင်းအရာတစ်ခုကို နွမ်းရိစွာ ပြောပြနေချင်သယောင်။

ကပ္ပိယကြီးဆီမှာ အောင်မြင့်စိန်မသိနိုင်သော အဖြစ်အပျက်တစ်ခု ရှိမည်။ လူဆိုတာ မသိစေချင်သောအရာကိုမှ ပို၍ သိချင်မြင်ချင်တတ်သည့် သတ္တဝါမဟုတ်လား။

''ပြောပြဖို့ ဝန်မလေးပါဘူးကွယ်။ စေတီနဲ့ပတ်သက်ပြီး ဟိုအတိတ်က ဇာတ်လမ်းရှိခဲ့ဖူးတယ်။ စေတီကလေးက ခေတ်အဆက်ဆက်ပြုပြင်တည်ဆောက် မွမ်းမံလာခဲ့တယ်ဆိုရင် မမှားဘူး။ ပြုပြင်ဖို့ အလှူရှင်တွေ ခေတ်အဆက်ဆက်ပေါ်ခဲ့တာ မဆန်းဘူးလား။ စေတီကလေးရဲ့ သမိုင်းကြောင်းကို သိလိုက်တဲ့ လူတိုင်းဟာ ကရုဏာသက်စွာနဲ့ ပြုပြင်ချင်စိတ်၊ မွမ်းမံချင်စိတ် ဖြစ်ပေါ်လာတယ်ဆိုတာ ထူးခြားမှုပဲကွယ့်၊ ကြည့်လေ . . . ရွှေအစစ်ချထားတာ မထူးခြားဘဲနေမလား''

''တစ်ယောက်ယောက်နဲ့ ပတ်သက်နေမယ်ထင်တယ်''

''သေချာတာပေါ့ကွယ်။ သထုံမြို့တစ်ဝိုက်မှာ မြန်မာ့ယဉ်ကျေးမှုအမိုင်ဦးနဲ့ ပတ်သက်လို့ အမွေအနှစ်အဖြစ် စေတီတော်တွေ များမှများပဲ အေး . . . အဲဒီစေတီတွေအနက်က ဒီရွှေချထားတဲ့ စေတီကလေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ လွမ်းစေတီလို့ပြောရင် မမှားပါဘူး။ အမှတ်တရစေတီလို့ဆိုပါတော့ ဆိုင်ဆရာရေ၊ မနူဟာဘုရင်ဟာ ထေရဝါဒ စစ်စစ်ကို မြန်မာပြည်ထဲကို ရောက်အောင် ဦးစွာ ဆောင်ရွက်ခဲ့တဲ့ဘုရင်ပါ။ ဒါပေမဲ့ . . .''

ကပ္ပိယကြီးသည် စကားကို ဆက်မပြောတော့ဘဲ ရပ်တန့်လိုက်လေသည်။ သူ၏မျက်ဝန်းညိုညိုများသည် ရုတ်ခြည်း သေးကြုံ့သွားကာ ခံစားမှုတစ်ခုဖြင့် ထိန်းချုပ်ငြိမ်သက်သွားသည်။

''ဒါပေမဲ့ ဘာဖြစ်လဲ . . . ပြောပြပါဦး . . . ဦးလေး''

''အင်း . . . ပြောပါ့မယ်ကွယ်၊ ငါတို့မြင်ခဲ့ရတဲ့ စေတီကလေးက မနူဟာ ဘုရင်လက်ထက်မှာ အမှုထမ်းခဲ့တဲ့ တပ်မှူး မင်းကညာနဲ့ဇနီးမိကွန်ထောတို့ကို အမှတ်တရ တည်တော်မူခဲ့တဲ့ စေတီဆိုတာပါပဲ။ လွမ်းစေတီလို့ပဲ ဆိုပါတော့ကွယ်''

အောင်မြင့်စိန်သည် အလောတကြီးဟန်ဖြင့် . . .

''မင်းကညာနဲ့ မိကွန်ထော''

''ဟုတ်တယ် . . . မိကွန်ထောဟာ မနူဟာဘုရင်မင်းမြတ်ရဲ့ တူတော်ဖြစ်ပြီး ရုပ်ရည်အင်မတန်လှပတယ်။ ပြီးတော့ သတ္တိရှိတဲ့ မိန်းကလေးလည်း ဖြစ်တယ်။ မနူဟာဘုရင်က သူ့တပ်တော်မှာ သစ္စာစောင့် သိရှိသေတဲ့ တပ်မှူးမင်းကညာနဲ့ မိကွန်ထောကို လက်ထပ်ထိမ်းမြားပေးခဲ့တယ်လေ။ မမျှော်လင့်ဘဲ အနော်ရထာတပ်နဲ့ သုဝဏ္ဏဘူမိစစ်ဖြစ်ကြတော့ မင်းကညာဟာ သစ္စာရှိစွာနဲ့ပဲ ရှေ့ဆုံးက တပ်ထွက်တော်မူခဲ့တယ်။ ဒါပေမဲ့ အဲဒီပထမဆုံးတိုက်ပွဲမှာဘဲ ကျဆုံးပြီး မနူဟာ ဘုရင်ကိုယ်တိုင် အနော်ရထာရဲ့ အဖမ်းအဆီးကို ခံလိုက်ရတာပဲဆိုပါတော့ . . . ဆိုင်းဆရာရေ၊ အဲဒီမှာ ဇာတ်လမ်းက စတာပါပဲကွာ''

''ကြေကွဲစရာပဲနော်''

''ဩော် . . . သင်္ခါရတရား၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတွေကြောင့်ပေါ့ကွယ်။ ငါတို့ကို ပြောရဦးမယ်။ ငါတို့က ဆိုင်းဆရာဆိုတော့ ဒီကိစ္စက ဆိုင်းကိစ္စ၊ တီးဝိုင်းကိစ္စနဲ့ ဆက်စပ်မှုရှိနေတယ် ပြောရမယ်''





''ဗျာ . . . ဘယ်လို . . . ဆိုင်းကိစ္စနဲ့ ပတ်သက်နေတယ်ဟုတ်လား''

ကပ္ပိယကြီး၏ မျက်ဝန်းများသည် ရုတ်ခြည်း အရောင်လက်တောက်ပလာကာစွန်ရဲတစ်ကောင်၏ မျက်လုံးများလို ဂနာမငြိမ်ဖြစ်သွားသည်ကို သတိပြုမိလိုက်သည်။

ပြင်ပတွင် လေထုသည် ရုတ်တရက် ငြိမ်ကျသွား၍ အသက်မဲ့သကဲ့သို့ ဖြစ်သွား၏။ စောစောကပင် တောင်ခါးပန်းကို လေတိုးသံ တဟဲဟဲ မြည်နေသေးသည်။

''ဆိုင်းဆရာ . . . ဒီတောင်ပေါ်မှာ ရဲစိတ်ရဲမာန်တေး တီးလို့ မရဘူးကွယ့်''

''ဗျာ . . .''

အောင်မြင့်စိန် အံ့သြသွားသည်။ အသက်ရှူရပ်သွားသကဲ့သို့ သူ့ခန္ဓာကိုယ်သည် ခပ်တောင့်တောင့် ဖြစ်သွားရသည်။ ဒီတောင်ပေါ်မှာ ရဲစိတ်ရဲမာန်တေးသွားတီးလို့မရဘူးဟူသော စကားက မှုန်ဝါးဝါး အသိတစ်ခုကို ဖော်လာစေသည်။

''ဟုတ်တယ် . . . ဒီတောင်ပေါ်မှာ မင်္ဂလာတေး၊ ပြောစည်သံ၊ ကြိုက်တာတီးမှုတ် ကခုန်လို့ရတယ်ကွယ့်။ ရဲစိတ်ရဲမာန် သီချင်းကလွဲလို့ပေါ့''

''ဘာ . . . ဘာဖြစ်လို့လဲ ဦးလေးရာ''

ရဲစိတ်ရဲမာန် သီချင်းသီဆိုတီးမှုတ်ရင် တစ်ခုခု ထူးခြားမှုတွေ့ရတတ်တယ်''

အောင်မြင့်စိန် ရင်ထဲမှာ ကွက်လပ်ကြီးတစ်ခုလို ဖြစ်သွားမိသည်။ ခေါင်းထဲမှာ ဆန်းကြယ်နေသည်။

''အံ့သြစရာပဲ''

''ဟုတ်တယ် . . . ထူးဆန်းတယ်။ လောကမှာ လူတွေမသိတာတွေ အများကြီး''



www.burmeseclassic.com

www.burmeseclassic.com



''တကယ်လို့ ရဲစိတ်ရဲမာန် သီချင်းတီးမှုတ်ရင် တစ်ခုခုဖြစ်တတ်သလား။ ဥပမာ . . အကျိုးမဲ့စေတာတို့၊ လူကို ထိခိုက်စေတတ်တာတို့ တစ်ခုခုပေါ့''

ကပ္ပိယကြီးသည် သေချာစွာစဉ်းစားပြီးမှ ဦးခေါင်းကို ညင်သာစွာ ယမ်းခါလိုက်လေသည်။ ရင်ထဲမှာ ထိန်းချုပ်မှုတစ်ခုရှိသော်လည်း ပြောပြချင်ပုံရသည်။

''မယုံကြည်လို့ တစ်ကြိမ်တစ်ခါ စမ်းသပ်တာတော့ ကိစ္စမရှိဘူးပေါ့ကွယ်။ ဟိုတုန်းကတော့ ဦးလေးပြောပြတာကို မယုံကြည်လို့ တောင်ပေါ်ထိလိုက်လာပြီး စမ်းသပ်ကြတဲ့ လူတွေနှစ်ဦးသုံးဦး ရှိခဲ့ဖူးတယ်လေ။ လူငယ်တွေဆိုတော့ လက်တွေ့ကျကျ ယုံချင်ကြတယ်မှတ်လား။ အဲ . . . ထူးခြားမှုတွေ့လိုက်ရတော့ သူတို့လည်း အံ့သြယုံကြည်သွားကြလေရဲ့''

''ဩော် . . .''

''ဆန်းကြယ်တယ်နော် . . . ဖတ်ဆရာ''

အောင်မြင့်စိန် ခေါင်းညိတ်ပြလိုက်ပါသည်။

''ကျွန်တော်လည်း စမ်းသပ်ကြည့်ချင်တယ်၊ ဖြစ်မလား''

ကပ္ပိယကြီး ပြုံးလိုက်သည်။

''ရပါတယ်ကွယ်၊ ခု မလုပ်နဲ့ဦး။ ညဘက်လူခြေတိတ်မှ ပိုပြီး သိသာတယ်''

''ဘယ်လို ထူးဆန်းမှုတွေလဲဆိုတာ ကြိုပြီးပြောပြပါလား . . . ဦးလေး''

''ဆိုင်းတီးကြည့်မှ သိမှာပေါ့ကွယ်၊ ညကျမှ''

ကပ္ပိယကြီးပြောတာ မှန်ပေသည်။ ခုချက်ချင်း စမ်းသပ်ကြည့်မည်ဆိုလျှင်တောင်မှ ဆိုင်းဝိုင်းမှာ လူမစုံပေ။ အတီးသမားအချို့တောင်အောက်သို့ ဆင်းသွားကြပြီဖြစ်သည်။ ညနေမှ ပြန်လာကြမည်။

အောင်မြင့်စိန်သည် ပေါ့ပါးလတ်ဆတ်စွာ ပြုံးလိုက်ပါသည်။

✿ ✿ ✿

[၃]

❑

ညကား တိတ်ဆိတ်ကာ အမှောင်ဖက်ဆီသို့ တရွေ့ရွေ့ချဉ်းကပ်လာလေပြီ။ ရှုလေရာ တောင်တန်းပတ်ပတ်လည်တွင် မီးရောင်ကလေးတွေကို ဟိုတစ်ပွင့်သည်တစ်ပွင့် မြင်နေရပြီဖြစ်သည်။ အဆစ်အပိုင်းနိမ့်မြင့်ညီညာသော တောင်စွယ်တောင်ကုန်းများသည် လရောင်မှုန်မှုန်အောက်ဆီတွင် ငြိမ်သက်လဲလျောင်းနေကြသည်။

အောင်မြင့်စိန်နှင့်တကွ ဆိုင်းသမားအချို့သည် ဘယ်လိုဖြစ်လာမည်နည်းလဲဟူသော အသိတစ်ခုဖြင့် မျှော်လင့်ကြီးစွာ စောင့်မျှော်နေကြသည်။ ကပ္ပိယကြီးကို ဘယ်လိုမှ မေးမြန်း၍မရပေ။ အချိန်တန်ရင် သိမှာပေါ့ကွာဟု ဖြေသည်။ အားလုံး တစ်ခုခုဖြစ်လာမည်ကိုသာ မှန်းဆနေကြခြင်းဖြစ်သည်၊ သို့နှင့် ပဟေဠိသည် တဖြည်းဖြည်း ကြီးထွားလာသည်။

အောင်မြင့်စိန်သည် လက်မှနာရီကို ကြည့်လိုက်သည်။

ည (၉)နာရီတိတိ။



www.burmeseclassic.com

www.burmeseclassic.com



အလှူရက်ပြီးသွားပြီဖြစ်ရာ ဘုရားမီးများမှအပ မှောင်မိုက်လျက်ရှိရာ တောင်ထိပ်ဘုန်းတော်ကြီးကျောင်းသည် တိတ်ဆိတ်မှုတစ်ခုဖြင့် ကြောက်စရာကောင်းလှသည်။ ဆိုင်းဝိုင်းနေရာတစ်ခုသာ ကပ္ပိယကြီးက အောက်လင်းဓာတ်မီးကြီးတစ်လုံးကို ထွန်းညှိပေးထားလေသည်။

ဆိုင်းဝိုင်းထဲတွင် အောင်မြင့်စိန်အပါအဝင် အတီးသမားငါးဦးသာရှိပါသည်။ ကပ္ပိယကြီးကတော့ ဆိုင်းဝိုင်းအနီး ဖျာပေါ်တွင် အခြေအနေကိုထိန်းသိမ်းရန် စောင့်ဆိုင်းနေလေသည်။

ညကား သိပ်သည်းနက်ရှိုင်းသော အဓိပ္ပာယ်တစ်မျိုးဖြင့် လင်းပြာထောက်နေသည်။ ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ် တိတ်ဆိတ်လျက် အမှောင်အောက်တွင် နစ်မြုပ်နေသည်။ အောင်မြင့်စိန်သည် မနက်ကတည်းကပင် ကြိုတင်စီစဉ်ထားသည့်အတိုင်း မြူးကြွကြွ တေးတစ်ပုဒ်ကိုတီးခတ်ရန် ဆုံးဖြတ်ရွေးချယ်ထားပြီးဖြစ်သည်။ သူအကြိုက်ဆုံး ရဲစိတ်ရဲမာန်သီချင်းတစ်ပုဒ်ဖြစ်သည်။

'ဇာတိမာန်' သီချင်းကို တီးခတ်မည်ဖြစ်ပြီး အားလုံး ညှိနှိုင်းထားလေသည်။

သူသည် အတီးသမားများကို မျက်ရိပ်ပြလိုက်ပြီး ပတ်ဝိုင်းထဲသို့ဝင်ထိုင်လိုက်လေသည်။ ထို့နောက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ဓာအနည်းငယ်ဆီသာ မီးအလင်းရောင်ရောက်နေပြီး အဝေးမှာတော့ အမှောင်ထုသာ ဖိပိုးလေးလံစွာ နစ်မြုပ်နေသည်။ လေကတော့ ခပ်ပြေပြေသာတိုက်နေသည်။

ထို့နောက် အောင်မြင့်စိန်သည် 'ဇာတိမာန်' သီချင်းကို ရင်ထဲသို့နစ်သွင်းလိုက်ပြီး ဗုံတိုကလေးများကို စတင်တီးခတ်လိုက်လေသည်။

''ဒါတို့တိုင်းတို့ပြည် တို့မြန်မာတွေ''

တစ်ဆက်တည်းမှာပင် ကြေးနောင်ဆရာနှင့် ပတ်မတီးဆရာတို့စည်းချက်ကို စတင်ခင်းလေသည်။ တေးသံက မြိုင်ဆိုင်စွာ စတင်ပေါ်ထွက်လာလေပြီလော။





''မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ၊ ကျုပ်တို့ရဲ့ ရွှေထီးရွှေနန်း တင့်ဆန်းပေ''

ဆိတ်ငြိမ်မှုဖြင့် သွေးအေးနေသော ခန္ဓာကိုယ်ထဲမှ နှလုံးသွေးတွေ တင်နိုးကြားလာကြသည်။

''အာဇာနည်ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်''

နှလုံးသွေးတက်ကြွဖွယ် တေးသံက မြိုင်ဆိုင်လှပေသည်။ ပတ်ဝိုင်း၊ ကြေးနောင်၊ ပတ်မ၊ နှဲတို့အသံက မြိုင်ဆိုင်စွာ ဟိန်းဟိန်းဆူဆူ ရှိလှသည်။

ကပ္ပိယကြီးသည် တေးသွားအလိုက်ကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်နှင့် ရှိသည်။ သူ့မျက်ဝန်းများသည် ထူးခြားစွာ တောက်ပနေသည်။ ဇာတိမာန်တက်ကြွဖွယ်သီချင်းတစ်ပုဒ်၏ စွမ်းပကားကား ကြီးမားလှပေသည်တကား။ ကပ္ပိယကြီးသည် သူ၏ပေါင်ကို လက်ဝါးဖြင့်ပုတ်ကာ နားထောင်ရင်းအပြင်ဖက် အမှောင်ထုဆီသို့ အဓိပ္ပာယ်ပါပါ မျက်ဝန်းများဖြင့် စေ့စိုက်ကြည့်နေသည်။

ဆိုင်းဝိုင်းကား ဇာတိမာန်သီချင်းကို မြိုင်ဆိုင်တက်ကြွစွာ ဆက်တိုက်တီးခတ်နေရာ လေထဲတွင် လွင့်ပျံ့နေသည်။

''ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင်၊ တို့အမွေ၊ တို့မြေ၊ တို့မြေ''

သွေးအေးသူပင် တစ်ကိုယ်လုံးရှိ သွေးများ ဆူပွက်ထကာ စိတ်ဓာတ်တက်ကြွစေသော သီချင်းပေပင်။

နားထောင်သူအဖို့ ရှေးခေတ်မြန်မာ့သူရဲကောင်း စစ်သည်တော်တို့၏ မိမိအသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်နေသည့်ဟန် ထင်မြင်ယောင်လာစေသည်။ တိုက်ပွဲတွင် ဓားလှံတဖွေးဖွေး၊ မြားမိုး ရွာနေသည် ရင်ကိုမြေကတုတ်ပမာ၊ တိုက်ပွဲ၏ ကြောက်မက်ဖွယ်အသံ၊ အသွင်အပြောင်းတို့ကို ချက်ချင်း မြင်ယောင်လာစေသည်။

ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့၏ တိုက်ခိုက်မှုကြားမှ ကျဆုံးသွားသည့် စစ်သည်များ၊ ဒဏ်ရာရနေသည့် စစ်သည်များ၊ ငါးတပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မိမိတည်ငြိမ်မှုရှိအောင် ကွပ်ကဲနေကြသော တပ်မှူးများ၏ အသံများကိုပင် ကြားယောင်မြင်ယောင်လာစေသည်။

အောင်မြင့်စိန်သည် ဇာတိမာန်သီချင်း ပထမအကျော့ ပြီးသွားသဖြင့် နောက်အကျော့ စတင်ရန် အပျိုးကို ပြန်စလိုက်ပါသည်။ သူသည် ကပ္ပိယကြီးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်လေသည်။

'ဘယ်လိုလဲ ... ကပ္ပိယကြီးဦးလေးကြီး၊ ဘာမှလည်း မထူးခြားပါဘူး'ဟူသော အကြည့်မျိုးဖြစ်သည်ဟု ဆိုနိုင်သည်။ သို့သော် ကပ္ပိယကြီးကသော့ သီချင်းကို ပြီးဆုံးသည်အထိ ဆက်တီးပါဟု လက်ပြလိုက်သည်။

အောင်မြင့်စိန်နှင့်အဖွဲ့သည် ဒုတိယအကျော့ကို ဆက်လက်တီးမှုတ်ရန် အပျိုးလိုက်ပြန်၏။

အပြင်တွင်ကား လေထုသည် တိတ်ဆိတ်အေးစက်လျက်ရှိလေသည်။ ည အမှောင်ထုကား နက်ရှိုင်းသောအဝိပ္ပာယ်တစ်မျိုးကို ဖော်ညွှန်းကာ ဆက်လက်ရွေ့လျားနေပေသည်။

''မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ''

''ကျုပ်တို့ရဲ့ ရွှေထီး ရွှေနန်း တင့်ဆန်းပေ''

ဒုတိယပုဒ်ကို စတင်တီးခတ်ပေပြီ။

''အာဇာနည်ဗုဒ္ဓဘာသာအမျိုးသားတိုင်းပြည်''

တေးသံကား လေထုထဲသို့ ဟိန်းထွက်သွားသည်။

အကင်းပါးလှသော အောင်မြင့်စိန်၏ အကြားအာရုံထဲသို့ အသံတစ်သံက စိုက်ဝင်သွားခဲ့သည်။ သတိနှင့် ခန္ဓာကိုယ်တွဲမိသွားကာ ဆတ်ခနဲ တွန့်သွားသည်။ အသံသည် သစ်ရွက်တွေကို လေတိုးသံမဟုတ်။ အဆောက်အဦတွေမှလာသော ပွတ်တိုက်မှု အသံမဟုတ်။

အသံသည် သူတို့အတီးသမား ငါးဦးစလုံးကြားနေရသည့် အသံပေတကား။ တီးခတ်နေရင်း တစ်ယောက်ကိုတစ်ယောက် သတိပေးသော မျက်ဝန်းများဖြင့် အချက်ပေးလှမ်းကြည့်ကြပြီး ဆက်တီးရန် အားစိုက်လိုက်ကြပေသည်။





အသံသည် ယောကျ်ားတစ်ယောက်၏ အသံမဟုတ်ပေ။

မိန်းမတစ်ယောက်၏ ငိုရှိုက်သံ ...

တိတိကျကျ ပြောရလျှင် မိန်းမတစ်ယောက်၏ ဝမ်းနည်းဟက်လက် ငိုရှိုက်သံပင်ဖြစ်လေသည်။ အောင်မြင့်စိန်၏ ရင်သည် စည်းဝါးမကိုက်သော ဗုံတစ်လုံး၏ အသံလိုဖြစ်လာပြီး ချက်ချင်း ရေတော်သလို ခံစားလိုက်ရလေ၏။ သူသည် ငိုရှိုက်သံကြားရာဆီသို့ လိုက်လံကြည့်ရှုရှာဖွေသော်လည်း မည်သည့်လူပုဂ္ဂိုလ်ကိုမှ မတွေ့ရချေ။ အဆိုပါ ငိုရှိုက်သံသည် တိုဝေးဝေး တောင်ကုန်းတောင်စွယ်တွေပေါ်မှ လေစီးကြောင်းနှင့်အတူ မျောလာပြီး သူတို့ဆီသို့ ပီပီပြင်ပြင် ရောက်လာခြင်းဖြစ်သည်။

အောင်မြင့်စိန်သည် ဝိုင်းထဲမှ သူ့လူများကို မျက်လုံးဖြင့် လှမ်း၍ အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် ကပ္ပိယကြီးဆီသို့ ...

သူတို့အားလုံးသည် သူတို့အနားမှာ ကပ်၍ရှိုက်ကြီးတငင် ငိုနေသော မိန်းမတစ်ယောက်၏ ငိုရှိုက်သံကို နားနှင့် ဆတ်ဆတ်ကြားနေရပေပြီ။ သို့သော် ခန္ဓာကိုယ်ကို မမြင်ရ။ သူတို့အားလုံး၏ ခန္ဓာကိုယ်များကား လှုပ်လှုပ်ရှားရှား ဖြစ်နေကြသော်လည်း အတီးအမှုတ်မပျက်ကြပေ။ အံ့ဩသောအမူအရာ ကိုယ်စီဖြစ်နေကြပြီ။

အောင်မြင့်စိန်သည် သီချင်းဆုံးသည်နှင့် တီးခတ်မှုကို ရပ်တန့်လိုက်သည်။ ထိုအခါ ငိုရှိုက်သံသည် ကျယ်လောင်ရာမှ တဖြည်းဖြည်း တိုးတိမ်သွားသည်။ ထို့နောက် အသံသည် ဝေး၍ဝေး၍သွားသလို ခပ်သဲ့သဲ့သာကြားရပြီး ညင်သာစွာ တိုက်ခတ်လိုက်သော လေစီးကြောင်းထဲသို့ မျောပါပျောက်ကွယ်သွားလေသည်။

ဆိုင်းဝိုင်းထဲမှ အတီးသမားများသည် သီချင်းဆုံးသည်နှင့် ကပ္ပိယကြီးဆီသို့ အလျင်အမြန် ထလာကြသည်။

''ကဲ ... ငါတို့တွေ ကြားပြီမဟုတ်လားကွယ့်။ အဲဒါ အမျိုးသမီးတစ်ဦးရဲ့ ငိုရှိုက်သံပဲ''

ပတ်မတီးသမားက ...

''ထူးဆန်းလိုက်တာ၊ လူမမြင်ရဘဲ ငိုရှိုက်သံတွေ ထွက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အသံပါလိမ့်။ ဒီတောင်ပေါ်ကျောင်းပေါ်မှာ ကိုရင်တွေ၊ ဦးဇင်းတွေပဲ ရှိပါတယ်၊ မိန်းမတစ်ယောက်မှ မတွေ့မိဘူး''

''မိန်းမတစ်ယောက်ရဲ့ ငိုသံမှန်း သိသာလိုက်တာကွာ''

ကပ္ပိယကြီးသည် အနည်းငယ်နွမ်းလျစွာ ပြုံးလိုက်ပါသည်။

''ဟုတ်တယ် ... အဲဒါ မိကွန်ထောရဲ့ ငိုသံပဲ''

အောင်မြင့်စိန်သည် အံ့သြတကြီး မျက်နှာဖြင့် ဟန်မဆောင် နိုင်ခဲ့တော့ဘဲ ...

''ရှင်းပြပါဦး။ ကျွန်တော်တို့ ဗဟုသုတရတာပေါ့''

အားလုံး၏ မျက်ဝန်းများက ကပ္ပိယကြီးဆီသို့ ရောက်သွားကြသည်။

''ဒီလိုကွ ...။ မြန်မာသက္ကရာဇ် ၃၅၉ ခုနှစ်မှာ ပုဂံပြည်မှာ အနော်ရထာမင်း နန်းတက်တယ်။ နန်းတက်ပြီး နှစ်အနည်းငယ် အကြာမှာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို ရှင်အရဟံ မျက်စိဖွင့်ပေးလိုက်တာနဲ့ ပုဂံမှာ ဗုဒ္ဓဘာသာရဲ့ ရောင်ခြည်ယှက်သန်းလာတယ် ဆိုပါတော့ကွယ်။ ဒါနဲ့ အနော်ရထာမင်းကြီးက သုဝဏ္ဏဘုမ္မိသထုံဘုရင်မနုဟာမင်းဆီမှာ ပိဋကတ် တစ်စုံ တောင်းတယ်လေ။ ဒါပေမဲ့ မနုဟာ မချေမငံပြောဆိုမှု စကားအမှားကြောင့် အနော်ရထာဘုရင် ပြင်းထန်စွာ အမျက်ထွက်ပြီး စစ်ဖြစ်ကြတာပဲ။ ဒီနေရာမှာ သင်ခန်းစာတစ်ခုက စကားပြောဆင်ခြင်ဖို့၊ စကားတစ်ခွန်းကြောင့် ဘဝပျက်စီးရတယ်ဆိုတာ သံဝေဂရဖို့ပဲ ... ငါ့တူတို့ရေ။

ဆက်ပြောရဦးမယ်၊ အနော်ရထာတပ်တွေ ချီတက်လာတုန်းမှာ မနုဟာဘုရင်ကလည်း ရှိသမျှခွန်အားနဲ့စုရုံးပြီး ပြန်တွန်းလှန်တာပေါ့ကွယ်။ အဲဒီအချိန်မှာ တပ်မှူးမင်းကြွန္ဓုလည်း ပါတယ်လေ။ အနော်ရထာဘက်က သူရဲကောင်းလေးဦးနဲ့ စစ်သည်ဗိုလ်ပါ အင်အားကြီးစွာနဲ့ ဆင်တပ်၊ မြင်းတပ်တွေ ပါတယ်ပေါ့။ အင်အားချင်းက တော်တော်ကွာနေတယ်။

အဲ ... မင်းအိန္ဒု စစ်မြေပြင်မထွက်ခင်မှာ ဇနီးဖြစ်တဲ့ မိကွန်ထောကို ဘေးမသီရန်မခ ပြန်လာခဲ့မယ်ဆိုတဲ့အကြောင်း နှစ်သိမ့်ပြီး စစ်ချီထောတွေ၊ ရဲစိတ်ရဲမာန်တက်ကြွစေတဲ့ စစ်ခရာသံတွေ ပုံမောင်းတွေတီးခတ်ဟစ်





ကြွေးပြီး မိကွန်ထောကို နှုတ်ဆက်၊ စစ်မြေပြင်ကို ထွက်ခွာသွားလေရဲ့။

ဪ ... ဒါပေမဲ့ မင်းအိန္ဒု ဘယ်တော့မှ ပြန်မလာတော့ပါဘူး။ ချစ်တဲ့ရဲ့သွေးတေားတွေ သီဆိုတီးမှုတ်ပြီး ထွက်ခွာသွားခဲ့တဲ့ မင်းအိန္ဒု မရထာ အမှာကို ထွက်သွားခဲ့တာပါ။ ပထမဦးဆုံးတိုက်ပွဲမှာပဲ မင်းအိန္ဒု ကျဆုံးသွားတယ်လေ။ မိကွန်ထောဟာ မင်းအိန္ဒုကျဆုံးတဲ့သတင်းလည်း ကြားရရော၊ ဆိုင်းဆရာ မနေ့ညနေကမြင်လိုက်ရတဲ့ ဘုန်းတော်ကြီးကျောင်း အရှေ့ဖက် စေတီကလေးရှေ့က ချောက်ထဲခုန်ချပြီး အဆုံးစီရင်လိုက်ရှာတယ်။ သူတို့က သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံတွေကိုး''

ပတ်မတီးဆရာက သက်ပြင်းမောတစ်ခု ချလိုက်သည်။

''စိတ်ဝင်စားစရာကောင်းပြီး ကြေကွဲစရာတွေ ပြည့်နှက်နေတဲ့ အလွမ်းဇာတ်တစ်ပုဒ်ပဲနော်။ ဆက်ပြောပါဦး ... အဘရဲ့''

ကပ္ပိယကြီးသည် လက်ဖက်တစ်ဖွန်းခပ်စားပြီး ရေနွေးသောက်လိုက်ကာ စကားကို ဆက်ပြောလေသည်။ ညကား တဖြည်းဖြည်း နက်လာခဲ့သည်။ လေထုက အေးစက်ကာ ငြိမ်သက်လျက်ရှိသည်။

''ဒါကြောင့် ဒီလွမ်းစေတီနေရာကလေးက မိကွန်ထော ချောက်ထဲခုန်ချခင် တည်သွားတဲ့ဘုရားလို့ ပြောကြတယ်။ တချို့ကတော့ မိကွန်ထောဟာ သေဆုံးပြီးမှ နောင်းလူတွေ အမှတ်တရတည်ခဲ့တဲ့ ဘုရားလို့ ဆိုကြတယ်လေ။ ဒါပေမဲ့ စေတီကလေးကို ဘယ်လိုပဲတည်တည် တပ်မှူးမင်းအိန္ဒုရယ်၊ မိကွန်ထောရယ်၊ သူတို့နှစ်ယောက်နဲ့ ပတ်သက်နေတယ်ဆိုတာ ငြင်းနိုင်ပါဘူး။ ဒါကြောင့် ဒီတောင်ပေါ်မှာ ရဲစိတ်ရဲမာန်သီချင်း မတီးရ ... တီးခတ်ခဲ့သော် မိကွန်ထောရဲ့ ငိုရှိုက်သံ ကြားရတတ်တယ်လို့ ဆိုခဲ့ကြတာပေါ့ကွယ်''

အောင်မြင့်စိန်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး လေးလံဖိစီးခြင်း တစ်စတစ်စ နက်ရှိုင်းလာသော အမှောင်ထုထဲသို့ လှမ်းကြည့်နေသည်။ မိကွန်ထော၏ ငိုရှိုက်သံများ တစ်နေရာမှပြန်၍ ပေါ်ထွက်လာလေမလားဟု သူ့အသိထဲမှာ ထင်ယောင်မှားနေလေသလား။ သို့သော် ပတ်ဝန်းကျင်မှာ မည်သည့်ငိုရှိုက်သံမှ မကြားရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကို ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းပဲ။ သူတို့ရဲ့ ဝိညာဉ်တွေ လေထဲမှာ လွင့်ပျံ့နေသလို ခံစားရတယ်ဦးလေး"

"သေချာတာပေါ့ကွယ်"

ကပ္ပိယကြီး၏ စကားဆုံးတော့ အားလုံး၏ရင်ထဲမှာ ခံစားချက်ကိုယ်စီဖြင့် ငြိမ်သက်တိတ်ဆိတ်သွားခဲ့ကြသည်။ ညသည် လပျောက်လျှက်ရှိပြီး ကြယ်ပျိုတချို့၏ အလင်းမှုန်သဲ့သဲ့ဖြင့်သာ လင်းပျနေသော ညဘက်သည်ဖြစ်ပေလိမ့်မည်။

ကြေကွဲလွမ်းရီစရာ ကောင်းလှသည့် သည်ညသည်သာ သူတို့အားသုံးအတွက် ငြိစွန်းမှုတစ်ခုဖြင့် ငြိမ်သက်တိတ်ဆိတ်နေကြခြင်းဖြစ်သည်။ သူတို့၏ တုရိယာပစ္စည်းများသည် အသက်ကင်းမဲ့နေကြသော သတ္တဝါများသို့ စကားမပြောတတ်သည့် လူအကြီးတွေလို တိုးတိတ်ငြိမ်သက်သွားကြပြီ။

ပတ်ဝန်းကျင်တွင် တောင်လေက ငြိမ်လိုက် ပြင်းထန်လိုက်ဖြစ်နေသည်။

အောင်မြင့်စိန် အတွေးအာရုံထဲတွင် ရဲစိတ်ရဲမာန်သီချင်းများ သီဆိုကာ အမိနိုင်ငံအတွက် ခုခံတွန်းလှန်ရန် ချီတက်သွားသည့် တပ်မှူး မင်းအိန္ဒနှင့် လက်ပြနှုတ်ဆက်ကျန်ရစ်ခဲ့မည့် မိကွန်ထောတို့၏ ပုံရိပ်ကိုသာ မှန်းဆကြည့်နေမိသည်။ သူတို့နှစ်ယောက်ကြားတွင် ပုံပြင်ဆန်သော ဆောက္ခာမှုနှင့်အတူ မိကွန်ထော၏ ငိုရှိုက်သံက ယနေ့ထက်တိုင်အောင် ကြားယောင်နေဆဲဖြစ်ကြောင်း သိခွင့်ရလိုက်၍ ကြေကွဲမိသည်။ ထို့ကြောင့် ရင်ထဲမှာ နက်ရှိုင်းမှုဖြင့် ဆုတောင်းလိုက်ပေသည်။

"မိကွန်ထောရေ ယနေ့ယခု ပြုခဲ့သမျှ ကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေလိုက်ပါသည်။ ရောက်ရာဘဝက သာဓုအနုမောဒနာ ခေါ်နိုင်ပါစေ၊ တရားစစ်တရားမှန်ကို မုချမသွေ ရရှိနိုင်ပါစေသော်ဝ်။

မင်းဘုန်းသိမ်းသူ



www.burmeseclassic.com

## ၂

သူသည် မော်လမြိုင် တက္ကသိုလ်မှ စိတ်ပညာကျောင်းသားတစ်ဦး ဖြစ်သည်။ ညနေတိုင်း သံလွင်မြစ်ဘက်လမ်းလျှောက်ထွက်တတ်ပြီး ကမ်းစပ်၌ ထိုင်ကာ မြစ်ထဲသို့ ငေးကြည့်နေမိတတ်သည်။

ထိုသို့ အတန်ကြာအောင် ငေးကြည့်ပြီးလျှင် နေရာမှထကာ ကျိုက်သန်လန်ဘုရားဆီသို့ လျှောက်၍ ဘုရားရင်ပြင်ပေါ်တွင်ထိုင်ပြီး ပုတီးစိပ် တတ်သည်။

တစ်ညနေ ကျိုက်သန်လန်ဘုရား၌ ပုတီးစိပ်ပြီး၍ ထိုင်နေစဉ် ရုတ်တရက်မေ့မြောသလိုလို ဖြစ်သွားသည်။ ထိုသို့ ဖြစ်သွားစဉ် သူ၏ အာရုံအတွင်း၌ ယောဂီရောင်ဝတ်စုံနှင့် အဘိုးအိုတစ်ဦး ပေါ်လာ၏။ အဘိုးအိုက သူ့အား စေ့စေ့ကြည့်ကာ ...။

"မြိုင်မြို့တော်ဟောင်းက လာခဲ့တဲ့ ... သူရယ်၊ မြိုင်မြို့တော်ဟောင်းဆီကို သွားရမယ်"

ဟု ဆိုလေ၏။ ထိုအခါ သူက ...

"အဘိုး ... ဘာကို ဆိုလိုတာလဲ၊ ပြောပြပါဦး"

ဟု ဆိုလိုက်ရာ အဘိုးအိုက ...





"ဒီဘဝကလူဟာ ဟိုဘဝကလာတာ၊ နောက်ဘဝကလူဟာ ဒီဘဝက သွားတာ၊ သွားတာလာတာ ဒါပဲရှိတယ် ... လူကလေးရယ်။ မင်း ... နောက်တော့ သိလိမ့်မယ်"

ဟု ဆိုကာ သူ၏အာရုံထဲမှ ပျောက်ကွယ်သွားလေ၏။

သူသည် တစ်ညနေ သံလွင်ကမ်းဘက်ဆီ အခါတိုင်းကဲ့သို့ လမ်းလျှောက်လာပြီး ကမ်းစပ်တွင်ထိုင်ကာ မြစ်ရေထဲ ငေးကြည့်နေ၏။

မြစ်ထဲတွင် ရေများ တသွင်သွင်စီးဆင်းနေသည်။ သူက စီးဆင်းနေသော မြစ်ရေပြင်ကိုကြည့်နေရင်း စိတ်ထဲတွင် တစ်မျိုးကြီး ခံစားနေရ၏။ ထိုစဉ်တွင် မြစ်ရေထဲမှ မိကျောင်းကြီးတစ်ကောင် ဘွားခနဲပေါ်လာသည်ကို မြင်လိုက်ရ၏။

သူ ရုတ်တရက် အံ့သြထိတ်လန့်သွား၏။ မိကျောင်းကြီး၏ မျက်လုံးအစုံက ရဲရဲနီနေ၏။ မိကျောင်းကြီးသည် ဘွားခနဲပေါ်လာပြီး ရုတ်တရက် ငုပ်မြုပ်သွားသည်။

သူ ... အံ့သြစွာ ငေးကြည့်နေစဉ် မိကျောင်းကြီးက နောက်တစ်ကြိမ်ပေါ်လာပြန်သည်။ ကမ်းစပ်နှင့်အတန်ငယ် နီးစပ်သောနေရာတွင် ပေါ်လာခြင်းဖြစ်ရာ မိကျောင်းကြီးကို သူအသေအချာ မြင်လိုက်ရ၏။

မြင်လိုက်ရသည်နှင့်တပြိုင်နက် သူလွန်စွာ အံ့သြသွားမိသည်။ အဘယ်ကြောင့်ဆိုသော် မိကျောင်းကြီးသည်ကား အဝိညာဏက သက်မဲ့ ကျောက်မိကျောင်းကြီး ဖြစ်နေသောကြောင့်ပေတည်း။

ထိုကျောက်မိကျောင်းကြီးမှာ သံလွင်မြစ်ရေထဲ မြုပ်ချည်ပေါ်ချည် ရှိလျားနေဟန်ရှိ၏။ သူက သူ၏ အမြင်အာရုံများ မှားယွင်းနေလေရော့သလားဟု ထင်ကာ မျက်လုံးများကို ပွတ်သပ်ကာ သေသေချာချာ ကြည့်မိ၏။

မှန်ပေသည်။ ကျောက်မိကျောင်းကြီးမှ ကျောက်မိကျောင်းကြီးအစစ်။ သံလွင်မြစ်ထဲ ကျောက်မိကျောင်းကြီးရှိသည်ဟု သူတစ်ခါမှ မကြားဖူးခဲ့၍ အံ့သြစရာ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ထဲမှာ ကျောက်မိကျောင်းတစ်ကောင်ရှိသည်ဟု ပြော လျှင် လူတွေက သူ့ကို ရူးနေပြီဟု ဆိုကြပေမည်။ သို့သော် သူ မြင်တွေ့ လိုက်ရသည်မှာ အမှန်တကယ်ဖြစ်သည်။

ထိုညက သူအိပ်မက် မက်သည်။ အိပ်မက်ထဲတွင် သူက မင်းသား လေးတစ်ပါးလို ရှေးခေတ်နန်းဝတ်နန်းစားများကို ဝတ်ဆင်ကာ ကျောက်မိ ကျောင်းကြီးကို စီးလျှက် သံလွင်မြစ်ထဲ သွားနေရသည်ဟူ၍ မြင်မက် သည်။

အိပ်မက်ဆိုသော်လည်းပဲ သူ့စိတ်ထဲတွင် တကယ်လိုလို ထင်နေ မိသည်။ အိပ်မက်ထဲ၌ ကျောက်မိကျောင်းကြီးသည် အသက်ဝင်လာကာ သံလွင်မြစ်ထဲ ကူးခတ်နေ၏။ သူက ကျောက်မိကျောင်းကြီး ကျောပေါ်တွင် ထိုင်လျှက် လိုက်ပါနေ၏။ သူ့ခြေထောက်နှစ်ချောင်းကမူ မြစ်ရေထဲကျ နေသည်။

အိပ်မက်က လန့်နိုးသောအခါ သူ့ခြေထောက်နှစ်ချောင်းမှာ ရေ များစိုနေသည်ကို အံ့ဩစွာ မြင်တွေ့ရသည်။

နောက်တစ်နေ့ ညနေခင်းတွင် သံလွင်မြစ်ဘက် လမ်းလျှောက် ထွက်ပြီး ကမ်းစပ်တွင်ထိုင်ကာ မြစ်ထဲငေးကြည့်နေမိပြန်သည်။ မြစ်ထဲ တွင် ကျောက်မိကျောင်းကြီးပေါ်လာသည်ကို တွေ့လိုက်ပြန်၏။ ကျောက် မိကျောင်းကြီးသည် သူကြည့်နေစဉ် ပေါ်လာရာမှ ရေထဲ ပြန်လည်မြုပ် ကွယ်သွားသည်။

ထို့နောက် သူသည် နေရာမှထကာ ကျိုက်သန်လန်ဘုရားဘက် ဆီသို့ လျှောက်လာခဲ့သည်။ ရင်ပြင်ပေါ်တွင် ပုတီးစိပ်သည်။ ပုတီးစိပ်ပြီး ထိုင်နေစဉ် မေ့မြောသလိုလိုဖြစ်သွားကာ အာရုံထဲတွင် ဟိုတစ်နေ့က ပေါ် လာခဲ့သည့် အဘိုးအိုက ပေါ်လာပြန်သည်။

အဘိုးအိုက သူ့အား စေ့စေ့ကြည့်ကာ . . .

''လူကလေး . . . မင်းဟာဂန္ဓာရီ လမ်းလျှောက်လှမ်းရမယ့် ပဋ္ဌာန်း ဆက်ရှိတဲ့ ပုဂ္ဂိုလ်ပဲဖြစ်တယ်ကွယ့်။ ဒါကြောင့် ဂန္ဓာရီစခန်းအဘွက်ကို အဓိဋ္ဌာန် ဝင်ရမယ်''





''ပထမ အဓိဋ္ဌာန်ဝင်ရမှာကတော့ ဂူကြီးကိုးဂူ၊ တောင်ကြီးကိုး တောင်၊ တောကြီးကိုးတောနဲ့ စေတီကြီးကိုးစေတီပဲ . . . လူကလေး။ အဲဒါ ဟာဂန္ဓာရီ ခရီးလမ်းရဲ့အစပဲ''

''စေတီကြီးကိုးစေတီမှာ ပထမဦးဆုံး စတင်ဝင်ရမယ့် စေတီကြီး ကတော့ ရွှေတိဂုံပဲ . . . လူကလေး၊ နောက်ဆုံး ဘယ်မှာပြီးဆုံးသွားမလဲဆို တော့ ဂူကြီးကိုးဆယ်၊ တောင်ကြီးကိုးဆယ်၊ တောကြီးကိုးဆယ်နှင့် စေတီကြီး ကိုးဆယ်မှာ ပြီးဆုံးသွားမယ်။ အဲဒီလို ကိုးဂူမှသည် ကိုးဆယ်ဂူအထိ၊ ကိုး တောင်မှ သည်ကိုးဆယ်တောင်အထိ ကိုးတောမှသည်ကိုးဆယ်တောအထိ၊ ကိုးစေတီမှသည် ကိုးဆယ်စေတီအထိ အဓိဋ္ဌာန်ဝင်အားထုတ်ရမယ့် ဂန္ဓာရီခရီး လမ်းဟာ အင်မတန်မှ ခက်ခဲကြမ်းတမ်းပါတယ် . . . လူကလေး၊ အင်မတန် ကြိုးစားရလိမ့်မယ်။ ဒါပေမဲ့ လူကလေးက ပါရမီရှင်ပေပဲ''

''ဂူကြီးတိုင်းမှာ၊ တောင်ကြီးတိုင်းမှာ၊ တောကြီးတိုင်းမှာ၊ စေတီ ကြီးတိုင်းမှာ မမြင်ရ၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ ရှိကြစမြဲဖြစ်တယ်၊ ဒါက အဲဒီဂူကြီးထဲမှာ တောင်ကြီးပေါ်မှာ တောကြီးထဲမှာ စေတီကြီးမှာ အဓိဋ္ဌာန်ဝင်အားထုတ်တဲ့အခါ အဲဒီလောကသားတွေကို မေတ္တာပို့သရမယ်၊ အမျှပေးဝေရမယ်၊ အဲဒီလို ကိုယ်က မေတ္တာပို့သ အမျှပေးဝေတဲ့အခါ သူတို့ ကလည်း ကိုယ့်ကို ပြန်ပြီး ကူညီစောင့်ရှောက်တတ်ကြတယ်''

''တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလိုပေါ့ . . . လူကလေး၊ ကိုယ်က ဒီလို မေတ္တာပို့တော့ သူတို့ကလည်း ကိုယ့်ရဲ့ ဂန္ဓာရီ ခရီးအောင်မြင်ပြီး မြောက်အောင် တတ်နိုင်သလောက် ကူညီလမ်းပြကြတယ်''

''ဂန္ဓာရီခရီးလမ်းမှာ မေတ္တာဆိုတာ အင်မတန် အရေးကြီးတယ်၊ ဒါ့ အဖွဋ္ဌာသဏ္ဌာန်မှာ မေတ္တာဓာတ်မရှိခဲ့ရင် မိမိလျှောက်လှမ်းတဲ့ ဂန္ဓာရီ ခရီးလမ်း မအောင်မြင်နိုင်ဘူး။ မေတ္တာဓာတ်ဆိုတာ ဖွဲ့၊ လုံ့လ၊ ဝီရိယတွေ စရဏတရားတွေလိုပဲ ဂန္ဓာရီ ခရီးလမ်းမှာ အလွန်အရေးကြီးတယ် . . . လူကလေး''

''ဂန္ဓာရီခရီးလမ်းမှာ ဖွဲ့၊ လုံ့လ၊ ဝီရိယဆိုတာ ခြေထောက်နှင့် တူတယ်။ သမာဓိနှင့် စရဏတရားတွေကတော့ မျက်လုံးနှင့်တူတယ်။ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကတော့ ခရီးပေါက်အောင် လျှောက်ပြီး မျက်လုံးက ဂန္ဓာရီ ခရီး လမ်းပေါက်ဖို့အတွက် ရှေ့ကိုကြည့်ပြီး လမ်းညွှန်ပေးလိမ့်မယ်''

''မေတ္တာစာတ်ဆိုတာကတော့ ဂန္ဓာရီခရီးလမ်းမှာ လက်နှင့်အလား သဏ္ဍာန်တူနေလိမ့်မယ်ကွ။ လက်ဆိုတာ တစ်စုံတစ်ရာကို လွတ်ကျမသွား အောင် မြဲမြဲဆုပ်ကိုင်နိုင်ဖို့အတွက် ဖြစ်တယ်။ အဲဒီတော့ ဂန္ဓာရီခရီးလမ်း မှာ မေတ္တာစာတ်ဆိုတဲ့ လက်မပါရင် ဘာကိုမှ မြဲမြဲမြဲမြဲ ဆုပ်ကိုင်နိုင်လိမ့် မယ် မဟုတ်ဘူး''

''မေတ္တာစာတ်ဆိုတဲ့ လက်ကင်းမဲ့နေရင် ဂန္ဓာရီခရီးရဲ့ အနှစ်သား တွေကို ဆုပ်ကိုင်နိုင်မိမှာမဟုတ်ဘဲ အားလုံး လွတ်ကျနေလိမ့်မယ် ... သူငယ်လေး''

သူသည် မေ့မြောသလိုလို ဖြစ်နေရာမှ ပြန်လည်သတိရလာသည်။ သူ့အာရုံထဲမှ အဘိုးအိုလည်း ပျောက်ကွယ်သွားသည်။

အခုတလော ထူးခြားဆန်းကြယ်တာတွေနဲ့ချည်း သူတွေ့[illegible] သည်။ သံလွင်မြစ်ထဲမှာ ကျောက်မိကျောင်းကြီးကို တွေ့ရပြီးတဲ့နောက် [illegible] အာရုံထဲမှာ အဘိုးအိုနဲ့ တွေ့နေရပြန်သည်။

နောက်တစ်နေ့ ညနေ သံလွင်မြစ်ကမ်းစပ်၌ထိုင်ကာ မြစ်ထဲ[illegible] ကြည့်နေမိပြန်သည်။ မြစ်ထဲ၌ ကျောက်မိကျောင်းကြီးကို တွေ့ရပြန်သည်။ ကျောက်မိကျောင်းကြီးကရေထဲတွင် ပေါ်လိုက်မြုပ်လိုက်ဖြစ်နေသည်။ [illegible] ဆန်းသည်က ညနေခင်းတိုင်း ဤအနီးအနားတစ်ဝိုက် ရေပြင်ထဲတွင် [illegible] တွေ့နေရခြင်းဖြစ်သည်။

သူငေးကြည့်နေခိုက် သူနှင့်မလှမ်းမကမ်းတွင် မြစ်ထဲကို [illegible] နေသော ကလေးတစ်ယောက်သည် မြစ်ထဲကို လက်ညှိုးထိုးကာ ...

''ဟိုမှာ ... မိကျောင်းကြီးဗျ''

ဟု အလန့်တကြား ထအော်လေရာ အနီးအနားမှ လူ[illegible] ဝိုင်းအုံလာပြီး မြစ်ထဲကို လှမ်းကြည့်ကြသည်။

''ဘယ်မှာလဲကွ ... မင်းရဲ့မိကျောင်းကြီး''

''ဟိုမှာ ... ဟိုမှာ ... ဟော ... ရေထဲငုပ်သွားပြီ''





မိကျောင်းကြီးကို မည်သူမှ မတွေ့လိုက်ကြရတော့ပေ။

ထို့နောက် သူသည် ကျိုက်သန်လန်ဘုရားဘက်ဆီသို့ ထွက်လာ ခဲ့သည်။ ကျိုက်သန်လန်ဘုရားတွင် ပုတီးစိပ်သည်။ ပုတီးစိပ်ပြီး ထိုင်နေစဉ် မေ့မြောသလိုလို ဖြစ်သွားခဲ့ပြီး အာရုံထဲတွင် ဟိုတစ်နေ့က တွေ့ခဲ့ရသော အဘိုးအို ပေါ်လာသည်။

''လူကလေး ... ဂန္ဓာရီလမ်းကို လျှောက်လှမ်းရချိန်တန်ပြီ။ အဲဒီ လို လျှောက်လှမ်းနေစဉ်မှာ ဘဝအဆက်ဆက် ပဋ္ဌာန်းဆက်တွေကို တွေ့ရ လိမ့်မယ်။ အဲဒီလို တွေ့ရတဲ့ဘဝဆက် ပဋ္ဌာန်းဆက်တွေဟာ မိမိကို တစ်ခါ တလေ ကူညီကြလေ့ရှိသလို တစ်ခါတလေ ကျပြန်တော့လည်း ဘဝဟောင်း က သံယောဇဉ်ကြိုးနဲ့ မိမိကို ရစ်ပတ်ခေါင်ငင်တတ်ကြတယ်။ အဲဒါကိုတော့ လူကလေး သတိထားပါ။ သံသရာဆိုတာ ရှည်မျောလွန်းလှတဲ့အတွက် သတ္တဝါ တွေမှာ ဘဝဆိုတာတွေကလည်း များပြားလွန်းလှတယ်''

''ဘဝတစ်ခုခုမှာ မိမိဟာ အဲဒီ မမြင်အပ်၊ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေ နဲ့ ပတ်သက်ဆက်နွယ်ခဲ့ဖူးမှာ အမှန်ပဲ။ အဲဒီတော့ သူတို့ကို မေတ္တာပို့ရို့ရမှာ တယ်။ လူကလေးကို အဘိုးပြောမယ်၊ လူကလေးဟာ မြိုင်မြို့တော်ဟောင်း ဆီက သာယာရွှေဂူကြီးဆီကို သွားပြီး အဓိဋ္ဌာန်ဝင်ရမယ်''

''အဲဒီဂူကြီးဟာ လူကလေးအနေနဲ့ ပထမဦးဆုံး အဓိဋ္ဌာန်ဝင်ရ မယ့်ဂူကြီးပဲ''

သူသည် မေ့မြောသလိုလို ဖြစ်နေရာမှ ပြန်လည်သတိရလာပါ သည်။ သူ့စိတ်ထဲတွင်လည်း အဘိုးအိုပြောသည့်အတိုင်း မြိုင်မြို့တော်ဟောင်း ရှိ သာယာရွှေဂူကြီးဆီသို့ သွားရောက်ချင်နေမိသည်။

သူသည် ကျောင်းပိတ်ရက်တွင် မြိုင်မြို့တော်ဟောင်းရှိ သာယာ ရွှေဂူကြီးဆီသို့ ရောက်သွားမိပါသည်။ သူ့အတွက် အဘိုးအို၏ လမ်းညွှန် ချက်မှာလည်း ထူးခြားနေသည်။ သူသည် သာယာရွှေဂူကြီး၏ ဂူဝမှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်မိ၏။ အောက်ဘက်တွင် နက်ရှိုင်းလှသော ချောက်ကြီးကို မြင်ရသည်။ ဂူကြီး၏ အတွင်းဘက်တွင်မူ ကျောက်တုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်တုံးကို တွေ့ရပြီး ထိုကျောက်တုံးကြီးကြောင့် ဂူကြီးမှာပိတ်၍ မှောင်နေသည်။

သူသည် ဂူဝမှနေ၍ တောင်ဆီသို့ လမ်းလျှောက်သွားပြီး အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ အဝေးဆီတွင် မြိုင်တောင်တန်းကို မြင်ရသည်။ မြိုင်တောင်တန်းကို မြင်ရသောအခါ သူ့စိတ်ထဲတွင် ရုတ်တရက် လှုပ်ရှားသွားမိသည်။ တစ်ချိန်တစ်ခါက ဤမြိုင်တောင်တန်းပေါ် လျှောက်လှမ်းခဲ့ဖူးသလို ခံစားနေမိသည်။

သူသည် ခပ်ဝေးဝေးတွင် မြင်နေရသော မြိုင်တောင်တန်းဆီမှ အကြည့်ကိုခွာကာ ဂူကြီးအတွင်းရှိ ကျောက်တုံးကြီးကို ကြည့်လိုက်မိသည်။ ကျောက်တုံးကြီးမှာ ဂူလယ်တွင် ဂူအမိုးကို ထိလုမတတ်ရှိနေသည်ကို တွေ့ရသည်။

ထို့နောက် သူသည် ဂူကြီးအတွင်း၌ ပုတီးစိပ်မိသည်။ ပုတီးစိပ်နည်းမှာ ထိုအဘိုးအိုပေးခဲ့သော ပုတီးစိပ်နည်းပင်ဖြစ်သည်။ ပုတီးမစိပ်ခင် ဂူတွင်းဂူပြင်ရှိ မမြင်အပ်၊ မမြင်ရသော ပုဂ္ဂိုလ်များကို ဦးစွာပထမ မေတ္တာပို့သမိလေသည်။ ထိုသို့ မေတ္တာပို့သလိုက်သောအခါ သူ့ရင်ထဲတွင် လှိုက်ခနဲ လှိုက်ခနဲ ဖြစ်သွားရသည်။

ညဘက်သို့ ရောက်သောအခါ သူသည် ဂူအတွင်းမှာပင် အိပ်စက်သည်။ သို့ဖြင့် တတိယမြောက်ညတွင် သူသည် အိပ်မက်တစ်ခုကို မြင်မက်သည်။ အိပ်မက်ထဲတွင် ထူးခြားသောအဝတ်အစားများကို ဝတ်ဆင်ထားသည့် လူနှစ်ဦးသည် ဂူကြီးအတွင်းရှိ ကျောက်တုံးကြီးအတွင်းမှ ရုတ်တရက် ထွက်လာကြသည်။

သူသည် ထိုသူနှစ်ယောက်ကို ငေးကြည့်နေမိ၏။ ထိုစဉ် သူတို့နှစ်ယောက်အနက်မှ တစ်ယောက်သော ပုဂ္ဂိုလ်က ...

"အသင် ... မင်းရဲနန္ဒ၊ ကျုပ်တို့ကား သံလွင်မင်းသမီးလေး၏ အထိန်းတော်နှစ်ဦးဖြစ်ကြပေသည်။ အသင်ပို့သသော မေတ္တာဓာတ်ရေကို ကျွန်ုပ်တို့ ခံယူရရှိပေသည်။ အသင်ပို့သသော မေတ္တာဓာတ်များကြောင့် ကျွန်ုပ်တို့၏ရင်မှာ အေးချမ်းရပေသည်"





ဟု ဆိုလေသည်။ သူက အိပ်မက်ထဲ၌ပင် သူတို့နှစ်ဦးအား ..

"သင်တို့ကား ဘယ်သူများပေနည်း၊ ကျွန်ုပ်၏ အမည်မှာ မင်းရဲနန္ဒမဟုတ်ပါ၊ မင်းစောအောင် ဖြစ်ပေသည်၊ သံလွင်မင်းသမီးလေးဆိုသည်မှာရော မည်သူပေနည်း"

ဟု မေးလိုက်သည်။ ထိုစဉ် ထိုသူနှစ်ဦးအနက် တစ်ဦးသောပုဂ္ဂိုလ်က ...

"ကျွန်ုပ်တို့ကား အသင် မင်းရဲနန္ဒတို့၏ဘဝနှင့် မတူသည့် အခြားသော ဘဝမှ လောကသားများ ဖြစ်ကြလေသည်။ သို့သော် တစ်ချိန်တစ်ခါကမူ အသင်တို့ကဲ့သို့ပင် လူသားများ ဖြစ်ခဲ့ကြပေသည်။ ယခင်ဘဝက အသင့်နာမည်သည် မင်းရဲနန္ဒဖြစ်ပါသည်။ သံလွင်မင်းသမီးလေးသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဖြစ်ပါ၏။ ယခုအခါ ကျွန်ုပ်တို့အားလုံး သင်နှင့်ဘဝခြားနေသော လောကသားများ ဖြစ်နေကြပေပြီ"

ဟု ဆိုသည်။ ထိုအခါ သူက ...

"သံလွင် ... မင်းသမီးလေးဆိုတာ ဘယ်သူလဲ။ သူ့အကြောင်း ပြောပြပါဦး"

ဟု မေးလိုက်သည်။

"သံလွင် မင်းသမီးလေးဆိုတာ တခြားလူမဟုတ်ပါဘူး။ အတိတ်တစ်ချိန်က ဟောဒီ သုဝဏ္ဏဘူမိတိုင်းမှာ စိုးစံတော်မူခဲ့တဲ့ တိဿသေနာသ ဘုရင်ကြီးရဲ့ သမီးတော်ပဲဖြစ်ပါတယ်။ တိဿသေနာသ ဘုရင်ကြီးဟာ သူ့ကို ပုန်ကန်ခြားနားတဲ့သူတွေကြောင့် မိဖုရားခေါင်ကြီးနှင့်အတူ နောက်ပါ တချို့ကိုခေါ်ဆောင်ပြီး ဟောဒီဒေသဘက် ထွက်ပြေးလာခဲ့ရတယ်။

အဲဒီလို ထွက်ပြေးလာရတဲ့အခိုက် မိဖုရားခေါင်ကြီးမှာ ကိုယ်ဝန်အရင့်အမာ ပါလာခဲ့တယ်။ ဒီကိုရောက်ပြီး မကြာခင်တစ်နေ့မှာပဲ ဒီတောင်ရဲ့ အစပ်တစ်နေရာမှာ မိဖုရားဟာ မီးဖွားတော့တယ်။ မီးဖွားတော့ ကလေးဟာ မိန်းကလေးဖြစ်နေတယ်။ ဒါနဲ့ ဘုရင်ကြီးဟာ သုဝဏ္ဏဘူမိနယ်မြေကို ဖြတ်ကျော်စီးဆင်းနေတဲ့ မြစ်မင်းသံလွင်အား သက်သေတည်ပြီး သမီးတော်လေးကို သံလွင်မင်းသမီးလေးလို့ နာမအမည်ခေါ်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေသည်။ ထိုအခါ သူက ...

''သံလွင်မင်းသမီးလေးနှင့် ကျွန်ုပ်နှင့် ဘာဆိုင်လို့လဲ''

ဟုမေးရာ တစ်ဦးသော ပုဂ္ဂိုလ်က ...

''ဒီဘဝမှာ မဆိုင်ပေမယ့် ဟိုဘဝက ဆိုင်ခဲ့တယ်။ တကယ်မှာတော့ သင်ဟာ သံလွင်မင်းသမီးလေးရဲ့ချစ်သူပဲ။ သင်ဟာ အဲဒီဘဝက သံလွင်မင်းသားလေး ဖြစ်ခဲ့ဖူးပါတယ်''

ဟု ဆိုသည်။ သူ့မှာ အံ့သြနေမိသည်။

ထို့ကြောင့် သူက ...

''ကျွန်ုပ်က သံလွင်မင်းသားလေး ... ဟုတ်လား။ မဖြစ်နိုင်တာအဲ''

ဟု ဆိုလိုက်မိသည်။ ထိုအခါ တစ်ဦးသော ပုဂ္ဂိုလ်က ...

''ဖြစ်နိုင်ပါပြီကော .. အသင်မင်းစောအောင်၊ ဒီကိုရောက်လာလိမ့်မယ်ဆိုတာ သံလွင်မင်းသမီးလေးက ကြိုပြီးသိနေလို့ ကျွန်ုပ်တို့ကို အကြိုတော် လွှတ်လိုက်တာပါ''

ဟုဆို၏။ ထို့နောက် ကျန်သောပုဂ္ဂိုလ်က ဆက်၍ပြောပြန်သည်။

တိဿသေနာသဘုရင်ကြီးဟာ ဒီတောင်ကြီးအနားမှာ နောက်လိုက်ဗိုလ်ပါတွေနဲ့ ရွာတည်ပြီးနေခဲ့တယ်။ အဲဒီလိုနေထိုင်စဉ် ရန်သူတွေဟာ ဘုရင်ကြီးကို မကြာခဏ လာရောက်တိုက်ခိုက်လေ့ရှိတယ်။ ဒါကြောင့် ဘုရင်ကြီးဟာ သမီးတော်လေး သံလွင်မင်းသမီးလေးကို ဟောဒီ သာယာရွှေဂူကြီးထဲမှာ လာရောက်ဝှက်ထားခဲ့ရတယ်။ သံလွင်မင်းသမီးလေးဟာ ဒီဂူကြီးထဲမှာ အနှောင့်အယှက်မရှိ အေးချမ်းစွာ နေထိုင်ခဲ့ရတယ်။ အဲဒါကြောင့် အမှတ်တရအနေနဲ့ ဂူအပြင်ဘက်မှာ အေးစေတီလို့ခေါ်တဲ့ စေတီတစ်ဆူကို အေးချမ်းခြင်း အထိမ်းအမှတ်အဖြစ်နဲ့ တည်ခဲ့တယ်''

''သံလွင်မင်းသမီးလေးဟာ အရွယ်ရောက်လာတဲ့အထိ ဒီဂူထဲမှာ နေခဲ့ရတယ်။ တစ်နေ့မှာ တိဿသေနာသဘုရင်ကြီးကို ပုန်ကန်ခြားနားသွားခဲ့တဲ့ မြို့စားတစ်ဦးရဲ့ သားတော်တစ်ပါးဖြစ်တဲ့ သံလွင်မင်းသားလေးဟာ ဒီဂူနားကို တောလိုက်ကစားရင်း ရောက်လာခဲ့တယ်''





''ပြီးတော့ သံလွင်မင်းသမီးလေးကို တွေ့ပြီး မေတ္တာသက်ဝင်ချစ်ခင်သွားခဲ့ကြတယ်။ ဒီအကြောင်းကို တိဿသေနာသဘုရင်ကြီးက သိသွားတော့ အမျက်တော်ရှပြီး ချက်ချင်းပဲ ဒီဂူထဲကနေ ပိုပြီးနက်လှတဲ့ တောကြီးထဲက ဂူကြီးတစ်ဂူဆီကို ပြောင်းရွှေ့ခဲ့ကြတယ်။ အဲဒီဂူကြီးရှိရာဆီကို သံလွင်မင်းသားလေးက ရောက်မလာနိုင်သေးဘူး။ အဲဒီဂူကြီးကို ရှာမတွေ့နိုင်ဘူး။ သံလွင်မင်းသမီးလေးဟာ သံလွင်မင်းသားလေးကို တစ်နေ့လာနိုးနိုး တစ်နေ့လာနိုးနဲ့ မျှော်ကိုးရင်း ရင်ကွဲနာကျပြီး သေဆုံးခဲ့ရတယ်။ အခုတော့ ဘဝဟောင်းက သံလွင်မင်းသားလေး လာပြီလေ''

ဟု ဆိုလေရာ သူ့မှာ ပို၍ အံ့အားသင့်နေမိလေသည်။

ထို့နောက် သူတို့နှစ်ဦးစလုံးကပင်။

''အသင် ... မင်းရဲနန္ဒ၊ သံလွင်မင်းသမီးလေးဆီ လိုက်ခဲ့ပါတော့ လိုက်ခဲ့ပါတော့''

ဟုခေါ်လေရာ သူက ...

''ကျွန်ုပ် မလိုက်လိုပါ။ သံလွင်မင်းသမီးလေးကိုလည်း ကျွန်ုပ် မသိပါ''

ဟု ပြောလိုက်သည်။

''ခေတ္တခဏတော့ လိုက်ခဲ့ပါ။ သံလွင်မင်းသားလေး၊ သံလွင်မင်းသမီးလေးက မျှော်နေရှာပြီ။ ဘဝဟောင်းက ချစ်သူကို မရက်စက်သင့်ပါဘူး ... သံလွင်မင်းသားလေး''

သူသည် ရုတ်တရက် စိတ်ပြောင်းလဲသွားကာ သံလွင်မင်းသမီးလေးဆီ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ထိုထူးဆန်းသော ပုဂ္ဂိုလ်နှစ်ဦးသည် ဂူကြီးထဲမှ ထွက်သွားလေရာ သူလည်း နောက်မှ လိုက်ပါသွားမိသည်။

မကြာမီ တောင်တန်းတစ်ခုကိုဖြတ်ကျော်ပြီး ထူးဆန်းသော ဂူကြီးတစ်ခုဆီသို့ လျှောက်သွားကြသည်။ ဂူကြီးမှာ သာယာရွှေဂူကြီးထက် ပို၍ကြီးမားကျယ်ဝန်းသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူကြီးအတွင်းတွင် အလင်းရောင်များ ဝင်းထိန်တောက်ပနေသည်။ သူသည် ဂူကြီးကိုကြည့်ပြီး အံ့သြနေမိသည်။ ဂူကြီးအတွင်းတွင် စုပုံထားသော ကျောက်သံပတ္တမြား ရတနာများကို တွေ့ရသည်။ ဂူကြီးထောင့် တစ်နေရာတွင် ရွှေသလွန်ညောင်စောင်းတစ်ခု။ ညောင်စောင်းပေါ်တွင် လဲလျောင်းနေသော မိန်းမပျိုတစ်ဦး။

"သံလွင်မင်းသားလေး ‥ ဒီကိုရောက်ရှိလာပါပြီ သခင်မလေး"

သူ့အား ခေါ်ဆောင်လာသူ ပုဂ္ဂိုလ်တစ်ဦးက ပြောလိုက်ရာ မိန်းမပျိုလေးသည် ရွှေသလွန်ညောင်စောင်းပေါ်မှ ထလာသည်။

"အို … မောင်တော် သံလွင်မင်းသားလေးရယ်"

သူမက တိုးညှင်းစွာ ညည်းညူလိုက်သည်။ မိန်းမပျို၏ ပိတုန်းရောင်ဆံသားများက ရှည်လျားစွာ ဖြာဆင်းကျနေပြီး အရည်ကြည် ရွှန်းလဲ့နေသော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။

မိန်းမပျို ဝတ်ဆင်ထားသော အဝတ်အစားများမှာ ရှေးဟောင်းနန်းဝတ်နန်းစားများဖြစ်ပြီး ပြိုးပြက်တောက်ပနေသည်။

"သံလွင်မင်းသားလေးရယ် …မောင်တော်သခင် သံလွင်မင်းသားလေးရယ်၊ နှမတော်ဆီကို အရောက်လာခဲ့သေးတယ်နော် "

မိန်းမပျိုလေးမှာ ပြောရင်းမှ မျက်ရည်များ စီးကျလာလေ၏။ မိန်းမပျိုလေးကိုကြည့်ရင်း သူ့ရင်ထဲတွင် လှိုက်ဖိုလာလေသည်။ တစ်ချိန်တစ်ခါက ဤမိန်းမပျိုလေးနှင့် ကျွမ်းဝင်ရင်းနှီးခဲ့ဖူးသလို ထင်လာမိသည်။

"မောင်တော်သခင်ရယ် …မောင်တော်ကို စောင့်မျှော်နေခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ ဘဝခြားခဲ့ပေမယ့်လည်း နှမတော်မောင်တော့်ကို မမေ့ပါဘူး၊ အမြဲသတိရနေပါတယ်။ မောင်တော်ကသာ နှမတော်ကို မေ့နေတာပါ။ လာပါ …မောင်တော်သခင် သံလွင်မင်းသားလေးရယ်၊ ဟောဟိုက မဂ္ဂပတိကိုစီးပြီး သံလွင်မြစ်ထဲကို သွားကြပါစို့"

မိန်းမပျိုလေးက ဂူကြီးအတွင်း တစ်နေရာကို လက်ညှိုးညွှန်ပြလေရာ သူလည်း မိန်းမပျိုညွှန်ပြရာဆီသို့ ကြည့်လိုက်မိလေသည်။ ဂူကြီး





အတွင်းတစ်နေရာ၌ ကျောက်မိကျောင်းကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ မိကျောင်းကြီး၏ မျက်လုံးများက ရဲရဲနီနေသည်။

မိန်းမပျိုသည် ကျောက်မိကျောင်းကြီး၏ ကျောပေါ်သို့ တက်ရောက်ထိုင်လိုက်လေသည်။

"လာပါ …မောင်တော်သခင် သံလွင်မင်းသားလေး။ မောင်တော်နှင့် နှမတော်တို့ အရင်ဘဝက အဲဒီမိကျောင်းကြီးကို အတူစီးခဲ့ပြီး သံလွင်မြစ်ထဲ လျှောက်သွားခဲ့ကြတာလေ။ မောင်တော်သခင် မှတ်မိသေးရဲ့လားကွယ်"

"ပြီးတော့ သံလွင်မြစ်ကြီး စီးဆင်းနေသရွေ့ မောင်တော်ရဲ့ ချစ်ခြင်းမေတ္တာတွေဟာ အမြဲတမ်းရှင်သန်နေပါ့မယ်လို့ မောင်တော်က သစ္စာဆိုခဲ့ဖူးတယ်လေ။ သံလွင်မြစ်ကြီးကတော့ မောင်တော်နဲ့ နှမတော် ဘဝခြားသွားလည်း စီးဆင်းနေဆဲပါ …မောင်တော်ရယ်"

ကျောက်မိကျောင်းကြီး၏ ခြေလက်များမှာ တဖြည်းဖြည်းချင်း လှုပ်ရှားလာနေကြသည်ကို တွေ့ရ၏။ ထို့နောက် သူ့ဆီသို့ တရွေ့ရွေ့ တိုးလာနေတော့သည်။

သို့သော် သူ့ရှေ့မရောက်မီမှာပင် ကျောက်မိကျောင်းကြီးရော သံလွင်မင်းသမီးလေးတို့ပါ တဖြည်းဖြည်းချင်း အခိုးအငွေ့များဖြစ်ကာ ပျောက်ကွယ်သွားကြလေသည်။

ထို့နောက်တွင် သူလည်းပဲ အိပ်မက်မှ လန့်နိုးသွားလေတော့၏၊ သို့သော် ထိုဖြစ်ရပ်များ သူ့စိတ်ထဲတွင် အိပ်မက်ဟုမထင်ဘဲ တကယ်လိုလို ထင်နေမိသည်။

သူသည် သာယာရွှေဂူကြီးအတွင်းထိုင်ကာ ပုတီးစိပ်၍ မေတ္တာပို့အမျှဝေ၏။ မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်များ ကျွတ်လွတ်ကြပါစေကြောင်း ဆုတောင်းမိလေသည်။

သူအစိဋ္ဌာန်ရက်များပြည့်မြောက်၍ ထိုဂူကြီးမှ မပြန်မီ၊ နက်ရှိုင်းသော ဂူကြီးအတွင်းဘက် တိုးဝင်ကြည့်ရှုခဲ့ရာ ဂူကြီးအတွင်း တစ်နေရာ၌ ထူးဆန်းသော ကျောက်မိကျောင်းကြီးတစ်ကောင်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းကြီး၏ မျက်လုံးအစုံက ရဲရဲနီနေ၏။ ထိုဂူကြီးအတွင်းထဲ မည်ကဲ့သို့ ရောက်ရှိနေသနည်း။ သူ စဉ်းစား၍ မရတော့ပေ။ သူ သံလွင်မြစ်ထဲတွင် တွေ့ခဲ့ရသော ကျောက်မိကျောင်းကြီးသည် ဂူကြီးထဲမှ ထွက်ကာ သံလွင်မြစ်ထဲ စုန်ချည်ဆန်ချည် သွားနေခဲ့လေသလော။

ဤမိကျောင်းကြီးသည် အတိတ်ဘဝတစ်ချိန်က သူ့သခင် ဖြစ်ခဲ့ဖူးသော မင်းစောအောင် (ခေါ်) မင်းရဲနန္ဒကို သံလွင်မြစ်ထဲမှနေ လိုက်လံရှာဖွေခြင်း ပြုနေသလော။

သူသည် ညနေခင်းတိုင်း သံလွင်မြစ်ဘက် လမ်းလျှောက်ကာ မြစ်ကမ်းစပ်တွင်ထိုင်ပြီး သံလွင်မြစ်ထဲ ငေးကြည့်နေမိတတ်၏။

[illegible] ကမ်းစပ်နှဲခပ်လှမ်းလှမ်းရှိ မြစ်ရေထဲ၌ ကျောက်မိကျောင်းကြီးပေါ်လာသည်ကို တွေ့ရတတ်သည်။

သူသည် သံလွင်မြစ်ထဲမှာ ကျောက်မိကျောင်းကြီးတစ်ကောင် တွေ့ရသည့်အကြောင်းကို မည်သူ့ကိုမှ မပြောပြခဲ့။ ပြောပြလျှင်လည်း မည်သူကမှ ယုံကြည်မည်မထင်။

သူသည် သံလွင်မြစ်ကမ်းစပ်တွင် ထိုင်ရင်း မြိုင်မြို့ဟောင်းတစ်နေရာမှ သံလွင်မင်းသားလေးအကြောင်းကို တွေးနေမိလေသည်။

မြဘုန်းထက်



www.burmeseclassic.com

[၁]

❑

ခရီးစဉ်က ရန်ကုန်မှ လှည်းကူးတာဆုံ၊ ထိုမှတစ်ဆင့် ဖောင်ကြီး သင်တန်းကျောင်းဆီသို့ ဆက်သွားသည့်လမ်းအတိုင်း 'တာဘူးတောင်း'သော ရန်ကုန်မန္တလေး အမှတ်(၃)အဖြစ် ဖောက်လုပ်ထားသည့် မြေနီလမ်းအတိုင်း ဆက်လက်မောင်းခဲ့ရင်း ငါးမိုင်ခန့်ရောက်တော့ ညာဘက်တွင်'ရန်အောင် မြေသိဒ္ဓိစေတီတော်' ကိန်းဝပ်စံပယ်ရာ မရမ်းချောင်းကျေးရွာနှင့် မျက်နှာချင်း ဆိုင် ဥတိုကျေးရွာကလေးဆီသို့ ရောက်လာသည်။

ထိုနေရာတွင် ဥတိုကျေးရွာဆိုသည်က ဟိုးယခင်ကတည်းက တည်ရှိနေသည့် ရွာဟောင်းဖြစ်ပြီး ထိုကျေးရွာနှင့် မျက်နှာချင်းဆိုင်ရှိနေသော မရမ်းချောင်းကျေးရွာမှာ မကြာသေးခင်အချိန်ကမှ တည်ဆောက်လိုက်သည့် ရွာသစ်ဖြစ်ပေသည်။ ထိုနေရာသည် ဟိုယခင်အချိန်က နိုင်ငံတော်အစိုးရ၏ စီမံချက်ဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် ကျွန်းကွက်စိုက်ခင်းတစ်ခု ဖြစ်ပေသည်။





ဧက(၁၀၀)လောက်ရှိသည့် မြေကွက် (ပဲခူးရိုးမရင်ခွင်)အတွင်း ခုတ်ထွင်ရှင်းလင်းပြီး (၄)ပိုင်းခွဲကာ ကျွန်းကွက်စိုက်ခင်း (၁+ ၂ + ၃ + ၄) အဖြစ် ခွဲခြားသတ်မှတ်ပြီး ကျွန်းပင်ပေါက်များကို စမ်းသပ်စိုက်ခဲ့သည့် ကျွန်းစိုက်ခင်းကြီးတစ်ခုပင်။

ဟိုယခင်အချိန်က ကျွန်တော်တို့ ဥတိုကျေးရွာ ရွာခံမုဆိုးများထံမှာ အထိုင်ချ လိုက်လံပစ်ခတ်ခဲ့သည့် ထိုကျွန်းကွက်စိုက်ခင်းကြီးသည် ယခုအချိန်တွင် နိုင်ငံတော်အစိုးရ (တပ်မတော်အစိုးရ)က ထိုကျွန်းကွက် (၄)ကွက်ကိုဖျက်သိမ်းပြီး ရွာသစ်တစ်ရွာကို တည်ဆောက်ကာ လိုအပ်သည့် ပံ့ပိုးမှုများကိုပေး၍ ကိုယ်ရွေ့ပြောင်းရောက်ခဲ့ကြသည့် အားလုံးတို့ကို မရမ်းချောင်းကျေးရွာသို့ မိုက်ကာ ပြောင်းပေးလိုက်ပြီးနောက် ယခုကဲ့သို့ ရွာဦးစေတီတော်ကြီးနှင့်အတူ ဘိုက်တာအဆောက်အအုံ၊ ဆေး ပေးခန်း၊ ဆေးရုံ၊ ကျောင်း စသည့် ရွာတစ်ရွာအင်္ဂါရပ်နှင့်အညီ စည်ကား၍ ဘုရား၊ တရားနှင့် နေထိုင်ခဲ့ကြသည့်ရွာ ဖြစ်ခဲ့ပေသည်။

ထိုကျွန်းကွက်စိုက်ခင်းကြီးသည် ပဲခူးရိုးမတောကြီးနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသည့်အတွက် တောတွင်းနေ သားကောင်များလည်း များလာကျက်စား ပေါ်များခြင်းကြောင့် ထိုကျွန်းကွက်စိုက်ခင်းကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ဥတိုကျေးရွာရှိ ရွာခံမုဆိုးများထံမှာ အထိုင်ချကာ သွားရောက်ပစ်ခတ်နေကြသည့် ရွာကလေးဖြစ်ပေသည်။

တရိပ်ရိပ်ပြေးလွှားနေသော ကားကလေးသည် ဘယ်ဘက်ကို ချိုးကွေ့ပြီး ရွာခံမုဆိုးများရှိရာ ဥတိုကျေးရွာဘက်ကို ဦးတည်ပြီး တရိပ်ရိပ် ပြေးလွှားနေစဉ် လမ်းဘေးဝဲယာ သီဟိုဠ်ပင်နှင့် ဝါးရုံတောကိုင်းများတို့တွင် နားခိုနေကြသော ချိုးမောင်နှံတို့က လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေကြ ရင်း ကူသံပေးကာ ချစ်တေးသီနေကြသည်ကို လွမ်းမောဖွယ် တွေ့မြင်နေရသည်။

"ကိုသိန်းလွင် ... သတိထားမောင်း။ ရှေ့မှာ နွားအုပ် လမ်းဖြတ်ကူးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အစ်ကိုကြီးဦးသိန်းလွင် ကားမောင်းနေသည်က ဖြည်းဖြည်းနဲ့ မှန်မှန်ရယ်သာ။ လမ်းကိုဖြတ်ကူးပြီး ရွာထဲကိုဝင်တော့မည့် နွားအုပ်နှင့်လည်း အလှမ်းဝေးသေးသည်ဆိုပေမဲ့ လူကြီးပီပီ စိုးရိမ်စိတ်ဖြင့် အဘကောင်းက ပြောလိုက်ခြင်းရယ်သာ။ သို့အတွက် အစ်ကိုကြီး ဦးသိန်းလွင်က ...

''ဟုတ်ကဲ့ ... အဘ၊ ရပ်ထားလိုက်မယ်။ နွားအုပ်ဖြတ်ကူးပြီးမှ မောင်းဆက်ကြတာပေါ့။ ဒါနဲ့ ကလီထော်ရွာက လှမြင့်ကို ဝင်ခေါ်ဖို့ မေ့သွားတယ်နော်''

သူပြောလိုက်သည်ကလည်း မှန်နေသည်။ သည်ခရီးကို မထွက်ခင်ကတည်းက ကျွန်တော်တို့ သုံးဦးသား ပျော့ကွက်၊ ဟာကွက်မရှိအောင် အစနဲ့အဆုံးညှိနှိုင်းကာ ထွက်လာခဲ့ကြရာ လှည်းကူးမှ ဖောင်ကြီးသို့အလာ လမ်းဘေးတွင်ရှိသည့် ကလီထော်ကျေးရွာနေ မုဆိုးလှမြင့်ကိုခေါ်ရန် မည်သူမှ သတိမရလိုက်ကြခြင်းအတွက် တစ်ဦးမျက်နှာတစ်ဦး ကြည့်နေလိုက်စဉ် အဘကောင်းက ...

''ငါ လူကြုံနဲ့ကြုံပြီး အကြောင်းကြားထားတယ်။ အခုလောက်ဆို ကိုဦးတို့ဆီကို ရောက်နေလောက်ပြီ''

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ ဘာမှဆက် မပြောတော့။ လှမြင့်ဆိုသူက (စီအိုဒီ)တပ်မှ တပ်ကြပ်ကြီး အငြိမ်းစားတစ်ဦးဖြစ်သည်။ မုဆိုးဝါသနာ အလွန်ကြီးသူဖြစ်ပြီး တပ်မှ အငြိမ်းစားယူပြီးနောက် မိုးယံတစ်လက်ကိုင်ဆောင်လျက် ရိုးမကြီးအတွင်းဝင်ကာ သားကောင်တွေကို ပစ်ပြီး မိသားစုဘဝ ရပ်တည်နေသလို တောတွင်းအတွေ့အကြုံ ရင့်သန်သူ တစ်ဦးဖြစ်ပေသည်။

နွားအုပ်က ရွာထဲသို့ဝင်သွားပြီမို့ ကားကိုစက်နှိုးကာ မြေနီလမ်း အတိုင်းဝင်ခဲ့ရာ ရွာထိပ်အုန်းနဲ့ပင်ကြီးအရိပ်အောက် ထန်းရည်ဆိုင်ကလေး ရှေ့တွင် ရပ်လိုက်တော့ ဆိုင်တွင်းမှ လူများပြေးထွက်လာပြီး ...

''အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်နဲ့ ဘိုလေးတို့ ရောက်လာကြပြီကွ။ ဟိုအကောင်တွေတော့ ပါမလာကြပါလားဟ''





ထန်းရည်သောက်ကြရင်း စောင့်နေကြသည့် ရွာခံမုဆိုးများက ဆိုင်ပြင်သို့ ပြေးထွက်ကြိုဆိုကြသည်။ ကြည့်လိုက်တော့ ကိုဦး၊ ယောင်ကြီး၊ ယဉ်ကြိုင်နှင့် လှမြင့်တို့လေးဦးပင်။ အစ်ကိုကြီးဦးသိန်းလွင်က ...

''လှမြင့် ... မင်း ဘယ်တုန်းက ရောက်နေတာလဲကွ''

''ကျွန်တော် မနက်ကတည်းက ရောက်နေတာလေ။ အဘကောင်းက ရွာကနေစောင့်ပါဆိုလို့ ကြိုထွက်လာခဲ့တာ။ ဒါနဲ့ ဟိုအကောင်တွေ ပါမလာကြဘူးလား''

''မအားကြဘူးလေ လုပ်ငန်းတွေများနေကြလို့။ ထန်းရည်ကောင်းရဲ့လား ...''

မူးယစ်စေတတ်သော အရာကိုဆိုလျှင် လူကို ပတ်ချာလှည့်ခြင်းကိုပင် အလွတ်ပေးလေ့မရှိသော အစ်ကိုကြီးစကားကြောင့် ရွာခံမုဆိုး ကိုဦးက ...

''ကောင်းတယ် ... အစ်ကိုကြီး၊ ဦးဖင်းဝင်းကြည် ကျောင်းသိုက်ထဲက အပင်တွေကချထားတဲ့ ထန်းရည်လေ''

''ဘယ်ဦးဖင်းဝင်းကြည်လဲ ... ကိုဦးရဲ့၊ ပြောပါဦးဟ''

''ဟို ... ဖိုးကျိန်းစခန်းက မုဆိုးဝင်းကြည်လေ။ ပြီးခဲ့တဲ့သုံးနှစ်လောက်က ဝက်ဝံနဲ့ထိပ်တိုက်တိုးပြီး အပြန်အလှန်တိုက်ကြရင်း ဓားနဲ့ခုတ်အနိုင်ယူလိုက်တဲ့ ဝင်းကြည်ပေါ့။ ဆေးရုံမှာ တစ်နှစ်လောက် ကုလိုက်ရတယ်။ ခုတော့ မုဆိုးဘဝကိုစွန့်ပြီး ရဟန်းဘဝနဲ့ အရိုးထုတ်တော့မှာမို့ ဘုန်းကြီးဝတ်လိုက်တယ်။ ခုတော့ အဲဒီမှာ ကျောင်းထိုင်ဖြစ်နေတဲ့ ဦးဖင်းပေါ့။ သူ့ကျောင်းဝိုင်းထဲမှာ ထန်းပင်(၅၀)လောက်ရှိမယ်။ အစ်ကိုကြီးတို့အဖွဲ့ လာကြမယ်ဆိုလို့ ပေးလိုက်တဲ့ထန်းရည်ပဲ။ ကောင်းပါတယ်''

ကိုဦးကလည်း ထန်းရည်အကြောင်းကို ရှင်းပြလိုက်ပြီး နောက် ကျွန်တော်တို့ ကားစက်ဖုံးကို ဖွင့်ထားလိုက်ပြီး ဝါးစားပွဲနှင့် ကုလားထိုင်များတွင် ထိုင်လိုက်ကြကာ ပုတတ်ကင်၊ အမဲကြော်များနှင့် စားသောက်နေကြစဉ် ယောင်ကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က တောဝက်တစ်ကောင် ပစ်လို့ရထားတယ်။ အိမ်မှာ စားကြဦးနော်"

ယောင်ကြီးပြောလိုက်စဉ် အဘကောင်းက လက်မှနာရီကို ကြည့်လိုက်ရင်း ...

"ဒီနေ့ည နားလိုက်ကြပြီး မနက်အတွက် ဘယ်လိုစီစဉ်ထားကြလဲကွ"

"အဘတို့သဘောကို ပြောပါ။ ကျွန်တော်တို့ကတော့ အသင့်ပဲ။ ဒိုက္ကာနဲ့ လှည်းကိုလည်း စီစဉ်ထားပြီးသား။ လိုတာရှိရင် ဘိုလေးတို့ဆိုင်မှာ အချိန်မရွေး ဝယ်လို့ရတာပဲ"

ကိုဦး ပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့အဖွဲ့ ကြောင်အမ်းအမ်း ဖြစ်သွားသည်ကိုကြည့်ရင်း သူတို့လေးဦးသား ဝိုင်းရယ်လိုက်ကြသည်ကို တွေ့လိုက်ရသည်။ အဘကောင်းက သူတို့ မျက်နှာတွေကို လိုက်ဝေ့ကြည့်လိုက်ရင်း ...

"ဘိုလေးဆိုင် ... ဟုတ်လား။ သူက ဒီရွာမှာ ဘာဆိုင်လာတည်ထားလို့လဲကွ"

အဘကောင်း မေးလိုက်သည့်အတွက် လူမြင့်က ရယ်ရယ်မောမောနှင့် ...

"သူကတော့ ဖွင့်တာမဟုတ်ပါဘူး။ သူ့အမျိုးသမီး ဖွင့်ထားတဲ့ဆိုင်လေ"

"ဟုတ်လား ... ဒီရွာမှာ သူ့အမျိုးသမီးဆိုတာက ဘယ်သူလဲကွ။ ပြောကြပါဦး။ ငါတို့တောင် ဒီကိစ္စမသိဘူး။ တော်တော်လျှိုတဲ့လူ"

အဘကောင်းစကားကြောင့် အစ်ကိုကြီး ဦးသိန်းလွင်က တအံ့တသြ အကြည့်မျိုးနှင့် ကျွန်တော့်ဆီရောက်လာချိန် ရွာခံမုဆိုးကိုဦးက ...

"ဘယ်သူရှိရဦးမှာလဲ အပျိုကြီး မလွမ်းလေ။ အပျိုကြီး မလွမ်းပဲပေါ့။ ဘိုလေးအကြောင်းကို မေးလိုက်ရတာ မမောနိုင်မပန်းနိုင် နေ့စဉ်လာပြီး မေးနေတော့တာပဲ။ ဒီနေ့ သူ့ဟာကြီး လာမယ်ဆိုတာလဲ သိထားတယ်လေ။ စောစောကတောင် ထန်းရည်ဆိုင်ကို လိုက်လာပြီး ချိန်းထိုး





မရောက်သေးဘူးလားတဲ့။ လမ်းမှာများ တစ်ခုခုဖြစ်နေမလားဆိုပြီး စိုးရိမ်နေလို့တဲ့လေ"

"ဗုဒ္ဓေါ ..."

ကိုဦး ပြောလိုက်သည့် စကားကြောင့် ကျွန်တော့်ပါးစပ်မှ ဘုရားတလိုက်ချိန် သူတို့ ဝိုင်းဝန်းရယ်မောလိုက်သံက ဥတိုကျေးရွာဝန်းကျင်အနှံ့ ပျံ့နှံ့သွားဟန်ထင့်။ ထိုစဉ် ကိုဦးဇနီး မစမ်းမြက ...

"ဟုတ်တယ် ... အစ်ကိုကြီးရဲ့၊ ကျွန်မက မိန်းမသားလည်းဖြစ်၊ ကလေးသုံးယောက်ရဲ့ မိခင်ဆိုတော့ မိန်းမချင်း ပိုသိပါတယ်။ ကျွန်မယောကျ်ားပြောတာ အမှန်ပဲ။ မယုံရင် စောင့်ကြည့်၊ ဟင်းစား လာပို့ဦးမယ်တဲ့လေ"

မစမ်းမြကြီးကိုယ်တိုင် ကြားမှ ဝင်ပြောလိုက်သည့်စကားကြောင့် ကျွန်တော် အလွန်အံ့သြမိသလို အဘကောင်းနှင့် အစ်ကိုကြီး သိန်းလွင်တို့လည်း မျက်လုံးပြူးသွားကြသည်က အမှန်။ အဘယ့်ကြောင့်ဆိုသော် သူတို့ အတည်ပေါက်ပြောနေသည့် အတွက်ကြောင့်ပင်။ ထိုကျေးရွာတွင် သူတို့ပြောဆိုစွပ်စွဲနေသည့် မလွမ်းဆိုသည့် ကလေးမကလေးကလည်း အမှန်ရှိနေသည် မဟုတ်ပါလား။

အမှန်တော့ မလွမ်းဆိုသည့် အမျိုးသမီးက အသက်အရွယ်အားဖြင့် (၃၅)နီးပါး အပျိုကြီးတစ်ဦးပင်။ ယခင် သူနေထိုင်ခဲ့သည့် လှည်းကူးမြို့နယ် ထန်းပင်ကုန်းကျေးရွာမှ (စီမံစီးပွား)ဖြင့် ဘွဲ့ရခဲ့သူ တစ်ဦးပင်။ မိဘနှစ်ပါး မရှိတော့ မောင်နှင့်ညီမလေးကို တာဝန်ယူ သင်ကြားပေးရင်း အိမ်ထောင်ဦးစီး အဖြစ် တာဝန်ယူနေခဲ့ရသူပင်။

ဘဝပေးအခြေအနေအရသော်လည်းကောင်း လက်ရှိစီးပွားရေး အခြေအနေတို့အပြင် သူယူထားသည့် (စီမံစီးပွား) ဘွဲ့ကို အားထားကာ ကျွန်တော်နှင့်သူမ ဆုံတွေ့ခဲ့ကြရသည့် ထိုဥတိုကျေးရွာကလေးဆီ မိသားစု အလိုက် ပြောင်းရွှေ့နေထိုင်ခဲ့သည်။

သူမနှင့် ကျွန်တော် တွေ့ဆုံကြကြိုက်မှု အမှတ်တရဖြစ်ရပ်က ကျွန်တော့်လို မုဆိုးတစ်ယောက်အတွက် သာမန်မုဆိုး အတွေ့အကြုံဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမဘက်က ကြည့်မည်ဆိုလျှင် သူမအသက်ကို တောကောင်လက်ထဲ ဝကွက်အပ်လိုက်ရသည့်အချိန်မှ ယခု အချိန်ထိ အသက်ရှင်သန်ခဲ့ရခြင်းသည် ကျွန်တော့် ကျေးဇူးကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချကာ ကျွန်တော် သွားလာလှုပ်ရှားနေသည့် နေရာဆီသို့ မိသားစုပြောင်းရွှေ့လာကြပြီး ကျွန်တော့်ကို မျှော်လင့်စောင့်စားနေသူဖြစ်ပေသည်။

သူမနှင့်ကျွန်တော် ဆုံစည်းခဲ့ပုံကိုလည်း ကြည့်ဦး ...။

၁၉၆၈ ... ခုနှစ်၊ မိုးဦးပိုင်းကာလ၊ ပန်းတောကုန်းကျေးရွာတွင် ဖြစ်သည်။ ထိုကျေးရွာကလေးသည် ဖောင်ကြီး ဗဟိုဝန်ထမ်းကျောင်းဘေးတွင်ရှိသည့် ရွာကလေးပင်။ ပဲခူးရိုးမကြီးအတွင်း တိုးဝင်ရန်အတွက် ဤရွာကလေးမှ သည်ဆိုလျှင်လည်း ရသည့်နေရာပင် (ယခုအခါ လှည်းကူးရေလှောင်တမံ တည်ဆောက်ပြီး မလွှတ်ကင်းသောရွာတွေကို ဖျက်သိမ်းလိုက်သော်လည်း ထိုရွာကလေးက လွတ်သည့်အတွက် ယခင်ကအတိုင်း တည်ရှိနေသည့် ရွာကလေးပင်) သင်တန်းကျောင်းဘေးမှ ရိုးမကြီးဘက်သို့ တိုးဝင်ရသည့် ရွာတန်းရှည်ကလေးတစ်ရွာပင်။ အိမ်ခြေတစ်ရာကျော်ရှိပြီး လုပ်ငန်းတွေက သစ်ခုတ်၊ ဝါးတိုက်၊ မီးသွေးဖုတ်၊ ကြိမ်နွယ်၊ ဓနိ စလူ၊ တောင်ယာလုပ်ငန်းတို့ကို လုပ်ကြသည့်အပြင် အချို့က တောတွင်းသားကောင်တို့ကို ပစ်ခတ်ခြင်း၊ ထောင်ချောက်ဆင် ဖမ်းဆီးခြင်းလုပ်ငန်းများဖြင့် မိသားစုဘဝ ရပ်တည်နေကြရသည့် ရွာကလေးပင်။

ထိုကျေးရွာကလေးသို့ ရိုးမကြီးနှင့် ဆက်စပ်ပြီး အမဲသားကောင်တို့ပေါ်များရာဖြစ်သည့်အတွက် ကျွန်တော်သည် ရွာခံမုဆိုး ကျွန်တော့်ရဲဘော် ထွန်းဦး (ထိုသင်တန်းကျောင်းမှ ရဲတပ်ကြပ်) ထိုကျောင်းအတွင်း နေထိုင်သူထံ သွားရောက်ပြီး ထိုဝန်းကျင်အား အနှံ့လိုက်လံ ပစ်ခတ်နေသူပင်။ ထိုနေ့ကလည်း သင်တန်းကျောင်းနောက် (စက်ပစ်ကွင်း) နောက် ဝါးကောက်တောကြီးမှာ တောပုန်းချောင်းရင်း ပစ်ခတ်သည့်အချိန်။

ထိုသင်တန်းကျောင်းကြီး၏ နောက်ကျောတွင် သင်တန်းတက်ရောက်သူတို့အတွက် စစ်ရေးလေ့ကျင့်ရာတွင် အဓိကကျသည့် သေနတ်ပစ်လေ့ကျင့်ခန်းကြီးရှိရာ လေ့ကျင့်ပစ်ခတ်ရာတွင် လုပ်သားပြည်သူများကို အန္တရာယ်





မဖြစ်စေရေးအတွက် ထိုဝါးကောက်တောကြီးကို နောက်ခံထားပြီး ခံကတုတ်ထားကာ ပစ်မှတ်များကိုထားသည်။ သို့မှသာ ပစ်ခတ်လိုက်သောကျည်ဆန်က ပစ်မှတ်ကိုထိပြီး နောက်တွင်ရှိသည့် ခံကတုတ်အတွင်း နစ်မြုပ်ဝင်သွားပေမည်ဖြစ်သည်။ အကယ်၍များ ကျည်ခဲတောင့်က အပေါ်ကို လွှဲသွားလျှင်လည်း ထိုဝါးတောကြီးအတွင်း ဝင်သွားပြီး လူကို အန္တရာယ်မပေးသည့် နေရာပင် ဖြစ်ပေသည်။

ထိုဝါးကောက်တောကြီးကား ကေများစွာ ကျယ်ဝန်းပြီး တပြန့်တပြော ကျယ်ဝန်းသလို ပဲခူးရိုးမကြီးအတွင်းကိုလည်း ရောက်နေသည်မို့ တောတွင်းနေ သားကောင်ပေါင်းစုံကလည်း အချိန်တိုင်းလို ဝင်ထွက်သွားလာ ကျက်စားနေသည့် နေရာမို့ အထူးပေါများသည့် နေရာဖြစ်ပေသည်။

အထူးသဖြင့် ထိုတောကြီးအတွင်း ချိုးအုပ်အိပ်တန်း၊ တောကြက်၊ ရစ်၊ သာလိကာ၊ ကြက်တူရွေး၊ အောက်ချင်း၊ ငှက်ဝါးရောင်၊ ငှက်ငွေ့ကျသည်တို့ အိပ်တန်းဖြစ်သလို မြေပြင်ထက်တွင်လည်း လူကို အန္တရာယ်ပေးသည့် ကျား၊ ကျားသစ်၊ ဝံလိုအကောင်များအပြင် ဂျီ၊ ဒရယ်၊ ဆတ်၊ တောဝက်၊ အခြားသားကောင်ငယ်များနှင့် မြွေဆိုးအမျိုးမျိုးလည်း ပေါများရာဖြစ်သည်။ သို့အတွက် ထိုနေရာသို့ ကျွန်တော်တို့အဖွဲ့ အချိန်ရလေတိုင်း သာရောက်ပစ်ခတ် အပန်းဖြေနေကြသည့် နေရာပင်ဖြစ်ပေသည်။ ထို့အပြင် ယခုလို မိုးဦးကျကာလတွင် မှိုအမျိုးမျိုးထွက်ရှိသည့် နေရာလည်း ဖြစ်သည်။

ယခုလည်း ကျွန်တော်က အလုပ်အားရက်ကို အခွင့်ကောင်းယူပြီး ထိုနေရာဆီသို့ အမဲပစ်ထွက်ခဲ့ကြခြင်းပင်။ အထူးသဖြင့် ကျွန်တော်တို့အဖွဲ့သားများသည် အားလပ်ရက်ချိန်ကိုလုပြီး ဝါသနာအရ အမဲသားကောင်တွေကို လိုက်လံပစ်ခတ် နေကြရသူများဖြစ်သည်။ လသာရက် လမိုက်ရက်တို့ကို ခွဲခြားမနေနိုင်အား။ ညပိုင်း လသာသည့်အခါ တောပုန်းချောင်းပစ်သည်။ တောမောင်း၊ တောချောက်ပစ်သည်။ စားပင်တွင် လင့်ထိုးသည်။ ညပိုင်း မီးထိုးရှာဖွေ မပစ်တော့။ အနားယူ အိပ်စက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ညပိုင်းတွင် လကြီးက ပြည့်ပြည့်ဝဝသာနေသည့်အတွက် လည်းမပစ်ကြဘဲ နားနေအိပ်စက်လိုက်ကြပြီး မနက်ပိုင်းတွင် အဆာပြေ မိုက်ဖြည့်စားသောက်ပြီး လက်စွဲတော် (၃၂ လက်မ) အရှည်ဘီ အက်စ်အေ နှစ်လုံးပြူးသေနတ်ကို ကျည်ဖြည့်ကာ အသင့်ကိုင်ဆောင်ရင်း ဝါးကောက် တောမကြီးအတွင်းသို့ တောပုန်းချောင်းပစ်ခတ်ရန် ထွက်ခဲ့ပေသည်။

"အောက် ... အီး ... အီး ... အွတ်"

တောင်ပံ တဖြန်းဖြန်းရိုက်ခတ်လိုက်ရင်း သေးသွဲ့သည့် တွန်သံ သာကလေးဖြင့် ဝါးရွက်များကို ယက်ဖယ်လျှက် အစာကောက်ရင်း တွန်သံ ပေးလိုက်သည့် တောကြက်ဖယ်တို့၏ တွန်သံများကို ဟိုအနား သည်အနား ကျီကျီ ကြားနေရသလို၊ အောက်ချင်းငှက်အုပ်နှင့် ငှက်ဝါးရောင်းအုပ်တို့ အော်သံများကိုလည်း ကြားနေရသည်။

ဝါးကောက်တောကြီးတစ်ခွင်လုံး နံနက်ခင်းပေမို့ မြူနှင်းတို့ဖြင့် ရစ်ဆိုင်းလျှက်ရှိသည်။ ခပ်ဝေးဝေးတွင် လှမ်းမြင်ရသော မြွေဟောက်တောင် ကြီးပင် သူ၏ပတ်ဝန်းကျင်တစ်ခွင်၊ တစ်ပြင်လုံး နေခြည်ထွေးထွေးအောက် တွင် မပီပိုးတဝါး တောင်ကျချောင်းကလေးက ရှေ့တွင် ဖြတ်ကာဆီးထား သည့်နှယ် ချောင်းရိုးအတွင်း ကျန်ရှိသည့် ကြည်လဲ့လဲ့ စမ်းရေပြင်ကလေး အနီးတွင် လျှပ်ပြေးလိုင်းတွန့်ကလေးတွေကို တွေ့မြင်နေရသည်။

သားကောင်ပေါပြီး ထိုတောင်ကျချောင်းအတွင်း ရေသောက်ဆင်း ကြသည်ကို မကြာခဏ ပစ်ခတ်လို့ရရှိခဲ့ဖူးသည့် နေရာဖြစ်သည့်အတွက် မာကျောသည့် ဂဝံဆန်သော မြေသားလမ်းကျောအတိုင်း သေနတ်ကို အသင့်ပစ်ခတ်ရန် အနေအထားဖြင့် လျှောက်လှမ်းခဲ့ရာ ဘာကောင်မှ မမြင် တွေ့ရသေးသော်လည်း ဝါးကောက်တောကြီးအတွင်း ကျဲပါးစွာ ပေါက်နေ သည့် သစ်ပင်မြင့်တို့ထက်တွင် လင်သက်ဖိုမ မိတ်ဆော်သံ၊ ရှဉ့်တေးသံကြား ကလေးများက တောက်တဲ့သံ ညံအောင်ပေးရင်း ပြေးလွှားဆော့ကစားသံတို့ ကို ကြားနေရသည့်အကြားမှ ...

"အောင်မယ်လေး ... ကျားကြီးတော့၊ ကယ်ပါဦး"

"ဂုတ် ... ဂုတ် ... ဝေါင်း ... ဝေါင်း ..."





ချောင်းကမ်းနဖူးလမ်းကျောအတိုင်း လျှောက်လှမ်းနေစဉ် လက်ယာ ဘက် အရှုတ်တောအတွင်းမှ မိန်းမသံတစ်သံကို ကြားလိုက်ရသည်နှင့် အတူ ခွေးများ၏ ဟောင်သံစူးစူးကို ကြားလိုက်ရသလို မာန်ဖီသံကိုလည်း ကြားလိုက်ရသဖြင့် လှမ်းလက်စခြေလှမ်းကို ရပ်တန့်ကာ အသံကြားလိုက်ရာ ဘက်ဆီသို့ နားစွင့်ပြီး အခြေအနေကို အကဲခတ်လိုက်သည်။

အခြေအနေက တောတိုးသူတစ်ဦးအား ကျား(သို့) ကျားသစ်လို အကောင်မျိုးနှင့် ထိပ်တိုက်တိုးကာ အန္တရာယ်ပေးခြင်းကို ခံလိုက်ရပြီအထင်နှင့် အသံကြားရာ အမျိုးသမီးရှိရာဆီသို့ အတင်းပြေးလွှား သွားလိုက်ချိန် သစ်ပင်ကြီးကိုင်းဆုံထက်က သစ်ဆင်တစ်ကောင်က တောချုံအတွင်း လွှား ခနဲခုန်ဆင်းကာ အရှုတ်တောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။

ထိုစဉ် အမျိုးသမီးအဖော်ဖြစ်ဟန်တူသော ခွေးနှစ်ကောင်က ကျွန် တော့်ကို တွေ့မြင်သဖြင့် အောက်ကိုခုန်ဆင်းကာ အရှုတ်တော-ကြီးအတွင်း ပြေး ဝင်ပျောက်ကွယ်သွားသည့် သစ်ဆင်နောက်ကို အားတက်သွားသည့် ခွေး နှစ်ကောင်က တစ်ဟုန်ထိုး ပြေးလိုက်သွားသည်ကိုလည်း မြင်တွေ့လိုက်ရ သည်။

ခွေးနှစ်ကောင်က သစ်ဆင်ကြီး ခုန်ဆင်းတိုးဝင်သွားသည့် အရှုပ် တောအတွင်း တိုးဝင်လိုက်သွားရာ မကြာမီအချိန်အတွင်း ခွေးနှစ်ကောင်၏ ငယ်သံငယ်ရင်း အော်ဟစ်ညည်းညူသံကိုပါ ကြားလိုက်ရပြန်သည်။ ခွေးနှစ် ကောင်ကား ချုံတောအတွင်းမှ သစ်ဆင်ကောင်၏ ပြန်လည်တိုက်ခိုက်ခြင်း ကို ခံလိုက်ရပေပြီ။

လူကိုပါ ဆက်ပြီး အန္တရာယ်ပေးတော့မည့် အသွင်ကြောင့် မိန်းကလေး အော်သံကြားလိုက်ရာဆီသို့ ချုံပင်ငယ်တို့အတွင်း တိုးဝေ့ကာ ပြေးလွှားသွား ရင်း ကြည့်လိုက်ရာ၊ ခွေးနှစ်ကောင်မှာ သစ်ဆင်၏ ပြန်လည်ရန်မူခြင်းကို ခံလိုက် ရပြီး မြေပြင်တွင် ဒဏ်ရာဒဏ်ချက်လဲကာ သွေးသံရဲရဲနှင့် တစ်ကောင်က အသက် ပျောက်နေပြီဖြစ်သလို ကျန်တစ်ကောင်က ဗိုက်ပွင့်လျက် အူမများထွက်၍



www.burmeseclassic.com

www.burmeseclassic.com



တအိုင်အိုင်ညည်းညူ၍ အသက်ငင်နေသည်ကို တွေ့လိုက်ရသလို မိန်းမငယ်မှာ ပုဆိုးပေါင်းနှင့် ထုပ်ထားသောအထုပ်ကို ခေါင်းပေါ်ရွက်ရင်း ဒူးတုပ်ထိုင်ကာ တဆတ်ဆတ် တုန်ယင်ကြောက်လန့်နေသည့်အဖြစ်ကို တွေ့လိုက်ရသည်။ ထိုအချိန် သူမဘေး အရှုပ်တောအတွင်းရှိ သစ်ဆင်ကောင်ကြီးက လျှပ်တစ်ပျက် လှမ်းခုန်အုပ်လိုက်သည်မို့ ကျွန်တော်က မျက်နှာချင်းဆိုင်အနေအထားဖြင့် ဒူးထောက်ကာ သေနတ်ကိုပင့်တင် ဖြုတ်ချလိုက်ပေတော့သည်။

"ဒိုင်း ... ဒိုင်း ..."

အရည်ပျော့သည့် သားကောင်ဖြစ်သည်မို့ ညာဘက်ပြောင်းအတွင်း (၉)လုံးကျည် ကျည်တစ်တောင့်နှင့် လုံလောက်သော်လည်း အထက်စည်းမှ ခုန်အုပ်လိုက်သည့်အတွက် ဘယ်ပြောင်းအတွင်းမှ (၆) လုံးကျည်ကိုပါ ထပ်ဆင့်ပစ်ခတ်လိုက်ရာ ပေါက်ကွဲသံကြီးနှင့်အတူ သေနတ်အတွင်း ကျည်ခဲ လုံး (၁၅)လုံး၏ တွန်းကန်အားကြောင့် သစ်ဆင်ကောင်၏ ခန္ဓာကိုယ်မှာ အရှိန်ဖြင့် အပေါ်သို့ မြောက်၍ပါသွားပြီး ခပ်လှမ်းလှမ်းရှိ ချုံပင်များအပေါ်သို့ ဘုန်းခနဲပစ်ကျကာ ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်က လျှင်မြန်သွက်လက်စွာနှင့် သေနတ်ဖက်ကိုချိုး ကျည်ခွံကိုထုတ်၊ ကျည်သစ်နှစ်တောင့် အမြန်ထိုးသွင်းလိုက်ပြီး နောက်ထပ် လှုပ်ရှားမှုကို စောင့်စားကြည့်နေလိုက်သည်။ သစ်ဆင်ကောင် အသက်ပျောက်သွားသည့်အတွက် လှုပ်ရှားမှုကို မတွေ့ရသဖြင့် စောစောက ကြောက်လန့်တကြား အော်ဟစ်လိုက်သည့် အမျိုးသမီးထံ အကြည့်က ရောက်သွားသည်။ ထိုမိန်းကလေးမှာ နုပျိုငယ်ရွယ်သည့် အမျိုးသမီးတစ်ဦး ဖြစ်နေသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ရပေသည်။

"ဘုရား ... ဘုရား ... ကံကြီးလို့ပါလား ..."

ပါးစပ်က ထွက်ပေါ်လာသည့် စကားကို သူမကြားဟန်မတူ။ ဘာတစ်ခွန်းမှ ပြန်မပြောပဲ သွေးသံရဲရဲနှင့် မြေပြင်တွင် ဘေးတိုက်လဲကျ အသက်ပျောက်နေသည့် သစ်ဆင်ကောင်ကြီးကိုကြည့်ရင်း အတုံးတုံး အချီချီဖြစ်နေ





သည်မို့ ကျွန်တော်က သူမပုခုံးကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်သတိပေးရင်း အထပ်ထပ် အခါခါ ခေါ်လိုက်သည့်အတွက် သတိပြန်ဝင် လာဟန်ထင့်။ အတုံးတုံး အချီချီ အထစ်ထစ်အငေါ့ငေါ့နှင့် ...

"ကျွန်မလေ ကျွန်မ ... မို့၊ မို့ရှာရင်း ..."

"အော် ... မို့ရှာရင်း ဒီအကောင်နဲ့ တိုးတာကိုး။ ကံကြီးပေလို့ကွာ။ စိတ်ငြိမ်သွားအောင် ရေနည်းနည်းသောက်လိုက်နော်"

ကျွန်တော်က ရေဘူးကိုကမ်းပေးလိုက်သည့်အတွက် သူမက အနည်းငယ် မော့သောက်လိုက်ပြီး ပြောလိုက်သည်က ...

"ကျွန်မမှတ်ထားတဲ့ မို့ကျင်းက ဒီကနေ့ခူးရမှာမို့ ခွေးတွေခေါ်ပြီး ခူးဖို့သွားရင်း ခုလိုဖြစ်ရတာပါရှင်။ ကျွန်မ အသက်ကို အစ်ကိုကယ်လိုက်လို့ ကျေးဇူးတင်ပါတယ်ရှင်"

"မို့ကျင်းဆီကိုသွားမလို့ ... ဟုတ်လား။ အဖော်လေးဘာလေး ခေါ်လာရောပေါ့။ အန္တရာယ်များလိုက်တာ။ မင်းက ဘယ်ရွာကလဲ။ ဘယ်သူ့သမီးလည်း ပြောပါဦးကွ"

"ကျွန်မ ပန်းတောကုန်းရွာမှာ နေပါတယ်။ နာမည်က မလွင်ပါ။ မှတ်ထားတဲ့ မို့ကျင်းက ဒီနေ့ သတ်မှတ်ရက်မို့ လာခဲ့တာပါရှင်။ မို့ကျင်း မှတ်ထားကြတဲ့ သူတွေက ကျင်းဖော်တဲ့အခါ အခြားသူတွေ မခေါ်ကြရတဲ့ ထုံးစံမို့ တစ်ယောက်ထဲ ထွက်ခဲ့တာပါ။ ခါတိုင်းလည်း ခုလိုပဲ သွားနေတာပါ။ ခုလို ဘယ်သူမှလည်း ဖြစ်တယ်လို့ ပြောသံလည်း မကြားမိပါဘူး။ ခုမှသာ ..."

"ရိုးမကြီးနဲ့ ဆက်နေတာဆိုတော့ ဒီအကောင်တွေ ဝင်ထွက်သွားလာနေကြတော့ ပုံသေပြောလို့မရဘူးလေကွယ်။ ဒါနဲ့ မို့ကျင်းကို အခြားလူမခေါ်ရတာ ဘာကြောင့်လဲ"

"ဩော် ... အစ်ကိုရယ်၊ မို့ကျင်းရှိတဲ့နေရာ အခြားလူကို ခေါ်သွားတော့ နောင်နှစ် အဲဒီနေရာကို သူက ဦးအောင်နှုတ်လိုက်ရင် ကိုယ်မရတော့ဘူးပေါ့။ ဒါကြောင့် အသိမပေးချင်လို့ မခေါ်တာပါ။ ဒါက တောသူတောင်သားတွေရဲ့ ထုံးစံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောနေစဉ် ကျွန်တော့်အကြည့်က သူ့ဆီကိုရောက်သွားပြီး တစ်ကိုယ်လုံး လွှမ်းခြုံ၍ ကြည့်လိုက်မိသည်။ ညိုညက်ညက်အသားအရည်နှင့် နုဂိုလန်းဆန်းပြီး မျက်ခုံးအစုံက စင်ရော်တောင်နယ်။ မျက်တောင်ကော့ကြီးများအောက် ကြည့်လဲ့သော မျက်ဝန်းအစုံအောက် ချွန်မြသောနှာတံ၊ ခပ်ဖူးဖူးနှုတ်ခမ်းအစုံက ခပ်ရဲရဲကလေးပိုင်ရှင်၊ မခြယ်သ,ဘဲ သူမအလှက လင်းသလို လဲ့သလိုနှင့် ကျစ်လစ်သိပ်သည်းသော အလှပိုင်ရှင်မကလေးပင်။ သူမကို သိမ်းကြုံးကြည့်နေသည့်အတွက် မိန်းကလေးက ရှက်သွေးဖြာသွားဟန်ထင့် ပါးအစုံက ရဲခနဲဖြစ်သွားသည်ကို သတိပြုလိုက်မိသည်။

''ညီမနာမည်က မလွမ်းတဲ့ . . . ဟုတ်လား။ နာမည်က လှတယ်နော်''

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် သူမ ခေါင်းငုံ့သွားသည်။ သို့အတွက် . . .

''ဒါနဲ့ မလွမ်း၊ ဒီဝါးကောက်တောကြီးထဲမှာ မျှော်လင့်မထားဘဲ အစ်ကိုလို မုဆိုးတစ်ယောက်နဲ့ မှို့နတ်သူ အမျိုးသမီးတစ်ယောက်တို့ရဲ့ ထင်မှတ်မထားဘဲ တွေ့ဆုံအောင် ဖန်တီးပေးလိုက်တဲ့ ဒီသစ်ဆင်ကောင်ကို ညီမအတွက် အမှတ်တရလက်ဆောင် ပေးလိုက်ရပါစေ။ အမှတ်တရ ယူလိုက်ပါနော်''

''အို . . . အစ်ကိုရယ်၊ အဲဒီအကောင်ကြီးကို ညီမက ဘာလုပ်ရတတ်မှာလဲ။ အစ်ကိုပဲ ယူပါ''

သူမပြောသည်ကလည်း ဟုတ်သည်။ သစ်ဆင်လို အကောင်တစ်ကောင်၏ တန်ဖိုးကို သူမ သိမည်မဟုတ်။ သူတူးမည့် မှို့လောက် တန်ဖိုးထားတတ်မည်လဲမဟုတ်။ လက်မှနာရီကို ကြည့်လိုက်ရင်း ကျွန်တော်က . .

''ခု မင်းသွားတူးမဲ့မှို့က ဘာအမျိုးအစားလဲကွ''

''ဂျီမှို့ပါ . . . အစ်ကို။ ခုအချိန် ဈေးကောင်းပေးပြီး မှာတဲ့ဖောက်သည်တွေရှိနေတော့ သူတို့ကို ကတိပေးပြီးမှ မရဘူးဆိုရင် အပြစ်တင်ခံရမှာမို့ပါ''





''ဘယ်နားမှာလဲ ပြောပါဦး''

''ရှေ့တောအုပ်ကလေးမှာပါပဲ''

''ကဲ . . . သွားလိုက်ကြရအောင်။ မှို့နုတ်ပြီးရင် မင်းရွာကို ပါလိုက်ပို့မယ်။ ပန်းတောကုန်းရွာလယ်မှာ ဝါ့တပည့်ယဉ်ကြိုင်ဆိုတာ ရှိတယ်။ သူနဲ့တွေ့ပြီး ဝါစီစဉ်လိုက်ပါ့မယ်။ ကဲ . . . သွားလိုက်ကြရအောင်''

သေနတ်ကို အသင့်ကိုင်ဆောင်လျက် မှို့ကျင်းရှိရာဆီသို့ လျှောက်လှမ်းလိုက်ကြသည်။ စိတ်ထဲတွင်လည်း မှို့အကြောင်းကို စဉ်းစားနေလိုက်မိသည်။ ဗ မှို့ဆိုသည်က ယခုလို မိုးဦးကာလတွင် ငှက်စို့မှို့နှင့် တောင်ပို့မှို့တို့ပေါက်ကြသည်။ မိုးလယ်ပိုင်းဆိုလျှင် မှို့အုန်းနက်၊ ဝါးရုံမှို့၊ ဂျီမှို့၊ စကွဲမှို့၊ မှို့အင့၊ မှို့ဥနွားချေးမှို့တို့ ပေါက်ကြသလို အခြား မစားကောင်းသော အရောင်အဆင်းမျိုးစုံရှိသည့် မှို့အမျိုးပေါင်းစုံ၊ ပုံသဏ္ဌာန် အရွယ်အစားမျိုးစုံတို့ သည်ဝါးကောက်တောကြီးအတွင်းနှင့် ရိုးမကြီးရင်ခွင်တွင်း ပေါက်ကြသည်။

နောက်တစ်ချက်က သစ်တောထူထပ်ရာ အောက်ခြေရှင်းသည့် မြေသားထက်တွင်လည်း ပေါက်ကြသည်။ ကျောက်သားဆန်သည့်မြေတွင်လည်းကောင်း၊ နွယ်မြက်ထူရာတွင်လည်းကောင်း မပေါက်ကြ။ ယခု သူမနုတ်မည့် ဂျီမှို့ဆို သည်က ငှက်စို့မှို့၊ တောင်ပို့မှို့တို့လို နေရာအနှံ့မပေါက်ကြ။ သစ်တောကြီးတို့ အရိပ်အောက် မြေပြင်ထက်တွင်သာ ပေါက်ကြသည်။ မှို့အသားက မာကျောပြီး (အသားကို) စားနေရသကဲ့သို့ စေးစေးပိုင်ပိုင်ရှိသည်။ ရွာပါး၍ လူကြိုက်များကာ တန်ဖိုးကြီးသည့် မှို့အမျိုးအစားဖြစ်သည်။ အရောင်အဆင်းက နီညိုရောင်ဖြစ်သလို (အနီ+အဝါ+အညို) ရောင်များလည်း ရှိကြသည်။ အရောင်ကွဲပြားသော်လည်း အရသာက တူညီကြသည်။ ဂျီတစ်ကောင်၏ အရောင်အဆင်းနှင့် တူသည့်အတွက် ဂျီမှို့ဟု ခေါ်ကြခြင်းဖြစ်သည်။

နှစ်ဦးသား လျှောက်လှမ်းခဲ့ကြရင်း မှို့ကျင်းရှိရာဆီသို့ ရောက်လာသည့် ကျွန်တော်က ထိုနေရာဆီသို့ မသွားသေးဘဲ ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်ရှုနေမိသည်။ ဘာကြောင့်ဆိုသော် မှို့ထွက်သည့်နေရာတွင် မြွေဆိုးများရှိတတ်သည့်အတွက်ကြောင့်ဖြစ်သည်။ သို့သော် ယခု ကျွန်တော်တို့မည့်



www.burmeseclassic.com

www.burmeseclassic.com



မှိုသည် ယနေ့မှ မြေတွင်းက တိုးထွက်လာကာစဖြစ်သလို အဖူးငုံကလေးအဆင့်မျှသာ။ သို့အတွက် မှိုဖူးကလေးတွေကိုနှုတ်၊ ပုဆိုးဖြင့်ထုပ်ကာ သူမကရှက်ပြီး နှစ်ဦးသား ပန်းတောကုန်းရွာ ပြန်ခဲ့ကြသည်။ သူမအိမ်မှတစ်ဆင့် ရွာခံမှဆိုး ယဉ်ကြိုင်အိမ်သွားကာ သစ်ဆင်ကောင်ကြီးအား သယ်ပိုး၍ လိုအပ်သလို စီစဉ်ရန် နိုင်းလိုက်ပြီး ဥတိုကျေးရွာဆီသို့ ပြန်ခဲ့ပေတော့သည်။

''ဒါနဲ့ ဒေါ်စမ်းမြ . . . ကျွန်တော် သူနဲ့သိတာ ပန်းတောကုန်းကျေးရွာမှာနေပြီး ဝါးကောက်တောထဲ မှိုတွင်းတူးရင်း သူ့အန္တရာယ်ကို ကာကွယ်သေးခဲ့ရာကသိခဲ့တာပဲ။ ခု ဒီရွာကို ဘယ်လိုကြောင့် ပြောင်းရွှေ့လာခဲ့တာလဲ ဘင်''

''ကျွန်မအထင်ပြောရရင် သူ့မိဘနှစ်ပါးက ဆုံးပါးသွားပြီး မောင်နဲ့ညီမလေးကို ထိန်းသိမ်းတာဝန်ယူပြီး ရှာဖွေကျွေးမွေးနေသူပဲ။ သူကလည်း ပညာတတ်ဖြစ်သလို မောင်နဲ့ညီမလေးတွေကိုလည်း ပညာတတ်ဖြစ်စေချင်တယ်လေ။ ဒါကြောင့် အိမ်ထောင်မပြုဘဲ စီးပွားရေးကို ဦးဆောင်ရှာဖွေနေသူတစ်ဦးပါပဲ။

ဒီရွာမှာနေကြတဲ့သူတွေကလည်း တောသူတောင်သားတွေလည်း ဖြစ်ပြန်၊ တောနဲ့ဆက်ပြီး ရှာဖွေစားသောက်နေကြတဲ့ သူတွေဆိုတော့ သူ့စိတ်ကြိုက် ဦးဆောင်နိုင်မဲ့လူကို ရှာလို့မတွေ့ဘူးနဲ့ တူပါတယ်။ ပန်းတောကုန်းရွာမှာနေရင်း မှိုရှာရာက အစ်ကိုကြီးနဲ့တွေ့ပြီး သူ့အသက်ကို ကယ်ဆယ်လိုက်သလို အမှတ်တရ လက်ဆောင်ပေးလိုက်တဲ့ သစ်ဆင်ကောင် ရောင်းလို့ရတဲ့ငွေကို ယဉ်ကြိုင်က ပေးလိုက်တော့ သူဝမ်းသာပြီး ဆုံးဖြတ်လိုက်ဟန်တူပါတယ်။

ဒီလိုနဲ့ ယဉ်ကြိုင်နဲ့ တိုင်ပင်ပြီး ဒီရွာကိုပြောင်းလာပြီး တောထွက်ပစ္စည်းတွေ လက်ခံဝယ်သလို ပြန်ရောင်းတဲ့လုပ်ငန်းနဲ့ စီးပွားဖြစ်နေတယ်။ နောက်တစ်ချက်က ဒီအဖွဲ့နဲ့ ပတ်သက်နေကြတဲ့သူတွေ လိုအပ်ချက်ရှိရင် မညည်းမညူ ကူညီတယ်။ အားတဲ့အချိန် အလည်ရောက်လာတတ်ပြီး အစ်ကိုကြီးအကြောင်းကို မေးမြန်းစုံစမ်းတတ်တယ်။ သူ့လုပ်ရပ်တွေအားလုံး





ကို ခြုံစဉ်းစားရင် အစ်ကိုကြီးကို သူစိတ်ဝင်စား နေတဲ့ပုံပဲလို့ တောတ်ချက်ဆွဲလို့ရတယ်ရှင့်''

မစမ်းမြက မလွမ်း၏အခြေအနေကို ရှင်းပြလိုက်သည့်အတွက် အားလုံးက ကျွန်တော့်သဘောထား ဘယ်လိုရှိသည်ကို သိလိုသဖြင့် ဝိုင်းကြည့်လာကြသည့်ခါ . . .

''ခင်ဗျားတို့အားလုံးပဲ ကျွန်တော့်အကြောင်းကို သိနေကြတာပဲဗျာ။ ကျွန်တော် လူတစ်ယောက်ဖြစ်ပေမဲ့ လူပျိုတစ်ယောက် မဟုတ်ဘူးဆိုတာကိုရော၊ ပလူမွေးပလူတောင် အရွယ်မရောက်သေးတဲ့ ကလေး(၃)ယောက် ရှိနေတယ်ဆိုတာကိုရော အသိပဲမို့လား။ ဇနီးသည်ဆုံးသွားလို့ မိခင်ကြီးက အိမ်က လူမမယ်လေးတွေကို ကူပေးနေရတယ်။ အကြီးဆုံးဖြစ်တဲ့ သမီးအသက်က (၇)နှစ်ရှိသေးတယ်။ ကျန်(၂)ယောက်က အောက်က အငယ်တွေလေ။ ကလေးတွေရဲ့ နေရေး ထိုင်ရေး၊ စားရေး သောက်ရေး ကျန်းမာရေး၊ ပညာသင်ကြားရေးကိစ္စတွေရဲ့ တာဝန်တွေက ကျွန်တော့်တာဝန်တွေဆိုတော့ အဲဒီတာဝန်တွေကလွဲရင် အခြား ဘယ်ကိစ္စမျိုးကိုမှ ဦးစားပေးလို့ မရပါဘူး။ ဒါကြောင့် မဖြစ်နိုင်တဲ့အကြောင်းကို အလျှင်းသင့်ရင် နားချပေးကြပါဗျာ နော်''

သည်နေရာတွင် ကျွန်တော့်အကြောင်းကို အနည်းငယ် တင်ပြလိုပေသည်။ ကျွန်တော်သည် ဝါသနာအရ မအားလပ်သည့်ကြားမှ အချိန်ရလျှင် ရသလို သည်နေရာသို့ လာပြီး အဖွဲ့သားများနှင့် အမဲသားကောင်တို့ကို ပစ်ခတ်နေသူတစ်ဦးပင်။ ဇနီးဖြစ်သူ မအေးကြည် လ/ထ ဦးစီးမှူး (ကသရ . . . ၂၂)သည် ကျွန်တော့်ဘဝခရီးဖော်အဖြစ် လက်တွဲကာ လျှောက်လှမ်းခဲ့ကြရင်း သားသမီး(၃)ယောက် မွေးဖွားပြီး အငယ်ဆုံးအကောင် (၁)နှစ်သားသာတွင် ဇနီးဖြစ်သူမှာ ဘဝ၏ ဖိစီးမှုဒဏ်များကြောင့် လေဖြတ်ခြင်းခံလိုက်ရပြီး ဆုံးပါးသွားရှာပေသည်။ ကျွန်တော့်တွင် ဥမမယ် စာမမြောက်ကလေးငယ် (၃) ဦးသာ ကျန်ခဲ့ပေသည်။ ထိုအချိန် ဇနီးသည်၏ မိခင်ကြီးဖြစ်သူက သူ့မြေးများကို ကူညီထိန်းကျောင်း ပြုစုပေးသောကြောင့် ကျွန်တော်က အားလပ်ရက်ကလေးကို အဖွဲ့သားများနှင့် ဝါသနာပါသည့် အမဲလိုက်လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်လို့ရနေခြင်းပင်။ သည်ကြားထဲမှ ရင်သွေးငယ်များကို လက်လွှတ်လိုက်လို့က မည်ကဲ့သို့မှ မဖြစ်နိုင်သည့်ကိစ္စ။

နောက်တစ်ချက်က ထိုအချိန်ကာလသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလ ဖြစ်သည်။ ထိုကာလတွင် ကျွန်တော်က အုပ်ချုပ်ရေးကောဒါတစ်ဦးအဖြစ် တာဝန်ပေးခြင်း ခံထားရသည်။ မိသားစုတာဝန်ကတစ်ဖက်၊ နိုင်ငံတော်တာဝန်ကတစ်ဖက် တာဝန်ပေးသောကိစ္စများကို မနေမနား သွားလာဆောင်ရွက်နေရသောကြောင့် ကိုယ်ရေးကိုယ်တာကိစ္စများ မငဲ့စားနိုင်အား ဘေးဖယ်ထားရ၏။

"ကျွန်မတို့က အစ်ကိုကြီး အခြေအနေကို သိထားကြလို့ ပြောမြို့တော့ သူကိုယ်တိုင်က အဲဒီလိုမျိုးဖြစ်နေတာပဲလေ"

မစမ်းမြက ထိုကဲ့သို့ပြောနေစဉ် မီနပ်ချွတ်တွင် ဝပ်နေကြသည့် အမဲလိုက်ခွေးနှစ်ကောင် ထန်းသီးနှင့်ညိုလုံးတို့က ရုတ်ခြည်းထိုးဟောင်ပြီး မြို့ပြင်ကိုလှမ်းကြည့်လျှက် ဟဲခနဲမာန်သွင်းသံကို ကြားလိုက်ရသဖြင့် လှမ်းကြည့်နေစဉ် ကိုဦးက ...

"ဟိုနှစ်ကောင် ထန်းသီးနဲ့ညိုလုံး ... မလွမ်းလေကွာ။ လူစိမ်းမဟုတ်ဘူးဆိုတာ မသိကြဘူးလား။ ပြန်အိပ်နေကြစမ်း။ နာချင်နေကြပြီထင်တယ်နော်။ ငါ ထလုပ်လိုက်လို့"

ဖခင်ဖြစ်သူကိုဦး မာန်မဲလိုက်သံကြောင့် ခွေးနှစ်ကောင်က နေရာတွင် ပြန်အိပ်နေလိုက်သည်။ ကျွန်တော်တို့အားလုံးက ခြံပြင်ကို လှမ်းကြည့်လိုက်ရာ ငါးဆင့်ချိုင့်ကိုဆွဲ၍ ဝင်ရောက်လာနေသော မလွမ်းဆိုသည့် အမျိုးသမီးကို တွေ့လိုက်ရသည်။ သူတို့မျက်နှာတွေက ပြုံးစိစိနှင့်မို့ ကျွန်တော်က မျက်နှာကို တင်းပြလိုက်တော့မှ ငြိမ်သွားကြသည်။

"အစ်ကိုတို့ရောက်မှ ကြက်သားဟင်းချက်ရတယ်ဆိုတော့ နောက်ကျသွားတယ်။ ကလေးတွေရော နေထိုင်ကောင်းကြရဲ့လား။ ခု သူတို့ကို ဘယ်သူနဲ့ ထားခဲ့လဲဟင်"

သူမက ကြက်သားဟင်းချိုင့်ကိုပေးရင်း မေးလိုက်သည်ကြောင့် ကျွန်တော်က ...





"ဘွားအေနဲ့ ထားခဲ့ရတယ်လေ။ ဖနီးဆုံးပြီးနောက်ပိုင်း ဘွားအေကြီးလာပြီးကူပေးလို့ တော်သေးတာပေါ့။ ရုံးလုပ်ငန်းတွေကလည်း စိမ့်ချက်ချည်းဆိုတော့ ပင်ပန်းလွန်းလှပါတယ်။ ခုလည်း အချိန်လေးကိုလုပြီး အပန်းဖြေချင်လို့ စွန့်ထွက်ခဲ့ရတာပါ"

ကျွန်တော်က အမှန်အတိုင်းပင် သူမကိုပြောလိုက်သည်မို့ ...

"တောထဲကို ဝင်ဦးမှာလား။ ဘယ်နေ့ပြန်မှာလဲဟင်"

"မနက်ဖန် တောထဲဝင်ဦးမယ်"

"ဘယ်နေရာကို သွားမှာလဲ"

"ဖိုးကျုန်ဆုံဆင်စခန်းနဲ့ မဟူရာတောင်ဘက်ကို"

"ဘယ်နှစ်ရက်နေကြမှာလဲ"

"အလွန်ဆုံး ငါးရက်လောက်ပါပဲ။ ဘာပြုလို့တုံး မလွမ်း"

"အိမ်မှာ အဖွဲ့သားတွေ ထမင်းကျွေးချင်လို့ မေးတာပါ"

"အပြန်မှစားမယ်။ အိမ်မှာ ထမင်းစားပြီးမှပြန်ကြမယ်"

ကျွန်တော်တို့အဖွဲ့အပြန်တွင် သူမအိမ်တွင် ထမင်းစားကြမည် ဆိုသဖြင့် ပျော်သွားပုံရသည်။ ကျွန်တော်တို့ ညနေစာစားမည့်အချိန် ရောက်ပြီမို့ နှုတ်ဆက်ပြန်သွားသည်။ မပြန်ခင် ပြောလိုက်သည်က ...

"စားပြီးရင် အိမ်ဘက်လျှောက်ခဲ့ဦးလေ။ စောင့်နေမယ်နော်"

"လာခဲ့မယ်လေ၊ လာခဲ့ပါ့မယ်။ စောင့်နေ"

ကျွန်တော့်စကားကြောင့် နှုတ်ဆက်ကာ ပြန်သွားသည်ကို တွေ့လိုက်ရပေသည်။ ထိုစဉ် ကိုဦးက ...

"ကဲ ... အဘကောင်းနဲ့ အစ်ကိုကြီးဦးသိန်းလွင်၊ ကျွန်တော်တို့ပြောတာ လွန်သလားဗျ။ အမြင်အကြားပဲ"

ကိုဦးပြောလိုက်သည့် စကားကြောင့် ထမင်းစားရန် ပြင်ဆင်နေကြသည့် အဖွဲ့သားအားလုံး အသံပြိုင်တူထွက်လာသည်က ...

"မလွန်ပါဘူး၊ မလွန်ပါဘူးဗျာ။ ဟား ... ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သံကို ကြားရသလို ရယ်မောသံကိုပါ ကြားလိုက်ရသည်မို့ ကျွန်တော်ပါ ရောပြီးရယ်မောလိုက်ပေသည်။ သူမအပြုအမူက သူတို့ပြောစရာ ဖြစ်နေသည်ကိုး . . .။

အမှောင်ဘက်ကို လုလာခဲ့ပြီမို့ ရိုးမကြီးဘက်ဆီမှ ကျေးငှက်များအသံ တောကြက်ငယ်များ တွန်ကျူးသံတို့ကို ကြားနေရသည်။ ညစာစားသောက်လိုက်ကြပြီး (၃)ဦးသား သူမနေထိုင်ရာ အိမ်ဘက်ဆီသို့ လျှောက်လှမ်းခဲ့ရာ ဖော်ရွေစွာကြိုဆိုကြသည်။ မောင်ဖြစ်သူမှာ နွားတင်းကုတ်တွင် မှက်၊ ခြင်၊ ယင်တို့ကို ကာကွယ်ရန် မီးဖိုကာ မီးခိုးမှိုင်းတိုက်ပြီး မောင်းနှင်ထုတ်နေသည်။

ကျွန်တော်တို့လာကြမည်ကို သိထား၍လားတော့မသိ။ အဖန်ရည်၊ လက်ဖက်နှင့် စားစရာတို့ကအသင့်။ အိမ်တွင်လည်း ကုန်စုံဆိုင်တည်ထားသည်မို့ လိုအပ်ချက်ဝယ်ယူနိုင်ရန် ပစ္စည်းမျိုးစုံ၊ ခြံအတွင်း၌လည်း တောထွက်ပစ္စည်း မျိုးစုံအပြင် ကြိမ်၊ တောင်ထန်း၊ လက်မဲ၊ ခန္ဓိ၊ သက်ကယ်ကိုင်းဘော(ထမိုင်း) သစ်နှင့်ဝါးတို့က သူ့အပုံနှင့်သူ အစီအရီ။

တောထွက်ပစ္စည်းတို့ကို လက်ခံဝယ်ယူသလို ပြန်လည်ရောင်းချသည်။ စီးပွားရေးကို အကွက်မြင်သလို စွန့်စားသတ္တိရှိသူတစ်ဦးဟု ပြောရမည်။ ကျွန်တော်တို့ သူမအကြောင်းကို စပ်စုလိုက်တော့ ငွေတိုးလည်းပေးသည်။ ပစ္စည်းလည်း အပေါင်ခံသည်။ မတ်တိုးနဲ့လဲယူပြီး ငွေချေးသည်လည်းနှင့်နွားများကို တောထဲမှ သစ်တိုက်၊ ဝါးတိုက်၊ မီးသွေးသယ် လှည်းအငှားလိုက်သည်ဟုလည်း သိရသည်။

သူမလုပ်ရပ်များသည် ချစ်တီးထက် ဆိုးသေးသည်ဟု ထင်ရသော်လည်း အရွယ်ကောင်းပြီး ပညာတတ်သလို စီးပွားလမ်းဖြောင့်ပြီး ယခုညီ ရှာဖွေစားသောက်ရာတွင် အန္တရာယ်မရှိ။ ရန်သူမရှိ။ လူမုန်းမရှိ။ အသည်ကြောင့်ဆိုသော် သူမသည် လက်လုပ်လက်စား တောနေလူတန်းစား၊ ရုံးကြီးအတွင်းဝင်ပြီး လုပ်ကိုင်ရှာဖွေကာ မိသားစုဘဝ ရပ်တည်နေကြသည့် လူတန်းစားအပေါ် သနားငဲ့ညှာ စာနာထောက်ထားစိတ် ရှိသူလည်း ဖြစ်ပြန်သေးသည်။





ကျွန်တော်တို့ကို ညှော်ခံကျွေးမွေးသော လက်ဖက်ပွဲတွင် ပုစွန်ခြောက်တို့ အများအပြား။ စကားပြောလိုက်၊ စားသောက်လိုက်နေကြစဉ် သူမက . . .

"ကျွန်မ ညှော်သည်တွေကို ညှော်ခံနည်းများ မှားနေသလားလို့"

သူမစကားကြောင့် အစ်ကိုကြီးဦးသိန်းလွင်က . . .

"ဘာကြောင့်လဲ မလွမ်းရဲ့။ ပြောပါဦး"

"လက်ဖက်နဲ့ ပုစွန်ခြောက်အမြည်းစာက အဖန်ရည်နဲ့ လိုက်ပါ့မလားလို့ပါ။ ခစ် . . . ခစ် . . ."

သူမစကား ဘယ်သဘောဆောင်သည်ကို ကျွန်တော်တို့ သဘောပေါက်လိုက်ကြသည်။ သို့အတွက် အဘကောင်းက . . .

"ဩော် . . . မလွမ်းရယ်၊ အဘတို့ အဖွဲ့သားတွေက တစ်ခါတလေ သောက်ကြတာ။ မသောက်ရင်လည်း မဖြစ်ကြသူတွေ မဟုတ်ပါဘူး။ တစ်ခါတလေ ရောက်လာကြပြီး သောက်ကြပေမဲ့ ကိုင်ဆောင်ပစ်ခတ်ကြတဲ့ သေနတ်တွေကြောင့် အမှားမရှိခဲ့ပါဘူး။ အရက်သောက်ထားပြီး ဘယ်သူ့ကိုမှလည်း စော်ကားမိကြပါဘူး။ မှားတယ်လို့ကော ကြားမိလို့လား"

"ဟုတ်ကဲ့ပါ . . . အဘကောင်း။ အဘတို့အကြောင်းကို ဒီရွာခံ မုဆိုးတွေဆီမှာ စုံစမ်းပြီးသားပါ။ ကျွန်မ အဲဒီအချက်ကို လေးစားပါတယ်"

"ကျေးဇူးတင်ပါတယ် . . . မလွမ်း။ အဘတို့အဖွဲ့သားတွေ လိုအပ်ချက်ကို အကူအညီပေးတယ်ဆိုတာ ကြားရလို့ ဝမ်းသာပါတယ်။ ကဲ . . . ညနှပ်တော့နော်။ မနက်စောကြီး တောထဲဝင်ရမှာမို့ ပြန်လိုက်မယ်။ အပြန်ကျ ထမင်းစားရင်း အေးအေးစကားပြောရအောင်"

ကျွန်တော်တို့ မလွမ်းအိမ်မှအထွက် ကိုဦးနှင့် မစမ်းမြတို့ အဝင်ပို့ခဲ့ကြသည်။ မနက်ဖြန်အတွက် လိုအပ်သည့်ပစ္စည်းများ လာဝယ်ကြမည်သင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ကျေးငှက်အော်သံများကို ကြားလိုက်ရသည်မို့ အိပ်ရာမှ နိုးထလာကြသည်။ အဆာပြေ ဗိုက်ဖြည့်ကြလို့အပြီး လိုအပ်သည့် မုဆိုးအသုံးအဆောင်ပစ္စည်းများကို လှည်းပေါ်တင်ပြီး ခရီးကို စတင်လိုက်ကြသည်။

ကျွန်တော်တို့က လှည်းဖြင့်မလိုက်ဘဲ လူစုခွဲကာ သေနတ်ကိုယ်စီကိုင်ပြီး နံနက်စောစော တောပုန်းချောင်းရင်း ပစ်တက်တက်ခဲ့ကြသည်။ လှည်းသမားများနှင့် မယ်ဇလီကွင်းတွင် ဆုံကြမည်မို့ လမ်းခွဲထွက်ခဲ့ကြသည်။ လှည်းတွင် ကိုဦးက ပစ္စည်းများနှင့်သွားကာ ကျွန်တော်၊ အစ်ကိုကြီးဦးသိန်းလွင်နှင့် လှမြင့်ဦးတို့သုံးဦးက လှည်းလမ်းအတိုင်း ရှေ့မှကြိုပြီး ထွက်ခဲ့ကြသည်။

လှည်းလမ်းကြောင်းအတိုင်း ဥတိုကျေးရွာအလွန် ရေနက်ကြီးသို့ဝင်လိုက်သည်နှင့် လမ်းဘေးဝဲယာတွင် အင်၊ ကညင်၊ သစ်ရာ၊ ဒိဒုးပင်များကို စတင်တွေ့လာရသည်။ ရိုးမကြီးအတွင်းပိုင်းကို စတင်တိုးဝင်လာခဲ့ကြခြင်းပင်။





လမ်းကျောသည် အောက်ပိုင်းရှင်းပြီး အထက်ရှုပ်သည့် တောကြီးဖြစ်သည်မို့ အတန်အလှမ်းဝေးရာဆီထိ လှမ်းမျှော်တွေ့မြင်နိုင်သည်မို့ ပစ်ခတ်လို့ ရနိုင်သည့်နေရာမျိုး၊ ရိုးမကြီးအတွင်းပိုင်းနှင့် ဆက်စပ်နေသည်မို့ မည်သည့်အကောင်မျိုးဆိုသည်ကို ခန့်မှန်းရခက်သည့် အကောင်မျိုးနှင့် တိုးနိုင်သည့်နေရာ။

ကျွန်တော်တို့(၃)ဦးသား သေနတ်ကို အသင့်ပစ်ခတ်ရန် အနေအထားမျိုးဖြင့် ကိုင်ဆောင်လျက် မျက်စိကိုလျှင်လျှင်၊ နားကိုစွင့်ရင်း လျှောက်လှမ်းခဲ့ရာ ရှေ့မှာသွားနေသည့် အစ်ကိုကြီးဦးသိန်းလွင်က လှမ်းလက်စကိုရပ်လျှက် မြေပြင်ကို လက်ညှိုးထိုးပြလိုက်သဖြင့် ကျွန်တော်တို့ကြည့်လိုက်ရာ လှည်းလမ်းကြောင်း နှင်းရည်တို့ဖြင့် ဖုံသိပ်နေသည့်လမ်းတွင် ကန့်လန့်ဖြတ်သွားထားသည့် စွပ်ကြောင်းရာကြီးတစ်ခုကို တွေ့လိုက်ကြရသဖြင့် ကျွန်တော်က . . .

"အတော်ကြီးတဲ့ မြွေကြီးတစ်ကောင် ဖြတ်သွားတဲ့ စွပ်ကြောင်းပဲဗျ။ ခရီးကို စရုံရှိသေး မြွေနဲ့တိုးပြီဗျ . . . အစ်ကိုကြီးရဲ့"

နံနက်ပိုင်း ကျဆင်းနေသည့် နှင်းရည်တို့ကြောင့် လှည်းလမ်းကြောင်းရှိ ဖုံများက အပေါ်ကျောတင်းနေသည့် အပေါ်စွပ်ကြောင်းကြီး ဗိုက်ထိုက်ရာက ခပ်သေးသေးမဟုတ်။ လက်တောင်တစ်ထွာကျော်ရှိသည့် စွပ်ကြောင်းရာက ခန့်မှန်းချေ ပေါင်လုံးခန့်ရှိမည်ဟု ခန့်မှန်းမိသည်မို့ ပြောလိုက်မိခြင်းပင်။

အမှန်တော့ ကျွန်တော်တို့အဖွဲ့တွင် အရိုးစွဲအောင် ယုံကြည်ထားကြသည့် အချက်တစ်ချက် ရှိနေကြသည်။ ထိုအချက်က ယခုကဲ့သို့ အမဲပစ်ထွက်လေတိုင်း လမ်းခုလတ်တွင် မြွေဆိုသည့် အကောင်မျိုးကို ဘယ်လိုနည်းဖြင့် တွေ့ရမြင်ရပါက ထိုခရီးသည် အောင်မြင်ချောမွေ့သည့် ခရီးမဟုတ်ဘဲ အခက်အခဲတစ်ခုခု (သို့) အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်တိုးကြရသည်။ အစကတော့ ယုံကြည်မှု သိပ်မထားသလို အလေးမထားကြသော်လည်း အတွေ့အကြုံများလာသောအခါ ထိုဖြစ်ရပ်က ကျွန်တော်တို့အဖွဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဆန်ဆန် ဖြစ်လာခဲ့သည်မို့ အရိုးစွဲအောင် ယုံကြည်လာခဲ့ရသည့် အဖြစ်မျိုးပင်။

အမဲပစ်ထွက်ရင်း လမ်းတွင် လူသေအလောင်းနှင့် တိုးပါက ထိုနေ့အဖို့ အမဲသားကောင်များကို များများပစ်ခတ်လို့ရသည်။ မမျှော်လင့်ဘဲ အလွယ်တကူ ရတာမျိုးလည်းရှိသည်။ ကိုင်ဆောင်ထားသည့် သေနတ်ကို လိပ်ပြာနားလျှင် ထိုသေနတ်သည် သားကောင်ပစ်ခတ်ရရှိသည်။ အကယ်၍ မုဆိုးများ လမ်းတွင် မြွေဆိုသည့် အကောင်မျိုးကို တွေ့မိပါက အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ကြရသလို အသက်အန္တရာယ်ကိုပင် စိုးရိမ်ရသည့် အဖြစ်မျိုးနှင့် ဆိပ်တိုက်တိုးကာ အသက်ချင်း ယှဉ်ပြိုင်ရင်ဆိုင်ခဲ့ကြရသည့်အဖြစ်မျိုး ရှိခဲ့သည့်အတွက် ပြောလိုက်မိခြင်းပင်။ ထိုစဉ် မုဆိုးလှမြင့်က လှည်းလမ်းကြောင်းတွင် ကန့်လန့်ဖြတ် ထင်နေသည့် စွပ်ကြောင်းကြီးကို အသေအချာ လိုက်လံငုံ့ကြည့်ရင်း ပြောလိုက်သည့်စကားက ...

''အစ်ကိုကြီးနဲ့ ဗိုလ်လေး၊ မြွေဗိုက်တိုက်ရာ စွပ်ကြောင်း မဟုတ်ဘူးဗျ။ ဒေါမှာ လက်သည်းရာကလေးတွေနဲ့ လာကြည့်ပါဦး။ ကျွန်တော့်အထင် သင်းခွေချပ်သွားထားတဲ့ ဗိုက်တိုက်ရာ စွပ်ကြောင်းကြီးပဲဗျ''

သို့စကားကြောင့် အစ်ကိုကြီးက သွားကြည့်လိုက်ရင်းက ...

''အေးဟ ... သင်းခွေချပ်ကြီးပဲ ...။ ကြီးလိုက်တဲ့ အကောင်၊ လက်သည်းရာတွေနဲ့။ မိုးလင်းပိုင်းနီးမှ ဖြတ်ကူးသွားတာကွ။ ဘယ်လောက်ဝေးမလည်း လှမြင့်''

''ဘယ်ဝေးမှာလဲ အလွန်ဆုံးရှိ နှစ်ဖာလုံပေါ့''

''သူဦးတည်တဲ့လမ်းကြောင်းက ဖုန်းဆိုးတောဘက်ကိုကွ။ လိုက်ကြည့်လိုက်ရအောင်။ ခုလို တန်ခူးလရာသီမျိုးမှာ သင်းခွေချပ်သွေးက ဆေးဘက်ဝင်ဆိုပဲ''

အစ်ကိုကြီးစကားတို့က ဆန်းနေသည်။ အဘယ့်ကြောင့်ဆိုသော် မြင်တွေ့လိုက်ရသည့် စွပ်ကြောင်းရာသည် မြွေတစ်ကောင်မဟုတ်သော်လည်း သင်းခွေချပ် ဗိုက်တိုက်ရာဖြစ်ပြီး သူ့သွေးက ဆေးဘက်ဝင်သည် ဆိုသည့်အတွက် ကျွန်တော်က စိတ်ဝင်တစားနဲ့ ...





''ဘယ်လို ... အစ်ကိုကြီး ... ကျွန်တော်တို့ [illegible] ပြီး အသားကိုစားခဲ့သလို၊ သွေးကိုလည်း အရက်နဲ့ [illegible] ပဲ။ အဲဒီတုန်းကလည်း ဆေးဖက်ဝင်လို့ပဲ။ ခုလည်း တန်ခူးလမို့ [illegible] ဝင်နေရပြန်ပြီ။ ဘယ်လိုလဲဗျ လုပ်စမ်းပါဦး''

ကျွန်တော်မေးလိုက်သည့်စကားကို သူပြန်မဖြေ။ [illegible] ခေါင်းတညိတ်ညိတ်လုပ်ကာ ဖုန်းဆိုးတောဘက်ဆီ ဦးတည်လျှောက်လှမ်းသွားသည့်အတွက် နောက်မှ အသာလိုက်သွားမိကြပေသည်။

ဖုန်းဆိုးတောကြီးကား လူတစ်ရပ်သာသာမြင့်သည့် ကျူပင်၊ ကိုင်းပင်၊ မြက်ရိုင်းပင်များ ရောထွေးသလို အောက်ရေတွင် ထိကရုန်းပင်အခက်။ သို့အတွက် ခါးမှ အမဲလိုက်ဓားကိုထုတ်၍ ရှင်းလင်း ဖြတ်တောက်သွားနေရင်း အစ်ကိုကြီးက ...

''ရှစ် ... ရှစ် ...''

လေသံနှင့် အချက်ပြကာ ရှေ့ကိုလက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်လိုက်ရာ လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေသည့်အတိုင်း ပွင့်ဖြူဖြူတို့အောက်၊ သစ်ရွက်ညွန့်တို့ကို ကိုက်ဖြတ်စားသောက်နေသည့် အကောင်တစ်ကောင်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က လေသံနှင့် ...

''ဟာ ... တောဆိတ်၊ တောဆိတ်''

ကျွန်တော့်စကားဆုံးသည်နှင့် လှမြင့်ကိုင်ဆောင်ထားသည့် ... အမေရိကန်စစ်သုံး ရိုင်ဖယ်ဆီမှ ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

''ဒိုင်း ...''

တောဆိတ်မှာ ဒေါတိုက်အနေအထားဖြင့် သစ်ရွက်အညွန့်တို့ကို စားနေရာမှ ပြင်းထန်သောပေါက်ကွဲသံကြီးနှင့်အတူ ရွှေ့လျားသွားသည့် ကျည်ခဲဖူး ဖြတ်ဖောက်သွားခြင်း ခံလိုက်ရသည်မို့ မြေပြင်ကို ဒူးညွတ်ကျသွားသလို ကျေးငှက်များ၏ အထိတ်တလန့် အော်မြည်ပျံသန်း ပြေးထွက်သွားကြသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်တို့ (၃)ဦးသား မြေပြင်တွင် ဒေါတိုက်လဲကျကာ သွေးသံရဲရဲနှင့် အသက်ပျောက်နေသည့် တောဆိတ်ရှိရာဆီသို့ တိုးကပ်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဖုန်းဆိုးတောကား တိုးဝင်ထားလို့မဟုတ်တော့။ ကျူပင်ကိုင်းပင်များ နည်းပါးလာပြီး သဘာဝဖုန်းဆိုးတောတို့၏ ပေါက်ပင်များဖြစ်သော သင်း ဒဟတ်၊ ရှား၊ ဆူးရစ်၊ ဇီး၊ ကတက်၊ ဇီးဖြူ၊ နဘူးစသည့် အပင်များ ရောထွေးသောနေရာပင်။ တောဆိတ်သေကို ကြည့်လိုက်ရာ အထီးကောင် ကြီးပင် မှတ်ဆိတ်မွေးများတို့နှင့် သူ၏ ဦးချိုကြီးမှာ တစ်မိုက်သာသာရှည်ပြီး နောက်ကျောဘက်ကို ထွက်နေသည်က အဖြောင့်အတိုင်း ဂျီတစ်ကောင်ထက် အနည်းငယ်ပိုကြီးသည်။

''လှမြင့်၊ အဲဒီတောဆိတ်ခြေခွကြားက အဆီအိတ်ကို ထုတ်ပြီး ဦးကိုပေး။ အိမ်ကအဘွားကြီး ဈေးသုံးဖို့ မှာထားလို့ကွ''

''ဟုတ်ကဲ့ စိတ်ချပါ''

လှမြင့်က သေနေပြီဖြစ်သည့် တောဆိတ်အား ထမ်းဖို့အတွက် အနားကို ကပ်သွားရင်း ကျွန်တော်တို့ရှိရာကို လှည့်ကြည့်လိုက်ပြီး ...

''ဟာ ... အစ်ကိုကြီးနဲ့ ဘိုလေး ကျွန်တော်တို့ လိုက်နေတဲ့ သင်းခွေ ချပ်ကြီးဗျို့။ ဟန်ကျလိုက်တာ ခါချဉ်ထုတ် ဖောက်စားနေရင်း သေနတ် သံကြားပြီး ကိုယ်ကိုလိပ်ခွေပြီး ငြိမ်နေတာဗျို့''

သူပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့ အပြေးအလွှား သွားကာကြည့်လိုက်သည်။ နဘူးချုံအောက် ခါချဉ်ထုပ်ကို ဖောက်စားနေရင်း အနီးကပ် တောဆိတ်ကို ပစ်ခတ်လိုက်သည့် သေနတ်သံကို ကြားလိုက်ပြီး သူ့တွင် အန္တရာယ်ကျရောက်ပြီဆိုသည်ကို သိလိုက်သဖြင့် ခန္ဓာကိုယ်အားလုံး ထွေးရစ်ပတ်လိုက်ပြီး ငြိမ်သက်စွာရှိနေသည့် သောက်ရေအိုးလုံးနီးပါးရှိ သင်းခွေချပ်ကြီးကို တွေ့လိုက်ရပေသည်။ နဘူးချုံအတွင်း ကိုယ်ရောင်ဖျောက် ပြီး ငြိမ်သက်နေသော်လည်း ကျပ်ပြားပိုင်းများ အရွယ်ရှိနေသည့် အကြေး ခွံများက ထွက်ပြူစနေရောင်တွင် တစ်ဖိတ်ဖိတ် တလဲ့လဲ့ဖြစ်၍ ရောင်ပြန်ဟပ် ပြီး ကျွန်တော်တို့ကို သတိပေးသလို ဖြစ်နေသည်ကို တိရစ္ဆာန်ဖြစ်သည့်သူ က သိရှိပုံမပေါ်။

လှမြင့်က ခွေပြီးငြိမ်သက်နေသည့် သင်းခွေချပ်အမြီးပိုင်းကို ဆွဲ လိုက်ပြီး ဓားဖြင့်ပေါက်ကာ ကြိမ်နွယ်ကြိုးနှင့် သိုင်းလိုက်သလို တောဆိတ်





ကိုလည်း ခြေလက်တို့ကို စုချည်ကာ ဝါးဖြင့် သစ်လျှိုထမ်း၍ ဖုန်းဆိုးတော အတွင်းမှ ထွက်ခဲ့ကြပေသည်။ ကိုဦးမောင်းလာသော လှည်းကား ယခုတိုင် ထိုနေရာဆီသို့ ရောက်ရှိမလာသေး။ အဘကောင်းတို့ အဖွဲ့ထံမှလည်း ပစ်သံ ခတ်သံကို မကြားရ။ အတန်ကြာကြာ စောင့်လိုက်တော့ ကိုဦးမောင်းသည့် လှည်းရောက်လာသဖြင့် တောဆိတ်နှင့် သင်းခွေချပ်ကို တင်ပေးပြီး ခရီးဆက် ခဲ့ကြပြန်သည်။

ကိုဦးက နွားလှည်းဖြင့် လမ်းကြောင်းအတိုင်း ရှေ့မှမောင်းနှင်သွား သလို ကျွန်တော်တို့(၃)ဦးက ယခုအခါ လှည်းနောက်မှ စကားတပြောပြောနှင့် လိုက်ပါနေကြသည်။ အဘယ့်ကြောင့်ဆိုသော် သားကောင်နှစ်ကောင်ကို ဟင်း စားရထားပြီမို့ နောက်ထပ်ပစ်ခတ်ရန်အတွက် သေနတ်ပစ်သံကြောင့် အဝေး သို့ ပြေးကုန်ပြီအထင်နှင့် လှည်းနောက်မှ လိုက်နေကြခြင်း ဖြစ်ပေသည်။

''ကျွန်တော် ဖုန်းဆိုးတောထဲ ဝင်သာဝင်ရတယ်။ ရင်တထိတ် ထိတ်နဲ့ဗျ''

အရင်းမရှိအဖျားမရှိ လှမြင့် ပြောလိုက်သည့် စကားကြောင့် အစ်ကို ကြီးက ...

''ဘာပြုလို့တုံး လှမြင့်ရဲ့။ ပြောစမ်းပါဦးဟ''

''ပြီးခဲ့တဲ့နှစ်က ဒီဖုန်းဆိုးတောထဲကိုဝင်ပြီး မှိုရှာ၊ ဓရစ်ရိုးခူးကြပြီး သပြေချိုးကြတဲ့ အမျိုးသမီးသုံးယောက် တောကြောင်ကိုက်လို့ သေသွား ကြတယ်လေ။ အချိန်တန်လို့ ပြန်မလာတော့ လူစုပြီးလိုက်ကြတော့ အသား စားနေတဲ့ ကြောင်ကြီးတွေနဲ့ တိုးတယ်''

သူပြောလိုက်သည့် စကားကြောင့် ကျွန်တော် အတော်ကလေး အံ့သြသွားသည်မို့ ပြန်မေးလိုက်မိသည်က ...

''တောကြောင်က လူသားစားတယ် ... ဟုတ်လား။ ကြားတောင် ကြားမိပါဘူး။ သားစားသတ္တဝါဆိုတာတော့ ဟုတ်တယ်။ ကြောင်မျိုးစိတ် ထဲလည်း အများသား။ ဒါပေမဲ့ လူသားကိုစားတယ်လို့ တစ်ခါမှ မကြားမိဘူး။ အသားကိုလည်း မစားဘဲ သစ်သီးဥ၊ သစ်ဖုတွေစားပြီး ကြွက်တွေပဲ တွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာနေကြ၊ ငါးပိလို အနံ့ထွက်တဲ့ တောကြောင် (ကြောင်ငါးပိ) ဆိုတာ ကြားဖူးတယ်။ စားလည်းစားဖူးတယ် ဘယ်လိုကြောင်မျိုးလဲဟင်''

''အဲဒီနေ့က ကျွန်တော် ရွာကိုအမဲပစ်လာခဲ့တာနဲ့ ကြုံလို့ ဖုန်းဆိုး တောထဲလိုက်ရှာတဲ့ အဖွဲ့ထဲမှာ ပါတယ်လေ။ ကြောင်မြင်းကြီးတွေ ကိုက်ခဲ စားနေတာ ဒီသေနတ်နဲ့ပစ်လိုက်လို့ တစ်ကောင်ရလိုက်တယ်။ သေနတ်သံ ကြောင့်ပြေးတာ နှစ်ကောင်ပဲ''

သူ ပြောပြနေသည့်စကားကြောင့် ကျွန်တော်ရော အစ်ကိုကြီး ဦးသိန်းလွင်ပါ ကြောင်မြင်းက လူကိုကိုက်သတ်ပြီး လူသားကိုပါ စားသည့် အကြောင်းကို သိလိုက်ရသဖြင့် တအံ့တသြဖြစ်သွားကြသည်က အမှန်။ သို့ အတွက် ကျွန်တော်က ...

''နေပါဦး ... ကိုလှမြင့်ရဲ့၊ ခင်ဗျားပစ်လို့ သေသွားတယ်ဆိုတဲ့ ကြောင်မြင်းက ဘယ်လောက်ကြီးသလဲ''

''ဟာ ... ဘိုလေးရယ်၊ ကြီးပြီလား။ နည်းနည်းနောနော အကောင် ကြီးတွေမှ မဟုတ်ပဲ အမှတ်တမဲ့ဆို ကျားကြီးတွေလောက် ကြီးတယ်ဗျ။ ထဲ လို့ရတော့မှ အသေအချာကြည့်တော့ ဖောင်းမွေးတွေတွေ့လို့ ကြောင်မြင်း ဆိုပြီး သတ်မှတ်လိုက်ကြတာပဲဗျ''

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော် စဉ်းစားနေမိသည်က တောကြောင်ဆိုသည်က ကျားနှင့်ကျားသစ်များအပါအဝင် မျိုးစိတ်များသည် သတ္တဝါပင်။ ထိုအထဲတွင် ကြောင်နံ့သာဆိုသည့် အကောင်က သူ့ကိုယ်မှ ထွက်သော အနံ့သည် နံ့သာနံ့ထွက်သည့်အတွက် ထိုနာမည်ခေါ်ခြင်းသာ သို့ကလို ကတိုးနံ့ထွက်သဖြင့် ကြောင်ကတိုးဟု ခေါ်သလို ငါးပိနံ့ထွက်သည့် ကြောင်ကိုလည်း ကြောင်ငါးပိဟု ခေါ်ကြသည်။

ထိုသို့ မျိုးစိတ်များသည့် တောကြောင်များထဲတွင် ကိုယ်လုံးကိုယ် ထည်ကြီးမားသည့် တောကြောင်တွေက ယခု သူပြောပြသည့် ကြောင်မြင်း အပြင် ကြောင်ပါး၊ ထို့အပြင် ငါးယောင်းကြောင်ပြောက် (နွယ်တန်းရှေ့ တောကြောင်)တို့လည်း ပါဝင်သည်။ အချို့ တောအတွေ့အကြုံ နည်းပါးသည့် သူများအနေနှင့် တောထဲတွင် ထိုအကောင်မျိုးနှင့် တွေ့လိုက်ပါက ကျား





နှင့် မှားတတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ကိုယ်တွင် အနက် အစက်အပြောက်တို့က ကျားသစ်နှယ် ဖြစ်နေသည့်အတွက်ကြောင့်ပင်။

ထိုကဲ့သို့ များပြားစွာရှိနေသည့် ကြောင်မျိုးစိတ်များအတွင်း ထူး ခြားသည့်အမျိုးက ကြောင်ငပိဆိုသည့် အမျိုးပင်။ အရွယ်အစားက မကြီးလှ။ ကြွက်နီးပါးပင်။ အသားကိုမစား၊ အသီးအရွက်နှင့် သစ်ဥသစ်ဖုကို စား သည်။ နေထိုင်ကြသည်က ကြွက်များကဲ့သို့ တွင်းထဲနေပြီး ပေါက်ဖွားကြီးပြင်း သည်။ သူ့ကိုယ်နံ့က ငါးပိနံ့ထွက်သဖြင့် ကြောင်ငါးပိဟု ခေါ်ကြခြင်းပင်။

ထိုကြောင်ငါးပိကို ရရှိပါက ရေနွေးဖျော အမွေးနုတ်ပြီး ချက်ပြုတ် စားသည့်အခါ ထိုအနံ့ပျောက်ပြီး စား၍အလွန်ကောင်းသော အကောင်ဖြစ် ပေသည်။ ကျွန်တော်တို့ (၃)ဦးသား စကားတပြောပြောနှင့် ကိုဦးမောင်သည့် လှည်းလမ်းကြောင်းအတိုင်း လိုက်လာခဲ့ကြစဉ် အတန်လှမ်းရာဆီမှ ...

''ဒိုင်း ... ဒိုင်း ... ဒိုင်း ...''

''ဝေါ .. ဗျော ... ဗျော ... ဗျော ...''

ဆင့်ကာဆင့်ကာ ပစ်ခတ်လိုက်သံသည့် သေနတ်သံ(၃)ချက်ကို ကြားလိုက်ရသလို သားကောင်များ ပြေးလွှားသံကိုပါ ကြားလိုက်ကြရသည်။ သေနတ်သံနှင့်အတူ သားကောင်များ ပြေးလွှားလာနေသည့် အသံကြောင့် လှည်းလမ်းကြောင်းတွင် ဦးတည်ရာဆီသို့ အေးဆေးစွာသွားနေသော ကိုဦး ၏ လှည်းတပ်နွားတစ်ရှဉ်းမှာ ထိုအသံများကို ကြားလိုက်ကြသဖြင့် ရှေ့ကို ဆက်မသွားတော့ဘဲ ရပ်တန့်လိုက်ကြရင်း တဖူးဖူး တရှူးရှူး နှာမှုတ်ခွာခုတ် လျက် နောက်ကြောင်းကို ပြန်လှည့်ဖို့ ကြိုးစားနေသည့်အတွက် ရွာခံမုဆိုး ကိုဦးက ပါးစပ်က တကျွတ်ကျွတ်စုတ်သပ်ရင်း လှည်းလမ်းကြောင်းကို ပြန် သည်ဦးတည်ဖို့ ခက်ခက်ခဲခဲ ပြန်လည်ကြိုးစားနေရသည်ကို တွေ့လိုက်ရပေ သည်။

နွားနှစ်ကောင်ကလည်း သူ့ကြိုးစားမှုကို လက်မခံဘဲ ငြင်းဆန်နေ သည့်အပြင် ဦးခေါင်းတွေကိုအောက်ငုံ့ကာ ဦးချိုတို့ကိုဝှေ့ယမ်းလျက် တမိုးမိုး နှင့် တစ်စုံတစ်ရာကို ရင်ဆိုင်ဖို့ အသင့်ပြင်ဆင်နေသည်ကို တွေ့လိုက်ကြရ သဖြင့် ကျွန်တော်တို့(၃) ဦးသား သေနတ်များကို မောင်းတင်ပြီး ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ကြစဉ် ကိုဦးမှာ နွားနှစ်ကောင်ကို ထိန်းလို့မနိုင်တော့သဖြင့် လက်လျှော့လိုက်ချိန် နောက်ကြောင်းဆီသို့ ဒုန်းစိုင်းပြေးလွှားနေပေသည်။

နွားနှစ်ကောင်မှာ မမြင်ရသေးဘဲ အနံ့ကိုရှူလိုက်ရသဖြင့် ကြောက်ရွံ့ကာ ဒုန်းစိုင်းပြေးနေသည်မို့ လှည်းပေါ်တင်ထားကြသည့်ပစ္စည်းများ ဖရိုဖရဲနှင့် အောက်ကို လွင့်စင်ကျကုန်ပေသည်။ ထိုစဉ် စောစောက သေနတ်ပစ်သံနှင့် အတူ တောတိုးပြေးလွှားနေသည့် သားကောင်အုပ်မှာ ရှေ့တူရူလှည်းလမ်းကြောင်းအတိုင်း ကျွန်တော်တို့ဘက်ကို မျက်နှာမူလျက် ပြေးလာနေသည်ကို တွေ့လိုက်ကြရသည်။ ထိုစဉ် လှမြင့်က . . .

"အလိုလေး . . . စိုင်အုပ်နဲ့ ထိပ်တိုက်တိုးပါရောလား။ ရှောင်ကြဦး"

ပြောပြောဆိုဆို သူက လှည်းလမ်းဘေးတွင်ပေါက်နေသည့် လက်ပံပင်ကြီးဘေး ပြေးလွှားသွားသလို ကျွန်တော်နှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့ကလည်း တောင်သရက်ပင်ကြီး၏ ပင်စည်လုံးဘေး ပြေးကပ်လျက် ပြေးလွှားလာနေကြသည့် စိုင်အုပ်ကိုကြည့်ကာ ပစ်ခတ်ဖို့အတွက် စောင့်စားနေလိုက်ကြပေသည်။

သားကောင်အုပ် ပြေးလွှားလာနေသည်က ကျွန်တော်တို့နှင့် ကိုက်တစ်ရာခန့် ကွာဝေးသလို အားလုံးမှာ လှည်းလမ်းကြောင်းအတိုင်း စုရုံး၍ ဒုန်းစိုင်းပြေးလာနေကြသည်မို့ အမြင်ကရှင်းသလို ကြည်လင်ပြတ်သားနေသည်။ သို့အတွက် ကိုဦးပြောသည့် စိုင်အုပ်ဖြစ်နိုင်မဖြစ်နိုင် ကြည့်နေလိုက်မိသည်။

စိုင်ဆိုသည့်သတ္တဝါမျိုးက အိမ်မွေးနွားတို့ထက် ပိုကြီးပြီး နို့စားနွားမကြီးတို့ထက်ပင် အနည်းငယ်ပိုကြီးသည်။ ကျစ်လစ်သန်မာ တုတ်ခိုင်ပြီး ခွန်အားလည်းကြီးကြသည်။ အရောင်အဆင်းက ညိုတိုတိုဖြင့် ကတ္တီပါမွေးတို တောက်ပြောင်သည်။ ခြေလက်တို့တွင် ဒူးဆစ်ထိတိုင် အဖြူရောင်၊ အချို့ ဝမ်းဗိုက်ထိဖြူသည်။ ဦးချိုက ကွေ့ဝိုက်ညွတ်ပြီး ပြောင်လက်ချောမွေ့ကာ အဖြူရောင်သန်းသည်။ ပြောင်ချိုနှင့် သိပ်မကွာလှ။ နွားကဲ့သို့ ဘိုမထီး လည်ပင်းအိုး တုတ်ခိုင်သည်။ ဖိချပ်ရိုးက ပြားပြားထောင်ထောင်။





အရွယ်ရောက်သည့် စိုင်ဖို့များဖြစ်သည်မို့ အကောင်အားလုံး နှုတ်ခမ်းမှနယောင်ထိ အသားပိုအလုံးကြီးတွေနှင့် စိုင်မချိုက ဆိတ်ချိုကဲ့သို့ ခပ်လိမ်လိမ်အရစ်တွေပါပြီး စိုင်ထီးဦးချိုက ဘေးသို့ကားပြီး ကွင်း၍တစ်ဖန် ရှေ့သို့ ချွန်ထွက်ပြီး အထက်ကိုကော့နေကြသည်။ ဦးချိုအရင်းပိုင်းသည် လုံးပတ်အတန်ကြီးမားပြီး တဖြည်းဖြည်း အဖျားသို့သွယ်ပြီး ချွန်နေသည်။ ဦးချိုအစွန်းနှစ်ဖက်က တစ်ပေခန့်ကွာသည်။ ရန်သူကို ပင့်ကော်ဝှေ့ခတ်သည်။ နှာမှုတ်လျှင် တဖူးဖူးနှင့်။ ပြေးရင်လည်း ခွာခုတ်ကာ ပြေးတတ်ကြသည်။ အင်အားကြီးပြီး ရန်သူကို မီးနိုးကြွက်လျှောက် အသေခံတိုက်ခိုက်ခုခံတတ်ကြသဖြင့် လွန်စွာ ကြောက်စရာကောင်းသည့် အကောင်မျိုးဖြစ်ပေသည်။

တောင်သရက်ပင်ကြီးဘေးတွင်ကပ်၍ သေနတ်နှင့် ချိန်ရွယ်ကာ ကျွန်တော်တို့ဘက် တဖူးဖူးနှာမှုတ်၊ တဖြောင်းဖြောင်းခွာခုတ်၍ ပြေးလာနေသည့် စိုင်အုပ်ကိုကြည့်လျက် အကဲခတ်ကြည့်ရင်း သေချာပြီမို့ ဆုံးဖြတ်ချက်နှင့်အတူ ပစ်မည်အလုပ် . . .

"ဖြောင်း . . . ဝုန်း . . . ဗျော . . ."

ရှေ့မှ ဦးဆောင်ပြေးလွှားလာသည့် စိုင်ဖို့တို့က နွားတပ်လှည်းကို နောက်ဘက်ကိုပြန်ဆွဲကာ ပြေးနေသည့် လှည်းနှင့်နွားတို့ကို ပြိုင်တူဆို ပြေးဝင်ပင့်ကော်လိုက်သည့်အတွက် နွားလှည်းဝင်ရိုးကျိုးပြီး တစ်ဖက်သို့ ထိမ်းမှောက်သွားသလို နွားနှစ်ကောင်မှာ စိုင်အုပ်ဝှေ့ခတ်ခြင်းကို ခံလိုက်ရသဖြင့် ဗိုက်ပေါက်အူထွက်ကာ မြေပြင်တွင် ဘေးတိုက်လဲကျ၍ သွေးသံရဲရဲဖြစ်နေသည့်အပြင် လှည်းနောက်ကို ပြေးလိုက်နေသည့် ကိုဦးတစ်ယောက် နောက်ကြောင်းကိုပြန်ပြေးကာ ပေါင်လုံးခန့်ရှိ မြရာပင်ပေါ်တက်ပြေးနေစဉ် စိုင်တစ်ကောင်က ထိုအပင်ကို ပြေးဝင်အောင်းလိုက်သည့်အတွက် အပင်ထက်ရှိ ကိုဦးကို ခါချလိုက်သလို ပင်စည်လုံးကျိုးကာ ပြုတ်ကျတော့မည်ဖြစ်နေစဉ် . . .

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

ကျွန်တော်တို့ ကိုင်ဆောင်ထားသည့် သေနတ်များမှ ပေါက်ကွဲသံကြီးများ ညံသွားသလို နေရာတွင် စိုင်ကြီး(၂)ကောင်လဲကျသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်အကောင်များ နောက်ကြောင်းလှည့်လည် ပြေးထွက်သွားကြသည်ကို တွေ့မြင်လိုက်ကြရပေသည်။

ကျွန်တော်တို့က စိုင်သေကောင်များကို အသာထားကာ သစ်ပင်ဆက်ဆီသို့ တက်ရောက်ရှောင်တိမ်းရင်း ပင်စည်လုံးကို ဖွေ့ပြီး ခါချလိုက်သဖြင့် အောက်ကို ပြုတ်ကျလာသော ကိုဦးကို ဖေးမကူညီလိုက်သော်လည်း ခြေသလုံးအသား မြရာကိုင်းကျိုးနှင့်ထိ၍ ဟက်တက်ကွဲသွားသဖြင့် မထနိုင်ဖြစ်နေသည့် သူ့ကို ဆွဲထူလိုက်သလို၊ စိုင်အဖေ့ခံလိုက်ရသဖြင့် အူပွင့်ထွက်၍ သေဆုံးနေသော နွားတစ်ကောင်၊ ဒဏ်ရာများနှင့် ဘေးတိုက်လဲနေသည့် နွားတစ်ကောင်၊ တောဆိတ်နှင့် သင်းခွေချပ်အပြင် တောထဲသို့ ယူဆောင်သွားသည့် ပစ္စည်းအသုံးအဆောင်များ ကျိုးပဲ့ကာ တစ်စစီပြုတ်ထွက်နေသော နွားလှည်းတို့ကို စိတ်ပျက်ဖွယ်ကောင်းလောက်အောင် တွေ့မြင်လိုက်ကြရသည့်အတွက် သက်ပြင်းမောတို့ကို အကြိမ်ကြိမ် ချနေလိုက်မိကြပေသည်။

''ဗွီး ...''

စိုင်သေကြီး(၂)ကောင်နှင့် နွားသေကို ဝိုင်းကြည့်နေစဉ် မှုဆိုးသေနတ်ပစ်သံ ကြားလိုက်ရာဆီမှ လူစုပြီး ခေါ်သံကို ကြားလိုက်ရသဖြင့် လှမြင့်က ပြန်အချက်ပေးလိုက်ပြီး ခေါ်ယူလိုက်သည်။ လူစုံတော့ ကျွန်တော်က ...

''အဘကောင်းတို့ စိုင်အုပ်နဲ့တိုးကြတယ်မို့လား''

''ထိပ်တိုက်တိုးတာတော့ မဟုတ်ဘူးကွ။ ငါတို့က လဟာမယ်တောင်ကျောကို အတက်၊ စိုင်အုပ်က စာဥစမ်းတောင်ကျောအတိုင်း ရေသောက်အဆင်း တွေ့တာပဲ။ ငါတို့လည်း ရေစမ်းရှိရာ ပြန်ဆင်းပြီး ပစ်လို့(၂)ကောင်လဲပြီး ဒဏ်ရာနဲ့ တစ်ကောင်ပြေးတယ်။ လိုက်ရဦးမယ်လေ ...။ ဆက်လိုက်နေတုန်း မင်းတို့ဘက်က သေနတ်သံကြားလိုက်ရပြီး ထွက်ပြေးတဲ့စိုင်အုပ်က မင်းတို့နဲ့ ထိပ်တိုက်တိုးကြတာပဲလေကွာ''

''ကျွန်တော်တို့အဖြစ်ကို အဘမြင်တဲ့အတိုင်း ဘယ်လိုလုပ်မယ်သဘောရလဲ''

ကျွန်တော့်အမေးကြောင့် အဘကောင်းက အတန်ကြာစဉ်းစားပြီး တောင်မကြီးဘက်ဆီသို့ ငေးမျှော်ကြည့်ကာ သက်ပြင်းမောကို မှုတ်ထုတ်ရင်း ...

''ဒီနေရာမှာပဲ စိုင်(၄)ကောင်ရထားပြီး ဒဏ်ရာရထားတဲ့ အကောင်နောက် သွေးစက်ခံလိုက်ကြရဦးမယ်။ ဝန်တင်တဲ့ နွားတစ်ကောင်ကသေပြီး နောက်တစ်ကောင်က သေမလား၊ ရှင်မလားပဲ။ လှည်းကလည်း ပျက်သွားတယ်။ ကိုဦးကိုလည်း ဆေးဝါးကုဖို့ကိစ္စရယ်၊ လှည်းနဲ့ နွားတွေအတွက် အစားပေးဖို့ကိစ္စတွေ ရှိနေတော့ ခရီးမဆက်ကြတော့ဘဲ တို့ရွာကို ပြန်ပြီး သားကောင်တွေ သယ်ဖို့ လှည်း(၅)စီးနဲ့ လူစု ပြီးခေါ်လာခဲ့ကြ။ ငါတို့က ဒဏ်ရာရတဲ့အကောင်နောက် ဆက်လိုက်ကြမယ်။ ကဲ ... သွားကြတော့''

အဘကောင်းပြောလိုက်သည့်အတွက် ယဉ်ကြိုင်နှင့် တင်စိုးတို့ နှစ်ဦးဥတိုကျေးရွာဘက်ဆီသို့ ပြန်သွားသည့်အချိန်သည် (၉)နာရီပင် ရှိသေးသည်။ ကျွန်တော်တို့ ယခုရောက်ရှိနေသည့်နေရာသည် ဂုံမင်းတန်းဆိုသည့် နေရာတွင်ဖြစ်သဖြင့် ထွက်ခဲ့သည့်ရွာနှင့် တစ်မိုင်သာသာမျှသည့်ခရီးမျှ သိပ်မဝေးလှသည့်နေရာပင်။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

သားကောင်များကို လှည်းများထက်တင်ပြီး ရွာကိုပြန်ရောက်ကြသည့်အချိန်သည် ညနေ(၄)နာရီပင်။ ကျေးရွာရှိ ရွာသူရွာသားကလေးများမကျန် တစ်ရွာလုံး ကျွန်တော်တို့အဖွဲ့သားများ ပစ်ခတ်လို့ ရရှိလာကြသည့် သားကောင်သေတို့ကို ကြည့်ပြီး တအံ့တသြ ဖြစ်နေကြသည်က အမှန်။

ပစ်ခတ်လို့ရရှိသည့် သားကောင်တွေထဲမှ သင်းခွေချပ်နှင့် တောဆိတ်နှစ်ကောင်ကို ယူထားပြီး ကျန်သောအကောင်များကို အစ်ကိုကြီးဦးသိန်းလွင်၊ လှမြင့်၊ တင်စိုးတို့လက်ကိုအပ်လိုက်သည်။ နွားတစ်ရှဉ်းနှင့်လှည်းဖိုးအပြင် ရွာခံမုဆိုးမိသားစုတို့အတွက် စားဝတ်နေရေးကိစ္စတွေက ရှိသေးသည် မဟုတ်ပါလား။

ကိုယ်လက်များ သုတ်သင်လို့အပြီး အဝတ်အစားများလဲပြီး နောက်လှမြင့်က …





''ဘိုလေး … ခုလို တောထဲကို မသွားတော့ဘဲ ဒီကိုပြန်ရောက်လာတယ်ဆိုတဲ့ သတင်းကြောင့် ဝမ်းသာနေသူရှိတယ်ဗျ''

''ဟုတ်လား … ဘယ်သူတုံး … ကိုလှမြင့်ရဲ့''

''ဘယ်သူရှိရမှာတုံး။ အချစ်တော်ကြီးပဲပေါ့''

''တော်စမ်းပါ … ကိုလှမြင့်ရယ်၊ ရောက်တုန်းရောက်ခိုက် အချိန်လေးရှိတုန်း ဘုရားဘက် သွားလိုက်ကြရအောင်။ အပြန်မှာ တင်းတင်းကျပ်ကျပ်မှာရဲ့ အတော်ပဲ''

ကျွန်တော်တို့အားလုံး မရမ်းချောင်း ကျေးရွာထိပ်ရှိ စေတီတော်ရှိရာဆီသို့ လျှောက်လှမ်းလိုက်ကြပေသည်။

နေလုံးနီနီသည် ရိုးမကြီးအနောက်ဘက် မဟာ့ရာတောင်မြင့်ကြီးထက် မေးတင်ပြီး တစ်နေ့တာ ထွန်းလင်းပေးခဲ့သည့်အတွက် တာဝန်ပြီးဆုံးတော့မည်မို့ အနားယူတော့မည်ဟု နှုတ်ဆက်နေသယောင်။ လဆန်းရက်မို့ အမှောင်ထုမင်းမမှုခင် လခြမ်းကွေးကလေးက ထွက်တော့မည့်အနေအထား။ ကျေးငှက်သာရကာတို့က တစ်နေ့တာ ရှာဖွေစားသောက်ပြီးနိုးမို့ အိပ်တန်းများရှိရာဆီသို့ သူ့အုပ်စုနှင့်သူ ပျံသန်းနေကြသလို အိပ်တန်းရောက်သည့် ကျေးငှက်တို့ကလည်း အိပ်တန်းလုရင်း ဟစ်ကြွေးနေသံများကို ကြားနေရသည်။ ကျွန်တော်တို့အဖွဲ့ ဥတိုကျေးရွာကို ကျော်ပြီး မရမ်းချောင်းကျေးရွာထိပ် ဘုရားစေတီလေးထံ ဦးတည်လျှောက်လှမ်းနေစဉ် …

''ဟောဗျာ … တိုက်တိုက်ဆိုင်ဆိုင်၊ ချိန်းထားရင် လွဲနေဦးမယ်။ ထိပ်တိုက်ပဲ''

ကိုလှမြင့်၏စကားကြောင့် ကျွန်တော်က လှမ်းပြီး သူ့ကိုကြည့်ရင်းနဲ့ …

''ဘာလဲဗျ … အရင်းမရှိအဖျားမရှိနဲ့ ဘာကိုပြောတာလဲ''

''ဟိုမှာလေဗျာ … ကြည့်ပါဦး။ ဘယ်သူလဲဆိုတာကို''

သူ လက်ညှိုးထိုးပြလိုက်သဖြင့် ကျွန်တော်တို့ ရေနက်ကြီးဘက်ကို သွားသည့်လမ်းကို လှမ်းကြည့်လိုက်တော့ တွေ့လိုက်ရသည်က မလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပင်။ အကြောင်းတစ်ခုခုနှင့် ရေနက်ကြီးကျေးရွာ ဘက်ကိုသွားပြီး အပြန်တွင် ကျွန်တော်တို့နှင့် ယခုလိုဆုံကြခြင်းပင်။

''အဘကောင်းတို့ ဘယ်သွားမလို့လဲဟင်''

အနီးသို့ရောက်လာသည့် သူမက လှမ်းမေးလိုက်သည့် အတွက် အဘကောင်းက ...

''ရောက်တုန်းရောက်ခိုက် ဘုရားဖူးရအောင် ထွက်လာကြတာပါ။ ဘယ်ကပြန်လာတာလဲ ... မလွှမ်း''

''ရေနက်ကြီးကပါ အကြွေးတောင်းသွားတာလေ''

ပြောပြောဆိုဆိုနှင့် ကျွန်တော့်အနီးသို့ ရောက်လာပြီး စကားပြောနေ့ ဟန်ပြင်နေစဉ် အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်အား မျက်စိမှိတ်ပြီး သူတို့အုပ်စု စေတီတော်ဘက်ကို သွားနှင့်ကြပြီမို့ နေရာတွင် ကျွန်တော်တို့နှင့်ဦး ရပ်လျှက်ကျန်ရစ်ခဲ့ပေသည်။

''အစ်ကိုတို့ တောကိုဆက်မသွားတော့ ရွာမှာရက်ကြာကြာ နေကြမှာနော်''

''အင်း ... ဘယ်လိုပြောရဦးမလဲ မသိသေးပါဘူး။ နွားတစ်ရှဉ်းနဲ့လှည်း အစားပြန်ဝယ်ပေးရဦးမယ်။ သူတို့ စိတ်ကြိုက်ရှာဝယ်ဖို့ ငွေပေးလို့ ရပေမဲ့ ကိုဦးခြေထောက်က ရထားတဲ့ ဒဏ်ရာအခြေအနေကို ကြည့်ရဦးမယ်လေ''

''အစ်ကို''

''ဘာလဲ ... မလွှမ်း ... ပြောလေ''

''အစ်ကို တောထဲကို မဝင်တော့ဘူးဆိုရင် သူတို့တွေ ပြန်သွားတောင် ရွာမှာနေခဲ့ပါလား အစ်ကို''

''ဘာပြုလို့လဲ မလွှမ်း''

''ဩော် ... အစ်ကို့အကူအညီ လိုချင်လို့ပေါ့ကွယ်။ ဒါနဲ့ အကူအညီတောင်းရင် ပေးနိုင်မှာလားဟင်''

''တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင် အသင့်ပါပဲ မလွှမ်း''





ကျွန်တော်က သူမ အားတက်သွားမည်အထင်နှင့် ပြောလိုက်သော်လည်း သူမမျက်နှာက ကျွန်တော်ဖြေလိုက်သည့် စကားကြောင့် အားဖြစ်မလာ။ သူသည် မှုံတေစွာနှင့် ...

''ယုံရမလား ... အစ်ကိုရယ်''

''ပြောပါဦးလေ ... ဘယ်လိုအကူအညီမျိုးဆိုတာကိုသာ ...''

''ကျွန်မလေ ... ကျွန်မ၊ ဘုရားဖူးထွက်ချင်တယ်။ ပထမ ဆုံး ကမ္ဘောဇသောဒီကို အရင်သွားချင်တယ်လေ။ အစ်ကိုနဲ့ပေါ့''

''ပဲခူးကိုပြောတာလား။ ဘယ်လိုကြောင့်ပါလဲ မလွှမ်း''

''အဲဒီမှာ ကျွန်မတို့မျိုးနွယ်တွေရဲ့ သချိုင်းနေရာတွေရှိမှာပဲ။ ကန်တော့ချင်လို့''

သူမပြောလိုက်သည့် စကားကြောင့် ကျွန်တော် တအံ့တဩ ပြန်မေးလိုက်မိသည်က ...

''ဒီလိုဆို မလွှမ်းက မွန်အမျိုးအနွယ်ကလားဟင်။ ကိုယ်က တရွတ်ကပြားထင်တာ''

''ဘာလို့ ဝိုင်သွားတာလဲ အစ်ကို။ မွန်လူမျိုး အနွယ်တော်ထဲကပါ''

သူမပြောလိုက်သည့်စကားကြောင့် ကျွန်တော်က ဟိုယခင် အယုဒ္ဓယမြို့ဟောင်းဘက်ကို မြင်ယောင်လာသည်။ ဘုရင့်နောင်မင်းတရားကြီး သတိရလာသည်။ အနော်ရထာဘုရင်နှင့် သထုံမနူဟာမင်းတို့ကိုလည်း သတိရလိုက်သည်။ အနော်ရထာဘုရင်က မနူဟာမင်းနှင့် မိဖုရား၊ မင်းဆွေမင်းမျိုးဓာတ်တော် မွေတော်များပင့်ကာ ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းတို့ကိုလည်း တွေးဆကြည့်လိုက်မိသည်။ မှင်တက်မိသွားသည်မို့ ကိုယ့်စိတ်ကို ထိန်းရင်း မှိုင်တွေစွာ ကြည့်နေစဉ် ...

''ဘုရားကို ကျွန်မလည်း လိုက်မယ်လေ။ အဘကောင်းတို့ ဘုရားထဲ ဝင်သွားကြပြီ။ သွားလိုက်ကြရအောင်''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား စေတီတော်ဘက်ဆီသို့ လျှောက်လှမ်းခဲ့ကြပြီး ပရဝဏ်အတွင်း ဝင်မည်အပြု အဘကောင်းတို့အဖွဲ့ ပြန်ထွက်လာသည်နှင့် ဆုံလိုက်စဉ် အစ်ကိုကြီးဦးသိန်းလွင်က ...

"ငါတို့ သွားနှင့်မယ်။ မင်းတို့ ဘုရားဖူးပြီး နောက်က လိုက်ခဲ့ကြနော်"

သူတို့ (၃) ဦး ရွာဘက်ကို ပြန်သွားသည်။ ကျွန်တော်က စေတီတော်ကို ဖူးမြော်ကာ ကြည့်ရှုနေလိုက်သည်။ စေတီတော်ကား ပလ္လင်အောက်ခြေအောက်ပန်းတင်ခုံမှစပြီး ဖောင်းရစ်တော်ထိ ထုံးသင်္ကန်း ကပ်လှူထားပြီး ခေါင်းရစ်အထက် ကြာမှောက်ကြာလှန်မှစ၍ ငှက်ပျောဖူးထိနှင့် ငှက်မြတ်နားထိတိုင် ရွှေသင်္ကန်းတို့နှင့်။

စေတီတော်၏ ခြေတော်ရင်း နောက်ဖက်ဆီတွင် မရမ်းချောင်းကျေးရွာကြီးရှိသည်။ ရွာထိပ်တွင် ဂေါပကရုံးခန်း၊ ဆေးပေးခန်း၊ ဆေးရုံမူလတန်းပြကျောင်း၊ ကလေးကစားကွင်းတို့နှင့်ရှိပြီး ခပ်လှမ်းလှမ်းမှ စ၍ တိုက်တာအဆောက်အအုံများဖြစ်သည့် လူနေအိမ်များ၊ စေတီတော်တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ အတက်အဆင်း အုတ်လှေကား၊ စေတီတော်မြောက်ဘက်တွင် အာရုံခံတန်ဆောင်း၊ ထိုတန်ဆောင်းအောက်ရှိ ရေကန်ကြီးအတွင်းတွင် ကြာပန်းတို့နှင့် စေတီတော်ဘွဲ့ကား သိဒ္ဓိရှင်မာန်အောင်မြင်စေတီတော်ကြီး ဟူ၍ပင်။

ကျွန်တော်နှင့် သူမတို့ ဘုရားရင်ပြင်တွင် ထိုင်လျှက် ဝတ်ပြည့်ဆုတောင်းလိုက်ကြပြီး ပြန်ကြသည့်အချိန်သည် အမှောင်ဘက်ဆီသို့ ရောက်နေပေပြီ။ သူမကို နေအိမ်ထိလိုက်ပို့အပြီး ပြန်ရောက်တော့ ဝိုင်းက စနေပေပြီ။

အရက်ဝိုင်းတွင် သင်းခွေချပ်သွေးနှင့် ရောစပ်ထားသည့် အရက်၊ တောဆိတ်ကလီစာဟင်း (ဝမ်းတွင်းသား)၊ ဆိတ်သားကင်၊ ကြော်တို့နှင့် စားလို့သောက်လို့ကောင်းနေသည်။ ကျွန်တော် သူမနှင့် ဘယ်လို စကားပြောခဲ့သည်ကို သိလိုသဖြင့် ပြုံးစိစိ လုပ်နေကြသော်လည်း ကျွန်တော်က မသိသလို စိတ်မဝင်စားသလို နေပြသည့်အတွက် မေးရခက်နေကြသည်။ အဘကောင်းက ...

"ငါတို့ မနက်ဖြန်မနက် မလွှမ်းတို့အိမ်မှာ မနက်စာစားပြီး ပြန်ကြမယ်ကွာ"

ကျွန်တော့်ဆီမှ ထူးခြားမည့်အဖြေနှင့် သဘောထားကို စောင့်နေကြသည်မို့ အကြည့်အားလုံးက ကျွန်တော့်ဆီ ရောက်လာကြသည်။ ကျွန်တော်က ...

"ကောင်းသားပဲ ... အဘကောင်း။ ကျွန်တော်လည်း မနက်ဖြန် ပြန်ဖို့ပြောမလို့ပဲ"

ကျွန်တော့်အပြောကြောင့် သူတို့ တအံ့တဩ ဖြစ်နေကြသော်လည်း ဘာမှမပြောကြ။ ညစာကို စားသောက်အပြီး အိပ်စက်အနားယူလိုက်ကြပေသည်။ အရက်က သင်းခွေချပ်သွေးနှင့် ရောစပ်ထား၍ လားမသိ မိုးလင်းမှ တစ်ရေးနိုးသည်ထိပင်။

ဘယ်လိုမှမဖြစ်နိုင်သော ကိစ္စမို့ လွှမ်းတေးကို မဖွဲ့လိုသူက ကျွန်တော်ရယ်သာ ဖြစ်ပေတော့သည်။

လေးမောင်

www.burmeseclassic.com



[၁]

❑

ချစ်ဝေ၊ ခင်မြိုင်၊ လှထူးဆိုသည့် သူငယ်ချင်းသုံးယောက်ရှိခဲ့သည်။ သူငယ်ချင်းဟု အလွယ်တကူ ပြောဆိုခဲ့ကြသော်လည်း စင်စစ်တော့ ပြောမနာဆိုမနာ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်တွေဖြစ်သည်။

ယခုတော့ ချစ်ဝေ၊ ခင်မြိုင်၊ လှထူးဆိုသည့် ငယ်သူငယ်ချင်းတွေ တစ်ဦးနှင့်တစ်ဦး မေးထူးခေါ်ပြောအဆင့်ပင် မရှိကြတော့။ အလိုလိုပင် ရန်သူများဖြစ်သွားကြသည်က မယုံနိုင်စရာဖြစ်ခဲ့ကြသည်။

ကြည့်လေ ... ငယ်သူငယ်ချင်းသုံးဦးစလုံး ကျောင်းပြီးသွား၍ ချစ်ဝေက ဌာနတစ်ခုတွင် အလုပ်ဝင်ခဲ့သလို ခင်မြိုင်ကလည်း ကိုယ်ပိုင် အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ သို့တိုင် ထူးထူးခြားခြားဖြစ်သာသူက လှထူး။ ချစ်ဝေ၊ ခင်မြိုင်တို့လိုမဟုတ်။ လှထူးလုပ်နေသည့်အလုပ်က ပန်းချီဆရာ။

နှစ်များကြာလာ၍ ဌာနတစ်ခုတွင် ဝင်လုပ်နေသည့် ချစ်ဝေက အရာရှိကြီးဘဝဖြင့် ကြွယ်ကြွယ်ဆိုသူ အမျိုးသမီးနှင့် အိမ်ထောင်ကျပြီး



www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစား ယူခဲ့သည်။ ပြီး ... မာလာမြိုင်မြို့လေးတွင် အခြေချနေထိုင်ခဲ့သည်။

ခင်မြိုင်ကလည်း ကုန်သည်အလုပ်လုပ်ကိုင်ရင်း သွယ်သွယ်ဆိုသည့် အမျိုးသမီးနှင့် အိမ်ထောင်ကျပြီး ကြီးပွားချမ်းသာလာ၍ သားနှင့်သမီးကို လုပ်ငန်းများလွှဲအပ်ကာ မာလာမြိုင်မြို့လေးတွင် အခြေချပြီး အေးအေးလူလူ နေထိုင်ခဲ့သည်။

တစ်နေ့ မနက်စောစောတွင် ဦးချစ်ဝေသည် ဘာစိတ်ကူးပေါက်သည်မသိ၊ တစ်ခါမှ လမ်းလျှောက်မထွက်စဖူး မာလာမြိုင်မြို့လေးရှိ တိတ်ဆိတ်ငြိမ်သက်သည့် လမ်းမကြီးပေါ်တွင် လမ်းလျှောက်ထွက်ခဲ့သည်။

ဦးချစ်ဝေနည်းတူ ဦးခင်မြိုင်ကလည်း ကျန်းမာရေးအတွက်ဟုဆိုကာ လမ်းလျှောက်ထွက်ခဲ့သည်။ ဦးချစ်ဝေက လမ်းလျှောက်မထွက်စဖူး ထွက်ခဲ့၍ တဖြည်းဖြည်း လမ်းပေါ်သို့ ထိုးကျလာသည့် နှင်းပွင့်နှင်းမှုန်များနှင့်အတူ ပါလာသည့် လေအေးအေးဒဏ်ကြောင့် လမ်းဘေးတွင် အသင့်တွေ့ရှိလိုက်သည့် လက်ဖက်ရည်ဆိုင်လေးထဲသို့ဝင်ပြီး အအေးဒဏ်ခံနိုင်ရန် ထောင့်ကျကျစားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ လက်ဖက်ရည်ပူပူတစ်ခွက်ကို လှမ်းမှာပြီး သောက်နေမိသည်။

ထို့အတူ ဦးခင်မြိုင်ကလည်း လမ်းလျှောက်လာရင်း နှင်းမှုန်များ အဆမတန်ကျလာ၍ လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်ထဲသို့ သုတ်ခနဲဝင်ပြီး ထောင့်ကျကျစားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ လက်ဖက်ရည်ပူပူတစ်ခွက် လှမ်းမှာပြီး သောက်နေမိသည်။

လက်ဖက်ရည်ဆိုင်လေးအတွင်းတွင် အလွန်အားနည်းသည့် မီးသီးလေးတစ်လုံးသာ ထွန်းထား၍ လက်ဖက်ရည်ဆိုင်လေးအတွင်းသို့ အလင်းရောင်မဖြန့်နိုင်ဘဲ မှုန်ဝါးဝါးသာ ဖြစ်နေသည်။

ထိုမီးသီးအလင်းရောင် အားနည်းမှုကြောင့် လက်ဖက်ရည် ဝင်သောက်သူတိုင်း တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲမမြင်ရဘဲ မှုန်ဝါးဝါးသာ တွေ့မြင်ရသည်။





ထိုအဖြစ်ကို ထောင့်ကျကျ စားပွဲတစ်လုံးစီတွင် ထိုင်ပြီး လက်ဖက်ရည်မှာသောက်ရင်း ထိုင်နေကြသည့် ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့ နှစ်ဦးစလုံး အကဲခတ်ကြည့်ရှုမိကြသည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့ နှစ်ဦးစလုံး လက်ဖက်ရည်ဆိုင်လေး၏ အခင်းအကျင်းပြကွက်ကို ကြည့်ရှုရင်း အလွန်နှံ့ချာသည့် လက်ဖက်ရည်ဆိုင်လေးဟု စိတ်ထဲတွင် တွက်ဆသွားမိကြသည်။

"ဒီဆိုင်က အတော့်ကို စုတ်ချာတဲ့ဆိုင်ပဲဗျာ။ မီးထွန်းတာတောင် အတော်မြိုးမြိုပြီး ထွန်းပုံရတယ်"

ဦးချစ်ဝေက တစ်ကိုယ်တည်း ပြောသလိုလိုနှင့် မမျိုသိပ်နိုင်ဘဲ စကားသံ ထွက်ပေါ်သွားမိသည်။ တစ်ဖက် ထောင့်ကျကျစားပွဲဆီမှ ထိုင်နေသည့်လူ၏ စကားသံကို ကြားလိုက်ရ၍ ဦးခင်မြိုင်စိတ်ထဲတွင် မမျိုသိပ်နိုင်ဘဲ တုံ့ပြန်ပွင့်အန်သွားမိသည်။

"မိတ်ဆွေပြောတာ ဟုတ်သလိုပဲဗျာ။ ဒီလက်ဖက်ရည်ဆိုင်က အတော်ကြီး နွမ်းပါးတဲ့ဆိုင်ပဲဗျာ။ မီးသီးအလင်းရောင်က ဖယောင်းတိုင်မီးလောက်တောင် မလင်းနိုင်ဘူး။ ဒါနဲ့များ လက်ဖက်ရည်ဆိုင် ဖွင့်ရောင်းရတယ်လို့ဗျာ"

"ဟုတ်တယ်ဗျာ ... ကျုပ်လည်း ဒီမြို့လေးမှာ အထူးကောင်းမွန်လတ်ဆတ်တဲ့ လက်ဖက်ရည်ဆိုင်တွေ အများကြီးရှိပါရက်နဲ့ ဒီနေ့ကျမှ ဒီဆိုင်ဝင်မိတာ။ နှင်းတွေကလည်း မကျစဖူး ကျနေတာဗျ။ တော်တော်နဲ့ နှင်းစဲမယ့်ပုံ မပေါ်ဘူး"

"ဟုတ်ပါ့ဗျာ ... ကျုပ်သိရသလောက်ပြောရရင် ဒီနှင်းက ဒီမြို့မှာ မကျစဖူး ကျတာဗျ။ မိတ်ဆွေပြောသလို ကျုပ်လည်း ဒီလက်ဖက်ရည်ဆိုင် ဝင်မိတာ မှားနေပြီလား မသိဘူး"

ဦးချစ်ဝေနှင့် ဦးခင်မြိုင်က နှစ်ပေါင်းများစွာ ကွဲကွာခဲ့၍ တစ်ဦးနှင့်တစ်ဦး မမှတ်မိနိုင်ဘဲ ထောင့်ကျကျ စားပွဲခုံများတွင်ထိုင်ရင်း မိတ်ဆွေဆက်ဟမဖွဲ့ပဲ ကိုယ့်အတွေးနှင့်ကိုယ် စကားပြောဆိုနေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောသလိုပင် မာလာမြိုင်မြို့လေးတွင် နှင်းများက မကြဲ့စဖူး ထူးထူးကဲကဲ ထူထပ်စွာ တဖွဲဖွဲ ကျနေဆဲဖြစ်သည်။ လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ လမ်းမကြီးပေါ်တွင် နှင်းများ အဆက်မပြတ် ကျဆင်းနေသလို ဆိုင်ရှေ့ရှိ သစ်ပင်များပေါ်တွင် နှင်းသီးများပင် ခိုတွဲနေပြီဖြစ်သည်။

''အင်း . . . ဒီအတိုင်း နှင်းဆက်ကျနေမယ်ဆိုရင် အတော့်ကို ပျင်းရိစရာကြီးဗျာ။ ဒီဆိုင်မှာ စိတ်အပန်းဖြေဖို့ တူရိယာအဆောင်အယောင်လည်း မရှိဘူး။ ဒီနေ့ကျမှ ကျုပ် လမ်းလျှောက်ထွက်လာမိတာ အမှားကြီး မှားတာပဲဗျာ''

''ဟုတ်တယ်ဗျ . . . ကျုပ်လည်း ဒီမြို့မှာနေတာ နှစ်အတော်ကြာခဲ့ပြီ။ ဒီလို နှင်းမျိုးကျလိမ့်မယ်လို့ လုံးဝမထင်ခဲ့တာ။ မိတ်ဆွေပြောသလို လက်ဖက်ရည်သောက်စရာ တစ်ခုကလွဲလို့ ဘာမှမရှိတော့ ပျင်းစရာကြီးပဲ''

ဦးချစ်ဝေနှင့် ဦးခင်မြိုင်က တစ်ဦးနှင့်တစ်ဦး ထင်မြင်ရာစကားများကို ပြောဆိုရင်း နှင်းသိမ်းချိန်ကို ခန့်မှန်းပြီး လက်မှပတ်ထားကြသည့် နာရီကို အသီးသီးကြည့်ကာ စိတ်ပျက်လက်ပျက် ပြောဆိုနေကြသည်။

သို့တိုင် လက်ဖက်ရည်ဆိုင်လေးအတွင်းရှိ ချောင်ကျသည့်စားပွဲခုံတွင် ထိုင်နေမိ၍လည်းကောင်း၊ အလင်းရောင်အားနည်းသည့် မီးသီးကြောင့်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး စကားတီးတိုး ပြောဆိုနေမိသော်လည်း မှုန်ဝါးဝါး တွေ့နေရခြင်းဖြစ်သည်။

ထူထဲသိပ်သည်းစွာ ကျနေဆဲဖြစ်သည့် နှင်းပွင့်နှင်းမှုန်များက လက်ဖက်ဆိုင်လေးအမိုးရှိ သွပ်ဟောင်းပေါ်သို့ တပေါက်ပေါက်ကျနေသည်။ တစ်ခါတစ်ရံ တိုက်ခတ်လိုက်သည့် လေညင်းနှင့်အတူ နှင်းမှုန်များက ဖွဲ့ဝဲ၍ လက်ဖက်ရည်ဆိုင်လေးအတွင်းဆီသို့ တိုးဖောက်ဝင်လာပြန်သည်။

ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့နှစ်ဦးသည် တန်ဖိုးကြီး အနွေးထည်များကို ဝတ်ဆင်ထားသော်လည်း အအေးဒဏ်ကို မခံနိုင်သည့်အလား





ရေနွေးကြမ်းပူပူကို သောက်နေကြသည်။ ကြာတော့ ဆိုင်အတွင်းသို့ တိုးဝင်လာသည့် အအေးဒဏ်ကြောင့် ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့နှစ်ဦးစလုံး စကားမပြောနိုင်ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ ထိုင်နေကြသည်။

''ဘယ်လိုလဲ . . . မိတ်ဆွေကြီးတို့ရဲ့၊ ဒီနေ့ကျမှ မကျစဖူးကျတဲ့ နှင်းတွေကြောင့် အအေးဒဏ်ကို အတော်ခံစားနေကြရပုံရတယ်။ အေးဗျာ . . ခုလို ကျုပ်ဆိုင်လေးကို ထူးထူးခြားခြားလာပြီး အားပေးတာ ဝမ်းသာပါတယ်ဗျာ။ နောက်ထပ် လိုအပ်တာရှိရင် ပြောပါ''

ဦးချစ်ဝေနှင့် ဦးခင်မြိုင် စားပွဲခုံတွင်ထိုင်ပြီး နှင်းအအေးဒဏ်ကြောင့် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေသည်။ ထိုစဉ် လက်ဖက်ရည်ဆိုင်လေးအတွင်းမှ ထွက်ပေါ်လာသည့် စကားသံကြောင့် အတွေးစများ ပြတ်တောက်သွားပြီး အသံကြားရာဆီသို့ ပြိုင်တူကြည့်မိလျှက်သား ဖြစ်သွားသည်။

မီးသီးအလင်းရောင် မှုန်ဝါးဝါးဖြင့် တွေ့မြင်လိုက်ရသည့် ဆိုင်ရှင်၊ ထိုဆိုင်ရှင်ရုပ်သွင်ကို ပိုးတဝါးတွေ့မြင်လိုက်ရမှ ဦးချစ်ဝေက မိမိအဖြစ်ကို ပြန်တွေးမိရင်း ရှက်ရွံ့သွားမိသည်။ ထို့အတူ ဦးခင်မြိုင်ကလည်း မိမိအဖြစ်ကို အမှတ်ရပြီး အားနာသွားမိသည်။

''မိတ်ဆွေတို့ စောစောကပြောလိုက်တဲ့ စကားသံကို ကျုပ် ကြားလိုက်ပါတယ်။ ဒီလိုပြောတဲ့ စကားအတွက်ကြောင့် ကျုပ်ကို အားနာစရာမလိုပါဘူး။ မိတ်ဆွေတို့ ပြောတဲ့စကားက အလွန် မှန်ကန်ပါတယ်ဗျာ။ ကျုပ်ဆိုင်မှာ အလင်းရောင်ဆိုလို့ ဟောဒီမီးသီးတစ်လုံးပဲ ရှိပါတယ်။ ပြီးတော့ ကျုပ်ဆိုင်က လက်ဖက်ရည်ဆိုင်ဆိုပေမဲ့ ဆိုင်အင်္ဂါရပ်က ထည်ဝါမှုမရှိဘဲ အင်မတန် စုတ်ချာတဲ့ ပုံမကျပန်းမကျ ဆိုင်ပါ။

ဒါပေမဲ့ မိတ်ဆွေတို့က အလိုမကျဘဲ ဘယ်လိုပဲ အပြစ်မြင်မြင် ခုလို လက်ဖက်ရည်သောက်ရင်း အပန်းဖြေတာကို ကျုပ် ကျေနပ်ပါတယ်။ မိတ်ဆွေတို့ပြောသလို နှစ်အတော်ကြာကြာ ခုလိုနှင်းကျတာ မတွေ့ရလို့ ကျုပ်လည်း အံ့သြနေမိတာ။ ဩော် . . . မေ့နေလိုက်တာ ကျုပ် သွားစရာလာရှိလို့ . . .''



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ဦးချစ်ဝေနှင့် ဦးခင်မြိုင်ကို ပြောဆိုပြီး အပေါ်ဝတ်ရုံကြီးကို လွှမ်းခြုံကာ လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ နှင်းတဖွဲဖွဲ ကျနေသည့် လမ်းမကြီးပေါ်သို့ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

✿ ✿ ✿

[ ၂ ]

❑

''ဒီဆိုင်ရှင်ရဲ့စကားကို ကြားရတော့ ကျုပ်စိတ်ထဲမှာ အတော်ကြီး ရွှက်ခွဲသွားမိတယ်ဗျ။ တကယ်ဆို ကျုပ်က ဒီဆိုင်မှာ အဓိကကျတဲ့ လက်ဖက်ရည်ပဲ သောက်ဖို့ဗျ။ ဒီတော့ ကျုပ်ပြောသင့်တာက ကျုပ်ကြိုက်တဲ့ လက်ဖက်ရည်သောက်သုံးမှု ကောင်းမကောင်းဘဲ ပြောသင့်တာဗျ''

''ဟုတ်ပါရဲ့ဗျာ . . . ကျုပ်လည်း ဆိုင်ရှင်ကို အားနာသွားမိတယ်။ လောလောဆယ် နှင်းကျနေလို့ နှင်းခိုခွင့်ရတဲ့ ဒီလက်ဖက်ရည်ဆိုင်ကို ကျေးဇူး တင်သင့်တာ မဟုတ်လား''

ဦးချစ်ဝေနှင့် ဦးခင်မြိုင်က နှင်းတဖွဲဖွဲကျနေသည့် လမ်းမပေါ်ရှိ မြင်ကွင်းကို ပြိုင်တူကြည့်ရင်း အသီးသီး စကားသံ ပြန်ပေါ်လာတော့ သည်။

''ကျုပ်တော့ နှင်းမကျလည်း အိမ်မပြန်သေးဘူးဗျာ''





''ဘာဖြစ်လို့လဲ . . . မိတ်ဆွေ၊ မိတ်ဆွေနဲ့ ကျုပ်က ခံစားချက်ချင်း တူတယ်ဗျာ။ နှင်းတွေကျလို့ နှင်းခိုနေရတာ မဟုတ်လား'

''မိတ်ဆွေပြောတာ ဟုတ်ပါတယ်ဗျာ။ ကျုပ် လောလောဆယ် တောင်းပန်ချင်တာက ဒီဆိုင်ရှင်ပဲဗျ''

''အင်း . . . မိတ်ဆွေပြောသလို ကျုပ်လည်း ဆိုင်ရှင်ကို ပြောမှားဆိုမှားခဲ့တဲ့အတွက် ဆိုင်ရှင်ပြန်အလာကို စောင့်ပြီး ရှင်းပြချင်သေးတယ်''

''ဒါဆို ကျုပ်တို့နှစ်ဦးက ဒီဆိုင်လေးရဲ့ အမိုးအကာအောက် ရောက်ပြီး အတူတူ လက်ဖက်ရည်သောက်ရင်း နှင်းစဲတဲ့အထိ စောင့်နေရ တာမဟုတ်လား။ နေပါဦး မိတ်ဆွေနာမည်ကိုလည်း ကျုပ် သိခွင့်မရဘူး လား''

ဦးချစ်ဝေက စကားပြောရင်း တစ်ဖက်စားပွဲဆီမှ လက်ဖက်ရည် ကြမ်းသောက်နေသူကို စေ့စေ့စပ်စပ်ကြည့်ပြီး စိတ်ဝင်တစား မေးလိုက် သည်။ နှင်းငွေ့အရိပ်၊ ဆိုင်အရိပ်နှင့်အတူ မီးသီးအလင်းရောင် မှုန်ဝါးဝါး အောက်မှ ပိုးတဝါး တွေ့မြင်နေရသည့်လူကို ကြည့်လိုက်မိသည်။

''ကျုပ်နာမည်ကိုတော့ ဒီမြို့မှာ သိတဲ့လူ အတော်နည်းကြတယ် ဗျ။ ကျုပ်က အေးအေးဆေးဆေးနေချင်လို့ လူသိမခံဘဲ နေလာခဲ့တာ ကြာ ပြီဗျ။ ဒီကမိတ်ဆွေနဲ့ မိတ်ဆွေဖြစ်ခွင့်ရတာ ကျုပ် ဝမ်းသာပါတယ်။ ကျုပ် နာမည်က ခင်မြိုင်ပါ''

''ဗျာ . . . ခင် . . . ခင်ဗျားနာမည်က ခင်မြိုင် . . . ဟုတ်လား''

''ဟုတ်တယ်ဗျ . . .။ ဒီမြို့လေးမှာ ကျုပ်နဲ့နာမည်တူသူ တစ် ယောက်မှမရှိဘူး။ မိတ်ဆွေက ကျုပ်နာမည်ကို အံ့ဩနေပြီလား''

''အံ့ဩစရာဗျာ . . .။ ပြောရရင် လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော် လောက်က ကျုပ်နဲ့အင်မတန်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ကျုပ်သူငယ်ချင်း ခင်မြိုင် ဆိုတဲ့လူတစ်ယောက် ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီသူငယ်ချင်းကို ကျုပ်ခုထိ မတွေ့ချင်တာ အမှန်ပဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ဝေ၏ နာနာကြည်းကြည်း စကားသံကို ကြားလိုက်ရ၍ ဦးခင်မြိုင်ရင်ထဲတွင် တဒိန်းဒိန်း ခုန်သွားမိသည်။ ထို့ကြောင့် တစ်ဖက် စားပွဲထောင့်တွင် ထိုင်နေသည့်လူကို ကြည့်ပြီး အကဲခတ်လိုက်မိသည်။ ဆိုင်အတွင်း ထိုးဖောက်ဝင်နေသည့် နှင်းငွေ့နှင်းရိပ်များနှင့်အတူ ဝိုးတဝါးတွေ့မြင်နေရသည့်လူ။

''ဘာဖြစ်လို့ မတွေ့ချင်ရတာလဲဗျာ။ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား။ ခင်ဗျားနဲ့ သိပ်ရင်းနှီးခဲ့တဲ့ ငယ်သူငယ်ချင်းအရင်းဆို''

ဦးခင်မြိုင်က လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သိကျွမ်းနေသည့် လူတစ်ယောက်မှန်း သိသော်လည်း စိတ်ထဲတွင် ဇဝေဇဝါဖြစ်မိရင်း စဉ်းစားမရနိုင်အောင် ရှိနေမိသည်။ မိမိဘဝတွင် တရင်းတနှီးအရှိဆုံး လူများကို စဉ်းစားကြည့်မိသည်။ အရင်းနှီးဆုံး၊ အကျွမ်းဝင်ဆုံး ချစ်ဝေ၊ လှထူးဆိုသည့် ငယ်သူငယ်ချင်းနှစ်ယောက်ကလွဲ၍ ဘယ်လိုမှ စဉ်းစားမရနိုင်ဘဲ ဖြစ်နေသည်။

''ဒါ . . . ဒါဆို . . . ခင် . . . ခင်ဗျားက . . . ချစ် . . . ချစ်ဝေ . . မဟုတ်လား''

ဦးခင်မြိုင်၏ အထစ်ထစ် အငေါ့ငေါ့အသံကို မယုံနိုင်စဖွယ် ကြားလိုက်ရ၍ ဦးချစ်ဝေ ရင်အလိုလို ခုန်သွားမိသည်။ မိမိဘဝတွင် အခင်မင်ဆုံးဖြစ်ခဲ့သူက ခင်မြိုင်နှင့် လှထူးပင် မဟုတ်ပါလား။

''ဒါဆို . . . ခင်ဗျားပြောတာ မမှားပါဘူး။ ခင်ဗျားက ကျုပ်သိထားတဲ့ ခင်မြိုင်ပဲဖြစ်မယ်''

ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့နှစ်ဦးစလုံး အသီးသီး ရင်ခုန်သွားကြသည်။ ရင်းရင်းနှီးနှီး ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ကြပြီးမှ မခေါ်မပြောနိုင်ဘဲ နှစ်ပေါင်းများစွာ ရန်သူတွေအဖြစ် ကျောခိုင်းခဲ့ကြသူတွေ။ ခုတော့ တိုက်တိုက်ဆိုင်ဆိုင် မာလာမြိုင်မြို့လေးရှိ လက်ဖက်ရည်ဆိုင်လေးအတွင်းတွင် အမှတ်မထင် ပြန်ဆုံတွေ့ခဲ့သည်က အံ့ဩစရာဖြစ်ခဲ့ရသည်။





''အေးကွာ . . . ငါလည်း အရာရှိဘဝနဲ့ အငြိမ်းစားယူပြီး ဒီမြို့လေးမှာနေခဲ့တာ လေးငါးနှစ် ကျော်ခဲ့ပြီကွ။ မင်းကရော . . .''

''ငါလည်း လုပ်ငန်းက အနားယူပြီး ဒီမြို့လေးမှာ အခြေချခဲ့တာ ရှစ်နှစ်ရှိပြီကွ။ အေးလေ . . . တို့အသက်အရွယ်တွေလည်း မငယ်ကြတော့ဘူး။ ငါတို့သုံးယောက် တစ်ဦးနဲ့တစ်ဦး ဟိုတုန်းက မာယာနတ်သမီးကြောင့် စဉ်းစားဆင်ခြင်မှုကင်းမဲ့ပြီး သံသယစိတ်တွေနဲ့ လမ်းခွဲခဲ့ကြတာ နှစ်တွေ မနည်းခဲ့ဘူးမဟုတ်လား''

ဦးချစ်ဝေက သူ့စားပွဲခုံမှထပြီး ဦးခင်မြိုင် စားပွဲတွင်ဝင်ထိုင်ကာ တစ်ဦးလက်တစ်ဦး ဆုပ်ကိုင်ရင်း ဝမ်းသာနေမိကြသည်။

''ဒါနဲ့ ချစ်ဝေ . . . လှ . . . လှထူးရော''

ဦးခင်မြိုင် အမေးစကားကြောင့် ဦးချစ်ဝေ ငယ်သူငယ်ချင်းဖြစ်သူ လှထူးမျက်နှာကို အလိုလို မြင်ယောင်သွားမိသည်။

''ငါတို့သုံးယောက် လမ်းခွဲပြီး ငါ လှထူးကို လုံးဝ မတွေ့ရတာ အမှန်ပဲ . . . ခင်မြိုင်''

''ငါလည်း လှထူးကို မတွေ့ရဘူး . . . ချစ်ဝေ။ ငါ မနှစ်က ကြားခဲ့ရတဲ့သတင်းစကားတော့ မှန်မမှန်တော့ မသိဘူး။ လှ . . . လှထူး . . . ဆုံးသွားတာကြာပြီလို့ သိခဲ့ရတယ်''

ဦးခင်မြိုင်စကားကြောင့် ဦးချစ်ဝေစိတ်ထဲတွင် အတော်ကြီး စိတ်မကောင်းဖြစ်သွားမိရင်း အတိတ်ကို သတိရသွားမိသည်။ ပြီး ရင်ထဲတွင် ဆွေးမြည့်စွာခံစားမိရင်း လက်ဖက်ရည်ဆိုင်ရှေ့သို့ ကြည့်လိုက်မိသည်။ လမ်းမကြီးပေါ်တွင် နှင်းပွင့်နှင်းမှုန်များက တဖွဲဖွဲကျနေဆဲဖြစ်သည်။

''ခုလို လှထူးအဖြစ်ကိုကြားရတော့ ငါ စိတ်မကောင်းဖြစ်မိတယ်ကွာ။ တကယ်ဆို ငါတို့သုံးယောက် လမ်းခွဲခဲ့ရတာက နွယ်နွယ်ဝင်းကြောင့်ပဲ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ဝေစကားကြောင့် ဦးခင်မြိုင်မျက်စိထဲတွင် နွယ်နွယ်ဝင်းကို ကွက်ခနဲ မြင်ယောင်မိသွားသည်။ နွယ်နွယ်ဝင်းက လှသည်၊ ယဉ်သည် ချောသည်။ အလှမျိုးစုံ စုပုံထားသည့် ပြစ်မျိုးမဲ့မထင်။ ပြီး . . . နွယ်နွယ်ဝင်း၏ အကြည့်၊ အပြုံး၊ အညို့အငင် ဟူသော မာယာမှော်အတတ်ဖြင့် ပုရိသယောကျ်ားများကို သိမ်းကျုံးဖမ်းစားခဲ့သည်။

ထို့ကြောင့် ပုရိသယောကျ်ားများ ဘဝပျက်ခဲ့ရသည်။ ဒါကို သိသိကြီးဖြင့် မာယာသားကောင်များ ဖြစ်ခဲ့ကြသည့် ချစ်ဝေ၊ ခင်မြိုင်၊ လှထူးဆိုသည့် ငယ်သူငယ်ချင်းသုံးယောက်။ ဤမှစ၍ အလွန်ချစ်ခင် ရင်းနှီးခဲ့ကြသည့် ငယ်သူငယ်ချင်းသုံးယောက်ရင်ထဲတွင် အာဃာတ၊ သံသယ၊ မာနများ ကြီးထွားခဲ့ကြသည်။ စိတ်သဘောထားချင်း မတိုက်ဆိုင်ဘဲ အလိုလိုမုန်းတီးခြင်းများဖြင့် လမ်းခွဲခဲ့ရသည့် အဖြစ်ပင်မဟုတ်ပါလား။

✿ ✿ ✿

[ ၃ ]

❑

လက်ဖက်ရည်ဆိုင်လေးရှေ့ရှိ လမ်းမပေါ်တွင် နှင်းမှုန်များက တဖွဲဖွဲကျနေဆဲဖြစ်သည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင်က နှစ်ပေါင်းများစွာ ကြာမြင့်ပြီးမှ မမျှော်လင့်ဘဲ ငယ်သူငယ်ချင်းအရင်းတွေ ပြန်ဆုံကြ၍ ဝမ်းသာမိသည်။ သို့တိုင် သူငယ်ချင်းလှထူးအဖြစ်ကို ကြားခဲ့ရ၍ အတိုင်းအဆမရှိ စိတ်မကောင်းဖြစ်နေမိကြသည်။

''ခင်မြိုင် . . . ခုအချိန် မင်းနဲ့ငါ ပြန်ဆုံတွေ့တာကို လှထူးသိရင် သိပ်ဝမ်းသာမှာကွ။ တကယ်တော့ မင်းတို့ ငါတို့ ဟိုတုန်းက နွယ်နွယ်ဝင်းအပေါ် စွဲစွဲလမ်းလမ်းနဲ့ အရူးအမူးချစ်ခဲ့မိကြတာ တကယ်တော့ အစစ်အမှန်အချစ်စစ်မဟုတ်ခဲ့ဘူးဆိုတာ ခုမှပြန်တွေးမိပြီး ရယ်ချင်မိတာ အမှန်ပဲကွ''

''ဘာဖြစ်လို့လဲ . . . ချစ်ဝေ''

''ဒီလိုလေကွာ။ မင်းနဲ့ငါ ခု အိမ်ထောင်ကျသွားပြီး သားတွေ သမီးတွေ ရနေပြီမဟုတ်လား။ ဟိုစဉ်က နွယ်နွယ်ဝင်းကိုရဖို့ အပြိုင်ပိုးခြင်း အမျက်



www.burmeseclassic.com

www.burmeseclassic.com



အငြိုးတွေ ဖြစ်ခဲ့ရတာကို ပြန်တွေးကြည့်မိတော့ ရှက်စရာကြီးဖြစ်နေတာ။ လူထူးလည်း ငါတို့လိုပဲ ခံစားရမှာကွ''

ဦးချစ်ဝေက ငယ်စဉ်အတိတ်ကို ပြန်တွေးရင်း ပြောနေ၍ ဦးခင်မြိုင် စိတ်ထဲတွင် ဦးချစ်ဝေပြောသလို ရယ်ချင်သလို ဖြစ်သွားမိသည်။

''အေးကွာ ... မင်းပြောသလို ငါတို့ အမှန်တော့ အချစ်ရူးထခဲ့တာကွ''

ဦးချစ်ဝေနှင့် ဦးခင်မြိုင် နှစ်ဦးစလုံးရင်ထဲတွင် လူထူးအကြောင်းက ပုံးလွှမ်းနေသည်။ ငယ်စဉ်က ငယ်သူငယ်ချင်းသုံးယောက် အတူစားအတူသွားပြီး လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းခဲ့သည့်အဖြစ်များက လွမ်းစရာဖြစ်နေသည်။

''ငါ ... အပြင်ထွက်ကြည့်ဦးမယ် ခင်မြိုင်။ နှင်းစဲရင် ငါတို့ အတူပြန်ကြရအောင်''

ဦးချစ်ဝေက ဦးခင်မြိုင်ကိုပြောဆိုပြီး ထိုင်နေရာမှ ရုတ်တရက် ထလိုက်မိသည်။ ထိုစဉ် စားပွဲခုံအောက်ရှိ နံရံတွင်ဆွဲထားသည့် ဓာတ်ပုံကားတစ်ခုကို မမျှော်လင့်ဘဲ တိုက်မိပြီး ပြုတ်ကျသွားသံက ပေါ်လာသည်။

ဦးချစ်ဝေက ကမန်းကတန်း ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည့် ဓာတ်ပုံကိုယူပြီး စားပွဲပေါ်သို့တင်ကာ လက်ဖက်ရည်ဆိုင်မှ လူငယ်လေးကို လှမ်းခေါ်ပြီး ပြလိုက်သည်။ လက်ဖက်ရည်ဆိုင်မှ လူငယ်လေးက ဦးချစ်ဝေပြသည့် ဓာတ်ပုံကားကိုကြည့်ပြီး အံ့သြထိတ်လန့်သွားသည်။

''ဒုက္ခပါပဲဗျာ ... ဒီဓာတ်ပုံပန်းချီကား ကျကွဲတာကို ဆိုင်ရှင်သာသိရင် သိပ်ကြေကွဲရှာမှာ။ ဆိုင်ရှင်က ဒီပန်းချီကားကို အမြဲတမ်း တယုတယနဲ့ ကြည့်ကြည့်နေတာဗျ''

လက်ဖက်ရည်ဆိုင်မှ လူငယ်လေး၏ ထူးထူးခြားခြား စကားသံကို ကြားလိုက်ရ၍ ဦးချစ်ဝေ အစိတ်စိတ်အမြွှာမြွှာကွဲနေသည့် မှန်ဘောင်သွင်းထားသည့် ပန်းချီကားကို သေချာစွာကြည့်လိုက်မိသည်။ ဦးချစ်ဝေ ကြည့်ရင်း အလိုလို မှင်သက်မိသွားသည်။ ဦးချစ်ဝေ စကားပင် ဆက်မပြောနိုင်တော့။ မှန်ဘောင်သွင်းထားသည့် ပုံတူပန်းချီကားကို တွေတွေကြီး စိုက်





ကြည့်နေ၍ ဦးခင်မြိုင်ပါ ကြည့်လိုက်မိသည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင် ရှေ့ရှိ စားပွဲခုံပေါ်ရှိ ပန်းချီကား။

''ဟင် ... ဒါ ... ဒါ ... နွယ် ... နွယ်ဝင်းရဲ့ ပုံတူပန်းချီကားပါလား။ ချစ် ... ချစ်ဝေ ... ဒီပန်းချီကားမျိုး ဆွဲတတ်တာ လူထူးတစ်ယောက်ပဲရှိတာ''

အဖြစ်အပျက်က မယုံနိုင်စရာဖြစ်နေသည်။ နှစ်ပေါင်းများစွာ ဦးချစ်ဝေ၊ ဦးခင်မြိုင်တို့နှင့် ကင်းကွာခဲ့သော်လည်း နွယ်နွယ်ဝင်း၏ အကြည့်အပြုံး၊ အညို့အငင်များက အသက်ဝင် လှုပ်ရှားနေဆဲဖြစ်သည်။ နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားက ဒီမြို့လေးရှိ လက်ဖက်ရည်ဆိုင်လေးအတွင်း ဘာကြောင့်ရောက်ရှိနေသနည်း။ ဦးချစ်ဝေနှင့် ဦးခင်မြိုင် ရင်ထဲတွင် ပဟေဠိတစ်ပုဒ်သဖွယ် ဖြစ်နေမိသည်။

''ညီလေး ... ဒီပန်းချီကားထဲက အမျိုးသမီးကို သိလား''

''ကျွန်တော် မသိပါဘူး။ ဆိုင်ရှင်က ဒီပန်းချီကားကို အမြတ်တနိုးနဲ့ ချိတ်ဆွဲထားတာ ကြာပါပြီ။ ဆိုင်ရှင်က ဒီအမျိုးသမီးနဲ့ တွေ့ဖို့ဆိုပြီး မြို့စွန်ကိုတော့ သွားသွားနေတာ တွေ့ရတယ်''

လက်ဖက်ရည်ဆိုင်မှ အလုပ်သမားလေးစကားကြောင့် ဦးချစ်ဝေနှင့် ဦးခင်မြိုင် နှလုံးသားတွင် အသီးသီး အတွေးပေါက်သွားမိရင်း လမ်းမကြီးပေါ်တွင် တဖွဲဖွဲကျနေသည့် နှင်းမှုန်များကိုပင် မမှုနိုင်တော့။ နှစ်ဦးသား လက်ဖက်ရည်ဆိုင်လေးထဲမှ အပြေးထွက်ခဲ့မိသည်။

ဦးချစ်ဝေနှင့် ဦးခင်မြိုင် မပြေးရုံတစ်မည် ခြေလှမ်းများဖြင့် မြို့ကလေး၏ လမ်းမအတိုင်း သွားနေမိသည်။ လေညင်းနှင့်အတူ ရွေ့လျားနေသည့် နှင်းမှုန်နှင်းပွင့်များကိုပင် မမှုနိုင်တော့။ ဦးချစ်ဝေ၊ ဦးခင်မြိုင်တို့နှစ်ဦးသား မြို့အစွန်ရောက်မှ လှမ်းမျှော်ကြည့်လိုက်မိသည်။

နှင်းမှုန်များ တဖွဲဖွဲကျနေသည့်အောက်မှ ဝိုးတဝါး လှမ်းမြင်နေရသည့် သစ်ပင်ကြီးငယ်များနှင့် အုတ်ဂူများနေရာ။ ထိုနေရာတွင် မားမားမတ်မတ်ရပ်နေသည့် လူတစ်ယောက်သဏ္ဌာန်ကို ဝိုးတဝါး တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် တဖွဲဖွဲကျနေသည့် နှင်းမှုန်ကိုပင် မသိလေရော့သလားမသိ၊ အုတ်ဂူရှေ့တွင် ရပ်နေသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရသည်။

ဦးချစ်ဝေနှင့် ဦးခင်မြိုင် တွေ့မြင်နေရသည့်လူဆီသို့ အပြေးလှမ်းလိုက်မိသည်။ အုတ်ဂူကို ကြည့်ပြီး မလှုပ်မယှက်ရပ်ကြည့်နေသူကို ရူးစမ်းကြည့်ပြီး လှမ်းခေါ်ရန် တွန့်ဆုတ်သွားမိကြသည်။ အုတ်ဂူဘေးတွင် ရပ်နေသူက ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်ပြီး ဝတ်ဆင်ထားသည့် ဝတ်ရုံကြီးထဲမှ အသင့်ထည့်ယူလာသည့် နှင်းဆီပန်းတစ်ပွင့်ကို အုတ်ဂူပေါ်တွင် ဖုံးလွှမ်းနေသည့် နှင်းများကို ဖယ်ရှားပြီး တင်လိုက်သည်။ နှင်းဆီပန်းတင်ပြီး မပီမသ ရွတ်ဆိုနေသည့်စကားသံက လေနှင့်အတူ ရောထွေးပေါ်လာသည်။

ဦးချစ်ဝေနှင့် ဦးခင်မြိုင်သည် အုတ်ဂူပေါ်သို့ တဖွဲဖွဲကျနေသည့် နှင်းပွင့်ဖြူဖြူကြားမှ နှင်းဆီပန်းတစ်ပွင့်ကို ကြည့်ပြီး မယုံနိုင်စွာ တစ်ဦးမျက်နှာကိုတစ်ဦး ကြည့်လိုက်မိသည်။ ပြီး ကြေကွဲစိတ်နှင့်အတူ အုတ်ဂူဘေးမှ ဒူးထောက်ထိုင်နေသူကို မေးလိုက်မိသည်။

''ခင် ... ခင်ဗျားက ... လှထူး မဟုတ်လား။ ကျုပ်တို့က ချစ်ဝေနဲ့ ခင်မြိုင်ပါ''

ဦးချစ်ဝေ၏ စကားသံနှင့်အတူ ရုတ်တရက် အုတ်ဂူဘေးတွင် ဒူးထောက်ထိုင်နေသူက လှည့်ကြည့်လိုက်သည့် အကြည့်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင်က ထိုလူ၏မျက်နှာကို တွေ့လိုက်ရ၍ အံ့ဩလွန်းမက အံ့ဩသွားမိသည်။ ထိုလူ၏ မျက်နှာပြင်တစ်ခုလုံးတွင် ကြောက်စရာအသွင်ကို တွေ့လိုက်ရသည်။

''ကျုပ် ... ကျုပ် ... လှထူး မဟုတ်ဘူး''

ထိုလူ၏ တင်းပြတ်လွန်းသည့်စကားသံကို ကြားလိုက်ရ၍ ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့နှစ်ဦးသား မယုံနိုင်အောင် ဖြစ်သွားကြသည်။

''ဒါဆို ... ခင် ... ခင်ဗျား လှထူးကို သိလား။ သိရင် ပြောပြပါဗျာ။ ကျုပ်တို့နှစ်ယောက်က လှထူးနဲ့ သိပ်ခင်မင်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါ''





ဦးခင်မြိုင်က ထိုလူကိုပြောရင်း နှင်းမှုန်တဖွဲဖွဲကျနေသည့် ပတ်ဝန်းကျင်အနှံ့သို့ ကြည့်လိုက်မိသည်။ မြင်တွေ့နေရသည့် အုတ်ဂူနှစ်လုံး။

''တောက် ...''

ထိုလူထံမှ မထင်မှတ်ဘဲ ကြားလိုက်ရသည့် တောက်ခတ်သံ ပြင်းပြင်းကြောင့် ဦးချစ်ဝေနှင့် ဦးခင်မြိုင် အံ့ဩသွားမိပြန်သည်။ ထိုလူက သူ့အနီးရှိ အုတ်ဂူနှစ်လုံးကို စိတ်မချမ်းမြေ့ဖွယ်ကြည့်ပြီး ...

''ခင်ဗျားတို့တွေ့ချင်တဲ့ လှထူးက ဒီမှာလေ''

ထိုလူစကားကြောင့် ဦးချစ်ဝေနှင့် ဦးခင်မြိုင် အုတ်ဂူဆီသို့ မြင်တူ အကြည့်ရောက်သွားမိသည်။ ပြီး စကားပင်မဆိုနိုင်ဘဲ မှင်သက်မိနေကြသည်။ ဦးချစ်ဝေနှင့်ဦးခင်မြိုင်က ငယ်နုစဉ်က နွယ်နွယ်ဝင်းနှင့် ပတ်သက်ပြီး အာဃာတ၊ မာန၊ သံသယစိတ်ဖြင့် သူငယ်ချင်းအဖြစ်မှ ကင်းပြတ်ခဲ့ကြသော်လည်း လှထူးအဖြစ်ကို ဖြုန်းစားကြီး တွေ့မြင်လိုက်ရ၍ နှစ်ဦးစလုံးရင်ထဲတွင် ဆို့နင့်ကြေကွဲနေမိသည်။

''ကျုပ် ... ကျုပ်က ... လှထူးရဲ့အစ်ကို လှဦးပါ။ ကျုပ်ညီဘဝက ဆိုးပါတယ်ဗျာ''

ထိုလူသည် ဝမ်းနည်းကြေကွဲစိတ်ကို မဖြေသိမ့်နိုင်ဘဲ တုန်ယင်စွာ ပြောနေသည်။ ဦးချစ်ဝေက လှထူး အုတ်ဂူလေးကိုကြည့်ရင်း လက်ဖက်ဆိုင်ထဲတွင် တွေ့ခဲ့ရသည့် နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကားချပ်လေးကို သတိရသွားမိသည်။

''ကျုပ် လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့ရတဲ့ နွယ်နွယ်ဝင်းဆိုတဲ့ အမျိုးသမီး ပုံတူပန်းချီကားကို တွေ့လိုက်ရလို့ လှထူး ဒီမှာရှိနေမယ်ထင်ပြီး လိုက်ရှာခဲ့တာပါ''

''ခင်ဗျားတို့ထင်တာ ဟုတ်ပါတယ်ဗျာ။ တကယ်တော့ ကျုပ်ညီလေးလှထူးက အဲဒီ နွယ်နွယ်ဝင်းဆိုတဲ့ မိန်းမကြောင့် လူ့ဘဝကနေ အစောကြီး ခွာခဲ့ရတယ်ဆိုရင် မမှားဘူးဗျ။ ကျုပ်လည်း ကျုပ်ညီလေး ခံစားခဲ့ရသမျှ စိတ်ဝေဒနာ ပြေပါစေလို့ ကြည့်နေခဲ့ရပေမဲ့ ... ကျုပ် ... ကျုပ်ရင်ထဲမှာ မချိအောင် ခံစားခဲ့ရတာဗျ''



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ဆို့နင့်စွာပြောရင်း နှင်းမှုန်များ တဖွဲဖွဲကျနေသည့် မြင်ကွင်းကို ငေးကြည့်နေသည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင်က သူငယ်ချင်းလှထူး၏ အုတ်ဂူလေးကို စိတ်မကောင်းစွာ ငေးကြည့်နေမိသည်။

''ခင်ဗျားတို့သိတဲ့ နွယ်နွယ်ဝင်းကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့တဲ့ ကျုပ်ညီလေးအတွက် ကျုပ် နွယ်နွယ်ဝင်းမိဘတွေနဲ့ သွားတွေ့ပြီး ကျုပ်ညီလေးနဲ့ လက်ထပ်ပေးဖို့ အခါခါ တောင်းပန်ခဲ့ပါတယ်။ နွယ်နွယ်ဝင်းမိဘတွေက လက်ခံခဲ့ပေမဲ့ နွယ်နွယ်ဝင်းက လုံးဝ လက်မခံခဲ့ဘူး။

နောက်ဆုံး ကျုပ်ညီလေးကို လက်မထပ်နိုင်ရင်နေပါစေ ခဏတော့ သွားတွေ့ပေးပါလို့ ကျုပ် အမျိုးမျိုးတောင်းပန်ခဲ့လို့ နွယ်နွယ်ဝင်းလက်ခံပြီး ကျုပ်ညီလေးနဲ့ လာတွေ့ခဲ့တာပါ။ ကျုပ်ညီလေး နွယ်နွယ်ဝင်းကို တွေ့ဆုံရတော့ အတော့်ကို ပျော်ရွှင်ခဲ့တာပါ။ နွယ်နွယ်ဝင်းကိုလည်း သူနဲ့ခွဲပြီး သွားဖို့ အတန်တန်ပြောပြီး ကျုပ်ညီလေး အနုစ်နုစ် အလလ စွန့်ပစ်ထားတဲ့ ပန်းချီပညာနဲ့ နွယ်နွယ်ဝင်းရဲ့ ပုံတူပန်းချီကားကို ရေးဆွဲခဲ့တယ်။ အဲဒီပုံတူပန်းချီကားက ကျုပ်ညီလေး နောက်ဆုံးဆွဲခဲ့တဲ့ ပန်းချီလက်ရာပဲဗျ''

ထိုလူက စကားအဆက်မပြတ် ပြောဆိုရင်း ရင်နင့်စွာ ခံစားနေရသည်ကို တွေ့လိုက်ရသည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင်က သူငယ်ချင်းလှထူးအဖြစ်ကို ထပ်ဆင့်သိလိုက်ရ၍ လှထူး နွယ်နွယ်ဝင်းအချစ်ကို ရရှိရန် ကြိုးပမ်းခဲ့သည့်အဖြစ်များကို မြင်ယောင်သွားမိကြသည်။

''နွယ်နွယ်ဝင်းရဲ့ ပုံတူပန်းချီကားကို ရေးဆွဲပြီးတဲ့ညမှာ ကျုပ်ညီလေးနဲ့ နွယ်နွယ်ဝင်း အချင်းများတဲ့အသံတွေ ကြားရလို့ ကျုပ် ဖြန်ဖြေဖို့ အိမ်ကြီးအပေါ်ထပ်ကို တက်ခဲ့ပါတယ်။ အိမ်ကြီးအပေါ်ထပ်က တံခါးပိတ်ထားလို့ ကျုပ် ဘယ်လိုမှ မတက်နိုင်ခဲ့ဘူး။

အဲဒီအချိန်မှာ အိမ်ကြီးအပေါ်ထပ်က နွယ်နွယ်ဝင်းရဲ့ သဘောကျရယ်သံတွေ ကြားရပြီး သိပ်မကြာခင်မှာ မီးလောင်တာကို တွေ့ရတာပါ။ ကျုပ်လည်း မီးလောင်နေတဲ့ အိမ်ကြီးအပေါ်ထပ်ကို မရရအောင် တက်ပြီး ကျုပ်ညီနဲ့ နွယ်နွယ်ဝင်းကိုကယ်ဖို့ ကြိုးစားရင်း နောက်ဆုံး ကျုပ်တစ်ကိုယ်လုံး မီးလောင်ခံရပြီး ခုလို ရုပ်ပျက်ဆင်းပျက် ဒဏ်ရာရခဲ့တာပဲ''

စိတ်ကူးသစ်စာပေ



''ဒါဆို လှထူးနဲ့ နွယ်နွယ်ဝင်းက အိမ်ကြီးမီးလောင်တဲ့အထဲမှာ ပါသွားခဲ့တာပေါ့''

''ဟုတ်ပါတယ်ဗျာ။ အဲဒါကြောင့် ကျုပ်လည်း ကျုပ်ညီလေးရဲ့ ဘဝဆန္ဒပြည့်ဖို့ ဟောဒီနေရာလေးမှာ ကျုပ်ညီလေးနဲ့ယှဉ်ပြီး နွယ်နွယ်ဝင်းကိုပါ အုတ်ဂူသွင်းခဲ့တာပါ။ ကျုပ်ညီလေး တမလွန်ဘဝမှာ သူ သိပ်ချစ်ခဲ့တဲ့ နွယ်နွယ်ဝင်း သူနဲ့မခွဲဘဲ သူ့ဘေးမှာ အမြဲတမ်းရှိနေတယ်ဆိုတာသိရင် . . . သိပ် . . . သိပ်ဝမ်းသာရှာမှာပါ''

ထိုလူ စကားကြားမှ ဦးချစ်ဝေနှင့် ဦးခင်မြိုင် လှထူးအုတ်ဂူနှင့် ယှဉ်နေသည့် နွယ်နွယ်ဝင်းအုတ်ဂူကို ကြည့်လိုက်မိသည်။ အုတ်ဂူလေးနှစ်လုံးပေါ်တွင် နှင်းမှုန်များက တဖွဲဖွဲ ကျနေဆဲဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

ဦးချစ်ဝေနှင့် ဦးခင်မြိုင်တို့နှစ်ဦးသား စိတ်မကောင်းစွာဖြင့် သူငယ်ချင်းလှထူး၏ အုတ်ဂူလေးကို နောက်ဆုံးကြည့်ပြီး ကျောခိုင်းလိုက်သည်။ အတန်ငယ်ဝေးကွာမှ ရယ်မောသံသဲ့သဲ့ကို ကြားလိုက်ရ၍ နှစ်ဦးစလုံး လှည့်ကြည့်လိုက်မိသည်။

အုတ်ဂူဘေးတွင် ရပ်နေသူက အုတ်ဂူနှစ်လုံးကိုကြည့်ပြီး သဘောကျ ရယ်မောနေသည်ကို တွေ့လိုက်ရ၍ ဦးချစ်ဝေနှင့် ဦးခင်မြိုင် စဉ်းစားမရနိုင်အောင် ဖြစ်သွားမိသည်။

"ကိုလှဦးကို ကြည့်ရတာ မသက်သာဘူး ...ခင်မြိုင်။ သူ ဘာကြောင့် အုတ်ဂူနှစ်လုံးကိုကြည့်ပြီး သဘောကျရယ်နေတဲ့အဖြစ်က ထူးဆန်းနေတယ်ကွ"

"အေး ...ငါလည်း သူ့ကိုကြည့်ပြီး မယုံနိုင်ဘူးကွ။ သူ တစ်ခုခုကိုတော့ လျှို့ဝှက်ထားတယ်လို့ထင်တယ်"





"ဒါဆို ငါတို့နှစ်ယောက် လှထူးအဖြစ်မှန်ကို စုံစမ်းကြည့်ကြမယ်။ လောလောဆယ် လက်ဖက်ရည်ဆိုင်သွားပြီး အချေအတင်ပြောကြရအောင်"

ဦးချစ်ဝေနှင့် ဦးခင်မြိုင် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ထိုင်ပြီး လက်ဖက်ရည် မှာသောက်လိုက်သည်။ ဦးချစ်ဝေသည် ယခင်ရက်က သူနှင့်ထိုင်စကားပြောကြရင်း ဝတ်ဆင်ထားသည့် နွယ်နွယ်ဝင်းပုံတူပန်းချီကားကို သတိရပြီး ဆိုင်အလုပ်သမားလေးကို မေးကြည့်လိုက်မိသည်။

"ဦးလေးကြောင့် ကျကွဲခဲ့တဲ့ ပန်းချီကားကို ဆိုင်ရှင်တွေပြီး အတော်ကြေကွဲနေရှာတာ။ အဲဒီ ပန်းချီကားကိုယူပြီး ထွက်သွားခဲ့တာ"

ဦးချစ်ဝေနှင့် ဦးခင်မြိုင် လှထူးအတွက် ပဟေဠိတစ်ပုဒ်ဖြစ်သွားမိသည်။ ထိုစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ လူကြီးတစ်ယောက်ဝင်လာပြီး ဆိုင်အလုပ်သမားလေးကို လှမ်းမေးလိုက်ပြီး စိတ်ပျက်သွားဟန်ဖြင့် တခွဲတွင် ဝင်ထိုင်လိုက်သည်ကို တွေ့လိုက်ရသည်။

"ခက်တာပဲကွာ။ ဒီအတိုင်းဆို ဘယ်သွားနေပြီလဲ မသိပြန်ဘူး"

ထိုလူကြီးက တစ်စုံတစ်ခုကို စိုးရိမ်သည့်စကားသံကို ကြားလိုက်ရ၍ ဦးချစ်ဝေ စိတ်ဝင်စားသွားမိသည်။

"ဘာကိစ္စများ အရေးကြီးလို့လဲ ...မိတ်ဆွေကြီး။ အခက်အခဲရှိရင် ပြောပြဗျာ။ ကျုပ်တို့ ကူညီတန် ကူညီရတာပေါ့"

"အေးဗျာ ...မိတ်ဆွေစကားကို ကြားရတာ အားရှိပါတယ်။ ဒါပေမဲ့ ဦးလှထူးကြောင့် ကျုပ် စိတ်ညစ်နေရတာဗျ"

"ဗျာ ...ဦးလှထူး ...ဟုတ်လား"

ဦးချစ်ဝေနှင့် ဦးခင်မြိုင် မမျှော်လင့်ဘဲ ကြားလိုက်ရသည့် လှထူးနာမည်ကြောင့် နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

"ဦးလှထူးက သေသွားပြီမဟုတ်လား"

ဦးချစ်ဝေက မယုံနိုင်စွာ မေးလိုက်သည့်စကားကြောင့် ထိုလူကြီးသည် ဦးချစ်ဝေနှင့် ဦးခင်မြိုင်ကိုကြည့်ပြီး ...

"ခင်ဗျားတို့က ဘယ်သူတွေလဲဆိုတာ ကျုပ်ကို ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုပါခင်ဗျာ . . . ကျုပ်နဲ့သူက ဦးလှထူးနဲ့ သိပ်ခင်မင်ခဲ့ကြတဲ့ သူတွေပါ။ အဲဒါ ဦးလှထူးဆုံးသွားပြီဆိုတာ သိရလို့ စိတ်မကောင်းဖြစ်နေတာပါ။ ခုလိုစကားကြားတော့ မယုံနိုင်အောင်ဖြစ်နေမိတာပါ။ ဖြစ်နိုင်ရင် ဦးလှထူး တကယ်သေမသေ သိချင်လို့ပါ''

''ဒီလိုဗျ . . . ဦးလှထူးကို စောင့်ရှောက်ဖို့ သူ့ဦးလေး ဦးရွှေလူက ကျုပ်ကို အပ်ထားခဲ့တာပါ။ အဲဒါကြောင့် သူ ဘယ်သွားသွား ဘာလုပ်လုပ် ကျုပ် သူ့ဦးလေးဆီကို အမြဲတမ်း သတင်းပို့နေရတာ ခု သူ ဆိုင်ကနေထွက်တာ သုံးလေးရက်ရှိလို့ ကျုပ် စိတ်ပူနေတာ အမှန်ပဲဗျ''

''ဒါဆို ကျုပ်တို့တွေ့ခဲ့ရတဲ့ မျက်နှာပေါက မီးလောင်ဒဏ်ရာကြီးနဲ့လူက ကိုလှထူးအစ်ကို ကိုလှဦးမဟုတ်လား''

ဦးခင်မြိုင်စကားကြောင့် ထိုလူကြီးသည် မျက်မှောင်တစ်ချက်ကျုံ့သွားပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

''အင်း . . . ခင်ဗျားတို့က ဦးလှထူးအစစ်ကိုတွေ့ပြီး ဦးလှဦးလို့ လှည့်စားပြောတာကို ယုံကြည်နေတာကိုး။ အမှန်တော့ ခင်ဗျားတို့တွေ့ခဲ့တဲ့သူက ခင်ဗျားတို့သူငယ်ချင်း . . . လှထူးဗျ . . . လှထူး''

ဦးချစ်ဝေနှင့်ဦးခင်မြိုင် ကြားလိုက်ရသော စကားသံကြောင့် ဇဝေဇဝါဖြစ်သွားမိသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဝေခွဲမရနိုင်အောင် ခံစားနေမိသည်။

''တကယ်တော့ ဦးလှထူးအဖြစ်က သနားစရာပါဗျာ။ ဦးလှထူးအစ်ကို ဦးလှဦးက နွယ်နွယ်ဝင်းဆိုတဲ့အမျိုးသမီးနဲ့ လက်ထပ်ပြီး မြို့စွန်တအိမ်ကြီးမှာ နေတာဗျ။ အဲဒါ ဦးလှဦးက နွယ်နွယ်ဝင်းရဲ့ ပုံတူပန်းချီကားဆွဲတာကို တွေ့ပြီး ဦးလှထူးနဲ့ သူ့မိန်းမ နွယ်နွယ်ဝင်းကို မသင်္ကာဖြစ်ပြီးမေးတော့ ဦးလှထူးက သူနဲ့နွယ်နွယ်ဝင်း ဘယ်လိုမှ မပတ်သက်ခဲ့ကြောင်းပြောခဲ့တာ။ အဲဒါကို ဦးလှဦးက လုံးဝမယုံကြည်ခဲ့ဘူး။

တစ်နေ့ ဦးလှထူးနဲ့ သူ့မိန်းမ နွယ်နွယ်ဝင်းတို့ စကားပြောနေတာကိုတွေ့ပြီး အဲဒီညမှာ ဦးလှဦးနဲ့ နွယ်နွယ်ဝင်း အကြီးအကျယ်စကားများကြရင်း ထွန်းထားတဲ့မီးအိမ် ကျကွဲပြီး အိမ်ကြီးကို မီးစွဲလောင်ခဲ့တာပဲ။





အဲဒါ ဦးလှထူးက နွယ်နွယ်ဝင်းကို မီးကြားထဲကနေ ကယ်တင်နိုင်ခဲ့ပေမဲ့ နွယ်နွယ်ဝင်းက သူ့လက်ထဲမှာပဲ ဆုံးပါးခဲ့တာ။

အဲဒီကစပြီး ဦးလှထူးလည်း မီးလောင်ထားတဲ့ ဒဏ်ရာရပြီး တစ်ခါတစ်ရံ မူလပင်ကိုစိတ် ပျောက်ပြီး မသိစိတ်နဲ့ သူ့ဘေးမှာ နွယ်နွယ်ဝင်းရှိတယ်လို့ အမြဲတမ်း စကားပြောတော့တာပဲ။ ပြီးတော့ သူ့မျက်နှာကဒဏ်ရာကြီးကြောင့် လူတွေကိုအတွေ့မခံတော့ဘဲ သူ့ကိုယ်သူ နွယ်နွယ်ဝင်းနဲ့လက်ထပ်ခဲ့တဲ့ သူ့အစ်ကို ဦးလှဦးထင်မြင်ပြီး နွယ်နွယ်ဝင်းရဲ့အုတ်ဂူကို သွားသွားနေရင်း စိတ်ဝေဒနာ ပိုပြီးဖောက်ပြန်ခဲ့တာ''

''ဒါဆို ဦးလှထူးရဲ့ဝေဒနာကို ဆေးဝါးမကုဘူးလား ခင်ဗျား''

''သူ့ဦးလေးရောက်လာပြီး ဆရာအမျိုးမျိုးနဲ့ ကုသလည်း နှလုံးသည်းခြေပျက်ယွင်းသွားလို့ ဘယ်လိုမှ ကုသလို့မရတော့ဘူး။ အဲဒါနဲ့ သူ့ဦးလေးက ကျုပ်ကို အကူအညီတောင်းပြီး သူ့ဘဝအတွက် ဒီလက်ဖက်ရည်ဆိုင်လေးကို သီးသန့်ဖွင့်ပေးခဲ့တာပါ။ ကျုပ်ကပဲ အစစအရာရာ ကူညီနေရတာ။ ကဲ . . . စကားကောင်းနေလို့ မပြီးသေးဘူးဗျာ။ သူ့ဦးလေးဆီ အကြောင်းကြားပြီး သူ့ကို ကျုပ် ရှာရဖွေရဦးမှာ''

ထိုလူကြီးက ဦးချစ်ဝေနှင့် ဦးခင်မြိုင်ကိုပြောပြီး လက်ဖက်ရည်ဆိုင်လေးထဲမှ ထွက်သွားသည်။ ဦးချစ်ဝေက ဆန်းကြယ်စွာ ဝေဒနာခံစားနေရသည့် သူငယ်ချင်းလှထူးအဖြစ်ကို ယုံရခက်၊ မယုံရအခက် ဖြစ်နေမိသည်။

''ညီလေး . . . ဆိုင်ရှင် လာသေးလား''

''ပြန်မလာတာ အတော်ကြာပြီဗျ။ ခုလို ပြန်မလာပုံထောက်ရင် ဆိုင်ရှင် တစ်နေရာကို ခရီးလွန်နေတာပဲဖြစ်မယ်''

လက်ဖက်ရည်ဆိုင်မှ အလုပ်သမားလေးစကားကြောင့် ဦးချစ်ဝေဖျတ်ခနဲသတိရပြီး ဦးခင်မြိုင်ကိုခေါ်ကာ မြို့စွန်သို့ ထွက်လာမိသည်။ နှင်းများက ယခင်ရက်များကလို ထူထပ်စွာ ကျနေဆဲဖြစ်သည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင် မြို့စွန်ရောက်၍ လှမ်းကြည့်လိုက်မိသည်။ နှင်းမှုန်မွှားများကျနေသည့် အုတ်ဂူလေးနှစ်လုံးကို ဝိုးတဝါး တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ဝေနှင့် ဦးခင်မြိုင် အုတ်ဂူလေးနှစ်လုံးအနီးသို့ ရောက်လျှင် ရုတ်တရက် တွေ့လိုက်ရသည်မှာကား ဦးလှထူး ပန်းချီကားလေးကို ပိုက်ရင်း အုတ်ဂူပေါ်တွင် လဲနေသည့်အဖြစ်ကို တွေ့လိုက်ရ၍ စိုးရိမ်သွားပြီး ခေါ်လိုက်မိသည်။

"လှထူး ... လှထူး ..."

ဦးချစ်ဝေနှင့် ဦးခင်မြိုင်က လှထူးကိုပွေ့ရင်း ဘယ်လိုခေါ်ခေါ် မရတော့။ ဦးလှထူးက ဘယ်အချိန်က သေဆုံးနေခဲ့သည်မသိ။ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းနေသည်။ ဦးလှထူးလက်ထဲတွင် ပွေ့ပိုက်ထားသည့် နွယ်နွယ်ဝင်း၏ ပုံတူပန်းချီကား။ နှင်းမှုန်များစိုရွှဲပြီး ဆေးပြယ်နေသော်လည်း နွယ်နွယ်ဝင်း၏ အကြည့် အပြုံး အညို့အငင်များက သက်ဝင်လှုပ်ရှားနေဆဲဖြစ်သည်။

"ဖြစ်ရလေ ... သူငယ်ချင်းရယ်၊ မင်း နွယ်နွယ်ဝင်းပေါ် ခုလို စွဲစွဲလမ်းလမ်းနဲ့ သံယောဇဉ်ကြီးလိမ့်မယ်လို့ ငါ မယုံကြည်ခဲ့တာ အမှန်ပါကွာ"

ဦးချစ်ဝေက လှထူးအဖြစ်ကို တွေ့လိုက်ရ၍ ကြေကွဲစွာခံစားရင်း ယူကျုံးမရ ပြောလိုက်သည်။

"သူငယ်ချင်းရယ် ... မရနိုင်မှန်းသိရက်နဲ့ စိတ်အလိုလိုက်ခဲ့တဲ့ မင်းကို ခုလိုအဖြစ်မျိုးနဲ့ ပြန်တွေ့ရတော့ ငါ ဖြေလို့မရတော့ပါဘူးကွာ"

ဦးချစ်ဝေက ဦးလှထူးပွေ့ထားသည့် နွယ်နွယ်ဝင်းပုံတူ ပန်းချီကားလေးကို ကြည့်လိုက်မိသည်။ နှင်းမှုန်များစိုရွှဲပြီး ဆေးပြယ်နေသည့် နွယ်နွယ်ဝင်း၏ အကြည့်အပြုံးများ။ ဦးချစ်ဝေက ဦးလှထူးရင်ခွင်ထဲတွင် ပွေ့ထားသည့် ပန်းချီကားလေးကို ဆွဲယူလိုက်သည်။ ဦးလှထူး ရင်ခွင်ထဲတွင်ပွေ့ထားသည့် နွယ်နွယ်ဝင်း၏ပုံတူ ပန်းချီကားကို ဆွဲယူလို့မရ။

"ထားလိုက်ပါတော့ ... သူငယ်ချင်းရယ်။ တို့သူငယ်ချင်းလှထူးက နွယ်နွယ်ဝင်းနဲ့ ဒီဘဝမှာ မဆုံဆည်းပေမဲ့ တမလွန်ဘဝမှာ ဆုံဆည်းကြမှာ မလွဲပါဘူးကွာ"

စိတ်တူးသစ်စာပေ



ဦးခင်မြိုင်က စိတ်မကောင်းစွာ တီးတိုးပြောရင်း ဦးချစ်ဝေလက်ကိုဆွဲကိုင်ပြီး ခေါ်လိုက်သည်။ နှင်းမှုန်များက တဖွဲဖွဲ ကျနေဆဲဖြစ်သည်။ နှင်းမှုန်ဖွေးဖွေးအောက်တွင် တရွေ့ရွေ့သွားရင်း ဦးချစ်ဝေနှင့် ဦးခင်မြိုင် အတန်ကြာမှ လှထူးကို ပြန်ကြည့်လိုက်မိသည်။

အုတ်ဂူလေးနှစ်လုံးပေါ်သို့ တဖွဲဖွဲကျနေသည့် နှင်းမှုန်နှင်းပွင့်များနှင့်အတူ လှထူးတစ်ယောက် နွယ်နွယ်ဝင်းအပေါ်ထားခဲ့သည့် မေတ္တာတရားရဲ့ သက်သေအဖြစ် ပန်းချီကားလေး။ နွယ်နွယ်ဝင်းကို ဘယ်ဘဝ ဘယ်ကမ္ဘာအထိ မျှော်လင့်စောင့်စားနေမည်မသိသည့် လှထူးအဖြစ်။

"နေရစ်ခဲ့ပေတော့ ... သူငယ်ချင်း လှထူးရေ့ မင်း နွယ်နွယ်ဝင်းအပေါ်ထားခဲ့တဲ့ မေတ္တာတရားကို လက်တွေ့ပြခဲ့တာကို ငါတို့ ယုံကြည်ပါတယ်ကွာ။ မင်း ဘယ်ဘဝရောက်ရောက် မင်းချစ်တဲ့သူနဲ့ အမြန်ဆုံး ဆုံဆည်းနိုင်ပါစေလို့ ဆုတောင်းပါတယ်ကွာ"

ဦးချစ်ဝေနှင့် ဦးခင်မြိုင်နှစ်ဦးသား ရင်ထဲတွင် နွယ်နွယ်ဝင်း မျက်နှာကို မြင်ယောင်သွားမိသည်။ နှင်းမှုန်များက တဖွဲဖွဲကျနေဆဲ ဖြစ်သည်။ ဦးချစ်ဝေနှင့် ဦးခင်မြိုင် လှထူးရှိနေသည့်နေရာကို ကျောခိုင်းလိုက်သည်။

ဇလွှန်ကျော်ဦး